
www.burmeseclassic.com



www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# ပညာရှာမျိုးသိုင်းခရီး

(ပထမပိုင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၇၈၀၉၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၄၂၀၉၀၈

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုရတနာသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊
☆ ပြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com



# ကျားငါးကောင်

သာယာလှပနေသော ဝဝေတောင်တန်းကြီးပေါ်၌ လျှိုမြောင် ချိုင့်ခွမ်းများ ပေါများလှသည်။

ဆေးဘက်ဝင်သော သစ်ပင်များ၊ သမင် ဒရယ် စသော သားကောင်များ ပေါများလှသည်။

ယခင်က ဝဝေတောင်တန်းအနီးတစ်ဝိုက်ရှိ ကျေးရွာများမှ အယဆေးပင် ရှာသူများ၊ အမဲလိုက်မုဆိုးများလည်း ဝဝေတောင်တန်းဆီသို့ ခြေချင်းလိမ်အောင် တက်ရောက်ကာ ဆေးပင် ဆေးဥများ ရှာကြသည်။ အမဲလိုက်ကြသည်။

သို့သော် လွန်ခဲ့သည့် သုံးနှစ်နောက်ပိုင်းမှစ၍ မည်သူမျှ မသွားကြတော့ပေ။

ဝဝေတောင်တန်းသို့ ကျားငါးကောင် ရောက်ရှိလာခြင်းကြောင့် ဖြစ်လေသည်။

ကျားငါးကောင်ဆိုသည်မှာ သားရဲတိရစ္ဆာန်များ မဟုတ်ပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သားရဲတိရစ္ဆာန် ကျားသတ္တဝါထက် အဆပေါင်းများစွာ ပို၍ ဆိုးဝါးသော လူဆိုးကြီး ငါးယောက်ပင် ဖြစ်သည်။

ကျားငါးကောင် ရောက်လာသဖြင့် ဝှဝေတောင်တန်းဒေသ တစ်ခုလုံးလည်း မငြိမ်မသက် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့တော့သည်။

☆ ☆ ☆

တုပို့မှာ ရွာသူကြီး တစ်ဦး ဖြစ်ပါသည်။

သိုင်းလောက၌ ကျင်လည် ကျက်စားခဲ့ဖူးသော သိုင်းသမား တစ်ယောက်လည်း ဖြစ်သည်။

တုပို့သည် တရားနှင့်အညီ စီရင်အုပ်ချုပ်သူဖြစ်၍ တစ်ရွာလုံးက ကြည်ညိုလေးစားကြသည်။

ဝှဝေတောင်တန်းပေါ်၌ ကျားငါးကောင်ဟူသော လူဆိုးကြီး ငါးယောက် သောင်းကျန်းလာကြသောအခါ တုပို့အတွက် ခေါင်းစရာဖြစ်လာတော့သည်။

ကျားငါးကောင်သည် တဖြည်းဖြည်း အတင့်ရဲလာပြီး ဝှဝေတောင်တန်းပေါ်သို့ တက်လာကြသူများကိုသာမက တောင်ခြေ ရွာကလေးများသို့တိုင် ဆင်းလာကာ ရွာသူရွာသားများအား ဒုက္ခပေး လာကြပြီ ဖြစ်လေသည်။

တုပို့၏မျက်နှာသည် လေးနက်တည်ကြည်နေသည်။

သူ၏အနီး၌ အဘိုးအိုနှစ်ယောက်နှင့် လူရွယ်တစ်ယောက် ရှိနေကြသည်။

BURMESE CLASSIC .com



အဘိုးအိုနှစ်ယောက်မှာ အနီးပတ်ဝန်းကျင် ကျေးရွာနှစ်ရွာမှ ရွာသူကြီးများ ဖြစ်ကြသည်။

လူရွယ်မှာ တုပို့အားထားရသော 'ကျင်းစန်းယီ'ဆိုသူ ဖြစ်လေသည်။

ရွာသူကြီးများဖြစ်ကြသော အဘိုးအိုနှစ်ယောက်သည် ကျားငါး ကောင်နှင့်ပတ်သက်ပြီး တုပို့နှင့် လာရောက်ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်လေသည်။

တုပို့က ...

"ကျားငါးကောင်ဟာ တောင်တန်းတွေပေါ်က ဆင်းလာပြီး ကျေးရွာတွေမှာဝင်ပြီး လုယက်ကြကယ်၊ ရွှေငွေပစ္စည်းတွေ၊ သိုး၊ ဆိတ်၊ ကျွဲ၊ နွားတွေကို ရိက္ခာအဖြစ် ယူသွားရုံမျှမကဘဲ မိန်းကလေးတွေကိုပါ အဓမ္မ ဖမ်းဆီးခေါ်ဆောင် သွားနေကြတယ်ဆိုတော့ သူတို့ကို တားဆီးမှဖြစ်တော့မယ်ဆိုတာ ကျုပ် သဘောပေါက်ပါတယ်"

အဘိုးအို နှစ်ယောက်က ခေါင်းညိတ်လိုက်ကြသည်။

တစ်ယောက်က ...

"ကျားငါးကောင်ရဲ့ လက်ချက်နဲ့ ဝှဝေတောင်ခြေက ရွာပေါင်း ဆယ့်သုံးရွာအနက် ငါးရွာတော့ ပျက်စီးသွားပြီ၊ ကျန်တဲ့ ကျေးရွာတွေမှာလည်း မကြာခင် အန္တရာယ်ကျရောက်လာမှာ သေချာတယ်"

ကျန်တစ်ယောက်က ...

"ဒါကြောင့်လည်း ကျားငါးကောင်ရဲ့အန္တရာယ်ကို ဘယ်လိုကာကွယ်ကြမယ်ဆိုတာ တိုင်ပင်ဆွေးနွေးရအောင် မိတ်ဆွေဆီကို လာခဲ့တာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



တုပို့၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

"ကျားငါးကောင် ဂူဝေတောင်တန်းပေါ် ရောက်လာတယ် ဆိုကတည်းက တစ်နေ့မဟုတ်တစ်နေ့ တောင်ခြေ ဆယ့်သုံးရွာကို ဒုက္ခပေးလာလိမ့်မယ်ဆိုတာ ကျုပ် သိထားပြီးသားပါ၊ ဒါကြောင့် ကျေးရွာလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားခဲ့တာပေါ့ဗျာ"

မလှမ်းမကမ်း၌ မြေကွက်လပ်တစ်ခု ရှိနေပါသည်။

ထိုမြေကွက်လပ်၌ လူငယ်လူရွယ်များ သိုင်းလေ့ကျင့်နေကြလေသည်။

အသက်ဆယ်နှစ်အရွယ် ကောင်လေးတစ်ယောက်က သစ်ပင်တစ်ပင်အောက်၌ရပ်ကာ သိုင်းလေ့ကျင့်နေကြသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်။

ထိုကောင်လေးမှာ ရွာသူကြီး၏တုပို့၏သား 'တုယို့လုံ'ပင် ဖြစ်သည်။

တုယို့လုံသည် လိမ္မာရေးခြားရှိပြီး သိုင်းပညာ အလွန်ဝါသနာပါသူ ဖြစ်လေသည်။

တုပို့က ရွာသူကြီး အဘိုးအိုနှစ်ယောက်အား ပြုံးပြလိုက်သည်။

"ကျုပ်တို့ ရွာခြံစည်းရိုးတွေကို လုံလုံခြုံခြုံ ကာရံထားတယ်၊ နေ့ရောညပါ အစောင့်တွေချထားတယ်၊ ရန်သူရောက်လာတာနဲ့ ရင်ဆိုင်နိုင်အောင် အစီအမံတွေလည်း လုပ်ထားတယ်၊ မိတ်ဆွေကြီးတို့ကလည်း ဒီအတိုင်း စီမံဆောင်ရွက်ထားကြတယ်ဆိုရင် ကျားငါးကောင်ဟာ အလွယ်တကူ ရန်မူနိုင်မှာ မဟုတ်ပါဘူးဗျာ"

BURMESE CLASSIC .com



ရွာသူကြီး တစ်ယောက်က . . .

"ကျုပ်တို့က အသက်ကြီးပြီ၊ ဒါကြောင့် ဆရာတုပို့လို မသွက်လက်တော့ဘူး၊ ဒါကြောင့် ကျုပ်တို့ကျေးရွာတွေရဲ့ လုံခြုံရေးကို ဆရာတုပို့က တာဝန်ယူ ဆောင်ရွက်ပေးစေချင်ပါတယ်ဗျာ"

ကျန်တစ်ယောက်ကလည်း မေတ္တာရပ်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဆရာတုပို့ကို အားကိုးပါရစေ"

ရိုးသားဖြူစင်သော ကျေးလက်တောင်သူများ ဖြစ်ကြသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပြောကာ အကူအညီတောင်းလိုက်ကြသည်။

တုပို့ မငြင်းနိုင်တော့ပါ။

"ကောင်းပါပြီဗျာ၊ ဂူဝေတောင်ခြေတစ်ဝိုက် အေးချမ်းသာယာစေဖို့ ကျုပ် အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီသွားပါ့မယ်ဗျာ"

ရွာသူကြီး အဘိုးအိုနှစ်ယောက်မှာ ဝမ်းသာသွားကြတော့သည်။

☆ ☆ ☆

ရွာသူကြီးနှစ်ယောက်သည် တုပို့အား အကူအညီတောင်းပြီး ပြန်သွားကြပြီ ဖြစ်လေသည်။

တုပို့လည်း ဂူဝေတောင်ခြေမှ ကျေးရွာများအား ကျားငါးကောင်၏ ကာကွယ်စီမံဆောင်ရွက်ပေးဖို့ တာဝန်ယူလိုက်ရလေသည်။

တုပို့မှာ ကျေးရွာများ၏ ခေါင်းဆောင်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာလေတော့သည်။

တုပို့က ကျင်းစန်းယီအား ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းစန်းယီ ..."

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာ"

"ရွာသူကြီးတွေလာပြီး အကူအညီတောင်းတာကို လျစ်လျူရှုထားလို့ မဖြစ်တော့တာကြောင့် သွားရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"အေး ... ငါမရှိတုန်း မင်းက ရွာကိုစောင့်ရှောက်ထားပါ"

တုပို့ ခရီးထွက်လေတိုင်း ကျေးရွာလုံခြုံရေးအတွက် ကျင်းစန်းယီက တာဝန်ယူစောင့်ရှောက်နေကြ ဖြစ်လေသည်။

တုပို့သည် သားဖြစ်သူ တုယို့လုံအား အလွန်ချစ်မြတ်နိုးပြီး သွားလေရာ ခေါ်သွားလေ့ရှိသည်။

ယခုလည်း တုပို့ ခရီးထွက်သည့်အခါ တုယို့လုံအား ခေါ်သွားမည်ဟု ကျင်းစန်းယီက ထင်မိလေသည်။

တုပို့က ...

"မင်းက ရွာကိုစောင့်ရှောက်ရမယ့်အပြင် ငါ့ရဲ့သား 'တုယို့လုံ' ကိုလည်း ဂရုစိုက်ရလိမ့်မယ်"

ကျင်းစန်းယီ အံ့သြသွားသည်။

"သခင်လေး တုယို့လုံကို ထားခဲ့မယ် ဟုတ်လား ဆရာ"

"အေး ... အန္တရာယ်များတယ်၊ ခေါ်သွားလို့မဖြစ်ဘူး၊ ဒါကြောင့် ထားခဲ့ရလိမ့်မယ်၊ မင်း တာဝန်ယူပြီး စောင့်ရှောက်ပါ"

"ကောင်းပါပြီ ဆရာ"

ကျင်းစန်းယီသည် သူ၏ပခုံးပေါ်သို့ ကြီးလေးသောတာဝန်ကျရောက်လာပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။



တုပို့က ...

"ကျင်းစန်းယီ မင်းကို ငါ စိတ်ချမယ်"

"ဟုတ်ကဲ့ ဆရာ"

တုပို့ ကျေနပ်သွားလေသည်။

တုယို့လုံကိုလည်း မှာကြားလိုက်သည်။

"သား ... ဖေဖေ အရေးတကြီး ခရီးထွက်စရာရှိနေတယ်၊ ရွာမှာ နေခဲ့ရမယ်၊ သား ဦးလေးကျင်းရဲ့စကားကို နားထောင်ရမယ်"

"စိတ်ချပါ ဖေဖေ"

တုယို့လုံသည် လိမ္မာရေးခြား ရှိသူလေးပီပီ ဖခင်ကြီးက အကြောင်းရှိ၍ သူ့အား မခေါ်ဘဲထားခဲ့ခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သည်။ ဖခင်ကြီးနှင့် လိုက်လိုသည်ဟု ပူဆာခြင်းမပြုချေ။

"ဖေဖေ ခရီးထွက်နေတုန်း သားကို သင်ပေးထားတဲ့ အခြေခံ သိုင်းပညာတွေကို ဆက်ပြီး လေ့ကျင့်ရမယ်နော်"

"ဟုတ်ကဲ့ ... ကျွန်တော် လေ့ကျင့်မှာပါ"

"ကောင်းတယ် ... ကောင်းတယ်၊ ဖေဖေ အမြန်ဆုံး အရောက် ပြန်လာခဲ့ပါ့မယ်"

တုပို့သည် လိုအပ်သည်များကို စီမံဆောင်ရွက်ပြီး သားဖြစ်သူကို ကျင်းစန်းယီ၏လက်ထဲအပ်ကာ ချက်ချင်း ခရီးထွက်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

## နဂါးနှင့်ကျား

လပြည့်ညဖြစ်သည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

အေးမြသော လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ညဉ့်နက်လာပြီဖြစ်သော်လည်း တုယိုလုံ အိပ်မပျော်သေးပါ။ ခရီးထွက်သွားသော ဖခင်ကြီးအတွက် စိုးရိမ်ပူပန်နေခြင်းကြောင့် ဖြစ်သည်။

ဖခင်ကြီးတုပို ခရီးထွက်သွားသည်မှာ ဆယ်ရက်ခန့်ရှိသွားပြီ မဟုတ်ပါလား။

တုယိုလုံက ပြတင်းပေါက်အနီး၌ရပ်ကာ ကောင်းကင်ပေါ်မှ လဝန်းကို ငေးကြည့်နေမိလေသည်။

သူ့စိတ်ထဲမှလည်း ...

"လဝန်းကြီးရယ် ဖေဖေ့ကိုတွေ့ရင် ကျွန်တော်မျှော်နေတယ် မြန်မြန်ပြန်လာပါတော့လို့ ပြောပေးပါနော်"



ဟူ၍ ရေရွတ်နေမိလေသည်။

"ညဉ့်နက်ပြီ သခင်လေး၊ မအိပ်သေးဘူးလား"

စကားသံနှင့်အတူ ကျင်းစန်းယီ ရောက်ရှိလာသည်။

တုယိုလုံက ...

"ကျွန်တော် ရက်တရက် အိပ်မပျော်သေးလို့ပါ ဦးလေးကျင်း"

ကျင်းစန်းယီက နှစ်သိမ့်လိုက်သည်။

"သားလေး ဘာမှစိတ်မပူပါနဲ့၊ သခင်ကြီးဟာ ဒီဝူဝေ ဆောင်တန်းထဲမှာ သူရဲကောင်းကြီးတစ်ယောက်ပါ၊ သူ့ကို ဘယ်သူကမှ ဒုက္ခပေးလို့ရမှာ မဟုတ်ပါဘူး၊ တခြားကျေးရွာတွေရဲ့ လုံခြုံရေးကိစ္စတွေကို စီမံဆောင်ရွက်ပေးနေရတာကြောင့် ရက်တရက်ပြန် မလာနိုင်သေးတာပဲ၊ အကြောင်းတစ်ခုခုရှိခဲ့ရင် သတင်းကြားရမှာပဲ မဟုတ်လား"

တုယိုလုံ ခေါင်းညိတ်လိုက်သည်။

"ဖေဖေ့ကို ဘယ်သူကမှ ဒုက္ခပေးလို့မရဘူးဆိုတာ ကျွန်တော် ကြည်ပါတယ်၊ မကြာခင် ဖေဖေ ပြန်ရောက်လာလိမ့်မယ်လို့လည်း လည်ထားပါတယ် ခင်ဗျာ"

ကျင်းစန်းယီက ...

"ဒါပေါ့ ကဲ ... ညဉ့်နက်နေပြီ၊ သခင်လေး အနားယူလိုက်ပါဦး"

"ကောင်းပါပြီ ခင်ဗျာ"

တုယိုလုံက ပြတင်းပေါက်အနီးမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com



ထိုအချိန်မှာပင် ...

"ဒေါင်ဒေါင် ... ဒေါင်ဒေါင်"

ရွာထိပ်မှ သံချောင်းခေါက်သံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေတော့သည်။

☆ ☆ ☆

သံချောင်းခေါက်သံများ ထွက်ပေါ်ပြီးနောက် တစ်ရွာလုံး လှုပ်ရှားသက်ဝင်ကာ ဆူဆူညံညံ ဖြစ်လာလေတော့သည်။

ကျင်းစန်းယီလည်း ရွာထိပ်သို့ ပြေးလွှားရောက်ရှိသွားသည်။

ရွာတံခါးမကြီးနံဘေး မျှော်စင်ပေါ်သို့ တက်ကြည့်လိုက်သော အခါ ရွာအပြင်ဘက်၌ လူငါးယောက် ရောက်ရှိနေကြသည်ကို လှမ်း မြင်လိုက်ရလေသည်။

နာမည်ကြီးနေသော လူဆိုးကြီးငါးယောက် ရောက်ရှိလာခြင်း ဖြစ်လေသည်။

"ကျားငါးကောင်ပဲ"

"ဟုတ်ပါတယ် ဆရာလေး"

"အေး ... တို့လူတွေကို စုရုံးထားလိုက်၊ သူတို့ ရွာထဲကို ကြိုးစားလာတာနဲ့ တိုက်ခိုက်ကြမယ်"

"ကောင်းပါပြီ"

ကျင်းစန်းယီသည် ရွာထဲမှ လူငယ်လူရွယ်များကို စုစည်း လေသည်။



ဓား၊ လှံ၊ လေး၊ မြား လက်နက်များကို အသင့်ကိုင်ဆောင် ထားကြလေသည်။

"ကျားငါးကောင်ဟာ အင်မတန်ဆိုးသွမ်းတဲ့ လူဆိုးကြီးတွေ ဖြစ်တယ်၊ တို့ရွာကို လုယက်ဖျက်ဆီးလိမ့်မယ်၊ သက်ကြီးရွယ်အို တွေကို သတ်ဖြတ်လိမ့်မယ်၊ မိန်းကလေးတွေကို ဖျက်ဆီးလိမ့်မယ်၊ ဒီအန္တရာယ်ကို ငါတို့ အသက်စွန့်ပြီး ကာကွယ်ရမယ်"

လူငယ် လူရွယ်များလည်း စိတ်ဓာတ်တက်ကြွလာကြသည်။

"ဓားပြတွေကို ဆုံးမကြ"

"တို့ရွာကို ကာကွယ်ကြ"

ဟူ၍ သံပြိုင်ကြွေးကြော်လိုက်ကြလေသည်။

ကျေးရွာအတွင်းမှ ထွက်ပေါ်လာသော ကြွေးကြော်သံများ ကြောင့် ရွာအပြင်ဘက်၌ ရောက်ရှိနေကြသော ကျားငါးကောင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်က စကားစလိုက်သည်။

"တုပို့ရဲ့ကျေးရွာက ကူဝေတောင်ခြေမှာ အချမ်းသာဆုံးပဲ၊ ရွာသူတွေဟာ စည်းလုံးညီညွတ်မှုလည်း ရှိကြတယ်"

"အင်း ... ရွာခြံစည်းရိုးကို အမြင့်ကြီးကာရံထားသလို ကင်း စောင့်တွေကိုလည်း ချထားတော့ ရုတ်တရက် ရွာထဲဝင်ဖို့မလွယ်ဘူး ထင်တယ်"

"အိုဗျာ ... တုပို့ ဒီလို စီမံထားရုံနဲ့ ကျုပ်တို့ မှုရှာလား"

လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွာစည်းရိုးအနီးသို့ ချဉ်းကပ်သွားလိုက်ကြသည်။

အခြေအနေကို စောင့်ကြည့်နေသည့် ကျင်းစန်းယီက ...

"မြားနဲ့ပစ်ကြ"

ဟု အမိန့်ပေးလိုက်ရာ စည်းရိုးပေါ်မှ လှုငယ်များက ကျားငါးကောင်အား လေးမြားများဖြင့် ချိန်ရွယ်ပစ်ခတ်ကြလေသည်။

အမဲလိုက်မုဆိုးများလည်း ရွာ၌ရှိရကား မြားပစ်ကျွမ်းကျင်မှု ရှိနေကြသည်မှာ မဆန်းတော့ချေ။

"ဝှစ် ... ဝှစ် ... ဝှစ်"

မြားတံများသည် ကျားငါးကောင်ထံသို့ တဖွဲဖွဲ ပစ်လွှင့်သွားလေတော့သည်။

"မြားနဲ့ပစ်တယ်ဟေ့"

ကျားတစ်ကောင်က အော်လိုက်သည်။

ထို့နောက် ဓားဝှေ့ယမ်းပြီး မြားတံများကို ခုတ်ချပစ်လိုက်လေသည်။

ကျန်လူများကလည်း လက်နက်များဝှေ့ယမ်းကာ ရှေ့တိုးလာကြလေသည်။

"ထောက် ... ထောက် ... ထောက်"

ပစ်လွှင့်သွားသော မြားတံများမှာ အပိုင်းပိုင်းပြတ်ကာ မြေပေါ်ကျသွားတော့သည်။

ကျားငါးကောင်လည်း ရွာခြံစည်းရိုးအနားသို့ ရောက်ရှိသွားကြပြီး ...



"ဟူး ... ဟူး"

မြေပေါ်ခြေဆောင့်ကာ ခြံစည်းရိုးကို ခုန်ကျော်လိုက်ကြတော့သည်။

ကျားငါးကောင်မှာ ကိုယ်ဖော့ပညာ ကောင်းကြသူများလည်း နေရကား ကာရံထားသော ခြံစည်းရိုးမှာ သူတို့အား ဟန့်တားဖို့ နိုင်တော့ချေ။

ကျားငါးကောင်သည် ရွာထဲဝင်ပြီး မွှေနှောက်သောင်းကျန်း ည်ဟု စိတ်ကူးထားကြသည်။

သို့သော် ရွာထဲရောက်သွားလျှင် မမျှော်လင့်သော ဆီးကြိုမှု ကြုံတွေ့လိုက်ရလေသည်။

ကျင်းစန်းယီခေါင်းဆောင်သော လူငယ်လူရွယ်များသာမက သမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများကပါ ခုခံရန် နက်ကိုယ်စီဆွဲကိုင်ကာ စောင့်ဆိုင်းနေကြသည်ကို တွေ့လိုက်ရ ဖြစ်လေသည်။

ကျားငါးကောင် မကျေမနပ်ဖြစ်သွားကြလေသည်။

"ကျုပ်တို့ကို ခုခံမယ်လို့ ပြင်ဆင်ထားကြတာဗျ"

"ကျုပ်တို့အကြောင်းသိအောင် ပြရသေးတာပေါ့"

ဓားများဝှေ့ယမ်းကာ ရှေ့တိုးသွားကြသည်။

ကျင်းစန်းယီက အံကြိတ်လိုက်သည်။

"တို့ရွာကို စော်ကားလို့မရဘူးဆိုတာ သိသွားအောင် တို့ရွာ င်းပြလိုက်ကြဟေ့"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြုံးဝါးသံအဆုံးတွင် ရွာသူရွာသားများ၏ ညာသံ
ကာ အော်ဟစ်လိုက်သံများလည်း ဟေးခနဲ ထွက်ပေါ်လာလေသည်။

ထို့နောက် တိုက်ပွဲကြီး ဖြစ်ပေါ်လာလေတော့သည်။

☆ ☆ ☆

ကျားငါးကောင်နှင့် ကျင်းစန်းယီဦးဆောင်သော ရွာသူရွာသား
များ၏တိုက်ပွဲမှာ ပြင်းထန်နေပါသည်။

ကျားငါးကောင်မှာ သိုင်းလောက၌ ထင်ရှားစိုင်းခဲ့ကြသည့်
အဖြူရောင်သိုင်းဆရာများ၏ ဆုံးမခြင်းခံရကာ ထွက်ပြေးလာ
ဝူဝေတောင်တန်းဒေသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

ကျားငါးကောင်သည် နောင်တမရသည့်အပြင် ဆက်လ
ဆိုးသွမ်းသောင်းကျန်းနေခဲ့ရာမှာ စည်းလုံးညီညွတ်သော တုပို့၏
သားများနှင့် ရင်ဆိုင်တိုက်ခိုက်ရခြင်း ဖြစ်သည်။

"ဝုန်း ..."

"အမယ်လေး ..."

ကျားငါးကောင်၏လက်ချက်ဖြင့် ရွာသူရွာသားများ ထိ
ဒဏ်ရာရကုန်သည်။

ရွာသူရွာသားများကလည်း အကြောက်အရွံ့မရှိ ပြန်လည်
ကြသဖြင့် ကျားငါးကောင်မှာ ထင်တိုင်းမပေါက်သည့်အပြင်
ကြုံရသည်။

ထိခိုက်ဒဏ်ရာ ရလာလေသည်။



ရုတ်တရက် ...

"ဂွစ် ..."

ပစ်လွှင့်လာသော မြားတစ်စင်းက ကျားငါးကောင်မှ အမှတ်
၏ ရင်ဝသို့ တည့်တည့်မတ်မတ် စိုက်ဝင်သွားလေသည်။

"အား ..."

အမှတ်ငါးမှာ စူးရှစွာအော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွား
တော့သည်။

ကျန်လူများ အထိတ်တလန့် ဖြစ်သွားကြသည်။

ထိုအချိန်မှာပင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြား
ရလေသည်။

တစ်ဆက်တည်းမှာပင် ...

"ရွာသူကြီး ပြန်လာပြီဟေ့"

ဝမ်းသာအားရဖြင့် အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာ

ကျင်းစန်းယီတို့ ဝမ်းသာသွားကြလေသည်။

ကျားငါးကောင်ကား ထိတ်လန့်သွားကြသည်။

"ရွာသားတွေကိုတောင် အနိုင်ယူဖို့မလွယ်ဘူး၊ ရွာသူကြီး
ပြီဆိုတော့ ခက်မယ်၊ သွားစို့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သော အမှတ်တစ်ကပြောပြီး ရွာအပြင်ဘက်သို့ ခုန်ထွက်သွားကြလေသည်။

"ဟူး ... ဟူး"

ကျားငါးကောင်အနက် အမှတ်ငါး သေဆုံးသွားပြီး လေးယောက်သာ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ထိုလူလေးယောက်က ရွာသူကြီးတုပို့ ရောက်မလာမီ ရှောင်တိမ်းသွားဖို့ ကြိုးစားလိုက်ကြသည်။

သို့သော် ရွာအပြင်ဘက်ရောက်လျှင် ရွာသူကြီးတုပို့နှင့် ေဆိုင်လိုက်ရတော့သည်။

တုပို့ ဒေါသထွက်နေပါသည်။

"ငါမရှိတုန်း ငါ့ရွာကို လုယက်ဖျက်ဆီးဖို့ ကြိုးစားကြတာပေါ့လေ၊ သေဖို့သာ ပြင်ထားကြပေတော့"

"အား ..."

ကျားငါးကောင်မှ အမှတ်လေးမှာ တုပို့၏လက်ချက်မြင့် သေဆုံးသွားတော့သည်။

ကျန် သုံးယောက်လည်း အသက်လုကာ ထွက်ပြေးသွားကြလေတော့သည်။

☆ ☆ ☆

ဝူဝေတောင်တန်း၌ သောင်းကျန်းလာသည့် ကျားငါးကောင်အား တုပို့က ဆုံးမလိုက်သည်ဟု သတင်းကြီးသွားလေသည်။



ကျားငါးကောင်မှာ သေသူသေ၊ ထွက်ပြေးသူထွက်ပြေးနှင့် ပျောက်ကွယ်သွားကြပြီး ဝူဝေတောင်တန်းဒေသမှာ ပြန်လည်အေးချမ်းသွားလေသည်။

တုပို့ကို အားလုံးက ချီးကျူးကြပြီး ဝူဝေတောင်တန်းဒေသရှိ ရွာရွာအားလုံး၏ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြသည်။

အားလုံးသည် တုပို့၏လက်အောက်၌ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည်။

တုပို့ကလည်း အများကောင်းကျိုး သယ်ပိုးသကဲ့သို့ ဝူဝေတောင်တန်းတစ်ခုလုံး အေးချမ်းသာယာစေရေး အစွမ်းကုန်ကြိုးစား ဆောင်ရွက်ခဲ့သည်။

တုပို့နှင့် ဟုယို့လုံတို့၏ဘဝမှာ အောင်မြင်မှုရကာ အေးချမ်းသာယာခဲ့လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



# ရန်ကြွေး

ချင်ချန်းမြို့ . . . ။

တုပို၊ ကျင်းစန်းယီနှင့် တုယို့လုံတို့သည် ဝူဝေတောင်တန်း တစ်ဖက်ရှိ ချင်ချန်းမြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

သုံးယောက်သား ခရီးထွက်လာခဲ့ကြသည်မှာ တုယို့လုံအား ဒေသန္တရ ဗဟုသုတရရှိစေရန် ဖြစ်သည်။

တုပို့သည် အသက်အရွယ်ရလာပြီဖြစ်သလို တုယို့လုံလည်း တဖြည်းဖြည်း ကြီးပြင်းလာပြီ ဖြစ်လေသည်။

တုယို့လုံအား နောင်တစ်ချိန်၌ သိုင်းလောကတွင် ကျင်လည် ကျက်စားစေလိုသောဆန္ဒ တုပို့၌ ရှိနေသည်။

ဝူဝေတောင်တန်းဒေသမှ ကျေးရွာများအားလုံးလည်း စည်း ညီညွတ်ကာ လူဆိုးဓားပြများ၏ ရန်စွယ်ကို တွန်းလှန်ကာကွယ် စွမ်းရှိနေပြီ ဖြစ်ရကား တုပို့တို့ စိတ်အေးလက်အေး ခရီးထွက် နိုင်ခဲ့ကြခြင်း ဖြစ်လေသည်။



သုံးယောက်သား ချင်ချန်းမြို့ထဲသို့ ဝင်ရောက်လာခဲ့ကြရင်း စာ.သောက်ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်လာသောအခါ ဆိုင်ထဲမှလူလေး ယောက်က သူတို့အား အကဲခတ်ကြည့်နေကြသည်ကို သတိမပြုမိ လိုက်ကြချေ။

ထိုလူလေးယောက်အနက် သုံးယောက်မှာ ကျားငါးကောင်၌ ပါဝင်ခဲ့ကြသော အမှတ်တစ်၊ အမှတ်နှစ်နှင့် အမှတ်သုံးတို့ ဖြစ်ကြ လေသည်။

အမှတ်တစ်တို့နှင့် အတူထိုင်နေသူကား အနက်ရောင်ဝတ်ဆင် ထားသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

အဘိုးအို၏ အသားအရည်သည် သူ၏ဝတ်အစားများကဲ့သို့ မည်းမည်းကြုတ်ကြုတ် ရှိသည်။

မျက်လုံးပြူးပြူး၊ နှာခေါင်းကောက်ကောက်နှင့် အကျည်းတန် အရုပ်ဆိုးသူ ဖြစ်လေသည်။

အမှတ်တစ်သည် တုပို့အား တွေ့မြင်လိုက်ရလျှင် လှုပ်လှုပ် ရှားရှား ဖြစ်သွားလေသည်။

"ဆရာကြီးစန်းကို ကျုပ်ပြောတာ သူပဲဗျ"

အဘိုးအိုအား ပြောလိုက်လေသည်။

စန်းကိုဆိုသော အဘိုးအိုက ပြတင်းပေါက်မှတစ်ဆင့် တုပို့တို့ အား လှမ်းကြည့်လိုက်သည်။

"သူ့ရဲ့သိုင်းပညာက အတော်ထက်မြက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ သူ့အကြောင့် ကျုပ်တို့ရဲ့ အမှတ်လေးနဲ့ အမှတ်ငါးတို့ သေဆုံးသွားရတာပါ"

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သောအဘိုးအိုမှာ အနက်ရောင် သိုင်းဆရာတစ်[...] ဖြစ်သည်။

'မရဏနက်ဆိုး' ဟူသော ဘွဲ့ထူးဖြင့် သိုင်းလောကတွင် ထင်[...] ကျော်ကြားနေသူဖြစ်သည်။

အမှတ်တစ်တို့သည် ဝှဝေတောင်တန်းမှ ထွက်ပြေးသွားကြ[...] နောက်လည်း သိုင်းလောကသို့ ပြန်မသွားဝံ့ကြတော့ချေ။

မထင်မရှား မြို့လေးတစ်မြို့၌ ပုန်းအောင်းနေခဲ့ကြသည်။

ထိုမြို့ကလေးသို့ ရောက်ရှိလာသော မရဏနက်ဆိုးစန်းကို[...] နှင့် မမျှော်လင့်ဘဲဆုံတွေ့မိသောအခါ အမှတ်တစ်မှာ အကြံတစ်[...] ရရှိလာလေသည်။

ထို့ကြောင့် အမှတ်တစ်သည် မရဏနက်ဆိုးစန်းကို ယုံကြည်[...] အောင် အမျိုးမျိုး လုပ်ကြံပြောဆိုတော့သည်။

တုပို၏ ကျေးရွာ၌ ရှေးဟောင်းရွှေငွေ ရတနာသိုက်တစ်[...] ရှိကြောင်း၊ တုပိုက စောင့်ရှောက်ထားကြောင်း၊ ရတနာသိုက်[...] လိုချင်၍ သွားကြသူများအား တုပိုက တိုက်ခိုက်လွှတ်တတ်ကြောင်း[...] များ ဖြစ်လေသည်။

လောဘရမ္မက်ကြီးသော စန်းကိုသည် အမှတ်တစ်၏စကား[...] များကို ယုံကြည်သွားခဲ့လေသည်။

တုပိုအားဆုံးမရန် အမှတ်တစ်တို့နှင့်အတူ လိုက်လာခဲ့[...] တော့သည်။

အမှတ်တစ်က မရဏနက်ဆိုးစန်းကိုကို အသုံးချကာ ထ[...]



အားဆုံးမနိုင်ခဲ့လျှင် ဝှဝေတောင်တန်းဒေသ၌ ထင်တိုင်းကျဲနိုင်မည်ဟု ယုံကြည်ထားလေသည်။

အမှတ်တစ်တို့သည် စန်းကိုအားခေါ်ကာ ပြန်လာခဲ့ရင်း ချင်းနန်းမြို့၌ ခရီးတစ်ထောက်နားကာ စားသောက်နေစဉ် တုပိုတို့နှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိလိုက်ခြင်း ဖြစ်သည်။

တုပိုတို့က အမှတ်တစ်တို့က အခဲမကြေဘဲ အကောက်ကြံဖို့ ကြိုးစားနေကြောင်း မသိခဲ့ကြပေ။

အမှတ်တစ် ဦးညွှတ်လိုက်သည်။

"တုပိုကို ဆုံးမနိုင်မယ်ဆိုရင် ရှေးဟောင်းရတနာတွေကို ရနိုင်ယုံအပြင် ဝှဝေတောင်တန်းဒေသ တစ်ခုလုံးကိုလည်း လက်ဝါးကြီးအုပ်နိုင်မှာ သေချာပါတယ်ဗျာ"

စန်းကို ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... သူ့ကို ကျုပ် ဆုံးမပေးမယ်"

စကားဆုံးလျှင် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်တော့သည်။

အမှတ်တစ်တို့ ဝမ်းသာသွားကြသည်။

လေးယောက်သား ဆိုင်ထဲမှထွက်ကာ တုပိုတို့နောက်သို့ လိုက်သွားကြလေတော့သည်။

☆ ☆ ☆

တုပိုသည် သားဖြစ်သူ တုယိုလုံအား လက်ဆွဲကာ ရှေ့မှသွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းယီ နောက်ကလိုက်သွားသည်။

မင်းလမ်းမကြီးအတိုင်း လျှောက်လာကြရင်း လမ်းဆုံးလမ်းခွ တစ်ခုသို့ရောက်လာလျှင် ကျင်းစန်းယီက တုပို့အနီးသို့ချဉ်းကပ်သွားပြီး တိုးတိုးပြောလိုက်လေသည်။

"ဆရာ... ကျွန်တို့နောက်ကို တစ်ယောက်ယောက် လိုက်နေပါတယ်"

"ဪ..."

တုပို့သည် မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ အမှတ်တစ်တို့ လိုက်လာကြသည်ကို သတိပြုမိလိုက်လေသည်။

"လက်စသတ်တော့ ကျားငါးကောင်ထဲက လက်ကျန်တွေပါလား"

တုပို့ မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့နဲ့တွေ့ရတာ ကံကောင်းတာပဲ"

"ဗျာ..."

ကျင်းစန်းယီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

တုပို့က...

ကျားငါးကောင်က ငါ့ကိုမကျေနပ်ဘဲ တစ်နေ့မဟုတ်တစ်နေ့ အကောက်ကြံနိုင်တယ်ဆိုတာ ငါ နားလည်ထားတာပေါ့၊ ခုလည်း ကြည့်စမ်း၊ သူတို့နဲ့အတူ အနက်ရောင်ဝတ်ထားတဲ့ လူတစ်ယောက် ပါလာတယ် မဟုတ်လား"



"ဟုတ်ပါတယ် ဆရာ"

"ဒီလူကို အကူအညီတောင်းပြီး ခေါ်လာတာပဲဖြစ်မှာပေါ့"

တုပို့သည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ရှေ့ဆက်ပြောလိုက်လေသည်။

"ငါ့သားတုယို့လုံဟာ နောင်တစ်ချိန် သိုင်းလောကမှာ ကျင်လည်ကျက်စားမယ်ဆိုတော့ ငါနဲ့ပတ်သက်တဲ့ ရန်ငြိုးရန်စတွေကို ခုချိန်ကတည်းက ဖြေရှင်းထားလိုက်တာ အကောင်းဆုံးပဲ၊ ကဲ... မင်းက ငါ့သားတို့ကိုခေါ်ပြီး ရှေ့ကသွားနှင့်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကျင်းစန်းယီက ရှေ့ဆက်သွားရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်စမ်း"

အော်ခေါက်သံများနှင့်အတူ အမှတ်တစ်တို့လူစု ပြေးလာကြလေသည်။

တုပို့ ပြုံးလိုက်သည်။

"ကဲ... မင်းတို့ ဟိုသစ်ပင်အောက်က သွားကြည့်နေကြပေါ့"

"ကောင်းပါပြီ ဆရာ"

ကျင်းစန်းယီက တုယို့လုံအားခေါ်ကာ တုပို့ညွှန်ပြလိုက်သည့် လမ်းမကမ်းရှိ သစ်ပင်တစ်ပင်ဆီသို့ လှမ်းသွားလိုက်လေသည်။

တုပို့က ပြေးလိုက်လာကြသည့် အမှတ်တစ်တို့နှင့် ရင်ဆိုင်လိုက်လေသည်။

အမှတ်တစ်တို့က တုပို့အား ဝိုင်းရံထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုပို့ မဲပြုံးပြုံးလိုက်သည်။

"မင်းတို့ ကံကောင်းပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့တာကို မေ့သွားပြီလား၊ ငါ့ရှေ့ကို ရောက်အောင်လာတာဟာ သေချင်လို့ပဲ ဖြစ်ရမယ်"

အမှတ်တစ်က ရယ်မောလိုက်လေသည်။

"ကျုပ်က ခင်ဗျားကိုဆုံးမဖို့ ဝှဝေတောင်တန်းဒေသကို ပြန်လာခဲ့တယ်ဆိုတာ မှတ်ထားပါ"

တုပို့က ...

"မင်း တော်တော်အပြောကြီးပါလား"

"အပြောလား လက်တွေ့လားဆိုတာကို ခင်ဗျား အခုသိစေရမယ်"

အမှတ်တစ်သည် အမှတ်နှစ်နှင့် အမှတ်သုံးတို့အား အချက်ပေးကာ ...

"သေပေတော့"

အော်ငေါက်ရင်း တုပို့အား တိုက်ခိုက်လိုက်လေသည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့ကလည်း အမှတ်တစ်နှင့်လက်တွဲကာ တုပို့အား တိုက်ခိုက်ကြလေသည်။

ဝါရင့်လူဆိုးကြီးများဖြစ်ရကား သူတို့၏သိုင်းပညာ မခေပါချေ။

သို့သော် တုပို့ကိုမူ မယှဉ်နိုင်အောင် ဖြစ်သွားလေသည်။

ထိတ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီမှာပင် ...



"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ အမှတ်စဉ်တို့သုံးယောက် ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

"ဟား ... ဟား ... ဟား"

မရဏနတ်ဆိုး စန်းကို့က သဘောကျစွာ ရယ်မောလိုက်သည်။

"ရှာသူကြီးက ဘယ်ဆိုးလို့လဲဗျ"

တုပို့ သက်ပြင်းချလိုက်သည်။

"ကျုပ်ကို နှောင့်ယှက်လာရင်တော့ ဘယ်သူ့ကိုမဆို ရင်ဆိုင်သွားမှာပါပဲဗျာ"

စန်းကို့က ...

"ကောင်းတယ်၊ ကျုပ်က ရှာသူကြီးရဲ့ပညာကို လေ့လာချင်သေးတယ်"

"ရပါတယ်ဗျာ၊ ကျုပ်ဘက်ကတော့ အဆင်သင့်ပါပဲ"

"ဒါဖြင့် သတိသာထားပေတော့"

စန်းကို့သည် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်လေသည်။

တုပို့ကလည်း လက်ဝါးနှစ်ဖက်ဖြင့်ပင် ပြန်လည်ရင်ဆိုင်လိုက်သည်။

ကျင်းစန်းယိသည် စန်းကို့က အမှတ်တစ်တို့ထက် ပိုပြီးကြောက်မက်ဖွယ်ကောင်းသူဖြစ်ကြောင်း နားလည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တစ်တို့ သုံးယောက်လည်း ရှိနေကြသဖြင့် စိုးရိမ်လာလေသည်။

"သူတို့ဝိုင်းပြီး အကောက်ကြံကြမယ်ဆိုရင် ဆရာ ဒုက္ခရောက်သွားနိုင်တယ်"

သခင်လေး တုယို့လုံကို ပြောလိုက်သည်။

"သခင်လေး … ဒီသစ်ပင်အောက်မှာပဲ နေခဲ့ပါ၊ သခင်ကြီးကို ကျုပ် သွားပြီးကူညီလိုက်ဦးမယ်"

"ကောင်းပါပြီ ဦးလေးကျင်း"

တုယို့လုံ သဘောတူလိုက်လေသည်။

ကျင်းစန်းယီက တုပို့တို့ထံ လှမ်းသွားရန်ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တုပို့နှင့် စန်းကို့တို့သည် လက်ဝါးများအပြင် ခြေထောက်များကိုပါ အသုံးပြုကာ တရစပ်တိုက်ခိုက်နေကြပြီး သိုင်းကွက်တစ်ရာကျော်ခန့်ရောက်လျှင် တုပို့ အသာစီးရလာလေသည်။

ပြင်းထန်သောတိုက်ပွဲကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသကဲ့သို့ ဖုန်မှုန့်များ တထောင်းထောင်းထသွားလေသည်။

သိုင်းကွက်တစ်ရာကျော်အထိ ဆက်၍ တိုက်ခိုက်ပြီးသောအခါ တုပို့ ပြတ်ပြတ်သားသား အသာစီးရသွားတော့သည်။

စန်းကို့သည် အခြေအနေမဟန်သဖြင့် နောက်ဆုတ်ရှောင်တိမ်းဖို့ ကြိုးစားလိုက်ကြသော်လည်း နောက်ကျနေပြီ ဖြစ်ပါသည်။



တုပို့၏ တိုက်ခိုက်မှုကြောင့် စန်းကို့ နောက်သို့တစ်ဆုတ်ထဲဆုတ်နေရပြီး ခြေထောက်ကန်ချက်တစ်ချက် မိသွားသောအခါ …

"ဝုန်း …"

စန်းကို့ အဝေးသို့လွင့်စဉ်သွားတော့သည်။

တုပို့သည် ကျားသုံးယောက်ကိုသာမက မရဏနတ်ဆိုး စန်းကို့ကိုပါ အနိုင်ရရှိလိုက်ပြီ ဖြစ်လေသည်။

☆ ☆ ☆

မရဏနတ်ဆိုးစန်းကို့သည် သိုင်းလောက၌ ထင်ရှားစိုးနိုင်ခဲ့သော်လည်း တုပို့ကဲ့သို့ ရွာသူကြီးတစ်ယောက်အား အရေးနိမ့်သွားသောကြောင့် အရှက်ကြီးရှက်သွားလေတော့သည်။

စန်းကို့က အမှတ်တစ်တို့အား တစ်ချက်စေ့ကြည့်လိုက်သည်။

"သူဟာ တောရွာတစ်ရွာက ရွာသူကြီးတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့သိုင်းပညာကတော့ ထိပ်တန်းအဆင့်မှာ ရှိနေတာပဲ"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတောင်မှ သူ့ကိုမယှဉ်နိုင်ဘူးဆိုရင် ကျုပ်တို့ ဘာတတ်နိုင်တော့မှာလဲ"

အမှတ်တစ်က ညည်းတွားလိုက်လေသည်။

စန်းကို့က …

"မပူနဲ့၊ သူ့ထက် သိုင်းပညာတော်တဲ့လူတွေကိုတောင် ကျုပ်က အနိုင်ယူ ဆုံးမခဲ့တာ သူက ဘာမို့လဲ"

"ဆရာကြီးက သူနဲ့ တိုက်ခိုက်ဦးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"ဘယ်လို တိုက်ခိုက်မှာလဲဗျ"

"မင်းတို့ပါ ဝိုင်းပြီးတိုက်ကြ၊ သူ့ကို အနိုင်ရစေမယ်လို့ ကျုပ် တာဝန်ယူတာပဲ"

"ကောင်းပါပြီဗျာ"

စန်းကို့၌ အကြံအစည်တစ်ခုခု ရှိနေမည်ဟု အမှတ်တစ်က နားလည်လိုက်သဖြင့် ဝမ်းသာသွားလေသည်။

အမှတ်နှစ်တို့အား အချက်ပြလိုက်သည်။

ထို့နောက် သုံးယောက်သား တုပို့ထံ ပြေးဝင်သွားကြသည်။

တုပို့ ရယ်မောလိုက်ပြန်သည်။

"မင်းတို့ ခံလိုက်ရတာတောင် မမှတ်ကြသေးဘူးလား၊ သေ ချင်နေကြပြီထင်တယ်"

ဟုငေါက်ကာ ဆီးကြိုတိုက်ခိုက်လိုက်သည်။

တုပို့က စန်းကို့ကိုပင် အနိုင်ယူတိုက်ခိုက်လိုက်သည်ကို တွေ့ ရသဖြင့် ကျင်းစန်းယီလည်း စိတ်ချသွားတော့သည်။

တုယို့လုံထံသို့ ပြန်သွားလိုက်လေသည်။

ထိုအချိန်မှာပင် မမျှော်လင့်သောဖြစ်ရပ်များ ပေါ်ပေါက်လာ လေတော့သည်။

"ဟိတ် ..."

စန်းကို့သည် ညာသံပေးရင်း မြေပေါ်ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်လေသည်။



သူ၏ ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် လေထဲရောက်ရှိသွား ပြီး လေထဲ၌ကျွမ်းပစ်ကာ တုပို့ထံ တိုးဝင်သွားလေသည်။

အမှတ်တစ်တို့သုံးယောက်နှင့်အတူ လက်တွဲကာ တိုက်ခိုက် လိုက်ခြင်း ဖြစ်လေသည်။

သူတို့ လေးယောက် စုပေါင်းတိုက်ခိုက်လိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်သွားလေသည်။

တုပို့လည်း မပေါ့ဆဝံ့တော့ဘဲ အတွင်းအားကို လက်ဝါး၌ စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လေးယောက်နှင့်တစ်ယောက် ရင်ဆိုင်လိုက်ရသော်လည်း တုပို့ က စန်းကို့တို့၏တိုက်ကွက်ကို ချေဖျက်ကာ ချက်ချင်း အသာစီးယူ နိုင်လိုက်လေသည်။

"သွားစမ်း ..."

တုပို့က လက်ဝါးနှစ်ဖက်ကို တွန်းထုတ်လိုက်ရာ လေတိုးသံ များ တဟူးဟူးမြည်ကာ ထွက်ပေါ်လာပြီး ပြင်းထန်သော လေပွေ ကြီးများသည် စန်းကို့တို့ထံသို့ တိုးဝင်သွားလေသည်။

"ဝုန်း ... ဝုန်း"

"အား ..."

"အွန့် ..."

စန်းကို့တို့လေးယောက် ဒယီးဒယိုင်ဖြင့် လွင့်စဉ်သွားကြပြန် လေတော့သည်။

ဒုတိယအကြိမ် ရင်ဆိုင်လိုက်ကြရာတွင် တုပို့ကပင် အနိုင်ရ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း … ဖျောင်း … ဖျောင်း"

ကျင်းစန်းယီက လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးလိုက်လေသည်။

"ရှန်သူကို ယှဉ်နိုင်ပါ့မလားလို့ သံသယဝင်မိတာ ဆရာ့ကို စော်ကားသလို ဖြစ်သွားတာပဲ၊ ပြီးမှ တောင်းပန်ရဦးမယ်"

ဟုလည်း စိတ်ထဲ ရေရွတ်လိုက်လေသည်။

စန်းကိုတို့သည် တုပို့အား မယှဉ်နိုင်မှန်း သိသွားကြပြီ ဖြစ်ပါသည်။

စန်းကိုက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ရှာသူကြီးကို မယှဉ်နိုင်ဘဲ စော်ကားမိပါတယ်၊ ခွင့်လွှတ်ပါ"

တောင်းပန်စကားလည်း ပြောလိုက်သည်။

တုပို့က …

"ခင်ဗျားတောင်းပန်ပေမယ့် ကျုပ်က ခွင့်လွှတ်မယ် ထင်နေသလား"

စန်းကို မျက်နှာပျက်သွားသည်။

"ကျုပ် မှားမိပါတယ်ဗျာ၊ တောင်းပန်ပါတယ် ခွင့်လွှတ်ပါ"

ပြောရင်း တုပို့ရှေ့၌ ဒူးထောက်လိုက်လေသည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ"

အမှတ်တစ်တို့ကိုလည်း ငေါက်လိုက်သည်။

အမှတ်တစ်တို့ ကပျာကယာ ဒူးထောက်လိုက်ကြသည်။

စန်းကိုက …



"ကျုပ်ကို ခွင့်လွှတ်ပါဗျာ"

တောင်းပန်ရင်း ရုတ်တရက် အင်္ကျီလက်အိုးကြားမှ လက်[illegible]ကလေးများဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်လေသည်။

တုပို့ ငေးငိုင်သွားသည်ကို အခွင့်ကောင်းယူကာ အလစ်လုပ်[illegible]ခြင်း ဖြစ်လေသည်။

တုပို့မှာ စန်းကိုတို့က ဒူးထောက်တောင်းပန်လာကြမည်ဟု [illegible]အောင်ဖြစ်နေရာ စန်းကိုက အကောက်ကြံလိုက်သောအခါ [illegible]ရက် မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။

လက်နက်ပုန်းလေးများသည် တုပို့၏ရင်ဝမှ အရေးပါသော [illegible]ကြာနေရာများ၌ ထိမှန်သွားလေသည်။

"အင့် …"

တုပို့၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်ကာ နောက်ဆုတ်လိုက်ရတော့သည်။

စန်းကို ဝမ်းသာသွားလေသည်။

"တိုက်ကြဟေ့"

ဒူးထောက်နေရာမှ ခုန်ထကာ တိုက်ခိုက်လိုက်လေသည်။

အမှတ်တစ်တို့ကလည်း ဝိုင်းပြီး တိုက်ခိုက်ကြလေသည်။

တုပို့ ဒေါသချောင်းချောင်း ထွက်နေသည်။

ဒဏ်ရာပြင်းထန်စွာ ရထားပြီးဖြစ်သော်လည်း စန်းကိုတို့အား [illegible]ည်ရင်ဆိုင်လိုက်လေတော့သည်။

"ဆရာ …"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းယီက အထိတ်တလန့် ခေါ်လိုက်သည်။

တုပို့ ခံလိုက်ရသည်ကို မယုံနိုင်အောင် ဖြစ်နေသည်။

တုယို့လုံကိုပင် အမှုမထားနိုင်တော့ဘဲ ဓားတစ်လက်ဆွဲ... ကာ စန်းကို့တို့အား တိုက်ခိုက်လိုက်လေသည်။

စန်းကို့တို့လေးယောက်လည်း တုပို့၏လက်ချက်ဖြင့် ဒဏ်... ရထားကြပြီး ဖြစ်လေသည်။

ထို့ကြောင့် တုပို့နှင့် ကျင်းစန်းယီတို့ လက်တွဲကာ ဖြင်... ထန်ထန် တိုက်ခိုက်လိုက်ကြလျှင် ရေရှည်မယှဉ်နိုင်တော့ဘဲ...

"အား ..."

"အမယ်လေး ..."

"သေပါပြီဗျာ ..."

နှုတ်ခမ်းမွှေးအော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲ... ကြလေတော့သည်။

☆ ☆ ☆



## ရှေ့ရေး

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

...န်းကို့ဦးဆောင်သော အမှတ်တစ်တို့လူစုမှာ မြေပေါ်၌ မလှုပ်... လဲကျကာ အသက်ပျောက်နေကြပြီ ဖြစ်ပါသည်။

ကျင်းစန်းယီသည် ဒဏ်ရာအချို့ရရှိထားသော်လည်း အမှု... ...ါချေ။

အကောက်ကြခံထားရသော တုပို့အတွက် စိုးရိမ်ပူပန်နေပါ... ...သည်။

"ဆရာ ..."

ကျင်းစန်းယီသည် ဒယီးဒယိုင်ဖြစ်နေသည့် တုပို့အား ဖေးမ... ...လေသည်။

"ဖေဖေ ..."

တုယို့လုံလည်း ပြေးလွှားရောက်ရှိလာလေသည်။

တုပို့က အသက်ကို ခဲယဉ်းစွာရှူရှိုက်နေရသည့်ကြားမှ ပြုံးပြ... ...သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား ... သူရဲကောင်းဆိုတာ မျက်ရည်မကျရဘူးလို့ ပြောထားတာ မမေ့ရဘူးနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ"

တယ်ယို့လုံက မျက်ရည်များ သုတ်ပစ်လိုက်လေသည်။

တုပို့က ...

"သား ... အခု ဖေဖေတို့ ခရီးထွက်လာတာ သားကို သုတရစေချင်လို့ဆိုတာ ဖေဖေပြောခဲ့တယ်နော်"

"ဟုတ်ပါတယ် ဖေဖေ"

"အမှန်တော့ သားကိုခေါ်လာခဲ့တာ သားရဲ့ရှေ့ရေးအ ဖေဖေ့ရဲ့ မိတ်ဆွေတစ်ယောက်ဆီမှာအပ်နှံပြီး သိုင်းပညာသင် ဖို့ပါပဲ"

"ဗျာ ..."

"ဖေဖေ့မိတ်ဆွေဟာ ဖေဖေထက် သိုင်းပညာပိုတော် ဖေဖေက ရွာကိုပြန်ခဲ့ပေမယ့် သူကတော့ သိုင်းလောကမှာ ကျင်လည်ကျက်စားနေတုန်းပဲ"

တုပို့သည် သူ၏မိတ်ဆွေထံ အပ်နှံကာ သိုင်းပညာသ စေပြီး နောင်တစ်ချိန်တွင် သိုင်းလောကသားအဖြစ် ခံယူနိုင် ရည်ရွယ်ထားပုံများကို ပြောပြလိုက်လေသည်။

တယ်ယို့လုံ ဝမ်းနည်းကြေကွဲနေသည်။

ဖခင်ကြီးသည် သူ့အပေါ်၌ မျှော်လင့်ချက်ကြီးစွာ ထား မဟုတ်ပါလား။



"ဖေဖေ့ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင် သား ဆက် ပြီး ဆောင်ရွက်ရလိမ့်မယ်"

ပြောရင်း အသံများတိမ်ဝင်လာလေသည်။

ကျင်းစန်းယီက တုပို့၏အခြေအနေ မဟန်တော့မှန်း ရိပ်စားမိလိုက်သဖြင့် ...

"သခင်လေး ကတိပေးလိုက်စေချင်ပါတယ်"

ဟု တိုက်တွန်းလိုက်လေသည်။

တယ်ယို့လုံ ဦးညွှတ်လိုက်သည်။

"ဖေဖေ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မြောက်အောင်မြင်အောင် ကျွန်တော် ကြိုးစားဆောင်ရွက်သွားမယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာကွယ်၊ သားဟာ တစ်နေ့မှာ အများအကျိုး ဆောင်ရွက်တဲ့ သိုင်းဆရာကောင်းတစ်ယောက် ဖြစ်လာရမယ်၊ သားဟာ ..."

တုပို့၏အသံ တဖြည်းဖြည်း တိမ်ဝင်သွားပြီး ခေါင်းငိုက်စိုက် ကျသွားတော့သည်။

"ဖေဖေ ..."

"ဆရာ ..."

တယ်ယို့လုံနှင့် ကျင်းစန်းယီတို့ အထိတ်တလန့်ခေါ်လိုက်ကြသော်လည်း တုပို့မှာ ကြားနိုင်တော့မည် မဟုတ်ပါချေ။

တုပို့မှာ လူယုတ်မာများ၏လက်ချက်ဖြင့် ရေတိမ်နစ်သွားခဲ့ရပြီ ဖြစ်လေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



တင်းတိန်မြို့ ... ။

[illegible] ကျောင်းစန်းယိတို့သည် တုပို့ သေဆုံးသွားပြီးနောက် [illegible] ရှေ့ခရီးဆက်လာခဲ့ကြလေသည်။

တင်းတိန်မြို့၌ တုပို့၏မိတ်ဆွေ ထုချုံးနေထိုင်လျက် ရှိသည်။

ထုချုံးသည် တင်းတိန်သူ့ရဲကောင်းဟု ထင်ရှားသော သိုင်းသမားကြီးတစ်ယောက်လည်း ဖြစ်လေသည်။

တုပို့နှင့် ညီရင်းအစ်ကိုပမာရင်းနှီးပြီး တယို့လုံအား လက်ခံ၍ သိုင်းပညာသင်ပေးမည်ဟု ကတိပြုထားလေသည်။

တယို့လုံနှင့် ကျောင်းစန်းယိတို့သည် တုပို့၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပြီး ရှေ့ခရီးဆက်လာခဲ့ကြခြင်း ဖြစ်သည်။

ဖခင်ကြီး သေဆုံးသွားပြီးနောက် တယို့လုံမှာ ရွာသို့ မပြန်လိုတော့ပါ။

ဖခင်ကြီး ဖြစ်စေလိုသောဆန္ဒအတိုင်း ထုချုံးထံ၌ သိုင်းပညာသင်ယူသွားမည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်လေသည်။

တင်းတိန်မြို့သို့ ရောက်ရှိလာသောအခါ တယို့လုံမှာ ဆိုးဝါးလှသောကံကြမ္မာကို မယုံနိုင်အောင် ဖြစ်သွားလေသည်။

အကြောင်းကား ထုချုံးသည် တယို့လုံတို့ ရောက်မလာမီ တစ်လခန့်ကပင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခြင်းကြောင့် ဖြစ်လေသည်။

တယို့လုံ ငေးငိုင်သွားတော့သည်။

"ဦးလေးကျောင်း ... ကျွန်တော် ဘာဆက်လုပ်ရမလဲဟင်"

ကျောင်းစန်းယိကို အားကိုးတကြီး မေးလိုက်လေသည်။



ကျောင်းစန်းယိက ...

"သခင်လေး ဘာမှမပူပါနဲ့လေ၊ ကျုပ်တို့ သိုင်းလောကထဲသွားပြီး သခင်လေးကို သိုင်းပညာသင်ပေးနိုင်မယ့် ဆရာကို လိုက်ရှာကြတာပေါ့"

"ကျွန်တော်တို့ သိုင်းလောကထဲကို သွားကြမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါမှ သခင်ကြီးရဲ့ဆန္ဒအတိုင်း ဆောင်ရွက်နိုင်မှာပေါ့"

သိုင်းပညာသင်ပေးမည့် ဆရာတစ်ယောက်နှင့်တွေ့ရဖို့ အရေးကြီးဆုံးဖြစ်ကြောင်း တယို့လုံ နားလည်မိလေသည်။

သိုင်းလောကထဲသွားမှသာလျှင် သင်ပေးမည့်ဆရာနှင့် တွေ့ရမည် မဟုတ်ပါလား။

တယို့လုံသည် ဖခင်ကြီးနှင့် ရုတ်တရက် ခွဲခွာလိုက်ရသဖြင့် သည်းမခံနိုင်အောင် ဖြစ်နေသည်။

သို့သော် သူ စိတ်အားတင်းထားနိုင်ခဲ့သည်မှာ ဖခင်ကြီးက သူ့အား အမြဲဆုံးမပြောဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

သိုင်းလောကသားများအကြောင်း၊ သိုင်းပညာရပ်အကြောင်းများအပြင် မမျှော်လင့်သော ကြမ္မာဆိုးများ၊ ကောက်ကျစ်ယုတ်မာမှုများနှင့် ဘဝခရီးတစ်လျှောက် ကြုံတွေ့ရနိုင်သဖြင့် အခက်အခဲများနှင့် ပတ်သက်၍ ဆုံးမသွန်သင်ထားခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း တယို့လုံမှာ ငယ်ရွယ်သော်လည်း စိတ်ဓာတ်ခိုင်မာပြီး ခံနိုင်ရည်ရှိနေခြင်း ဖြစ်လေသည်။

ကျောင်းစန်းယိက ...

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကကို ရှောင်လင်၊ ဝုတန်စတဲ့ ဂိုဏ်းကြီးတွေ ဦးဆောင်နေကြတာ၊ သူတို့ဆီကိုသွားပြီး ဆောင်းပန်ရင် သခင်လေး လက်ခံပြီး သိုင်းပညာသင်ကြားပေးလိမ့်မယ် ထင်တယ်။ သခင်လေး ဘယ်လိုသဘောရသလဲ"

တုယို့လုံက ...

"ဦးလေးကျင်းကြိုက်သလို စီစဉ်ပါခင်ဗျာ"

"ဒါဖြင့် ကျုပ်တို့ ရှောင်လင်ကျောင်းကို သွားကြတာပေါ့"

"ကောင်းပါပြီခင်ဗျာ"

ကျင်းစန်းယီက ရှောင်လင်ကျောင်းသို့သွားရန် ဆုံးဖြတ်သော အခါ တုယို့လုံလည်း သဘောတူလိုက်လေတော့သည်။

☆ ☆ ☆

ကျင်းစန်းယီသည် တုယို့လုံ၏ ရှေ့ရေးကို မျှော်တွေး ရှောင်လင်ကျောင်းသို့ လိုက်လံပို့ဆောင်ပေးရန် ဆုံးဖြတ်လိုက် သည်။

တုယို့လုံကလည်း သဘောတူသဖြင့် အဆင်ပြေသွားသည်။

နှစ်ယောက်သား တန်းတိန်မြို့မှထွက်ကာ ခရီးနှင်လာခဲ့ ပြီး ညအချိန်တွင် သစ်ပင်ထူထပ်သော တောအုပ်တစ်ခု၌ အိပ် ခဲ့ကြလေသည်။

တုယို့လုံမှာ ဝမ်းနည်းကြေကွဲနေသကဲ့သို့ ခရီးပမ်းလာသ ဒဏ်ကြောင့် အနားယူလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ် သွားလေတော့သည်။



မည်မျှကြာအောင် အိပ်ပျော်သွားမှန်းမသိ။ ဖျတ်ခနဲ လန့်နိုး လာသောအခါ လဝန်းပင် ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိနေ ပြီဖြစ်သည်ကို တွေ့ရလေသည်။

လရောင်ဖြင့် သစ်ပင် သစ်ရွက်များက စိမ်းစိမ်းစိုစိုရှိကြသည်။

ည၏ ပိုးကောင် မွှားကောင်ကလေးများကလည်း သဘာဝ အလျောက် အော်မြည်နေကြသည်။

တုယို့လုံက ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး ကျင်းစန်းယီကို မတွေ့ရသဖြင့် ထိတ်လန့်သွားလေသည်။

"ဦးလေးကျင်း ဘယ်ရောက်သွားပါလိမ့်"

ကျင်းစန်းယီ ပျောက်ချင်းမလှ ပျောက်နေသည်။

တုယို့လုံ စိတ်ပူသွားပြီး ကပျာကယာ,ထပြီး ရှာဖွေကြည့် လိုက်လေသည်။

တောအုပ်အပြင်ဘက်၌ တောင်ကုန်းကလေးတစ်ခု ရှိနေသည်။

လေငြေ့ယမ်း တိုက်ခတ်လာသောအခါ ထိုတောင်ကုန်းလေး ဘက်မှ အသံဗလံတချို့ လွင့်ပျံ့လာသည်ဟု ထင်ယောင်မိလေသည်။

တုယို့လုံက တောင်ကုန်းလေးသို့ သွားလိုက်သည်။

တောင်ကုန်းလေး၌ ကျောက်တုံးကျောက်ခဲများ ရောင်စုံပန်း ပင်များနှင့် ဖုံးလွှမ်းထားသည်။

တုယို့လုံ တောင်ကုန်းလေးပေါ်သို့ တက်လာပြီး ကျောက်တုံး ကြီးတစ်တုံးအနီးသို့ရောက်လျှင် ရုတ်တရက် လူတစ်ယောက် ခုန် ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားသည်။

"ဘယ်သူ ..."

www.burmeseclassic.com



သူ၏အသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားသည်။

ထိုလူက အသံမထွက်ရန် အချက်ပြလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ထိုလူမှာ တုယို့လုံလိုက်ရှာနေသော ကျင်းစန်းယီ ဖြစ်သည်။

"ဦးလေးကျင်း ..."

ကျင်းစန်းယီက ...

"သခင်လေး ... အသံမထွက်နဲ့၊ ကျုပ်နဲ့လိုက်ခဲ့ပါ"

တုယို့လုံ၏လက်ကိုဆွဲကာ ခေါ်ဆောင်သွားလေသည်။

နှစ်ယောက်သား အကာအကွယ်ကောင်းသော ကျောက်တုံးကြီးတစ်တုံးနောက်သို့ ရောက်ရှိသွားကြလေသည်။

"ဟိုဘက်ကို ကြည့်လိုက်ပါ"

ကျင်းစန်းယီက တစ်နေရာသို့ ညွှန်ပြလိုက်လေသည်။

တုယို့လုံ ကြည့်လိုက်ရာ မှလှမ်းမကမ်းနေရာ၌ မြေကွက်လပ်တစ်ခု ရှိနေသည်ကိုလည်းကောင်း၊ ထိုမြေကွက်လပ်၌ လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်ကိုလည်းကောင်း တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ အသက်လေးဆယ်ကျော်ခန့် ရှိကြသည်။

ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြသဖြင့် သိုင်းဆရာများဖြစ်ကြောင်း ထင်ရှားနေသည်။

ညကြီးအချိန်မတော် ထိုလူနှစ်ယောက်သည် ဤတောင်ကုန်းလေးပေါ်တွင် ဘာလာလုပ်နေတာပါလိမ့်ဟု တုယို့လုံ တွေးလိုက်မိလေသည်။



ကျင်းစန်းယီက တုယို့လုံ၏အတွေးကို ရိပ်မိထားသည့်အလား ပြောလိုက်လေသည်။

"သူတို့နှစ်ယောက် သိုင်းပညာချင်း ယှဉ်ပြိုင်ကြမလို့ တာစူနေကြတာပဲ၊ သခင်လေး အသံမထွက်စေနဲ့"

အသံမထွက်ရန် ထပ်မံသတိပေးလိုက်လေသည်။

တုယို့လုံ ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် မြေကွက်လပ်မှလူနှစ်ယောက်အား အကဲခတ်ကြည့်နေလိုက်ကြလေသည်။

ထိုလူနှစ်ယောက်သည် မလှုပ်မယှက် ထိုင်နေကြရာမှ ...

"ဟိတ် ..."

"ယား ..."

ညာသံများပေးကာ ခုန်ထလာကြပြီး လေထဲပျံဝဲပြီး တိုက်ခိုက်လိုက်ကြလေသည်။

ငှက်ကြီးနှစ်ကောင် လေထဲပျံဝဲကာ တိုက်ခိုက်လိုက်ကြပုံမျိုးဖြစ်လေသည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသည်။

တုယို့လုံသည် ထိုလူနှစ်ယောက် အသုံးပြုလိုက်ကြသော သိုင်းကွက်များကိုမြင်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"သူတို့ရဲ့ သိုင်းပညာက အံ့မခန်းပါလား၊ ဖေဖေထက်တောင် အဆင့်မြင့်နေကြမှာ သေချာတယ်"

ထိုလူနှစ်ယောက်သည် လေထဲပျံဝဲကာ လက်ဝါးချင်းရိုက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း ..."

လက်ဝါးနှစ်ဖက် ဆုံတွေ့မိကြလျှင် ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

နှစ်ယောက်သား ကျွမ်းပစ်ကာ မြေပေါ်ပြန်လည်ခုန်ဆင်းလိုက်ကြလေသည်။

ထို့နောက် ခြေလက်များကိုအသုံးပြုကာ ဆက်လက်တိုက်ခိုက်လိုက်ကြပြန်သည်။

သူတို့၏ တိုက်ခိုက်ပုံများမှာ အလွန် ကြည့်ကောင်းလှသည်။

သို့သော် တစ်ချက်ကလေး မှားယွင်းသွားသူမှာ ဒုက္ခလှလှကြီး ရောက်သွားမည်ဖြစ်ကြောင်း တုယို့လုံ နားလည်ထားသည်။

ထိုသူနှစ်ယောက်ကား တစက်ကလေးမှ ရပ်နားခြင်းမပြုဘဲ တရစပ် တိုက်ခိုက်နေကြလေသည်။

ကျင်းစန်းယီသည် တိုက်ပွဲကိုကြည့်ရင်း စိတ်လှုပ်ရှားလာသည်။

တုယို့လုံအား ပြောဆိုလိုက်သည်။

"သခင်လေး ... အနီရောင်ဝတ်ထားတဲ့သူက မီးတောင်ကျွန်းက သိုင်းဆရာကြီးထင် ဖြစ်နိုင်ပါတယ်၊ သူနဲ့ယှဉ်ပြိုင်နေတဲ့ အစိမ်းရောင်ဝတ်ထားသူကတော့ ရေခဲတောင်သိုင်းဆရာယန်ခိုင် ဖြစ်နိုင်ပါတယ်"

ကျင်းစန်းယီသည် တုပို့ထံ၌ တပည့်မခံမီက သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ဖူးသူ ဖြစ်သည်။ ထို့ကြောင့် သိုင်းလောက အကြောင်း သိနေသည်မှာ မဆန်းချေ။

ကျင်းစန်းယီသည် တောလမ်းတစ်ခုတွင် ခရီးသွားရင်း လူဆိုး



ပြမျှားနှင့်ဆုံမိကာ တိုက်ပွဲဆင်နွှဲရင်း အသက်အန္တရာယ် ကြုံတွေ့ ရချိန်၌ တုပို့ အချိန်မီရောက်ရှိလာပြီး ကယ်တင်ခဲ့ခြင်းကြောင့် သက်ရှင်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ကျင်းစန်းယီသည် တုပို့ထံ၌ တပည့်ခံပြီး ို့နှင့် မခွဲမခွာနေခဲ့ခြင်း ဖြစ်လေသည်။

ကျင်းစန်းယီ၏စကားကြောင့် တုယို့လုံ ပို၍စိတ်ဝင်စားသွား သည်။

"သူတို့ဟာ သိုင်းလောကရဲ့ ထိပ်သီးသိုင်းဆရာကြီးတွေပေါ့ ာ် ဦးလေးကျင်း"

"ဟုတ်တယ် သခင်လေး၊ သူတို့နှစ်ယောက်ရဲ့ သိုင်းပညာကို လုံး ချီးကျူးကြရတယ်၊ သူတို့နှစ်ယောက်ထဲက တစ်ယောက် ာက်ဆီမှာ သိုင်းပညာ သင်ယူနိုင်မယ်ဆိုရင် သခင်လေးရဲ့ဘဝ တက်သွားမှာပဲ"

တုယို့လုံသည် သိုင်းပညာသင်ယူရမည်ဆိုသော စကားကြောင့် ဝေသွားသည်။ အကြောင်းမှာ ထိုလူနှစ်ယောက်သည် ထိပ်တန်း ိုင်းဆရာဖြစ်ကြ၍ သူ့အား သိုင်းပညာသင်ပေးပါမလားဟု တွေးမိ ခြင်း ကြောင့် ဖြစ်လေသည်။

ထိပ်သီးသိုင်းဆရာကြီးများသည် တပည့်တစ်ယောက်မွေးမြူ အတွက် အဘက်ဘက်မှနေပြီး စေ့စေ့စပ်စပ် တွေးတောစဉ်းစား ကြလေသည်။

သူတို့၏ပညာနှင့် လိုက်ဖက်ခြင်း ရှိ၊မရှိကိုလည်း ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



တယည့်မွေးကာ သင်ကြားပေးပြီးမှ အရက်တကွဲ အကျိုးနည်း
ဖြစ်ရမည့်ကိစ္စမျိုးကို ကြိုတင်ရှောင်ရှားကြခြင်း ဖြစ်သည်။

ကျင်းစန်းယိက ...

"သခင်လေးအတွက် သူတို့နှစ်ယောက်ဆီမှာ ကျုပ် ပြောပေး
ပါ့မယ်"

"ကောင်းပါပြီ ခင်ဗျာ"

တုယို့လုံလည်း ကျင်းစန်းယိ စိတ်ချမ်းသာသွားစေရန် ပြော
လိုက်လေသည်။

မီးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်းနှင့် ရေခဲတောင်သိုင်း
သမား ယန်ခိုင်တို့ကား အကြိတ်အနယ် ယှဉ်ပြိုင်နေကြဆဲဖြစ်သည်။

သူတို့၏တိုက်ပွဲမှာ တစ်စထက်တစ်စ ပို၍ ပြင်းထန်လာသည်
လှုရိပ်များ ရှုပ်ထွေးသွားသည်။

မည်သူက မီးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်း၊ မည်သူက
ရေခဲတောင်သိုင်းဆရာ ယန်ခိုင် ဆိုသည်ကိုပင် ခွဲခြား၍မရအော
ဖြစ်သွားတော့သည်။

တုယို့လုံသည် ယှဉ်ပြိုင်တိုက်ပွဲကိုကြည့်ရင်း မျက်လုံးတေ
ပြာဝေလာကာ ဦးခေါင်းထဲမူးနောက်လာသည်ဟု ခံစားလိုက်ရ
တော့သည်။

ရှေ့ဆက်မကြည့်နိုင်တော့ဘဲ မျက်လုံးမှိတ်ထားလိုက်သ
တခဏ အချိန်လေးအတွင်းမှာပင် ...

"ဝုန်း ..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကြုံးထင်းသ



သည်းကောင်း၊ ယန်ခိုင်သည်လည်းကောင်း မြေပေါ်လဲကျသွားကြ
သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

☆ ☆ ☆

ယှဉ်ပြိုင်၍ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ရေခဲတောင်သိုင်းဆရာ ယန်ခိုင်ကော မီးတောင်ကျွန်းသိုင်း
သမား ကြုံးထင်းပါ မြေပေါ်လဲကျကာ မလှုပ်မ ယှက်ဖြစ်နေကြသည်။

ကျင်းစန်းယိနှင့် တုယို့လုံတို့ ထိတ်လန့်သွားကြသည်။

တုယို့လုံက ကျယ်လောင်သောအသံကြောင့် မျက်လုံးဖွင့်ကြည့်
လိုက်ရမှ သိုင်းဆရာနှစ်ယောက် လဲကျနေသည့်အဖြစ်ကို တွေ့မြင်
လိုက်ခြင်း ဖြစ်လေသည်။

"ဒုက္ခပါပဲ၊ သူတို့နှစ်ယောက်စလုံး သေသွားပြီလား မသိဘူး"

ကျင်းစန်းယိလည်း မည်သို့ပြောရမှန်းမသိ ဖြစ်နေသည်။

နှစ်ယောက်သား အကဲခတ်ကြည့်နေကြသော်လည်း ကြုံးထင်း
နှင့် ယန်ခိုင်တို့ လှုပ်ရှားခြင်းမပြုကြချေ။

တုယို့လုံက ...

"သူတို့ရဲ့အခြေအနေကို သွားကြည့်ရင်ကောင်းမယ်"

ဟုပြောလိုက်မှ ကျင်းစန်းယိ သတိဝင်လာသဖြင့် သဘောတူ
လိုက်လေသည်။

"ကောင်းပြီလေ ... ကျုပ် သွားကြည့်လိုက်မယ်၊ သခင်လေး
စောင့်နေခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

တုယို့လုံ့ကို စိတ်မချသဖြင့် ကျောက်တုံးကြီးနောက်ကွယ်၌ပင် ထားခဲ့ပြီး ခုန်ထွက်သွားလေသည်။

တုယို့လုံက အကဲခတ် ကြည့်နေလိုက်သည်။

ကျင်းစန်းယီက မီးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်းထံသို့ ချဉ်းကပ်သွားလိုက်လေသည်။

ကြုံးထင်းမှာ မလှုပ်မယှက် ဖြစ်နေသည်။

သူ၏မျက်နှာကြီးမှာ နီရဲနေပြီး တုတ်တုတ်မျှ မလှုပ်ချေ။

“သေသွားပြီ ထင်ပါရဲ့”

ကျင်းစန်းယီက မြေပေါ်ဒူးထောက်ချကာ လက်ကောက်ဝတ်မှသွေးကြောကို စမ်းသပ်ကြည့်လိုက်လေသည်။

ထိုအခါ ကြုံးထင်းမှာ သေဆုံးသွားခြင်းမရှိသေးဘဲ အသက်ရှင်နေသေးကြောင်း သိလိုက်ရလေသည်။

လက်ကောက်ဝတ်မှ သွေးကြောများ၌ သွေးတိုးသွေးခုန်နေသည် မဟုတ်ပါလား။

“သူ အသက်ရှင်နေသေးတာပဲ”

ကြုံးထင်းမှာ အသက်ရှင်နေသေးသော်လည်း အတွင်းဒဏ်ပြင်ထန်စွာ ရရှိခဲ့ခြင်းကြောင့် လူသေအလောင်းပမာ မလှုပ်မယှက်ဖြစ်သွားကြောင်း ဆင်ခြင်မိလိုက်လေသည်။

ကျင်းစန်းယီ ထပ်မံစမ်းသပ်ကြည့်လိုက်သည်။

အတွင်းဒဏ်ကြောင့် သွေးကြောအချို့ပိတ်ဆို့ကာ အချို့မှာ ပျက်စီးသွားကြောင်း တွေ့လိုက်ရလေသည်။



“ပိတ်ဆို့နေတဲ့ သွေးကြောတွေကို အချိန်မီဖွင့်ပေးနိုင်မှ အသက်ချမ်းသာရာရမှာပဲ၊ ဒါမှမဟုတ်လို့ကတော့ အသက်မသေရင်တောင်မှ သွေးကြောတွေ ပိတ်ဆို့နေတာကြောင့် ဒုက္ခိတတစ်ယောက်ဖြစ်သွားမှာသေချာတယ်”

ကျင်းစန်းယီသည် ကြုံးထင်း၏အခြေအနေကို သိလိုက်ရပြီဖြစ်လေသည်။

ရေခဲတောင်သိုင်းဆရာ ယန်ခိုင်၏ အခြေအနေကော မည်သို့ရှိနေပါသနည်း။

ကျန်းစန်းယီ လှမ်းကြည့်လိုက်သည်။

ထိုစဉ် ...

“အင်း ... အင်း”

ရေခဲတောင်သိုင်းဆရာ ယန်ခိုင်သည်လည်း ညည်းတွားရင်း လူးလွန့်လှုပ်ရှားလာသည်ကို တွေ့လိုက်ရသည်။

ယန်ခိုင်သည် တစ်ချက် လူးလွန့်လိုက်ပြီ ပြန်လည်ငြိမ်သက်သွားလေသည်။

ကျင်းစန်းယီ မနေနိုင်တော့ဘဲ ယန်ခိုင်ထံသို့ ပြေးသွားပြီး စမ်းသပ်ကြည့်လိုက်လေသည်။

ယန်ခိုင်လည်း အသက်ရှင်နေပါသေးသည်။

အတွင်းဒဏ်ရာကြောင့် အချို့ပျက်စီးသွားကာ အချို့မှာ ပိတ်ဆို့နေသည်။

အချိန်မီ ကုသပေးနိုင်ခြင်းမရှိလျှင် ဒုက္ခိတဖြစ်သွားပေမည်။

www.burmeseclassic.com



"နှစ်ယောက်စလုံး ဝေဒနာအခြေအနေချင်း အတူတူပဲဖြစ်နေကြပါလား"

ကျင်းစန်းယီ အခက်ကြုံသွားလေသည်။

"သူတို့နှစ်ယောက်စလုံးကို အမြန်ဆုံး ကုသပေးမှဖြစ်မယ်၊ ဒါပေမယ့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဘယ်လိုလုပ်ပြီး ကုသပေးရမလဲ"

တွေးတောရင်း တုယို့လုံအား သတိရလာသည်။

"ဟုတ်ပြီ၊ သခင်လေးကို အကူအညီတောင်းမှပဲ"

ချက်ချင်းပင် တုယို့လုံအား လှမ်းခေါ်လိုက်လေသည်။

"သခင်လေး ... မြန်မြန်လာပါ"

"ဟုတ်ကဲ့"

တုယို့လုံလည်း ကျောက်တုံးကြီးနောက်ကွယ်မှ ခုန်ထွက်လိုက်လေသည်။

မြေကွက်လပ်သို့ ရောက်သွားလျှင် ကျင်းစန်းယီက ...

"သခင်လေး ... သူတို့နှစ်ယောက်စလုံး အသက်ရှင်နေကြပါသေးတယ်၊ ဒါပေမယ့် အတွင်းဒဏ်ရာရထားပြီး သွေးကြောတွေ ပျက်စီးသွားတယ်၊ ပိတ်ဆို့နေတဲ့ သွေးကြောတွေကို ဖွင့်ပေးနိုင်ရင် အသက်ရှင်မယ်၊ နောက်ပိုင်းမှ အချိန်ယူပြီး ကုသလိုက်ရင် လူကောင်း ပကတိဖြစ်သွားမှာပါ၊ ခုတော့ ပိတ်ဆို့နေတဲ့သွေးကြောတွေကို ဖွင့် ပေးပြီး သတိရလှုပ်ရှားနိုင်အောင် ဦးစားပေးကုသပေးရလိမ့်မယ်"

ထို့နောက် နှစ်ယောက်စလုံးအား တစ်ချိန်တည်း တစ်ပြိုင်



တည်း ကုသပေးဖို့ သူတစ်ယောက်တည်းမဖြစ်နိုင်ကြောင်းနှင့် ဝိုင်းဝန်း ကူညီပေးဖို့ ပြောလိုက်သည်။

တုယို့လုံကလည်း သဘောတူလိုက်လေသည်။

"ကောင်းပါပြီ ဦးလေးကျင်း"

ထို့နောက် နှစ်ယောက်သား ကြုံးထင်းနှင့်ယန်ခိုင်တို့အား သွေး ကြောဖွင့်ပေးရန် စိုင်းပြင်းလိုက်ကြလေသည်။

ကြုံးထင်းနှင့်ယန်ခိုင်တို့အား တင်ပျဉ်ခွေထိုင်သောအနေအထား သို့ ပြုပြင်ပေးလိုက်သည်။

သူတို့၏ကျောပြင်ရှိ အဓိကကျသော သွေးကြောနေရာများ ကို အတွင်းအားပါသော လက်ဝါးဖြင့် ဖြည်းဖြည်းမှန်မှန် ရိုက်ပေးကာ ပိတ်ဆို့နေသော သွေးကြောများကို ဖွင့်ပေးရမည် ဖြစ်သည်။

သွေးကြောများ ပွင့်သွားပြီဆိုလျှင် သတိရကာ လှုပ်ရှားလာ နိုင်ကြမည် ဖြစ်သည်။

ထိုအခါမှ ဝေဒနာများ အရှင်းပျောက်ကင်းစေရန် ဆက်ပြီး ဆေးဝါးကုသသွားရမည် ဖြစ်လေသည်။

ကျင်းစန်းယီက မီးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်းအား ကုသပေးဖို့ တာဝန်ယူပြီး တုယို့လုံက ရေခဲတောင်သိုင်းဆရာ ယန်ခိုင်အား ကုသပေးရန် တာဝန်ယူရလေသည်။

ကျင်းစန်းယီက ...

"သခင်လေး ... ကျို့တိသွေးကြောကို လက်ဝါးနဲ့ တစ်ချက် ရိုက်လိုက်ပါ"

ဟုပြောကာ သူကိုယ်တိုင်လည်း ကြုံးထင်း၏ကျို့တိသွေး

www.burmeseclassic.com

www.burmeseclassic.com



ကြောကို အတွင်းအားသုံးထားသော လက်ဝါးဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်လေသည်။

တုယို့လုံကလည်း ကျင်းစန်းယီပြောသကဲ့သို့ ပြုလုပ်လိုက်လေသည်။

တုယို့လုံသည် ဖခင်ကြီးတုပို့ သင်ကြားပြသပေးထားသဖြင့် သွေးကြောများအကြောင်းကို ကောင်းစွာ တတ်ကျွမ်းနားလည်ထားလေသည်။

သူ့တွင် အတွင်းအားများလည်း ရှိနေပြီဖြစ်ပါသည်။

တုယို့လုံ အတွင်းအားရလာခဲ့ခြင်းမှာလည်း ဖခင်ကြီးတုပို့၏ ကျေးဇူး ဖြစ်လေသည်။

တုယိုလုံသည် ဖခင်ကြီး၏မျက်နှာကို မြင်ယောင်လာလေတော့သည်။

တုပို့ကား ကျားငါးကောင်မှ အမှတ်တစ်နှင့် မရဏနတ်ဆိုး တို့၏ ကောက်ကျစ်မှုကြောင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ကျင်းစန်းယီနှင့်အတူ သူ၏မိတ်ဆွေ ထုချူးထံသို့သွားကာ သိုင်းပညာသင်ယူဖို့ မှာကြားပြီးဖြစ်သည်။

သိုင်းပညာ သင်ကြားရာ၌ အထောက်အကူဖြစ်စေရန် တုယို့ လုံအား သူ၏နံဘေး၌ထိုင်စေပြီး လက်ဝါးချင်းပူးကပ်ကာ အတွင်း အား ကူးပြောင်းပေးလိုက်လေသည်။

တုပို့မှာ ဒဏ်ရာရခဲ့သည့်အပြင် အဆိပ်လက်နက်ပုန်း ထိမှန် ခဲ့ခြင်းကြောင့် သိုင်းပညာနှင့်အတွင်းအား အတော်များများ ဆုံးရှုံး သွားခဲ့ပြီ ဖြစ်သည်။



ထို့ကြောင့် ကျန်ရှိနေသေးသော အတွင်းအားများကို တုယို့လုံ သံ ကူးပြောင်းပေးလိုက်သည်နှင့် မကြာမီအချိန်အတွင်း လျင်မြန်စွာ သေဆုံးသွားခြင်း ဖြစ်ပေတော့သည်။

ဖခင်ကြီး၏ နောက်ဆုံးအချိန်တွင်ပေးခဲ့သော အတွင်းအားများ ကို ရေခဲတောင်သိုင်းဆရာ ဟန်ခိုင်အတွက် အသုံးပြုရပေတော့မည်။

မည်သို့ဆိုစေ အဖြူရောင်သိုင်းသမားတစ်ယောက် ဖြစ်လာရန် ကြိုးစားသွားမည့်သူတစ်ယောက်သည် အများကောင်းကျိုးဆောင် ရွက်ရန် ဝန်လေးနေမည် မဟုတ်ပါ။

လူတစ်ယောက်၏အသက်ကို ကယ်တင်ရန် တုံ့ဆိုင်းနေရမည် မဟုတ်ချေ။

"ချိုဟိုက်သွေးကြော"

ကျင်းစန်းယီက အတွင်းအားသုံးထားသော လက်ဝါးဖြင့် ရိုက် ရမည့် သွေးကြောနေရာများကို ပြောပြနေသည်။

တုယို့လုံလည်း ကျင်းစန်းယီပြောသည့်အတိုင်း တသွေမတိမ်း ဆောင်ရွက်လိုက်လေသည်။

သူ၏အတွင်းအားမှာ များများစားစားရှိသည် မဟုတ်ပါချေ။

ထို့ကြောင့် ရေခဲတောင်သိုင်းဆရာ ယန်ခိုင်အား ကုသပေးရင်း အချိန်ကြာလာသည်နှင့်အမျှ အတွင်းအားများလည်း ကုန်ခန်းသွား သတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



# လမ်းညွှန်

အရှေ့ဘက်၌ အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်သည်။

ကျေးငှက်သာရကာလေးများက နံနက်ခင်းတေးကို သီကြွေးရင်း ဟိုသည်ပျံဝဲနေကြသည်။

အေးမြလတ်ဆတ်သော နံနက်ခင်း လေပြည်လေညှင်းလေးဝှေ့ယမ်းတိုက်ခတ်လာသည်။

တာယို့လုံမှာ တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စိုရွှဲနေသည်။

စိတ်အာရုံ စုစည်းထားခဲ့သည်ဖြစ်ရာ စိတ်တင်းကြပ်ပြီး မောပန်းနွမ်းနယ်နေသည်။

ကျင်းစန်းယိက ...

"တော်လောက်ပါပြီ သခင်လေး"

ဟု ပြောလာသဖြင့် ဝမ်းသာသွားလေသည်။

သူ၏အတွင်းအားများလည်း ကုန်ခမ်းနေပြီး လဲကျလုမတတ်ဖြစ်နေသည် မဟုတ်ပါလား။



ကျင်းစန်းယိက ရပ်တန့်ခိုင်းလိုက်သည်မှာ အကြောင်းရှိပါသည်။ မိုးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်းနှင့် ရေခဲတောင်သိုင်းဆရာ ဟန်ခိုင်တို့အား သူတို့အစွမ်းရှိသလောက် ကူညီပေးခဲ့ကြပြီးဖြစ်၍ လုံလောက်မှုရှိသွားပြီဟု ယုံကြည်ထားသည် မဟုတ်ပါလား။

"သခင်လေး ... အနားယူလိုက်ပါဦး"

ကျင်းစန်းယိက ပြောလာသည်။

နှစ်ယောက်သား မြေပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချကာ အနားယူလိုက်ကြသည်။

တာယို့လုံမှာ လူငယ်လေးတစ်ယောက်ဖြစ်သော်လည်း ဝါရင့်သိုင်းသမားကြီးတစ်ယောက်ကဲ့သို့ အတွင်းအားဖြင့် ကုသရာ၌ လက်ညီညီ ပါဝင်ကူညီနိုင်ခဲ့သည်ကို အားရကျေနပ်မဆုံး ဖြစ်နေသည်။

"သခင်လေးဟာ လူငယ်ပေမယ့် လူကြီးတစ်ယောက်လို ရင့်ကျက်တဲ့ ဉာဏ်ပညာရှိတယ်၊ ဆရာကောင်းသမားကောင်းနဲ့ တွေ့ရမယ်ဆိုရင် သခင်ကြီးတုပို့ မျှော်လင့်ထားသလို တစ်နေ့မှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာမှာပဲ"

တာယို့လုံသည် ပင်ပန်းနွမ်းနယ်နေသော်လည်း ဒုက္ခရောက်နေသူတစ်ယောက်အား ကူညီလိုက်နိုင်ခဲ့ပြီဟု ဝမ်းသာမဆုံးဖြစ်နေသည်။

နှစ်ယောက်သား အနားယူနေကြစဉ်မှာပင် ...

"အင့် ..."

ညည်းတွားသံများ ထွက်ပေါ်လာသည်။

မိုးတောင်ကျွန်းသိုင်းဆရာ ကြုံးထင်းနှင့် ရေခဲတောင်သိုင်းဆရာ ဟန်ခိုင်တို့ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ် ... ဝေါ်"

နှစ်ယောက်သား သွေးများလည်း အန်ထုတ်လိုက်ကြသည်။

တယ်ယိုလုံ စိုးရိမ်သွားသည်။

"ဦးလေးကျင်း ... သူတို့နှစ်ယောက်ဟာ ..."

ကျင်းစန်းယိ ပြုံးလိုက်သည်။

"ဘာမှမပူပါနဲ့ သခင်လေး၊ သူတို့ အသက်အန္တရာယ်မရှိတော့ပါဘူး၊ ပိတ်ဆို့နေတဲ့သွေးကြောတွေ ပွင့်သွားပါပြီ၊ ဆက်ပြီး အချိန်မှ ကုသလိုက်မယ်ဆိုရင် လုံးဝ သက်သာပျောက်ကင်းသွားမှာပါ"

ရေခဲတောင်သိုင်းဆရာ ယန်ခိုင် မျက်လုံးပွင့်လာသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး တယ်ယိုလုံတို့အား တွေ့မြင်သွားလျှင် မျက်မှောင်ကြုတ်သွားလေသည်။

"မင်းတို့က ကျုပ်ကို ကူညီခဲ့ကြတာ ဟုတ်လား"

ကျင်းစန်းယိက ...

"ဆရာကြီးခင်ဗျာ၊ ကျုပ်တို့က ကြုံကြိုက်လို့ပါ"

ယန်ခိုင် သက်ပြင်းချလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်အသက်ကို မင်းတို့ ကယ်တင်ခဲ့တာ မင်းတို့ကျေးဇူးကို ကျုပ် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

ထိုစဉ် ...

"ကျုပ်ကိုကူညီခဲ့တာလည်း မင်းတို့ပဲ မဟုတ်လား"

မီးတောင်ကျွန်းသိုင်းဆရာ ကြူးထင်း၏စကားသံ ထွက်ပေါ်လာလေသည်။

ကြူးထင်းလည်း လှုပ်ရှားကာ ထရပ်လာနိုင်ပြီ ဖြစ်လေသည်။



ကျင်းစန်းယိက ...

"ဆရာကြီး ... ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ"

ဟုဦးညွတ်ကာ ပြောလိုက်လေသည်။

ကြူးထင်းက ...

"အို ... ဒီလို ဘယ်ဟုတ်မလဲ၊ မင်းတို့သာ မကူညီရင် ကျုပ်အခုရောက်သွားပြီပေါ့"

ကျင်းစန်းယိ ဝမ်းသာသွားလေသည်။

ကြူးထင်းနှင့် ယန်ခိုင်တို့က ကျေးဇူးတင်နေကြသဖြင့် သူတို့မှ တယ်ယိုလုံ သိုင်းပညာသင်ယူနိုင်ရေး လွယ်ကူချောမောသွားမည်ဟု ထင်မိလေသည်။

"သခင်လေး ... ဆရာကြီးနှစ်ယောက်ကို မြန်မြန် ဂါရဝပြုလိုက်ပါ"

ဟု ပြောလိုက်သည်။

တယ်ယိုလုံလည်း ရှေ့တိုးပြီး ဂါရဝပြုလိုက်သည်။

"ကျွန်တော် တယ်ယိုလုံ ဂါရဝပြုပါတယ်ခင်ဗျာ"

ကြူးထင်းနှင့် ယန်ခိုင်တို့သည် ကျင်းစန်းယိက ရှင်းပြသဖြင့် တယ်ယိုလုံ၏ဘဝ အခြေအနေကို သိရှိသွားကြလေသည်။

ကြူးထင်းက ...

"ကျုပ်တို့နှစ်ယောက်ဟာ မတူညီတဲ့ သိုင်းပညာရပ်နှစ်မျိုးကို တတ်ကျွမ်းပြီး ဘယ်သူသာတယ်ဆိုတာ ချိန်းဆိုယှဉ်ပြိုင်ခဲ့ကြတယ်"

ယန်ခိုင်နှင့် ယှဉ်ပြိုင်ခဲ့ရသည့် အကြောင်းရင်းကို ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံးထင်းက ပင်လယ်ထဲမှ မီးတောင်ကျွန်းတွင် နေထိုင်ပြီး အပူလှိုင်းအတွင်းအားကို အခြေခံသော ထူးခြားသည့်သိုင်းပညာရပ် တစ်မျိုး တီထွင်လေ့ကျင့်ခဲ့လေသည်။

ယန်ခိုင်က မြောက်ဘက်တောင်တန်းဒေသမှ ရေခဲများဖုံးလွှမ်း နေသော ရေခဲတောင်တစ်လုံးပေါ်တွင်နေထိုင်ပြီး အအေးလှိုင်းအတွင်း အားကို အခြေခံသော သိုင်းပညာရပ်တစ်မျိုးကို တီထွင်လေ့ကျင့်ခဲ့ လေသည်။

သူတို့နှစ်ယောက်မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြ သော်လည်း သူတို့လေ့ကျင့်ခဲ့ကြသည့် သိုင်းပညာရပ်များကား အပူ နှင့်အအေး ဆန့်ကျင်ဘက်ဖြစ်လေသည်။

ကျင်းစန်းယီနှင့် တယို့လုံတို့သည် ကြုံးထင်း၊ ယန်ခိုင်တို့နှင့် ဆုံတွေ့ရသော်လည်း အပူဒဏ်အအေးဒဏ်ကို ခံစားခဲ့ရခြင်း မရှိသည် မှာ ကြုံးထင်းနှင့် ယန်ခိုင်တို့အား တစ်ချိန်တည်းတစ်ပြိုင်တည်း ဆုံတွေ့ခဲ့ရခြင်းကြောင့် ဖြစ်လေသည်။

အကယ်၍ ယန်ခိုင်တစ်ယောက်တည်းကိုသာ တွေ့ရမည်ဆိုပါ လျှင် ယန်ခိုင် လေ့ကျင့်ထားသော အအေးလှိုင်းများသည် ခန္ဓာကိုယ်မှ ထွက်ပေါ်လွှင့်ပျံ့နေမည်ဖြစ်ရာ ပတ်ဝန်းကျင်၌ရှိနေသူများသည် ထူးခြား သော အအေးဓာတ်ကို ခံစားရမည် ဖြစ်လေသည်။

ဤသို့ပင် ကြုံးထင်းတစ်ယောက်တည်း ရှိနေချိန်၌တွေ့ရမည် ဆိုလျှင် ကြုံးထင်း၏ခန္ဓာကိုယ်မှ လွှင့်ပျံ့နေသော အပူလှိုင်းဒဏ်ကို ခံစားရမည် ဖြစ်ပါသည်။

ယန်ခိုင်နှင့် ကြုံးထင်းတို့ နှစ်ယောက်အား တစ်ချိန်တည်း



တစ်ပြိုင်တည်း တွေ့လိုက်ရသောအခါ သူတို့၏လွှင့်ပျံ့နေသော အပူ လှိုင်းဒဏ်ကို ခံစား စံစားရမည် ဖြစ်ပါသည်။

ယန်ခိုင်နှင့် ကြုံးထင်းတို့နှစ်ယောက်အား တစ်ချိန်တည်း တစ် ပြိုင်တည်း တွေ့လိုက်ရသောအခါ သူတို့၏ လွှင့်ပျံ့နေသော အပူ လှိုင်းအား၊ အအေးလှိုင်းအားများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချေဖျက်လိုက်ကြခြင်းဖြင့် ထူးခြားသောအခြေအနေ ဖြစ်ပေါ်လာနိုင် သောခြင်း ဖြစ်လေသည်။

ထို့အပြင် တယို့လုံက ယန်ခိုင်နှင့် ကြုံးထင်းတို့အား ကသပေး ခဲ့သည့် သွေးကြောများ ပိတ်ဆို့နေခြင်းကြောင့်လည်းကောင်း၊ အခြား သွေးကြောများ ပျက်စီးသွားခြင်းကြောင့်လည်းကောင်း အပူလှိုင်း အအေးလှိုင်းဒဏ်ကို မခံခဲ့ရခြင်း ဖြစ်ပေသည်။

အမှန်တော့ ယန်ခိုင်နှင့်ကြုံးထင်းတို့မှာ သိုင်းထိပ်သီးများဟု ဆိုနိုင်လောက်သူများ ဖြစ်ကြသည်။

ယန်ခိုင်တို့ကဲ့သို့ လူစားမျိုးနှင့် ဆုံတွေ့ရသဖြင့် ထိပ်တန်း သိုင်းပညာများ သင်ယူရရှိနိုင်တော့မည်ဟု မျှော်လင့်စရာရှိသော်လည်း လက်တွေ့တွင် အခြေအနေ မပေးတော့ပေ။

ကျင်းစန်းယီက တယို့လုံအား ရွာသူကြီးတပို့၏သား ဖြစ် ကြောင်း အမှောင်လောကသားများ၏ လက်ချက်ဖြင့် တပို့သေဆုံး ပြီးနောက် ဇာတိကျေးရွာကိုစွန့်ခွာကာ သိုင်းပညာသင်ကြားပေး မည့် ဆရာတစ်ယောက် လိုက်လံရှာဖွေနေကြောင်းပြော၍ အကူ အညီတောင်းလိုက်လေသည်။

ယန်ခိုင်နှင့် ကြုံးထင်တို့အချင်းချင်း ကြည့်လိုက်ကြသည်။

www.burmeseclassic.com



ယန်ခိုင်က ...

"တုယို့လုံဟာ ကူညီသင့်တဲ့ ကောင်လေးတစ်ယောက်ပဲကွ"

ကြုံးထင်း လက်ခံလိုက်သည်။

"မှန်ပါတယ်ဗျာ"

ယန်ခိုင်က ...

"ခက်တာက ကျုပ် သူ့ကိုသင်ပေးနိုင်စွမ်း မရှိတော့တာပဲဗျ"

ကြုံးထင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လည်း ဒီအတိုင်းပါပဲဗျာ"

သူတို့နှစ်ယောက် ပြောဆိုနေသော စကားများကို ကြားလိုက်ရသောအခါ ကျင်းစန်းယီ ရင်ထိတ်သွားလေသည်။

"ဆရာကြီးတို့က သခင်လေးကို မကူညီနိုင်ကြဘူးလားဗျာ"

ယန်ခိုင်းက ...

"မကူညီချင်လို့ မဟုတ်ပါဘူး၊ ကူညီချင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်တို့က ကူညီနိုင်စွမ်း မရှိတော့လို့ပါ"

ကြုံးထင်းက အဘယ့်ကြောင့် မကူညီနိုင်ရသည်ကို ရှင်းပြလိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် လေ့ကျင့်တဲ့သိုင်းပညာဟာ အင်မတန် ရှုပ်ထွေးတယ်၊ ခက်ခဲနက်နဲတယ်၊ ဒါတောင်မှ စိတ်တိုင်းကျအောင် မြင်မှုမျိုး မရနိုင်သေးဘူး၊ ခုဆိုရင် သွေးကြောတချို့ ပျက်စီးသွားတာကြောင့် သိုင်းပညာကို အသုံးပြုဖို့ဆိုတာ မဖြစ်နိုင်လောက်အောင် ပါပဲ၊ ကျုပ်တို့က ကျေးဇူးရှိလို့ သိုင်းပညာသင်ပေးမယ်ဆိုရင်တော့



အနည်းဆုံး နှစ်ပေါင်း နှစ်ဆယ်သုံးဆယ်လောက်ကြာအောင် အချိန်ပေးပြီး သင်ယူရမလို့ဖြစ်နေပြီ"

ယန်ခိုင်က ...

"ကျုပ်တို့နှစ်ယောက် ခုလိုချိန်းဆိုပြီး ပညာဖလှယ်ခဲ့ကြတာ ဒါပါနဲ့ဆို သုံးကြိမ်ရှိသွားပြီ၊ ဒီတစ်ကြိမ်မှာ ဘယ်သူမှ အသာမရရင် သိုင်းလောကထဲကို မထွက်တော့ဘူးလို့ ကတိထားခဲ့ကြတယ်၊ ခုဆိုရင် ကျုပ်ရဲ့သိုင်းပညာ လေးပုံသုံးပုံလောက် ဆုံးရှုံးသွားပြီ၊ သူများကို သိုင်းသင်ပေးဖို့မပြောနဲ့ အသက်ရှင်ပြီး ကောင်းကောင်း လှုပ်ရှားနိုင်အောင်တော် မနည်းကြိုးစားရဦးမှာ"

နှစ်ယောက်စလုံး ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသဖြင့် သိုင်းပညာ ဆုံးရှုံးနေကြပြီ ဖြစ်သည်။

သူတို့၏ သိုင်းပညာများကို ပြောပြသည့်တိုင် လက်တွေ့လေ့ကျင့်ဖို့ မဖြစ်နိုင်ပါ။

သူတို့ကိုယ်တိုင် ကြီးကြပ်သင်ကြားပေးခြင်းကို ခံယူမည်ဆိုလျှင်လည်း နှစ်ပေါင်းများစွာ အချိန်ပေးရတော့မည် ဖြစ်သည်။

"ဒါဟာ သခင်လေးရဲ့ကုသိုလ်ပါပဲ"

ကျင်းစန်းယီက တုယို့လုံအား ဖျောင်းဖျလိုက်လေသည်။

တုယို့လုံ မည်သို့မျှသဘောမထားချေ။

ကြုံးထင်းနှင့် ယန်ခိုင်တို့သည် သူ့အား သိုင်းပညာသင်ပေးရ… ကြောင့် ဝန်လေးနေကြသည့်အဖြစ်ကို မလိုလားပါချေ။

ဒဏ်ရာရနေသည့် ကြုံးထင်းတို့အား ဒုက္ခမပေးလိုတော့ချေ။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတို့ ကျွန်တော့်အတွက် ဘာမှမစိုးရိမ်ကြပါနဲ့ဗျာ။ ဆရာကြီးတို့ရဲ့ဝေဒနာတွေ သက်သာပျောက်ကင်းသွားဖို့ ပိုပြီး အရေးကြီးပါတယ်၊ ကျွန်တော် ရှောင်လင်ကျောင်းကိုပဲ သွားပါတော့မယ်"

တုယို့လုံ ဦးညွတ်ကာ ပြောလိုက်လေသည်။

ကြိုးထင်းနှင့် ယန်ခိုင်တို့ စိတ်မကောင်း ဖြစ်သွားကြသည်။

"မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ္မာရေးခြားရှိပြီး နားလည်တတ်တာပဲ၊ ကျုပ်တို့ မင်းကို သိုင်းပညာသင်မပေးနိုင်ပေမယ့် တစ်ယောက်ယောက်က သင်ပေးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်"

ကြိုးထင်းက ဆုတောင်းပေးလိုက်သည်။

ယန်ခိုင်က ...

"တစ်ခုတော့ရှိတယ်၊ ကျုပ်တို့ သင်မပေးနိုင်ပေမယ့် သင်ပေးနိုင်မယ့်လူတစ်ယောက်ဆီကို လမ်းညွှန်ပေးလိုက်မယ်၊ မင်း ရှောင်လင်ကိုသွားရင်း သူ့ကို ရှာကြည့်ဦးပေါ့၊ ကံကောင်းလို့ သူနဲ့တွေ့မယ်ဆိုရင်တော့ မင်းရဲ့အဖြစ်အပျက်ကို ပြောပြလိုက်တာနဲ့ လက်ခံပြီး သင်ကြားပေးမှာ သေချာပါတယ်"

တုယို့လုံ စိတ်ဝင်စားသွားလေသည်။

"ဘယ်သူများလဲ သိပါရစေခင်ဗျာ"

ယန်ခိုင်က ပြောလိုက်သည်။

"သိုင်းဆရာ စိန်လျှံပါပဲ"

တုယို့လုံသည် သိုင်းဆရာစိန်လျှံဆိုသည့်အမည်ကို ဦးနှောက်ထဲတွင် စွဲနေအောင် မှတ်သားထားလိုက်လေသည်။



ကြိုးထင်းကလည်း ထောက်ခံလိုက်လေသည်။

"ဟာ ... ဟုတ်သားပဲ၊ ကျုပ်က ဆရာစိန်လျှံကို မေ့နေလိုက်တာ၊ သူ့ရဲ့သိုင်းပညာဟာ ကျုပ်တို့ထက် အဆပေါင်းများစွာသာနေတာ၊ သူ့ဆီမှာ တပည့်ခံနိုင်မယ်ဆိုရင် မင်းဟာ နောင်တစ်နေ့မှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာမယ်ဆိုတာ ကျုပ် အာမခံ [illegible]"

တုယို့လုံက ...

"ဆရာကြီးစိန်လျှံကို တွေ့ရအောင် ကျွန်တော် ကြိုးစားသွားပါမယ်ခင်ဗျာ"

ဟုဦးညွတ်၍ ကတိပေးလိုက်လေသည်။

ယန်ခိုင်က ...

"အေး ... မင်းရဲ့ရည်ရွယ်ချက်တွေ ပြည့်ဝအောင်မြင်ပါစေကွာ၊ ကဲ ... ကျုပ်တို့ကို ခွင့်ပြုဦး"

"ကောင်းပါပြီ ခင်ဗျာ"

ကြိုးထင်းက ...

"ကျုပ်လည်း မီးတောင်ကျွန်းကို ပြန်တော့မယ်"

"ဟုတ်ကဲ့"

မီးတောင်ကျွန်းသိုင်းဆရာ ကြိုးထင်းနှင့် ရေခဲတောင်သိုင်းဆရာ ယန်ခိုင်တို့သည် တုယို့လုံနှင့် ကျင်းစန်းတို့အား နှုတ်ဆက်ကာ သီးသီး ထွက်ခွာသွားကြလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## မဆုံးသေးသော ကြမ္မာဆိုး

ကြူးထင်သည် မီးတောင်ကျွန်းသို့ ပြန်သွားသကဲ့သို့ ယန်နီ သည်လည်း ရေခဲတောင်သို့ ပြန်သွားပြီ ဖြစ်လေသည်။

ကျင်းစန်းယိနှင့် တုယို့လုံတို့လည်း ရှောင်လင်ကျောင်းသို့ ခရီးဆက်ခဲ့ကြလေသည်။

နေခြည်ဖြာကျပြီး ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။ ညီညာဖြောင့်တန်းသော တောလမ်းကလေးအတိုင်း လျှောက် လာကြရင်း ကျင်းစန်းယိက မေးလာလေသည်။

"သခင်လေး … တစ်လမ်းလုံး စကားမပြောဘဲ ငြိမ်ပြီးလိုက် လာခဲ့တာ ဘာကြောင့်လဲ၊ တစ်ခုခုကို တွေးတောစဉ်းစားနေတာလား ဒါမှမဟုတ် စိတ်ပျက်လို့ ငိုင်နေတာလားဗျာ"

တုယို့လုံ ပြုံးလိုက်လေသည်။

"ကျွန်တော် တွေးတော စဉ်းစားနေတာပါ"

"သခင်လေးက ဘာတွေများ တွေးနေတာလဲဗျ"



"သိုင်းဆရာစိန်လျှံအကြောင်း တွေးနေတာပါ"

"ဩော် …"

ကျင်းစန်းယိ ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"သခင်လေးက သိုင်းဆရာစိန်လျှံကို စိတ်ဝင်စားနေတာကိုး"

"ဦးလေးကျင်း သူ့ကို သိသလားဟင်"

"သူ့နာမည်ကို ကြားဖူးပါတယ်၊ အတော်ကို လေးစားစရာ ကောင်းတဲ့ သိုင်းဆရာကြီးတစ်ယောက်ပါ၊ သူဟာ ရွာတစ်ရွာမှာ အခြေချနေထိုင်ပြီး သိုင်းလောကကို ထွက်ခဲ့တယ်လို့ သိရပါတယ်၊ သူ့အကြောင်းကို ဝါရင့်သိုင်းသမားကြီးတွေကသာ သိကြပြီး တော်ရုံ လူ မသိကြပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ဆရာကြီးစိန်လျှံဟာ နာမည်ကင်းမဲ့ပြီး ဝင့်ကြွားမောက်မာတာမျိုး မရှိလို့ပါပဲ၊ ထင်ပေါ် ကျော်ကြားမှုကို မလိုလားဘဲ ရိုးရိုးကုပ်ကုပ်နေထိုင်တတ်လို့လည်း သော်ပြမိတဲ့လူ နည်းပါးတာပါ"

ထို့နောက် ဝါရင့်သိုင်းသမားကြီးများကသာ သိုင်းဆရာစိန်လျှံ အား သိကျွမ်းနေကြသည့် အကြောင်းရင်းကို ဆက်လက်ပြောပြလိုက် လေသည်။

"တစ်ချိန်က သိုင်းလောကမှာ နဂါးဆိုတဲ့ ဒုစရိုက်ရာဇာကြီး တစ်ယောက် မွေနှောက်သောင်းကျန်းခဲ့ဖူးပါတယ်၊ ဒါကြောင့် အဖြူ ရောင်သိုင်းသမားတွေ အတော်လေးကို သေကြေပျက်စီးသွားခဲ့ကြ တယ်၊ သိုင်းလောက ပျက်စီးတော့မလိုဖြစ်လာရတော့ အဖြူရောင် သိုင်းသမားကြီးတွေဟာ လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နဂါးကို နှိမ်နင်းဖို့ ကြိုးစားခဲ့ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံက စိတ်ဝင်စားစွာ နားထောင်နေလိုက်လေသည်။

ကျင်းစန်းယီက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် နဂါးကို ဆုံးမနှိမ်နင်းဖို့ကြိုးစားကြတဲ့ အဖြူရောင် သိုင်းသမားကြီးတွေသာ တစ်ယောက်ပြီးတစ်ယောက် အသက်ပေးလိုက်ရတယ် နဂါးကတော့ ဆက်ပြီး မင်းမူနေတုန်းပဲ"

တုယို့လုံက ...

"တော်တော် ကြောက်စရာကောင်းတဲ့လူပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။

ကျင်းစန်းယီက ...

"ဒါပေမယ့် တစ်နေ့ကျတော့ နဂါးရဲ့အလောင်းကို တွေ့လိုက်ရတယ်"

"သူ့ကို တစ်ယောက်ယောက်က ဆုံးမသွားတာလား"

"ဟုတ်တယ် ... ဘယ်သူက ဆုံးမသွားတယ် ဆိုတာတော့ ဘယ်သူမှ မသိကြဘူး"

တုယို့လုံက ...

"သိုင်းဆရာကြီးစိန်လျှံရဲ့ လက်ချက်လား"

ကျန်းစန်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒါပေမယ့် ဆရာကြီးစိန်လျှံက သူ့ရဲ့လက်ချက်ဆိုတာ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ပါဘူး ဝါရင့် သိုင်းသမားကြီးတွေကသာ သူ့ရဲ့လက်ချက် ဖြစ်ရမယ်လို့ သုံးသပ်ခဲ့ကြတာပါ"



တုယို့လုံမှာ ဆရာကြီးစိန်လျှံကို ပို၍ စိတ်ဝင်စားသွားလေတော့သည်။

"သူ့ဆီကိုသွားပြီး သိုင်းပညာသင်ယူမယ်ဆိုရင် ပိုကောင်းမယ်ထင်ပါတယ်၊ ဦးလေးကျင်းကော ဘယ်လိုသဘောရသလဲဟင်"

ကျင်းစန်းယီက ...

"အင်း ... ရှောင်လင်ကျောင်းမှာတော့ အနယ်နယ်အရပ်ရပ်က လာပြီး သိုင်းပညာသင်ကြားတဲ့လူ အများအပြားရှိကြတယ်၊ ဒါကြောင့် သခင်လေး ရောက်သွားရင်လည်း အများနဲ့ရောနှောပြီး သင်ယူရမှာ ကြိုးစားနိုင်လွန်းမှ တော်ကာကျမယ်၊ ဒါမှမဟုတ်ရင် အုတ်ရောရော ကျောက်ရောရောနဲ့ ရည်မှန်းချက်အတိုင်း ဖြစ်မြောက်လာဖို့ဆိုတာ လွယ်လှဘူး"

တုယို့လုံက ...

"ဒါဖြင့် ဆရာကြီးစိန်လျှံဆီကိုသွားပြီး သိုင်းပညာသင်တာ ကောင်းတာပေါ့နော်"

"ရှောင်လင်ကျောင်းကတော့ အထင်ကရ နေရာတစ်ခုပါ၊ ဒါပေမယ့် အခြေအနေအရ သခင်လေးအတွက်တော့ ဆရာကြီးစိန်လျှံကို လိုက်ရှာပြီး တပည့်ခံလိုက်တာက ပိုပြီး သင့်လျော်မယ့်သဘောပါတယ်"

ကျင်းစန်းယီလည်း သဘောတူသဖြင့် တုယို့လုံ ဝမ်းသာသွားလေတော့သည်။

ထို့နောက် နှစ်ယောက်သား ဆရာကြီးစိန်လျှံအား လိုက်လံရှာရန် ဆုံးဖြတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောလမ်းအတိုင်း လျှောက်လှမ်းလာခဲ့ကြရင်း အရှေ့ဘက်၌ မြို့ကလေးတစ်မြို့ကို တွေ့မြင်လိုက်ရသည်။

ကျင်းစန်းယီက မြို့ကလေးကို ညွှန်ပြလိုက်သည်။

"ရှေ့ကမြို့ကလေးမှာ ကျုပ်တို့ ခဏနားကြတာပေါ့"

"ဟုတ်ကဲ့"

နှစ်ယောက်သား ညကလည်း ကောင်းစွာအိပ်စက်ခဲ့ရခြင်း မရှိသဖြင့် ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်လေသည်။

မြို့ကလေးဆီသို့ ဦးတည်ကာ ခပ်သွက်သွက်လှမ်းသွားလိုက် စဉ်မှာပင် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းစီးသမား ငါးယောက်က ဒုန်းစိုင်းနှင်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမြင်းစီးသမား ငါးယောက်သည် တုယို့လုံတို့လှည့်ကြည့်နေ စဉ်မှာပင် အနီးသို့ ရောက်ရှိလာကြပြီး ...

"ဟေး ... ဟေး"

မြင်းများကိုအော်ငေါက်ကာ ရပ်တန့်လိုက်ကြလေသည်။

မြင်းပေါ်မှလည်း အသီးသီး ခုန်ဆင်းလိုက်ကြသည်။

တုယို့လုံ ရင်ထိတ်သွားသည်။

"သခင်လေး သတိထား"

ကျင်းစန်းယီက သတိပေးရင်း တုယို့လုံ၏ရှေ့၌ အ[illegible] အကွယ် ပြုထားလိုက်လေသည်။



မြင်းစီးသမားငါးယောက်မှာ ရုပ်ရည်ခက်ထန်ကြမ်းတမ်းကြ[illegible] [illegible]များ ဖြစ်လေသည်။

တစ်ယောက်က တုယို့လုံတို့အား ညွှန်ပြကာ ပြောလိုက်သည်။

"သူတို့ပဲဗျ"

ထိုလူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး မြေခွေးတစ်ကောင် [illegible]သို့ ကောက်ကျစ်စဉ်းလဲမည့်အသွင် ရှိသည်။

အမှန်တကယ်လည်း ထိုလူမှာ မောက်အမျိုးအနွယ်တစ် [illegible]ယာက်ဖြစ်ပြီး "မြေခွေးမောက်'ဟု အမည်ရှိသည့် ဒုစရိုက်လောက [illegible]တစ်ယောက် ဖြစ်သည်။

မြေခွေးမောက်နှင့် လိုက်ပါလာသူလေးယောက်မှာ 'မိစ္ဆာလေး [illegible]'ဟု သတင်းကြီးနေသည့် လူဆိုးကြီးများ ဖြစ်လေသည်။

မိစ္ဆာလေးဖော်၏ ဆရာဖြစ်သူမှာ ရေခဲတောင်သိုင်းဆရာ ယန် [illegible] မီးတောင်ကျွန်းသိုင်းဆရာ ကြူးထင်းတို့နှစ်ယောက် ပူးပေါင်း [illegible] တိုက်ခိုက်ခဲ့ခြင်းကြောင့် သေဆုံးသွားခဲ့ရသည်။

မိစ္ဆာလေးဖော်သည် ဆရာဖြစ်သူအတွက် ယန်ခိုင်နှင့် ကြူးထင်း [illegible] ရန်ငြိုးထားနေကြောင်း အားလုံးသိကြလေသည်။

မြေခွေးမောက်၏ စကားအဆုံးတွင် မိစ္ဆာလေးဖော် ရှေ့တိုး [illegible]ကြလေသည်။

တစ်ယောက်က ငေါက်လိုက်သည်။

"မင်းတို့နှစ်ယောက်က ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဘာကြောင့် [illegible]ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တယို့လုံနှင့် ကျင်းစန်းယိတို့ ကြောင်အမ်းအမ်းဖြစ်နေကြသည်။

ကျင်းစန်းယိက ...

“ကျုပ်တို့ ဘာဝင်ရှုပ်မိလို့လဲဗျာ”

ထိုလူက ...

“မိုးတောင်ကျွန်းသိုင်းဆရာ ကြူးထင်းနဲ့ ရေခဲတောင်သိုင်းဆရာ ယန်ခိုင်တို့နှစ်ယောက် ချိန်းဆိုပြီး သိုင်းပညာယှဉ်ပြိုင်ကြမယ်ဆိုတာ ကျုပ်တို့ သိထားတယ်၊ သူတို့နှစ်ယောက် သိုင်းအဆင့်ချင်းမကွာတော့ ဘယ်သူမှအနိုင်မရနိုင်တဲ့အပြင် တကယ်တမ်း ယှဉ်ပြိုင်ရင်းက နှစ်ယောက်စလုံး ထိခိုက်ဒဏ်ရာရပြီး အကျိုးယုတ်သွားဖို့ ရှိတယ်ဆိုတာ ကျုပ်တို့ သိထားတာပေါ့”

ထိုစကားကြားရသည်နှင့် အခြေအနေကို ကျင်းစန်းယိက သဘောပေါက်လိုက်လေတော့သည်။

မိစ္ဆာလေးဖော်သည် ယန်ခိုင်နှင့်ကြူးထင်းတို့ ယှဉ်ပြိုင်ကာ ထိခိုက်ဒဏ်ရာရသွားချိန်၌ အခွင့်ကောင်းယူကာ လုပ်ကြံဖို့ကြံစည်ထားကြသည် မဟုတ်ပါလား။

ထိုလူက မြွေခွေးမောက်အား ညွှန်ပြလိုက်သည်။

“ယန်ခိုင်တို့အခြေအနေ သူ့ကိုစောင့်ကြည့်ခိုင်းထားတာ။ သူတို့နှစ်ယောက် ထိပ်တိုက်ယှဉ်ပြိုင်နေကြတာကို တွေ့တာနဲ့ သူ ကျုပ်တို့ဆီကိုလာပြီး အကြောင်းကြားတာ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်က ကြားဝင်ကူညီလိုက်လို့ ယန်ခိုင်တို့ကို လုပ်ကြံဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး”



မိစ္ဆာလေးဖော်သည် ဆရာဖြစ်သူ၏အရှိန်အဝါဖြင့် နာမည်ကြီးကြသော်လည်း သူတို့၏သိုင်းပညာမှာ ဆရာ၏ခြေဖျားကိုပင် မမီကြပေ။

ယန်ခိုင်တို့ ဒဏ်ရာရထားသည်အပြင် အတွင်းအားပါ ဆုံးရှုံးကြသည့်တိုင် သူတို့ ယှဉ်နိုင်ကြမည် မဟုတ်ပါ။

ယန်ခိုင်တို့ လဲကျနေချိန်၌ လုပ်ကြံရန် ကြံစည်ထားကြခြင်း ဖြစ်လေသည်။

မိစ္ဆာလေးဖော်သည် သိုင်းပညာနည်းသော်လည်း နာမည်ကြီးသည့် အခြားအကြောင်းရင်းတစ်ရပ်မှာ သိုင်းပညာမရှိသည့် အများပြည်သူတို့အား ရက်ရက်စက်စက် ပြုကျင့်ဘတ်ခြင်းကြောင့် ဖြစ်လေသည်။

ယခုလည်း မိစ္ဆာလေးဖော်သည် ယန်ခိုင်တို့အား လုပ်ကြံခြင်း မပြုနိုင်တော့သဖြင့် တယို့လုံနှင့် ကျင်းစန်းယိတို့အပေါ် အခဲမကျေသဖြင့် ရန်ရှာရန်အတွက် လိုက်လာကြခြင်း ဖြစ်လေသည်။

မြွေခွေးမောက်က သွေးထိုးပေးသည်။

“ဒီလူတွေဝင်ရှုပ်တာ ဆုံးမလိုက်ပါလားကွ”

“ဒါပေါ့၊ သူတို့ကို ဆုံးမရမှာပေါ့”

“သေဖို့သာ ပြင်ထား”

မိစ္ဆာလေးဖော်သည် ကျင်းစန်းယိအား ချက်ချင်း တိုက်ခိုက်ကြလေသည်။

“သခင်လေး ... နောက်ဆုတ်လိုက်ပါ”

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်းယိက တုယို့လုံအား နောက်ဆုတ်ခိုင်းလိုက်ပြီး မိစ္ဆာလေးဖော်နှင့် ရင်ဆိုင်လိုက်လေသည်။

တုယို့လုံ ထိတ်လန့်သွားလေသည်။

"ဒီလူတွေဟာ မကောင်းတဲ့လူတွေပဲ၊ အကြောင်းမဲ့သက်သက် ရန်ရှာလာကြတာပဲ"

မြေခွေးမောက်က ရယ်မောလိုက်သည်။

"ကောင်လေး ... မင်းကို ငါ တာဝန်ယူပါ့မယ်ကွာ"

တုယို့လုံထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လာတော့သည်။

တုယို့လုံ အံကြိတ်လိုက်သည်။

"ခင်ဗျားကို မကြောက်သေးပါဘူးဗျ"

မြေခွေးမောက်နှင့် ရင်ဆိုင်လိုက်လေသည်။

ကျောင်းစန်းယိကလည်း မိစ္ဆာလေးယောက်နှင့် ရင်ဆိုင်နေပြီ ဖြစ်လေသည်။

ကျောင်းစန်းယိသည် တုယို့လုံအတွက် စိုးရိမ်ပူပန်နေခြင်းကြောင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရာ ...

"ဝုန်း ..."

"အား ..."

"အင့် ..."

"အမယ်လေး ..."

စူးရှကျယ်လောင်သော အသံများနှင့်အတူ မိစ္ဆာလေးဖော်မှာ အဝေးသို့ လွင့်စဉ်သွားကြသကဲ့သို့ ကျောင်းစန်းယိကိုယ်တိုင်လည်း ဒဏ်ရာရကာ မြေပေါ်လဲကျသွားလေသည်။



သို့သော် ကျောင်းစန်းယိသည် အမှုမထားဘဲ မြေပေါ်မှခုန်ထ ...

"ယား ..."

တုယို့လုံအား ဒုက္ခပေးနေသည့် မြေခွေးမောက်အား တိုက်ခိုက်လေသည်။

တုယို့လုံမှာ မြေခွေးမောက်ကြောင့် အခက်ကြုံနေရသည်။ သူ၏သိုင်းပညာဖြင့် မြေခွေးမောက်အား ကောင်းစွာမယှဉ်နိုင် ဖြစ်နေသည်။

အမှန်တော့ တုယို့လုံသည် ဖခင်ထံမှသိုင်းပညာ သင်ယူခဲ့ရ လည်း ငယ်ရွယ်သည့်အပြင် တိုက်ပွဲအတွေ့အကြုံ အလွန်နည်း ခြင်းကြောင့် ကောက်ကျစ်စဉ်းလဲသော မြေခွေးမောက်ကဲ့သို့ မျိုးနှင့် ရင်ဆိုင်လိုက်ရသောအခါ အခက်ကြုံသွားရခြင်း ဖြစ် တော့သည်။

ထို့အပြင် မြေခွေးမောက်က ဓားတစ်လက်ကိုင်ထားသေးသည် ပါလား။

"လုယုတ်မာ ..."

ကျောင်းစန်းယိက ခုန်ဝင်သွားပြီး မြေခွေးမောက်၏ လက်ထဲမှ လုယူကာ ရင်ဝ၌ ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

"အား ..."

မြေခွေးမောက်မှာ စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွား တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်လေး ..."

"ဦးလေးကျင်း ..."

ကျင်းစန်းယီက တုယို့လုံကို အကာအကွယ် ပေးနိုင်ခဲ့လေသည်။

ထိုအချိန်မှာပင် မိစ္ဆာလေးဖော်သည် မြေပေါ်မှ လူးလိမ့်ထလာကြပြီး တစ်ယောက်က ဓားမြှောင်တစ်ချောင်းဖြင့် ပစ်ပေါက်လိုက်လေသည်။

ဓားမြှောင်သည် တုယို့လုံထံသို့ ပစ်လွှင့်သွားသည်။

"သခင်လေး ..."

ကျင်းစန်းယီက ထိတ်လန့်သွားကာ တုယို့လုံအား တွန်းထုတ်လိုက်လေသည်။

တုယို့လုံ ဒယီးဒယိုင် ဖြစ်သွားသည်။

ပစ်လွှင့်လာသော ဓားမြှောင်သည် တုယို့လုံအား မထိဘဲ ကြားဝင်လာသော ကျင်းစန်းယီအား ထိမှန်သွားတော့သည်။

"အား ..."

ကျင်းစန်းယီ နူးရှစွာ အော်ဟစ်လိုက်သည်။

သို့သော် မြေပေါ်လဲကျမသွားအောင် ထိန်းထားပြီး ...

"သခင်လေး ... ကျုပ်နဲ့လိုက်ခဲ့ပါ"

တုယိုလုံ၏လက်ကိုဆွဲကာ ထွက်ပြေးသွားတော့သည်။

☆ ☆ ☆



ကျင်းစန်းယီသည် တုယို့လုံ၏လက်ကိုဆွဲကာ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။

နှစ်ယောက်သား ဝဲဘက်ရှိတောအုပ်ထဲသို့ ဝင်ပြေးသွားကြခြင်းလည်း ဖြစ်သည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

"မလွတ်စေနဲ့"

မိစ္ဆာလေးဖော်ကလည်း ညာသံပေးကာ လိုက်လာကြသည်။

တောအုပ်မှာ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများဖြင့် တစ်စထက်တစ်စ ထူထပ်လာလေသည်။

ကျင်းစန်းကျီ၏တစ်ကိုယ်လုံး သွေးများစိုရွှဲနေပြီး ရှေ့ဆက်ပြေးနိုင်အောင် ဖြစ်လာသည်။

"သခင်လေး ... လွတ်အောင်ပြေးပါ၊ ရန်သူတွေကို ကျုပ်ခုခံတားထားပါမယ်"

ကျင်းစန်းယီ၏စကားကြောင့် တုယို့လုံမှာ ဝမ်းနည်းကြေကွဲသွားလေသည်။

"ကျွန်တော် ထွက်မပြေးပါဘူး၊ ဦးလေးကျင်းနဲ့လက်တွဲပြီး ရန်သူတွေကို ရင်ဆိုင်သွားပါမယ်"

"မဖြစ်နိုင်ဘူး၊ ဒီလူတွေဟာ အတော်ကိုဆိုးသွမ်းမိုက်မဲတဲ့ လူဆိုးကြီးတွေပါ၊ သခင်လေး ဒုက္ခရောက်သွားပါလိမ့်မယ်၊ သခင်လေးသာ တစ်ခုခုဖြစ်သွားရင် ကျုပ် တာဝန်ကျေနိုင်တော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံသည် ကျင်းစန်းအားကြည့်ကာ ပိုပြီး ဝမ်းနည်းကြေကွဲစွာနေလေသည်။

ကျင်းစန်းယီက ...

"သခင်လေးက ဆရာကြီးစိန်လျှံကို တွေ့အောင်ရှာပြီး သိုင်းပညာသင်ပါ၊ ဒါမှ သခင်ကြီးကျေနပ်နိုင်မှာ ဖြစ်တဲ့အပြင် ကျုပ်လည်း တာဝန်ကျေပါလိမ့်မယ်၊ ရန်သူတွေကို ဟန့်တားဆုံးမပြီးရင် သခင်လေးနောက်ကို ကျုပ် လိုက်လာခဲ့ပါ့မယ်ဗျာ"

တုယို့လုံက ...

"ဦးလေးကျင်း တကယ်ပြောတာနော်"

"တကယ်ပေါ့၊ သခင်လေးကို ငဲ့ညာနေရရင် ရန်သူတွေကို ကျုပ် ကောင်းကောင်းရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် သခင်လေး သွားနှင့်ပါ၊ ကျုပ် လိုက်လာခဲ့ပါ့မယ်"

တုယို့လုံလည်း မည်သို့မျှမတတ်သာတော့ဘဲ သဘောတူလိုက်ရလေတော့သည်။

☆ ☆ ☆



# တောအုပ်ထဲကလူ

တုယို့လုံသည် ကျင်းစန်းယီအား ထားခဲ့ပြီး ထွက်လာခဲ့သည်။ ဖခင်ကြီးတုပို့ သေဆုံးသွားပြီးနောက် သိုင်းပညာသင်ကြားခြင်းမှာ အရေးအကြီးဆုံးဖြစ်ကြောင်း နားလည်သဘောပေါက်နေပြီဖြစ်ပါသည်။

ကျင်းစန်းယီသည် ဒဏ်ရာများရရှိထားသော်လည်း ရန်သူကို ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟုလည်း ယုံကြည်ထားလေသည်။

တုယို့လုံ ပြေးလွှားလာရင်း တစ်နေရာသို့အရောက်တွင် ...

"အား ..."

"အမယ်လေး ..."

အဝေးမှ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တုယို့လုံ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ဒါ ... ဦးလေကျင်းရဲ့အသံပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမျှော်လင့်ထားသလို ဖြစ်မလာဘဲ ကျင်းစန်းယီကား ရန်သူ့လက်ချက်မိသွားခဲ့ချေပြီ။

"ဖြစ်ရလေ ဦးလေးကျင်းရယ်"

တယို့လုံမှာ မချိတင်ကဲဖြင့် မျက်ရည်များစီကျလာလေသည်။

သို့သော် ဖခင်ကြီး၏စကားသံများကို ပြန်လည်ကြားယောင်လာပြီး မျက်ရည်များ သုတ်လိုက်သည်။

ယခု သူ၏ဘဝမှာ တစ်ကောင်ကြွက်ဖြစ်ရချေပြီ။

ဖခင်ကြီးကော စောင့်ရှောက်ပေးမည့် ကျင်းစန်းယီပါ မရှိကြတော့ပါ။

ဘဝကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားရတော့မည် ဖြစ်လေသည်။

ဖခင်ကြီး မျှော်လင့်သလို တစ်နေ့၌ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာနိုင်အောင် ကြိုးစားသွားရတော့မည် ဖြစ်လေသည်။

တယို့လုံမှာ အားတင်းထားလိုက်သည်။

ရှေ့ဆက် ပြေးလွှားသွားလိုက်လေသည်။

ထူထပ်၍ ရှုပ်ထွေးနေသော သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သန်းကာ ပြေးလွှားသွားရင်း တစ်နေရာသို့အရောက်တွင် မြေပေါ်သို့ ထိုးထွက်နေသော သစ်မြစ်တစ်ခုကို ဝင်တိုက်မိပြီး ...

"ဝုန်း ..."

မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေသည်။

ထိုသို့လဲကျမသွားမီ အချိန်ကလေးအတွင်း၊ အရှေ့ဘက်



...ှမ်း မကမ်းတစ်နေရာ၌ အိမ်ကလေးတစ်လုံး ရှိနေသည်ကို ...ွေ့လိုက်မိ လေသည်။

တယို့လုံသည် မြေပေါ်မှ လူးလိမ့်ထရန် ဟန်ပြင်လိုက်သည်။

"ဟူး ... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ ပြေးလွှားလာ...သူ နှစ်ယောက်ကို တွေ့လိုက်ရလေသည်။

မိန်းမလေးဖော်၌ ပါဝင်သူနှစ်ယောက် ဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် ဒဏ်ရာများရရှိထားကြသော်လည်း ...ယို့လုံအား အလွတ်မပေးဘဲ လိုက်လာကြလေသည်။

တယို့လုံ ထိတ်လန့်သွားသည်။

မြေပေါ်မှ ကပျာကယာ လူးလိမ့်ထကာ ရှေ့ဆက်ပြေးသွား...သည်။

ထိုလူနှစ်ယောက်က နောက်မှ လိုက်လာကြသည်။

တယို့လုံ ပြေးလွှားသွားရင်း တောအုပ်ထဲမှ အိမ်ကလေးတစ်...ရှေ့သို့ ရောက်ရှိသွားသည်။

သစ်လုံးအိမ်ကလေးတစ်လုံး ဖြစ်လေသည်။

အိမ်အနောက်ဘက်မှ မီးခိုးများထွက်ပေါ်နေသည်ကိုလည်း ...မြင်ရလေသည်။

"ကယ်တော်မူကြပါ"

ထိုအိမ်ကလေး၌ လူသူနေထိုင်လျက်ရှိကြောင်း တွေးမိပြီး ...ယို့လုံ အော်ဟစ်အကူအညီ တောင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

အိမ်ထဲမှ ဆံပင်များဖြူဖွေးနေသော အဘွားအိုတစ်ယောက် လှမ်းထွက်လာသည်။

ထိုအချိန်မှာပင် မိစ္ဆာနှစ်ယောက်လည်း ရောက်ရှိလာကြပြီ ဖြစ်လေသည်။

မိစ္ဆာနှစ်ယောက်သည် ဒေါသတကြီး ဖြစ်နေကြသည်။

မြေခွေးမောက်နှင့် မိစ္ဆာနှစ်ယောက်သည် ကျင်းစန်းယီ၏လက် ချက်ဖြင့် သေဆုံးသွားခဲ့ကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် ကျန်နှစ်ယောက်သည် တုယို့လုံအား အသေသတ် ရန် သဲကြီးမဲကြီး လိုက်နေကြခြင်း ဖြစ်ပါတော့သည်။

တစ်ယောက်က ...

"အဘွားကြီး ... ခင်ဗျားနဲ့မဆိုင်ဘူး၊ အိမ်ထဲပြန်ဝင်လိုက်စမ်း" ဟု ငေါက်လိုက်လေသည်။

အဘွားအို မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားသည်။

"ငါ့ကိုတောင် အော်ငေါက်ရဲတယ်၊ 'မြွေရှင်မပိရှု'အကြောင်း မကြားဖူးသေးဘူးထင်တယ်"

သူမ၏အသံသည် မြွေတွန်သံပမာ သေးသေးစူးစူးရှရှကလေး ဖြစ်လေသည်။

'မြွေရှင်မပိရှု'ဟူသောအမည်ကို ကြားလိုက်ရလျှင် ထိုလူနှစ် ယောက် အထိတ်တလန့် ဖြစ်သွားကြသည်၊

"မြွေရှင်မပိရှုပါလား"



"ပြေး ... ပြေး"

ကပျာကယာ ထွက်ပြေးဖို့ကြိုးစားလိုက်သော်လည်း နောက် ကျသွားကြပြီ ဖြစ်လေသည်။

မြွေရှင်မပိရှုက လက်ဝှေ့ယမ်းလိုက်လျှင် အစိမ်းရောင်မြွေလေး နှစ်ကောင် ပစ်လွှင့်သွားလေသည်။

မြွေစိမ်းနှစ်ကောင်သည် မိစ္ဆာနှစ်ယောက်၏လည်ပင်း၌ ရစ် ပတ်သွားပြီး ဆတ်ခနဲ ဆတ်ခနဲ ပေါက်လိုက်ကြသည်။

"အား ..."

"အမယ်လေး ..."

မိစ္ဆာနှစ်ယောက် ချက်ချင်းလဲကျ သေဆုံးသွားကြတော့သည်။

တုယို့လုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အဘွားအိုမှာ မိစ္ဆာလေးဖော်ထက်ပင် ကြောက်မက်ဖွယ်ကောင်း ခြင်းနေသည် မဟုတ်ပါလား။

အဘွားအိုက ရယ်မောလိုက်လေသည်။

"ငါ့အိမ်ရှေ့ကိုလာပြီး စော်ကားမော်ကားလုပ်တာ၊ သေတာ တောင် နည်းသေးတယ်"

သူမသည် တုယို့လုံအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"မင်းကကော ..."

"ကျွန် ... ကျွန်တော်က တုယို့လုံပါ"

"အေး ... မင်းဘယ်သူပဲဖြစ်ဖြစ် ငါ့ပိုင်နက်ထဲကိုရောက်လာ ရင် ဘယ်သူမှ အသက်ရှင်လျက် ပြန်ထွက်မသွားရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ …"

"မင်းလည်း သေဖို့ပြင်ထား"

တုယို့လုံ ထိတ်လန့်သွားသည်။

ထွက်ပြေးရန် ဟန်ပြင်လိုက်ပြီးမှ ပြေးမလွတ်နိုင်ကြောင်း ရိပ် မိကာ ခြေလှမ်းရပ်လိုက်လေသည်။

သူ၏ ဆိုးဝါးသော ကံကြမ္မာကိုလည်း တွေးလိုက်မိသည်။

"ငါ့လောက်ကံဆိုးတဲ့လူ လောကပေါ်မှာရှိတော့မှာ မဟုတ်ဘူး အသက်ရှင်နေတာထက် သေသွားတာပဲ ကောင်းလိမ့်မယ်"

မထူးတော့ဟု သဘောပိုက်ကာ မြွေရှင်မပိရှနှင့် ရင်ဆိုင်လိုက် လေတော့သည်။

"ကျွန်တော့်မှာ အန္တရာယ်ရှိလို့ ထွက်ပြေးတိမ်းရှောင်ရင်း ဒီနေရာကို ရောက်လာတာပါ၊ ကျွန်တော့်ကို သတ်ချင်ရင် သတ် လိုက်ပါဗျာ"

ပိရှက …

"မင်း သေရမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး"

"ဩော် … မင်းက တော်တော် သတ္တိကောင်းတာပေါ့ ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမယ့် မင်းကို ငါ မသတ် ပါဘူး"

"ဗျာ …"

ပိရှက မသတ်တော့ဟု ပြောခြင်းကြောင့် တုယို့လုံ အံ့ သွားရပြန်လေသည်။



ပိရှက …

"မင်းကို ငါ မသတ်တော့ဘူး၊ ဒါပေမယ့် ငါခိုင်းတာကိုတော့ လုပ်ရမယ်"

"ကျွန်တော် ဘာလုပ်ပေးရမှာလဲဗျ"

"ငါ့မြွေတွေကို အစာကျွေးရမယ်"

"ဟာ …"

တုယို့လုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ယိရှက …

"ငါက မြွေတွေ မွေးထားတယ်၊ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အစာကျွေးရတယ်၊ ငါ အပြင်သွားစရာရှိရင် မြွေစာကျွေးပေးမယ့်လူ လို့ အခက်ကြုံနေတာ၊ မင်းရောက်လာတာနဲ့ အတော်ပဲ"

တုယို့လုံ မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

ပိရှက တုယို့လုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

တုယို့လုံမှာ လူငယ်လေးတစ်ယောက်ဖြစ်သော်လည်း အရွယ် လိုက်အောင် ကြံ့ခိုင်သန်စွမ်းသူဖြစ်သည်။

သိုင်းပညာအနည်းအကျဉ်း တတ်မြောက်ထားကြောင်းလည်း လိုက်လေသည်။

ထိုအရွယ်သည် ခိုင်းကောင်းသည့်အရွယ်ဟု သဘောထားလိုက်

"မြွေစာ ဘယ်လိုကျွေးရတယ်၊ မြွေတွေနဲ့တည့်အောင် ဘယ်လို ယ်ဆိုတာ မင်းကို ငါ သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံက ...

"ကျွန်တော့်ကို မြွေကိုက်သွားရင်ကော"

ဟု မေးလိုက်သည်။

ပိရှ ခေါင်းခါယမ်းလိုက်သည်။

"မပူနဲ့ ... မြွေမကိုက်တဲ့ဆေးမြစ်တစ်ခု မင်းကို ပေးထားမ ဒီဆေးမြစ်လေး ဆောင်ထားရင် မြွေတွင်းထဲကျသွားတောင် မြွေ မင်းကို ကိုက်တော့မှာမဟုတ်ဘူး"

သူမသည် တုယို့လုံအား ခပ်စိမ်းစိမ်းကြည့်ပြီး ခြိမ်းခြော လိုက်သည်။

"ငါ့စကား နားမထောင်ဘဲ ထွက်ပြေးဖို့ ကြိုးစားမယ်ဆို တော့ မင်းကို ပေးထားတဲ့ ဆေးမြစ်ကို ပြန်ယူပြီး မြွေတွင် ပစ်ချလိုက်မယ်ဆိုတာ မှတ်ထား"

တုယို့လုံ ဘာမှ မပြောဘဲ နေလိုက်လေသည်။

ပိရှက ...

"ကဲ ... ငါ့နောက်လိုက်ခဲ့"

"ဟုတ်ကဲ့"

တုယို့လုံမှာ အဘွားအို၏စကား နားထောင်ရုံမှတစ်ပါး အ ဘာမှမတတ်နိုင်တော့သဖြင့် အဘွားအို ပိရှ၏ စကားကို နား လိုက်ရလေတော့သည်။

အဘွားအို ပိရှက လဲကျသေဆုံးနေသော မိစ္ဆာနှစ်ယော အလောင်းကို တရွတ်တိုက်ဆွဲယူသွားလေသည်။



တုယို့လုံ စိတ်ပျက်နေသည်။

ပိရှ၏ ပြောဆိုလုပ်ကိုင်ပုံကို ကြည့်ခြင်းဖြင့် စိတ်ထား ခက်ထန် ကြမ်းကြုတ်ပြီး ရက်စက်ဖို့ ဝန်မလေးသူဖြစ်ကြောင်း ထင်ရှားပေါ် လွင်နေသည် မဟုတ်ပါလား။

တုယို့လုံ ခေါင်းငိုက်စိုက်ချကာ နောက်ကလိုက်သွား၏။

မကြာပါချေ။

တရှီရှီမြည်သော မြွေတွန်သံများ ကြားလိုက်ရလေသည်။

သစ်ပင်ချုံပုတ်များကြား၌ မြွေကျင်းကြီးတစ်တွင်း ရှိနေသည် ကို တွေ့ရလေသည်။

ပိရှက တွင်းနှုတ်ခမ်းဝ၌ ခြေလှမ်းရပ်လိုက်သည်။

ဆွဲယူလာသည့် မိစ္ဆာနှစ်ယောက်၏ အလောင်းများကို မြွေ တွင်းထဲ ပစ်ချလိုက်လေသည်။

"ဝုန်း ... ဝုန်း"

အလောင်းနှစ်လောင်း တွင်းထဲကျသွားလေသည်။

"ငါ့ရဲ့ သားသမီးတွေ ဝဝလင်လင် စားသောက်လိုက်ကြပေ တော့"

ပိရှက ပြောပြီး ရယ်မောလိုက်လေသည်။

တစ်ဖန် ...

"ကောင်လေး ... တွင်းထဲကို ငုံ့ကြည့်လိုက်စမ်း"

ဟု ပြောလိုက်၏။

တုယို့လုံ မလွန်ဆန်ဝံ့ဘဲ ငုံ့ကြည့်လိုက်လျှင် တွင်းနက်ထဲ၌ အကောင်ပေါင်း ရာထောင်ချီ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး စုံလင်လှပေသည်။

တုယို့လုံသည် မြွေများကို ကြည့်ပြီး အော့အန်လိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

ပိရှက ...

"မနက်ဖြန်က စပြီး တောထဲကိုသွားပြီး ယုန်လေးတွေ၊ သမင်လေးတွေ ဖမ်းရမယ်၊ အေး ... ထွက်ပြေးမယ်တော့ မကြံနဲ့၊ ငါ ကိုယ်တိုင်လိုက်ဖမ်းပြီး မြွေတွင်းထဲ ပစ်ချမယ်၊ ငါပြောတာ ကြားသလား"

"ဟုတ် ... ဟုတ်ကဲ့"

တုယို့လုံ ကြောက်လန့်နေပါသည်။

အဘွားအို ပိရှ ခိုင်းသည့်အတိုင်း တစ်သွေဝေမတိမ်း လုပ်ကိုင်ဆောင်ရွက်ပေးလိုက်ရလေတော့သည်။

☆ ☆ ☆

ခြောက်လ ...

ခြောက်လဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်လေသည်။

တုယို့လုံသည် ပိရှထံ၌ နေထိုင်ခဲ့ရသည်မှာ ခြောက်လရှိသွားပြီဖြစ်သည်။

ထိုခြောက်လအတွင်း တောထဲသွားကာ ယုန်ကလေးများ သမင်ကလေးများ ဖမ်းဆီးကာ မြွေတွင်းထဲချ၍ မြွေစာကျွေးရလေသည်။



တုယို့လုံ အလွန်စိတ်ပျက်မိသည်။

သို့သော် ပိရှနေထိုင်သော တောအုပ်မှာ နက်ရှိုင်းလှသည်။ မည်သို့ ထွက်ပြေးရမှန်းမသိပါ။

တောထဲ၌ လမ်းခရီးမကျွမ်းကျင်ဘဲ ထွက်ပြေးမိပါက တဝဲလည်လည်ဖြစ်ကာ နောက်ဆုံး ပိရှက ပြန်လည်ဖမ်းမိသွားမည်သာ ဖြစ်လေသည်။

ဖမ်းမိသွားလျှင် မြွေတွင်းထဲ ပစ်ချခံရမည်ဖြစ်လေသည်။

တုယို့လုံမှာ ရည်ရွယ်ချက်အတိုင်း သိုင်းပညာမသင်နိုင်ဘဲ ပိရှ၏ ကျေးကျွန်ဘဝသို့ ရောက်နေရသည်ကို ကြေကွဲမဆုံး ဖြစ်ရလေတော့သည်။

သို့သော် ပိရှ၏လက်မှ လွတ်မြောက်နိုင်မည့် အခွင့်အရေး တစ်ခု တစ်နေ့တွင် ဖြစ်ပေါ်လာလေသည်။

ဆောင်းရာသီ ဝင်ရောက်လာပြီး နှင်းဖွဲများ ကျဆင်းလာသော နေ့တစ်နေ့တွင် ပိရှသည် ရက်များကို တွက်ချက်ပြီး ဝမ်းသာအားရ ပြောလာလေသည်။

"လပြည့်ညရောက်ဖို့ ခြောက်ရက်လောက်ပဲ လိုတော့တယ်၊ မနက်ကစပြီး ခရီးထွက်မှဖြစ်မယ်"

သူမ၏စကားကို တုယို့လုံ နားမလည်နိုင်အောင် ဖြစ်နေ၏။

ပိရှက ...

"ကောင်လေး သက်တန့်ရေတံခွန်ကို သွားကြမယ်၊ ဆောင်းတွင်း လပြည့်ညတွေမှာ မြွေဖြူကြီးတစ်ကောင်ကို တွေ့ရတယ်လို့ ပြောကြတယ်၊ အဲဒီမြွေဖြူကြီးကို သွားဖမ်းကြမယ်"

www.burmeseclassic.com



ဟု ရှင်းပြတော့မှ တုယို့လုံ သဘောပေါက်သွားတော့သည်။

ပိရှသည် မြွေရှင်မဟု ဘွဲ့ခံယူထားသူဖြစ်သည့်အတိုင်း မြွေနှင့် ပတ်သက်လာလျှင် အလွန်ပင် စိတ်ဝင်တစားရှိတတ်သူ ဖြစ်လေသည်။

သက်တန့်ရေတံခွန်ဘက်၌ ဆောင်းငင်ကာစ အချိန်၌ အလွန် ကြီးမားသော မြွေဖြူကြီးများ တွေ့ရတတ်သည်ဟု သူမ သတင်းကြား ခဲ့သည်။

ထိုသတင်း မှန်မမှန် သက်တန့်ရေတံခွန်သို့ သွားကြည့်မည် ဟု စိတ်ကူးထားခဲ့သည်။

တုယို့လုံကား မြွေဖြူကြီးများကို စိတ်မဝင်စားပါချေ။

တောအုပ် အပြင်ဘက်သို့ ထွက်နိုင်မည့်အခွင့်အရေး ပေါ် ပေါက်လာသဖြင့် ဝမ်းသာသွားတော့သည်။

ပိရှက ...

"မြွေဖမ်းဖို့ ပိုက်ကွန်နဲ့ လိုအပ်တဲ့ ပစ္စည်းကိရိယာတွေ သယ် သွားရမယ်၊ မင်းလည်း လိုက်ခဲ့ရမယ်၊ မြွေဖြူကြီးကို ဖမ်းဆီးတဲ့အခါ ငါ့ကို ဝိုင်းကူညီရမယ်"

"ကောင်းပါပြီ ခင်ဗျာ"

တုယို့လုံက အမိန့်ကို နာခံလိုက်လေသည်။

ပိရှလည်း သက်တန့်တောင်သို့ခရီးထွက်ရန် ပြင်ဆင်လိုက် လေတော့သည်။

☆ ☆ ☆



ပိရှသည် ရက်စက်ကြမ်းကြုတ်သူဖြစ်သော်လည်း သူမ၏ စကား နားထောင်ကာ သူမခိုင်းသည့်အတိုင်း ပြုလုပ်လျှင် ဘာမှမပြော သူ မဟုတ်ချေ။

တုယို့လုံသည် ပိရှအတွက် ထမင်းဟင်းများ ချက်ပေးရသည်။ သောက်ရေ၊ သုံးရေ ခပ်ရသည်။ အိမ်သန့်ရှင်းရေးလုပ်ရသည်။ သူ၏ အဓိက တာဝန်မှာ အချိန်မှန် မြွေစာကျွေးပေးရခြင်း ဖြစ်သည်။

မပျင်းမရိ မခိုမကပ်ဘဲ ခိုင်းထားသည့်အတိုင်း လုပ်ပေးလျှင် ပိရှက ဘာမှမပြောချေ။

တုယို့လုံအား ရှိသည်ဟုပင် သဘောမထားပါ။

တစ်နေ့ တစ်နေ့ မြွေများနှင့် ဆော့ကစား အချိန်ကုန်နေတတ် လေသည်။

သူမသည် တုယို့လုံအား တစ်နေ့တစ်ကြိမ် မမေ့မလျော့ ပြော တတ်သော စကားတစ်ခွန်းတော့ ရှိသည်။

"မင်း ထွက်ပြေးဖို့ မကြိုးစားနဲ့၊ မြွေစာကျွေးပစ်မယ်"

ဟူ၍ ဖြစ်လေသည်။

ယခုတော့ တုယို့လုံ ထွက်ပြေးစရာမလိုဘဲ တောအုပ်အပြင် ဘက် ထွက်ရမည့် အခြေအနေ ဖြစ်ပေါ်လာတော့သည်။

တုယို့လုံသည် ပိရှနှင့်အတူ သက်တန့်ရေတံခွန်သို့ လိုက်သွား ခြင်း အခွင့်အရေးရလျှင် ထွက်ပြေးဖို့ ဆုံးဖြတ်ထားလိုက်လေတော့ သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## လူထူးဆန်း

ပိရှုနှင့် တုယို့လုံတို့သည် လိုအပ်သည့် ပစ္စည်းပစ္စယများ ယူဆောင်ကာ သက်တန့်ရောင် ရေတံခွန်သို့ ခရီးထွက်လာခဲ့ကြလေသည်။

တစ်နေ့နှင့် တစ်ည ခရီးနှင်ခဲ့ကြပြီး မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြသောအခါ ပိရှုက ...

“ဒီမြို့မှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ ဝမ်ကွမ်းလို့ ခေါ်တယ်၊ 'ထိပ်ပေါက် ဝမ်ကွမ်း' ဆိုရင် သူ့ကို အားလုံးသိကြတယ်”

အဘွားအို ပိရှုသည် ရယ်မောလျက် စကားဆက်လိုက်လေသည်။

“သူ့ရဲ့ လက်ချောင်းကလေးတွေဟာ သံမဏိချောင်းတွေလို မာကျောတယ်၊ လက်ချောင်းကလေးတွေနဲ့ ခေါက်လိုက်ရင် ငယ်ထိပ်ပေါက်ပြီး သေရတာချည်းပဲ၊ ဒါကြောင့် သူ့ကို ထိပ်ပေါက် လို့ ခေါ်ကြတာ”



တုယို့လုံကား ရယ်မောခြင်း မပြုနိုင်ပါချေ။

သူတစ်ယောက်အား ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်တတ်သူ တစ်ယောက်မှာ ရယ်စရာကောင်းသူ မည်နည်းနှင့်မျှ ဖြစ်နိုင်မည်မဟုတ်ပါချေ။

“ကဲ ... သွားကြစို့”

ပိရှုက တုယို့လုံ၏ လက်ကိုဆွဲကာ ခေါ်သွားလေသည်။

တုယို့လုံလည်း လိုက်သွားရာ မြို့စွန်တစ်နေရာရှိ ခြံဝင်းကြီးတစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုခြံဝင်းကြီးကား သူဌေးသူကြွယ်ကြီး တစ်ယောက် နေထိုင်သည့် ခြံဝင်းကြီးနှင့်ပင် တူနေလေတော့သည်။

“ဝမ်ကွမ်းက ဓားပြကြီးတစ်ယောက်ဆိုတော့ လုယက်တိုက်ခိုက်ရတဲ့ ပစ္စည်းတွေနဲ့ ချမ်းသာကြွယ်ဝနေတာပေါ့”

ဝမ်ကွမ်းမှာ ဓားပြကြီးတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသဖြင့် တုယို့လုံ အလိုလို မုန်းတီးသွားလေသည်။

ထိုအချိန်မှာပင် ခြံဝင်းထဲမှ တိုက်ခိုက်အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပိရှု လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“မြန်မြန်လာ ...”

တုယို့လုံ၏ လက်ကို ဆွဲကာ ခြံဝင်းအုတ်နံရံပေါ်သို့ ခုန်တက်သွားလေသည်။

“ဟူး ...”

www.burmeseclassic.com

www.burmeseclassic.com



တယို့လုံမှာ ပိရှ၏လက် လက်ထဲ၌ အရုပ်ကလေးတစ်ရုပ်ပမာ ပါသွားလေသည်။

နှစ်ယောက်သား အုတ်နံရံပေါ်သို့ ရောက်သွားပြီး အပေါ်စီးမှ နေ၍ ခြံဝင်းအတွင်းသို့ ကြည့်လိုက်ကြလေသည်။

ခြံဝင်းအတွင်း၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်နေသည်ကို တွေ့ခဲ့ရလေသည်။

အဖြူရောင် ဝတ်ဆင်ထားသူတစ်ယောက်အား လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

သို့သော် အဖြူရောင်ဝတ်ထားသူ၏ လက်ချက်ကြောင့် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ တစ်ယောက်လဲကျသွားကြလေသည်။

မြွေရှင်မ ပိရှ မျက်နှာပျက်သွားလေသည်။

"ထိပ်ပေါက်ဝမ်ကွမ်းရဲ့ လူတွေဟာ တကယ့် လူဆိုး ဓားပြတွေချည်းပဲ၊ အဖြူရောင်ဝတ်ထားတဲ့လူက အတော်စွမ်းပါလား"

တယို့လုံကား ဝမ်းသာနေ၏။

အဖြူရောင်ဝတ်ဆင်ထားသူသည် ထိပ်ပေါက်ဝမ်ကွမ်းတို့ လူကိုသာမက မြွေရှင်မ ပိရှကိုပါ ဆုံးမပါစေဟု ဆုတောင်းလိုက်လေသည်။

အဖြူရောင်ဝတ်ထားသူမှာ ဥပမိရုပ် တည်ကြည်ခံ့ညားသူဖြစ်သည်။



သူ၏ရုပ်သွင်ကို မြင်တွေ့လိုက်ရသည်နှင့် အလိုလို ကြည်ညိုလေးစားသည့် စိတ်များ ဖြစ်ပေါ်လာကြလိမ့်မည်ဖြစ်သည်။

ထိုလူအား တယို့လုံ အလွန်သဘောကျသွားလေတော့သည်။

ထိုစဉ် ...

"သိကြသေးတာပေါ့"

ကြုံးဝါးသံနှင့်အတူ ထိပ်ပြောင်လူဝကြီးတစ်ယောက် ရောက်ရှိလာပြီး အဖြူရောင်ဝတ်ထားသူအား တိုက်ခိုက်လိုက်သည်ကို တွေ့ရလေသည်။

"ထိပ်ပေါက်ဝမ်ကွမ်းပဲ၊ သူက ဟိုလူကြီးကို ဆုံးမလိမ့်မယ်၊ ကြည့်ထား"

မြွေရှင်မ ပိရှက တယို့လုံအား ပြောလေသည်။

တယို့လုံ မကြားချင်ဟန်ဆောင်နေလိုက်လေသည်။

ထိပ်ပေါက်ဝမ်ကွမ်းဆိုသည့် ထိပ်ပြောင်ကြီးဟာ အဖြူရောင်ဝတ်ထားသူအား သူ၏လက်ချောင်းကလေးများ အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ဝမ်ကွမ်း၏ တိုက်ခိုက်မှုသည် လက်ချောင်းကလေးများအား အသုံးပြုသည့် တိုက်ကွက်များဖြစ်နေခြင်းကြောင့် ထူးခြားနေသည်ဟု ထင်ရလေသည်။

ဝမ်ကွမ်းသည် သူ၏လက်ချောင်းကလေးများဖြင့် အဖြူရောင်ဝတ်ထားသူ၏ ဦးခေါင်းကို တိုက်ခိုက်နိုင်ရန် ကြိုးစားနေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကွမ်း၏ လက်နှစ်ဖက်က လျှင်မြန်လှသဖြင့် အဖြူရောင်ဝတ်ထားသူ ထိခိုက်မိသွားမည်ကို တုယိုလုံ စိုးရိမ်ပူပန်မိသေး၏။

"ဓားပြကြီး ဝမ်ကွမ်းကို မလွှတ်စေနဲ့"

"ကျုပ်တို့မြို့မှာ လူဆိုး ဓားပြကြီးတစ်ယောက်ကို လက်မခံနိုင်ဘူး"

"ဝိုင်းပြီး ဆုံးမကြပော့"

ညာသံပေးသံများနှင့်အတူ မြို့သူမြို့သားများ စုရုံးရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ပိရှ မျက်နှာပျက်သွားလေသည်။

"သူတို့က အဖြူရောင်ဝတ်ထားတဲ့ လူကို အားကိုးနေကြတာကိုး၊ ဝမ်ကွမ်းက ဒီလူကိုသာ ဆုံးမနိုင်ခဲ့ရင် တစ်မြို့လုံး ဒုက္ခရောက်သွားမှာ မြင်ယောင်မိသေးတယ်"

သူမ ပြောပြီး ရယ်မောလိုက်လေသည်။

သို့သော် သူမ၏ ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းကား ...

"ဝုန်း ..."

"အား ..."

အဖြူရောင်ဝတ်ထားသူ၏ လက်ချက်ဖြင့် ဝမ်ကွမ်း အရေး လွင့်စဉ်သွားသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ဝမ်ကွမ်းသည် အခြေအနေ မဟန်သည်နှင့် မြေပေါ်မှ လူးလာကာ ခြံဝင်းအပြင်ဘက်သို့ ထွက်ပြေးသွား၏။



"မင်း ပြေးလို့ ရမလား"

အဖြူရောင်ဝတ်ထားသူက အော်ငေါက်ကာ ပြေးလိုက်သွားသည်။

နှစ်ယောက်သား ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိသွားကြ၏။

မြို့သူမြို့သားများသည် ရရာလက်နက် ဆွဲကိုင်ကာ စုရုံးရောက်ကြသဖြင့် ဝမ်ကွမ်း ထွက်ပြေးနိုင်စွမ်း မရှိတော့ချေ။

ဝမ်ကွမ်း ဒေါသပွသွား၏။

"သေချင်ကြပြီ ထင်တယ်"

မြို့သူမြို့သားများအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်လေ"

အဖြူရောင်ဝတ်ထားသူ ပြေးလွှားရောက်ရှိလာကာ ဝမ်ကွမ်း တားဆီးလိုက်လေသည်။

မြွေရှင်မ ပိရှ လက်ပိုက်ကြည့်မနေနိုင်ပါတော့ချေ။

"ဝမ်ကွမ်း ... ဘာမှမပူနဲ့၊ ရှင့်ကို ကျွန်မ ကူညီပါ့မယ်"

အော်ပြောရင်း တုယိုလုံ၏လက်ကိုဆွဲကာ အောက်ဘက်သို့ ဆင်းလိုက်၏။

မြေပေါ် ခြေချမိလျှင် တုယိုလုံအား လက်လွှတ်ကာ ဝမ်ကွမ်း ပါဝင်ကူညီ တိုက်ခိုက်လိုက်လေသည်။

ပိရှ ရောက်လာသဖြင့် ဝမ်ကွမ်း ဝမ်းသာသွားလေ၏။

"ပိရှ ... ခင်ဗျားရဲ့ မြွေတွေအသုံးပြုပြီး သူ့ကိုသေအောင် လိုက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ..."

မြွေရှင်မ ပိရှုက အကျီလက်အိုးကြားမှ အလွန်အဆိပ်ပြင်းသော မြွေစိမ်းနှစ်ကောင် ထုတ်ယူကာ အဖြူရောင်ဝတ်ထားသူအား တိုက်ခိုက်လိုက်၏။

"ရှီး ... ရှီး"

မြွေနှစ်ကောင်သည် ကြိုးများအလား တိုးဝင်သွားပြီး လှမ်းကိုက်ခဲလိုက်လေသည်။

အဖြူရောင်ဝတ်ထားသူသည် မြွေစိမ်းနှစ်ကောင်ကို ရှောင်တိမ်းလိုက်ပြီး ထိပ်ပေါက်ဝမ်ကွမ်းထံသို့ ခုန်ဝင်လိုက်လေသည်။

"သေစမ်း ..."

ဝမ်ကွမ်းက လက်ချောင်းကလေးများဖြင့် ဆီးကြိုတိုက်ခိုက်လိုက်သော်လည်း အဖြူရောင်ဝတ်ထားသူက ဝမ်ကွမ်း၏ လက်နှစ်ဖက်ကို ဖျပ်ခနဲ ရိုက်ထုတ်လိုက်ရာ ဝမ်ကွမ်း၏ လက်က အလန်တာက်ကာ ထိပ်ပြောင်ကြီးဖြစ်နေသော သူ၏ဦးခေါင်းကို ပြန်ခေါက်ချလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

"ဒေါက် ..."

"ဖောက် ..."

ဦးခေါင်းခွံပေါ် ခေါက်ချက်မိသော အသံ၊ အရိုးအက်ကွဲ၍ ထိပ်ပေါက် ခေါင်းကွဲဖြစ်သွားသော အသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

ဝမ်ကွမ်၏ ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲသွား၏



ဝမ်ကွမ်း ပါးစပ်ဖြဲကာ အော်ဟစ်လိုက်သော်လည်း အသံထွက်မလာတော့ပါ။

"ဝုန်း ..."

ဝမ်ကွမ်းသည် ဖွဲအိတ်ကြီး တစ်အိတ်ပမာ မြေပေါ် ဝုန်းခနဲ ကျကာ အသက်ပျောက်သွားလေတော့သည်။

"ဟင် ..."

မြွေရှင်မ ပိရှု မကျေမနပ်ဖြစ်သွား၏။

"သေဖို့ပြင်ထား"

မြွေစိမ်းနှစ်ကောင်ကို ကြိုးနှစ်ချောင်းပမာ ဝှေ့ယမ်းကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

မြွေစိမ်းနှစ်ကောင်၏ အဆိပ်ပြင်းပုံကို အဖြူရောင်ဝတ်ထားသူ သိထားပုံရှိလေသည်။

ခါး၌ချိတ်ထားသော ဓားကို ဖျတ်ခနဲ ဆွဲထုတ် ဝှေ့ယမ်းလိုက်ရာ ...

"ထောက် ... ထောက်"

မြွေစိမ်းနှစ်ကောင် နှစ်ပိုင်းပြတ်သွားတော့သည်။

"ဟာ ..."

မြွေရှင်မ ပိရှု မျက်လုံးပြူးသွား၏။

ထိုလူမှာ ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ရမည်ဟု ချက်ချင်း သဘောပေါက်လိုက်၏။

"ရှင် ... ဘယ်သူလဲ"

www.burmeseclassic.com



ထိုလူက ...

"ကျုပ်က အညတရ တစ်ယောက်ပါဗျာ"

"ဘာရှင့် ..."

"ကျုပ်က ခင်ဗျားတို့လို ဆိုးသွမ်းသောင်းကျန်းနေတဲ့ အမှောင်လမ်းက လူတွကို ဆုံးမနေတဲ့ အညတရ တစ်ယောက်ပါဗျာ၊ ဝမ်ကွမ်းကို ဆုံးမဖို့ လာခဲ့တာ မမျှော်လင့်ဘဲ ခင်ဗျားကိုပါ တွေ့လိုက်ရတာ ကျုပ်ကံကောင်းတာပဲ၊ ကဲ ... ရှောင်နိုင်ရင် ရှောင်ပေတော့"

ထိုလူက ဓားဖြင့် အသာအယာ ထိုးသွင်းလိုက်လေသည်။

မြွေရှင်မ ပိရှက ဓားကို ဖမ်းယူရန် ကြိုးစားလိုက်၏။

ထိုလူ၏ဓားသည် တစ်ချက်တွန့်လိမ်သွားပြီး ပိရှ၏ လက်နှစ်ဖက်ကြားမှ လွတ်ထွက်ကာ ပိရှ၏ရင်ဝသို့ တိုးဝင်သွား၏။

"အင့် ..."

ပိရှ မသဲမကွဲ ညည်းညူရင်း မြေပေါ်လဲကျသွားတော့၏။

သက်တန့်ရေတံခွန်မှ တွေ့ရတတ်သည်ဟူသော မြွေဖြူကြီးများကို သူမ နောင်ဘဝမှ ဖမ်းဆီးနိုင်တော့မည်ဖြစ်လေသည်။

☆ ☆ ☆

ဝမ်ကွမ်းကော မြွေရှင်မပိရှပါ မြေပေါ်လဲကျကာ မလှုပ်မယှက်ဖြစ်နေကြချေပြီ။

အဖြူရောင်သိုင်းသမားကြီး တစ်ယောက်က ထိပ်ပေါက် ဝမ်ကွမ်းအား ဆုံးမရာ၌ မြွေရှင်မ ပိရှ အဆစ်ပါသွားလေတော့သည်။



တယို့လုံ ဝမ်းသာသွားသည်။

ပိရှ၏ အကျဉ်းသားဘဝမှ မမျှော်လင့်ဘဲ လွတ်မြောက်ခဲ့ရပြီ မဟုတ်ပါလား။

အဖြူရောင် ဝတ်ထားသူက တယို့လုံအား တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ လှည့်ထွက်သွားတော့သည်။

တယို့လုံက ကျေးဇူးတင်သောကြည့်ဖြင့် ကြည့်နေပြီး ဦးညွတ်လိုက်လေသည်။

သို့သော် အဖြူရောင်ဝတ်ထားသူ ဂရုမစိုက်တော့ချေ။

နာမည်ကြီး လူဆိုးကြီးများအား ဆုံးမပြီးပြီဖြစ်၍ ကောင်လေးတစ်ယောက်ဖြစ်သော တယို့လုံအား အမှုမထားတော့သည့်သဘောဖြစ်လေသည်။

တယို့လုံသည် အကျဉ်းသားဘဝမှ လွတ်မြောက်သွားခြင်းကြောင့် ဝမ်းသာကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

"ဒါက ဘယ်လဲ"

"မင်း ထွက်သွားလို့ ရမလား"

"မြွေရှင်မ ပိရှနဲ့ နောက်လိုက်ဖြစ်တဲ့ ဒီကောင်လေးကိုလည်း ဝမ်းသာပေးလို့ မဖြစ်ဘူး"

"ချကွာ ..."

ဒေါသဖြစ်နေသူအချို့က အော်ငေါက်မာန်မဲကာ တယို့လုံအား ဝမ်းထိုးကြိတ် ကန်ကျောက်လိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အလေးဗျာ ..."

တယို့လုံ မြေပေါ် လဲကျသွား၏။

သူ၏တစ်ကိုယ်လုံး နာကျင်သွားသကဲ့သို့ မျက်နှာလည်း ညိ

ညည်းနွမ်းယောင်သွားတော့သည်။

ဒေါသထွက်နေကြသူများ၏ မဆင်မခြင် ရိုက်နှက်မှုမှာ လက်

လွန်သွားလျှင် တယို့လုံ သေဆုံးသွားနိုင်ပါတော့သည်။

အားလုံးက အဖြစ်မှန်ကို မသိကြဘဲ တယို့လုံအား အထင်မှာ

နေကြသည် မဟုတ်ပါလား။

လူတစ်ယောက်က ကြားဝင်ဟန့်တားလိုက်ခြင်းကြောင်

ကံကောင်းသွားခြင်း ဖြစ်လေသည်။

"ဟေ့ ... ဟေ့ ... နေကြဦး"

ထိုလူမှာ စိတ်ကောင်းရှိပြီး ရပ်ကျိုးရွာကျိုး ဆောင်ရွက်နေသူ

ဖြစ်၍ အားလုံး၏ ကြည်ညိုလေးစားမှု ခံရသူလည်း ဖြစ်လေသည်။

အစ်ကိုကြီးချိုဆိုလျှင် တစ်မြို့လုံး လေးလေးစားစား ရှိကြလေ

သည်။

အစ်ကိုကြီးချိုက ရိုက်နှက်နေသူများအား ဟန့်တားပြ

တယို့လုံ ကို မေးလေသည်။

"ငါ့ညီ ... မင်းဟာ မြွေရှင်မ ပိရှုရဲ့ တပည့်တစ်ယောက် ဟုတ်

လား"

တယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ခင်ဗျာ"



သူ၏အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

အစ်ကိုကြီးချို အပါအဝင် အားလုံးက စိတ်ဝင်စားစွာ နား

ထောင်နေကြလေသည်။

တယို့လုံ၏ စကား ဆုံးသွားသောအခါ ...

"ငါ့ညီပြောတာ အမှန်ပဲနော်"

အစ်ကိုကြီးချိုက မေးလာလေသည်။

တယို့လုံက ...

"ကျွန်တော် အမှန်ပြောတာပါ၊ လိမ်ညာစရာအကြောင်းမရှိ

ပါဘူး ခင်ဗျာ"

"ဒါဆို ငါ့ညီအဖြစ်က တော်တော်ဆိုးတာပဲ"

ရိုက်နှက်ခဲ့ကြသူများလည်း မှားယွင်းသွားပြီဖြစ်ကြောင်း ဆင်

ခြင်မိကာ စိတ်မကောင်းဖြစ်သွားကြလေသည်။

အစ်ကိုကြီးချိုက အားလုံးကြားအောင် ပြောလိုက်လေသည်။

"ဒီကောင်လေးအတွက် ကျုပ်တာဝန်ယူတယ်၊ သူဟာ

မကြွမ်းတို့ ပိရှုတို့နဲ့ ဘာမှမဆိုင်ဘူးဗျ၊ သူဟာ မတရား ဖမ်းဆီးခံ

အားရတဲ့ ကောင်လေးတစ်ယောက်ပဲ၊ သူ့ကို ဝိုင်းဝန်းကူညီဖို့တော်

ကျုပ်တို့မှာ တာဝန်ရှိနေပါတယ်ဗျာ"

ဤတွင် ရိုက်နှက်ခဲ့ကြသူများက တယို့လုံအား ပြန်လည်

တောင်းပန်ကြလေသည်။

အစ်ကိုကြီးချိုကလည်း စေတနာထားကာ မေးလေသည်။

"ကဲ ... ညီလေး မင်း ဘာဆက်လုပ်မလဲ၊ ကျုပ် ဘာများ

ကူညီရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံက ...

"ကိစ္စမရှိပါဘူး အစ်ကိုကြီး၊ ကျွန်တော့်ကို ရိုက်နက်ခဲ့ကြ ေ ေသော့ ဓိတ်မဆိုးတဲ့အပြင် မြေရှင်မလက်ထဲက လွတ်မြောက်အောင် ကူညီပေးလို့ ကျေးဇူးတောင်တင်ပါသေးတယ်၊ ကျွန်တော့်ရဲ့ ရည်ရွယ် ချက်အတိုင်း သိုင်းပညာသင်နိုင်ဖို့ သိုင်းဆရာကြီးတစ်ယောက်ကို လိုက်ရှာရမှာပါ၊ ကျွန်တော့်ကို သွားခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

အစ်ကိုကြီးချိုသည် တုယို့လုံအား တားဆီးရန် မသင့်ကြောင်း နားလည်ထားရကား လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းဆောင် ရွက်ပေးပြီး သွားခွင့်ပြုလိုက်လေတော့သည်။

☆ ☆ ☆



## လှည့်ကွက်

တုယို့လုံသည် အစ်ကိုကြီးချိုး၏ ကူညီမှုကြောင့် ကောင်းမွန် စွာ ထွက်လာနိုင်ခဲ့သည့်အပြင် လမ်းစရိတ်၌ စားသောက်သုံးစွဲဖို့ ငွေ ကြေးအလုံအလောက် ရရှိခဲ့လေသည်။

တုယို့လုံမှာ သိုင်းဆရာ စိန်လျှံအား တွေ့အောင်ရှာမည်ဟု စိတ်ကူးထားသော်လည်း မည်သည့် နေရာ၌ လိုက်လံရှာဖွေရမှန်း မသိသဖြင့် ဝမ်ကွမ်းနှင့် ပိရှအား ဆုံးမသွားခဲ့သည့် အဖြူရောင်ဝတ် ဆင်ထားသူအား သတိရလိုက်လေသည်။

"ဒီလူဟာ ဝင့်ကြွားမောက်မာခြင်းမျိုး၊ မာန်မာနထောင်လွှား ခြင်းမျိုး လုံးမဝရှိဘူး၊ စိတ်ကောင်းနှလုံးကောင်းလည်း ရှိပုံရတယ်"

ထိုလူသည် ပိရှနှင့် ဝမ်ကွမ်းအား ဆုံးမပြီး ထွက်သွားကာနီးတွင် သူ့အား လှမ်းကြည့်လိုက်သော အကြည့်မှာ ကောင်လေးတစ်ယောက် အတွက် စိတ်မကောင်းဖြစ်နေသော အကြည့်မျိုးဖြစ်လေသည်။

"သူ့ကို အညတရတစ်ယောက်လို့ ပြောခဲ့ပေမယ့် သူရဲ့ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာ ထိပ်တန်းအဆင့်ရှိနေတာပဲ၊ သူ့ဆီမှာ တပည့်ခံပြီး ပညာသင် ကြားခွင့် ရရင် သိပ်ကောင်းမှာပဲ"

ထိုလူ ထွက်သွားသည်မှာ မကြာသေးသဖြင့် လိုက်လံရှာဖွေလျှင် တွေ့ရလိမ့်မည်ဟု သူယုံကြည်မိလေသည်။

တုယိုလုံ မြို့ကလေးမှ ထွက်လာကာ လိုက်လံရှာဖွေတော့သည်။

သို့သော် အချိန်များသာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ထိုအဖြူရောင် ဝတ်ဆင်ထားသူအား ရှာမတွေ့တော့ချေ။

မြို့ကလေးတစ်မြို့သို့ အရောက်တွင် အဖြူရောင်ဝတ်ဆင်ထားသူအစား သူ့အား အကောက်ကြံမည့်သူ နှစ်ယောက်နှင့်သာ တွေ့ဆုံလိုက်ရပြန်လေတော့သည်။

☆ ☆ ☆

စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်သည်။

တုယိုလုံသည် ခရီးပြင်းနှင်လာရသဖြင့် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ပါသည်။

တောလမ်းမှ ဖြတ်သန်းလာခဲ့ရသဖြင့် နှစ်ရက်တိုင်တိုင် ဘာမှ မစားခဲ့ရပေ။

မိုက်ထဲ အလွန်ဆာလောင်နေရကား ဆိုင်တစ်ဆိုင်၌ ဝင်ရောက် စားသောက်ရင်း အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

လောကဓံကို ခံစားခဲ့ရသော တုယိုလုံမှာ ပိန်ချုံးချိနဲ့ကာ



ရုပ်မှာရုပ်သွင်မျိုး ကူးပြောင်းသွားခြင်းမရှိခဲ့သည့်အပြင် ကြံကြံခံ ရုန်းလှုပ်ရင်ဆိုင်သွားမည့် ဖွဲ့လုံ့လ ဝီရိယနှင့် ခိုင်ကျည်သော စိတ်ဓာတ်ရှိခြင်းကြောင့် ရုန်းရင်းကန်ရင်း ရင်ဆိုင်ရင်း ယခင်ကထက်ပင် ခြံ့ထွားကြိုင်းလာသည်။

ယောကျ်ားပီသစွာ ကြံ့ခိုင်ကျစ်လျစ်သူ ဖြစ်လာသည်။

ရုတ်တရက်ကြည့်လျှင် အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ဟုပင် ထင်စရာရှိလာလေတော့သည်။

တုယိုလုံက လူစည်ကားနေသော စားသောက်ဆိုင်တစ်ဆိုင်သို့ လှမ်းဝင်လိုက်သည်။

စားပွဲတစ်လုံး၌ နေရာယူကာ ထမင်းဟင်းများ မှာကြားစားသောက်လိုက်လေသည်။

ချောင်ကျကျဆိုင်ထောင့်တစ်နေရာ၌ ထိုင်ကာ အရက်သောက်နေသူ နှစ်ယောက်ရှိနေပါသည်။

ထိုလူနှစ်ယောက်သည် တုယိုလုံအား အကဲခတ်ကြည့်နေကြပြီး အချင်းချင်း တီးတိုးပြောဆိုလိုက်ကြလေသည်။

"အမဲလေး တစ်ကောင်ပဲကွ"

"အေး ... ဒါပေမယ့် သူ့မှာ ငွေပါမပါ အရင်ဆုံး အကဲခတ်မှ ဖြစ်မယ်၊ တော်ကြာ ပင်ပန်းရကျိုးမနပ်ဘဲ ဖြစ်နေဦးမယ်"

"စောင့်ကြည့်သေးတာပေါ့လေ"

ထိုလူနှစ်ယောက်မှာ အရပ်တကာလှည့်ကာ လိမ်ညာ စားသောက်နေကြသည့် ဖုံးရွှင်နှင့် ရန်ကြည်စိန်ဆိုသူတို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တုယို့လုံ၏ အခြေအနေကို စောင့်ကြည့်နေလိုက်ကြလေသည်။

တုယို့လုံသည် စားသောက်ပြီးစီးသွားသောအခါ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ငွေရှင်းပေးနေ၏။

ဖုံးရှင်၏ မျက်လုံးများ အရှောင်တဖိတ်ဖိတ် ဝင်းလက်သွား၏။

"ကောင်လေးမှာ ငွေပါတာပဲကွ"

ရန်ကြည်စိန်က ...

"အေး ... ဆိုင်လုလင်ကို သိုင်းဆရာစိန်လျှံအကြောင်း မေးတယ်၊ ဒီကောင်လေးကို ကြည့်ရတာ သိုင်းသင်ဖို့ အိမ်ကထွက်လာတာ ဖြစ်မယ်"

ဖုံးရှင်က ...

"ဒါဆို သူ့ကို လိမ်ညာဖို့ သိပ်လွယ်တာပေါ့ကွာ"

"မင်း ဘယ်လိုလုပ်မလဲ"

"ဒီလိုလေ ..."

ရန်ကြည်စိန်ကမေးလျှင် ဖုံးရှင်က သူ၏အကြံအစည်ကို ပြောပြလေသည်။

ရန်ကြည်စိန် သဘောကျသွားလေတော့သည်။

"ကောင်းတယ် ... ကောင်းတယ်"

ထိုစဉ် တုယို့လုံမှာ ဆိုင်ထဲမှထွက်သွားပြီဖြစ်ပါသည်။

ဖုံးရှင်က ...

"ကဲ ... သွားစို့"



"ကောင်းပြီ"

နှစ်ယောက်သား ထိုင်ရာမှထကာ တုယို့လုံနောက်သို့ လိုက်သွားကြလေတော့သည်။

☆ ☆ ☆

တုယို့လုံသည် သိုင်းဆရာ စိန်လျှံအကြောင်း စုံစမ်း၍ မရသေးသည့်အပြင် အဖြူရောင်ဝတ်ထားသူကိုလည်း လုံးဝရှာမတွေ့တော့သဖြင့် စိတ်ဓာတ်ကျဆင်းနေပါတော့၏။

"ဒီအတိုင်းဆိုရင် ရှောင်လင်ကျောင်းကိုပဲ သွားရတော့မလိုနေပြီ"

တွေးတောငေးမောရင်း လျှောက်လာခဲ့ရာမှ လူတစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားလေသည်။

ထိုလူမှာ ဖုံးရှင်ဖြစ်သည်။

အမှန်တော့ ဖုံးရှင်က ဝင်တိုက်လိုက်ခြင်း ဖြစ်ပါသည်။

တုယို့လုံက သူ၏အမှားဟုယူဆကာ တောင်းပန်လိုက်၏။

"ကျွန်တော် အတွေးလွန်သွားပြီး ဝင်တိုက်မိတာ ခွင့်လွှတ်ပါ"

ဖုံးရှင်၏မျက်နှာထား တင်းမာနေပါသည်။

သို့သော် တုယို့လုံက တောင်းပန်လျှင် ချက်ချင်း ပြုံးလိုက်သည်။

"အင်း ... ငါ့ညီက တောင်းပန်တယ်ဆိုတော့လည်း ခွင့်လွှတ်

www.burmeseclassic.com



[illegible] တကယ်တော့ ကျုပ်ဟာ သိုင်းဆရာတစ်ယော[illegible] [illegible] ကျုပ်ကို စော်ကားလာရင် သည်းမခံဘဲ ဆုံးမတတ်တယ်ကွ"

တုယို့လုံက ...

"နောင်ကြီးက သိုင်းဆရာ ဟုတ်လား"

"ဒါပေါ့ ... ဒီနယ်တစ်ဝိုက်မှာ မကောင်းသူပယ်၊ ကောင်း[illegible]ကယ် အဖြူရောင်သိုင်းဆရာကြီး ဖုံးရှင်လို့ သတင်းကြီးနေ[illegible] ကျုပ်ပဲပေါ့"

"နောင်ကြီးဟာ သိုင်းဆရာတစ်ယောက်ကိုး၊ ခုလို မမျှော်[illegible]ဘဲ တွေ့ဆုံပြီး သိကျွမ်းခဲ့ရတာ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး"

တုယို့လုံ ဦးညွှတ်လိုက်လေသည်။

ဖုံးရှင်က ဟန်ပါပါဖြင့် ပြောသည်။

"ကျုပ်က အများအကျိုးဆောင်ရွက်တဲ့အပြင် သိုင်းလော[illegible] ရှေ့ရေးကို မျှော်တွေးပြီး ငါ့ညီတို့လို လူငယ်လူရွယ်တွေကို သိုင်း ပညာ သင်ပေးနေတာကွ"

"ဩော် ... နောင်ကြီးဟာ လူငယ်လူရွယ်တွေကိုလည်း သိုင်း ပညာ သင်ပေးနေတဲ့ ဆရာတစ်ယောက်ကိုး"

"ဒါပေါ့ကွာ"

ဖုံးရှင်သည် မျက်နှာကြီး ရှုံ့မဲ့သွားကာ စကားဆက်လိုက်သည်။

"ဒါပေမယ့် စိတ်ပျက်စရာကောင်းတာက အခုအချိန်အ[illegible] စိတ်တိုင်းကျ တပည့်တစ်ယောက်မှ မရသေးတာပဲကွ"

သူက တုယို့လုံအား အကဲခတ်လိုက်သည်။



"အင်း ... ငါ့ညီလို ခန္ဓာကိုယ်အချိုးအဆစ်မျိုးဟာ သိုင်းပညာ [illegible]င်ကြားဖို့ အတော်ကောင်းတာပဲကွ"

သူက တုယို့လုံအား လှည့်စားဖို့ ကြိုးစားနေခြင်းဖြစ်လေသည်။

တုယို့လုံလည်း စိတ်လှုပ်ရှားလာလေသည်။

သိုင်းပညာ သင်ပေးမည့် ဆရာကို လိုက်ရှာနေသူဖြစ်ရကား [illegible]ရှင်နှင့် တွေ့လိုက်ရသည်မှာ ကံကောင်းသည်ဟု တွေးမိလိုက်လေ[illegible]သည်။

ဖုံးရှင်က ပြုံးလိုက်သည်။

"ငါ့ညီက သိုင်းပညာသင်လိုစိတ် ရှိမယ်ဆိုရင် ကျုပ်ကူညီဖို့ [illegible]ခဲလေးပါဘူး"

တုယို့လုံက ...

"ကျွန်တော့်ကို သိုင်းပညာသင်ပေးမှာလား"

"ဒါပေါ့"

"ကျွန်တော် ..."

ဖုံးရှင်က သိုင်းသင်ပေးမည်ဟု လိုလိုလားလား ပြောလာသော [illegible] တုယို့လုံ၏စိတ်ထဲ တစ်မျိုးဖြစ်သွား၏။

သိုင်းသင်ဖို့ ထွက်လာပြီး အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ [illegible]သည့်တိုင် မျှော်လင့်သလို သိုင်းသင်ကြားနိုင်ခြင်းမရှိခဲ့ပေ။

ယခုတော့ သိုင်းသင်ပေးမည့်သူတစ်ယောက်အား လိုက်ရှာစရာ [illegible]ဘဲ လွယ်လင့်တကူ တွေ့နေရချေပြီ။

တုယို့လုံ တွေဝေသွားသောအခါ ဖုံးရှင်က ...

"အေး ... ငါက တော်ရုံလူကို တပည့်မွေးပြီး သင်ပေးချင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ငါ့နာမည်က ခေတ်မှာမဟုတ်ဘဲ၊ ငါသဘောကျတဲ့ ခိုဘ်တိုင်းကျ တပည့်ရမှ၊ ငါ့ရဲ့အစွမ်းထက်တဲ့ ပညာတွေ အကုန် သင်ပေးချင်တာ”

ပြောရင်း သူ၏လက်တစ်ဖက်ကို မသိမသာ ဝှေ့ယမ်းလိုက်၏။

ကြိုတင်ဓာတ်တိုက်ထားသည့် ရန်ကြည်စိန်ကို အချက်ပေးလိုက်ခြင်း ဖြစ်လေသည်။

“မင်းတို့ သေချင်ကြပြီထင်တယ်”

ကျားဟိန်းသံကဲ့သို့ ကျယ်လောင်သော အော်ငေါက်သံကြီး ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းပင် …

“အား …”

“အမလေး …”

“သေပါပြီဗျ”

မလှမ်းမကမ်းတစ်နေရာ၌ ရန်ပွဲတစ်ပွဲ ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရလေတော့သည်။

တယို့လုံ လှမ်းကြည့်လိုက်၏။

လူတစ်ယောက်က လူသုံးယောက်အား ထိုးကြိတ်ရိုက်နှက်နေခြင်း ဖြစ်လေသည်။

အများနှင့် တစ်ယောက်ဖြစ်သော်လည်း ထိုလူငယ်ကပင် အသာစီး ရနေသည်။

ဖုံးရှင်က …

“ဒီကောင် လူဆိုးပဲဖြစ်မယ်၊ အပြစ်မဲ့တဲ့သူတွေကို မတရား



အနိုင်ကျင့်နေတာ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ သွားပြီး ဆုံးမလိုက်ဦးမယ်”

ဟုပြောကာ လှမ်းသွားလိုက်လေသည်။

တယို့လုံလည်း ခေါ်စရာမလိုဘဲ လိုက်သွားမိလေသည်။

“ဟား … ဟား … ဟား”

ရန်ကြည်စိန်က ဟားတိုက်ရယ်မောလိုက်သည်။

“ဟေ့ … အမှောင်လောကမှာ သတင်းကြီးတဲ့ သိုင်းရာဇာကြီး ရန်ကြည်စိန်ဆိုတဲ့ နာမည် မကြားဖူးဘူးလား၊ သေသွားချင်သလား”

ဖုံးရှင်ကလည်း ရယ်မောလိုက်လေသည်။

“ဟား … ဟား … ဟား”

သူ၏ရယ်သံကြီးသည်လည်း မိုးခြိမ်းသံပမာ ထွက်ပေါ်လာလေသည်။

“ရန်ကြည်စိန် … မင်းက ငါနဲ့လာတွေ့တာ ကံဆိုးတာပဲ၊ သိုင်းလောကမှာ အတုမရှိတဲ့ သိုင်းဆရာ ဖုံးရှင်ဆိုတဲ့ နာမည်ကို မကြားဖူးဘူးလား၊ မင်းသေချင်လို့ ဒီမှာလာပြီး သောင်းကျန်းတာပဲ”

ရန်ကြည်စိန်က …

“သြော် … ဖုံးရှင်ဆိုတာ မင်းလား၊ ငါကလည်း မင်းနဲ့မှ ပြိုင်ချင်နေတာ၊ ကဲ … တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ကြတာ [illegible]”

“စိန်လိုက်လေ …”

ထိုနောက် ရန်ကြည်စိန်နှင့် ဖုံးရှင်တို့သည် တယို့လုံ၏ရှေ့တွင် [illegible]သောင် ထိုးသတ်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောဆောက ရန်ကြည်စိန် ထိုးကြိတ်ခဲ့သူ သုံးလေးယောက်မှာ လမ်းဆော်မှ အရက်သမားများဖြစ်ကြပြီး အရက်ဖိုးပေးကာ ခေါ်လာခဲ့ကြခြင်း ဖြစ်လေသည်။

အရက်သမားများသည် အရက်ဖိုး ရတားပြီးပြီဖြစ်၍ ထွက်သွား ကြချေပြီ။

လမ်းပေါ်၌ တိုက်ခတ်သတ်ပုတ်နေသူဟူ၍ ရန်ကြည်စိန်နှင့် ဖုံးရှင်တို့ နှစ်ယောက်တည်းသာ ရှိကြပေတော့သည်။

တယို့လုံသည် သူတို့နှစ်ယောက် တိုက်ခိုက်သတ်ပုတ်နေကြသည်ကို ကြည့်ပြီး မျက်မှောင်ကြုတ်သွားလေသည်။

"သူတို့ဟာ ထိပ်သီးသိုင်းသမားကြီးတွေဆိုပြီး တိုက်ခိုက်သတ်ပုတ်နေကြတာ တစ်မျိုးပါလား၊ ကလေးတွေ ရန်ဖြစ်ပြီး ထိုးကြိတ်နေကြတာနဲ့ ပိုပြီးတူနေတယ်"

ဖုံးရှင်နှင့် ရန်ကြည်စိန်တို့မှာ တယို့လုံ၏ရှေ့တွင် ဟန်ဆောင်ကာ သဲကြီးမဲကြီး သတ်ပုတ်နေကြလေသည်။

မကြာပါချေ။

"ခွပ် ..."

"အမလေးဗျ"

ဖုံးရှင်၏ လက်သီးစာ မိသွားခြင်းကြောင့် ရန်ကြည်စိန် ဖင်ထိုင်လျက်ကာ မြေပေါ် လဲကျသွားလေသည်။

"ဟား ... ဟား ... ဟား"

ဖုံးရှင်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ ... ငါ့အကြောင်း သိပြီမဟုတ်လား"



"ကျုပ် ... ကျုပ်ကို ချမ်းသာပေးပါဗျာ"

ရန်ကြည်စိန်က တောင်းပန်နေသည်။

ဖုံးရှင်က အမှုမထားဘဲ တယို့လုံဘက်သို့ လှည့်လိုက်သည်။

"ကဲ ... ငါရဲ့ သိုင်းပညာကို မင်းတွေ့ပြီမဟုတ်လား"

ရန်ကြည်စိန်က ...

"ဆရာဟာ ထိပ်သီးလူဆိုးကြီးတွေကိုတောင် ဆုံးမနေတဲ့ သိုင်းဆရာ ဖုံးရှင်ဆိုတာ ကျုပ် သိပါပြီ၊ ဆရာ့ကို မစော်ကားဝံ့တော့ပါဘူး၊ တောင်းပန်ပါတယ်၊ ကျုပ်ကို ချမ်းသာပေးပါ"

ဟု အော်ဟစ်နေ၏။

ဖုံးရှင် မေးနေသော်လည်း တယို့လုံ ဘာမှမပြောပေ။

ဖုံးရှင်က ရန်ကြည်စိန်ဘက်သို့ လှည့်လိုက်သည်။

"မင်း နောင်တရပြီဆိုရင် ငါခွင့်လွှတ်လိုက်မယ်၊ ဒါပေမယ့် မင်းကို သွားခွင့်မပြုနိုင်သေးဘူး"

"ဆရာရယ် ... ကျုပ်ကို ချမ်းသာပေးပါ"

"အေး ... ချမ်းသာပေးမယ်၊ ဒါပေမယ့် မင်းကို ပညာပေးရဦးမယ်"

"ဆရာရယ် ... ကျုပ် ... ကျုပ် နောင် မမိုက်တော့ပါဘူးဗျာ"

"အဟင်း ... ဟင်း ... ဒီလိုပြောလို့ ဘယ်ရမလဲ"

ဖုံးရှင်က ဟန်ဆောင်ရယ်မောလိုက်လေသည်။

"မင်းရဲ့ မကောင်းမှုတွေကို ဖေးဆပ်တဲ့အနေနဲ့ အများကောင်းဆောင်ရွက်ရလိမ့်မယ်၊ ငါ့နောက်ကို လိုက်ခဲ့၊ ငါကိုယ်တိုင် ကြီးကြပ်ပြီး မင်းရဲ့အကျင့်ဆိုးတွေကို ပြုပြင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ကြည်စိန် ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ ဆရာ၊ ဆရာ့အပါးကနေပြီး အလုပ်အကျွေး ပြုသွားပါ့မယ်"

ဖုံးရှင်က တုယိုလုံဘက်သို့ လှည့်လိုက်သည်။

"ကဲ ... ငါ့ညီကော ..."

တုယိုလုံသည် ဖုံးရှင်ထံမှ သိုင်းပညာသင်ကြားရလျှင်လည်း မဆိုးဟု သဘောထားကာ ...

"ကျွန်တော်လည်း ဆရာ့ဆီမှာ သိုင်းပညာသင်ယူချင်ပါတ ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ဖုံးရှင် ကျေနပ်သွား၏။

"အေး ... ဒီလိုမှပေါ့၊ ဒါပေမယ့် မင်းကို ပြောစရာရှိ တယ်"

"ဟုတ်ကဲ့ ... ပြောပါ ဆရာ"

"ငါ့ဆီမှာ သိုင်းသင်တာ ဟုတ်ပြီ၊ ငါက အများအကျိုးဆေ ရွက်နေသူဆိုတော့ မင်းလည်း ငါ့လိုပဲ ဆောင်ရွက်ရလိမ့်မယ်"

"ဟုတ်ကဲ့ ... အများအကျိုး ဆောင်ရွက်ဖို့ ကျွန်တော် ဝန် နေမှာ မဟုတ်ပါဘူး ဆရာ"

"ကောင်းတယ် ... ကောင်းတယ်"

ဖုံးရှင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဒါထက် အများသူငါကို ပေးကမ်းကူညီဖို့ မင်းမှာ ငွေ လောက်ပါသလဲ၊ ပြောစမ်း"



"ဟုတ်ကဲ့ ..."

တုယိုလုံက ငွေထုပ်ကလေးကို ထုတ်ပြလိုက်လေသည်။

အစ်ကိုကြီးချိုနှင့် မြို့သူမြို့သားများ ဝိုင်းဝန်းကူညီလိုက်ကြ ခြင့် ငွေအတော်များများ ရလာခဲ့သည်ဟု ဆိုနိုင်ပါတော့သည်။

တုယိုလုံ၏ ငွေထုပ်ကလေးကို တွေ့ရသောအခါ ဖုံးရှင်နှင့် ဒိန်ကြည်တို့၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် ာက်ပလာလေတော့သည်။

ဖုံးရှင်က ...

"မင်းမှာ ငွေအတော်များများ ရှိနေတာကိုး၊ ကောင်းတယ်၊ ငွေတွေကို ငါ သိမ်းဆည်းထားပြီး အများကောင်းကျိုးအတွက် လိုသုံးစွဲရမယ်ဆိုတာ စီမံခန့်ခွဲပေးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

တုယိုလုံက ငွေထုပ်ကလေးကိုပေးရန် ဟန်ပြင်လိုက်လေသည်။

"ဟွန့် ... တော်တော် အသုံးမကျတဲ့လူ"

နာခေါင်းရှုံ့သံ ပြစ်တင်ပြောဆိုသံများ ထွက်ပေါ်လာသည်ကို လိုက်ရလေသည်။

တုယိုလုံ အံ့ဩကာ လှမ်းကြည့်လိုက်လျှင် အနီရောင်ဝတ်ထား မိန်းကလေးတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေ

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## အဖော်

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက် ရောက်ရှိလာလေသည်။

ထိုမိန်းကလေးမှာ ချောမောလှပသူလေး ဖြစ်သည်။

ဖုံးရှင်ကိုလည်း လှမ်းကြည့်လိုက်ကြသည်။

ရန်ကြည်စိန်က...

"မိန်းကလေး မင်းဘယ်သူလဲ၊ ဘာလာရှုပ်တာလဲ"

ဟု ငေါက်လိုက်လေသည်။

အနီရောင်မိန်းကလေးက ခါးထောက်လိုက်သည်။

"အမြင်မတော်လို့ပေါ့ရှင်"

"ဘာပြောတယ်၊ မိန်းကလေး မင်းသေသွားချင်သလား ဒီနေရာက မြန်မြန်ထွက်သွားစမ်း"

"ကျွန်မနာမည် နန်းကူးညံလို့ခေါ်တယ်၊ မိန်းကလေးလို့ မခေါ် စမ်းပါနဲ့၊ ကျွန်မကို သေချင်သလားလို့ ခြိမ်းခြောက်တာ ရှင်သေချင် လို့ပဲ ဖြစ်မယ်"



မိန်းမချောလေးက သူမ၏အမည်မှာ နန်းကုန်းညံဖြစ်ကြောင်း ပြောသည်။

ရန်ကြည်စိန်က ...

"ဘယ်သေရမလဲ ကြည့်ထား"

မိန်းကလေး နန်းကူးညံအား တွိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ သည်။

"နေဦး ..."

ဖုံးရှင်က ဟန့်တားလိုက်လေသည်။

"ရန်ကြည်စိန်က ...

"ဆရာ ... ဒီကောင်မလေးက တမင်ဝင်ရှုပ်နေတာပဲ၊ ကျုပ် အားမပါရစေ"

နန်းကူးညံက ...

"ကျွန်မ ဘာများဝင်ရှုပ်မိသေးလို့လဲ၊ ကျွန်မက ရှင်တို့ကို ပြောတာမှမဟုတ်ဘဲ၊ သူ့ကိုပြောတာ"

တုယို့လုံအား ညွှန်ပြကာ ပြောလိုက်သည်။

တုယို့လုံ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ကျုပ်က ..."

"ရှင် တော်တော်အတယ်၊ အသုံးမကျဘူးလို့ ပြောတာပေါ့ရှင်"

"ကျုပ် ဘာများ အသုံးမကျလို့လဲ"

"ရှင့်ရဲ့ပိုက်ဆံ သူများကိုပေးဖို့လုပ်နေတာကိုး၊ သူတို့က ရှင့် ကိုလိမ်နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

တုယို့လုံက ဖုံးရှင်နှင့် ရန်ကြည်စိန်တို့အား ကြည့်လိုက်မိလေသည်။

"ဒီမိန်းကလေး ဒုက္ခရောက်ချင်လို့ ဝင်ရှုပ်တာပဲ၊ ဟေ့ ... ရန်ကြည်စိန် သူ့ကိုဆုံးမလိုက်စမ်းကွာ"

ရန်ကြည်စိန်က ...

"ကောင်းပြီ"

မိန်းကလေး နန်းကူးညံ့ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

နန်းကူးညံ့ မဲ့ပြုံး ပြုံးလိုက်သည်။

"ရှင် ဘာတတ်နိုင်မှာမို့လဲ"

သူမ ခြေထောက်တစ်ဖက် ဆန့်ထုတ်လိုက်လျှင် ပြေးဝင်လာသော ရန်ကြည်စိန်အား ကန်ကျောက်ပြီးသား ဖြစ်သွားလေတော့သည်။

"ဝုန်း ..."

ရန်ကြည်စိန် အဝေးသို့ လွင့်စဉ်သွားတော့သည်။

ဖုံးရှင် မျက်လုံးပြူးသွားလေသည်။

နန်းကူးညံ့မှာ ယေယေရွယ်ရွယ်နှင့် ထိပ်တန်းသိုင်းပညာ ရှိနေ သည် မဟုတ်ပါလား။

နန်းကူးညံ့ ပြုံးလိုက်သည်။

"ရှင်ဟာ သိုင်းဆရာကြီးတစ်ယောက်မဟုတ်လား၊ ဘာကြောင့် ကျွန်မကို မဆုံးမဝံ့တာလဲရှင်"



ဖုံးရှင် အံ့ကြိတ်လိုက်သည်။

"မင်းလို မလောက်လေးမလောက်စားလေး တစ်ယောက်ကို မနိုင်ရင် ကျုပ် လူမလုပ်ဘူး"

ချက်ချင်းပင် နန်းကူးညံ့အား တိုက်ခိုက်လိုက်လေသည်။

နန်းကူးညံ့က ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက် သည်။

ဖုံးရှင်သည် သူမ၏ အင်္ကျီစကိုပင် ထိအောင်တိုက်ခိုက်ခြင်း နိုင်ခဲ့ချေ။

နန်းကူးညံ့သည် အတန်ကြာအောင် ရှောင်တိမ်းပြီးမှ ...

"ကဲ ... ဒီတစ်ခေါက် ကျွန်မအလှည့်ပဲ၊ ရှင်ရှောင်နိုင်ရင် ရှောင် တော့"

ဟုပြောကာ တိုက်ခိုက်လိုက်လေသည်။

"ဖြန်း ... ဖြန်း"

သူမ၏ လက်ဝါးက ဖုံးရှင်၏ ပါးပြင်နှစ်ဖက်နှင့် မိတ်ဆက် သွားလေတော့လသည်။

ဖုံးရှင် ကပျာကယာ နောက်ဆုတ်လိုက်သည်။

"မင်း ... မင်း"

နီရဲနာကျင်သွားသော ပါးပြင်ကို လက်ဝါးဖြင့်ပွတ်ကာ မည်သို့ ပြောရမှန်းမသိ ဖြစ်နေသည်။

နန်းကူးညံ့ အမှုမထားတော့ပါ။

"ကဲ ... ရှင် ဒီလောက်တောင် သိုင်းပညာသင်ချင်နေတယ်ဆို ကျွန်မနောက်ကို လိုက်ခဲ့ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံ၏ လက်ကိုဆွဲကာ ပြေးလွှားသွားလေတော့သည်။

☆ ☆ ☆

"ဟူး ... ဟူး"

လေတိုးသံများ ထွက်ပေါ်လာလေသည်။

တုယို့လုံသည် မျက်လုံးများ ပြာဝေကာ ဦးခေါင်းထဲ မူးနောက်နောက် ဖြစ်လာခြင်းကြောင့် မျက်လုံးမှိတ်ထားလိုက်သည်။

လျှင်မြန်စွာ လွှပ်ရှားနေသဖြင့် ရင်ထဲ တလှပ်လှပ် ဖြစ်လာလေသည်။

တုယို့လုံမှာ အော့အန်လိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

သို့သော် ... နန်းကူးညံက ခြေလှမ်းရပ်လိုက်သဖြင့် ကံကောင်းသွားသည်ဟု ဆိုနိုင်ပါတော့သည်။

တုယို့လုံ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အလွန်ပင် သာယာလှပနေသည့် ရေကန်ကြီးတစ်ကန်အနီးသို့ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ကန်ရေပြင်မှာ ကြည်စိမ်းနေသည်။

ကြာပန်းများ ဖူးပွင့်ကာ မွှေးကြိုင်နေသည်။

ငါးကလေးများ ကူးခတ်သွားလာနေသည်ကိုလည်း အတိုင်းသား တွေ့မြင်နေရလေသည်။

ရေကန်ပတ်လည်၌ စိမ်းလန်းသော သစ်ပင်များ ရောင်စုံပန်းပင်များ ရှိနေပါသည်။



တုယို့လုံ ငေးမောကြည့်နေမိတော့သည်။

နန်းကူးညံက ...

"သာယာတယ်နော်"

ဟု ပြောလာလေသည်။

တုယို့လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

မည်သည့်နေရာသို့ ရောက်လာမှန်း သူမသိတော့ပါ။

စိတ်လည်း မဝင်စားပါ။

သူစိတ်ဝင်စားနေသည်မှာ နန်းကူးညံ ဖြစ်လေသည်။

နန်းကူးညံ မျက်မှောင်ကြုတ်သွားသည်။

"ရှင် ဘာကြည့်နေတာလဲ"

"ဩော် ... ညီမက အတော်ထူးခြားနေလို့ပါ"

"ခစ် ..."

နန်းကူးညံ ရယ်မောလိုက်လေသည်။

"ဘာလဲ ... ကျွန်မက သိုင်းပညာ တတ်နေလို့လားရှင်"

"ညီမဟာ သိုင်းပညာတတ်တဲ့ တခြားလူကြီးတွေထက် ပိုပြီးသာနေလို့ပါ"

"ဩော် ..."

နန်းကူးညံ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"တော်ဆို ကျွန်မတို့ အရပ်ဒေသမှာရှိတဲ့ ကလေးလေး တစ်ယောက်ကတောင် သိုင်းလောကထဲက ထိပ်တန်းသိုင်းဆရာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို အနိုင်ယူနိုင်တဲ့ ပညာရှိကြတာ ကျွန်မက ကလေး မဟုတ်တာရှင်၊ ဒါကြောင့် သိုင်းတော်ရတော့မှာပေါ့”

တုယို့လုံ လွှတ်ခနဲ မေးလိုက်သည်။

“ညီမတို့ အရပ်ဒေသက ဘယ်မှာလဲ”

နန်းကူးညံက မိုးပေါ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

“မိုးပေါ်မှာ ...”

“ဟင် ...”

“ဟင်း ... ဟင်း ... ကျွန်မတို့က ဟိုတောင်အမြင့်ကြီးပေါ်မှာ နေကြတာရှင့်၊ တိမ်တွေတောင် ကျွန်မတို့ခြေထောက်အောက်မှာ ရှိနေကြတာလေ”

နန်းကူးညံက ...

“ကျွန်မတို့ အရပ်ဒေသကို ဘယ်သူမှမရောက်ဖူးကြဘူး၊ ဘယ်သူမှ လာလို့လည်း မရဘူးရှင်”

တုယို့လုံ မေးလိုက်သည်။

“ညီမက နတ်သမီးလေးလား”

“ခစ် ... ခစ်”

နန်းကူးညံ ရယ်မောလိုက်သည်။

“ကျွန်မဟာ နတ်သမီးလေးတစ်ပါးလို့ပဲ သဘောထားလိုက်ပေါ့ရှင်”

“အော် ... ညီမဟာ တကယ့် နတ်သမီးလေးတစ်ပါးပဲကိုး”

တုယို့လုံ ရေရွတ်ရင်း ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။



“နတ်သမီးလေးက လူ့ပြည်ကို ဆင်းလာတာပေါ့နော်”

“ဟုတ်ပါတယ်၊ ရှင့်ကို ကူညီချင်လို့လေ”

“တကယ်လား၊ ကျေးဇူးတင်လိုက်တာဗျာ”

တုယို့လုံ ဝမ်းသာအားရဖြစ်သွားလေသည်။

နန်းကူးညံအား ဦးညွှတ်လိုက်သည်။

နန်းကူးညံက ...

“တကယ်ပြောတာပေါ့၊ ရှင့်ကို ဟောဒီလိုပညာမျိုးတွေ သင် ...မယ်”

သူမ လက်တစ်ဖက်ဝှေ့ယမ်းလိုက်သောအခါ ရုတ်တရက် ... ပြင်း မုန်တိုင်း ကျရောက်လာသည့်အလား ဝန်းကျင်တစ်ခုလုံး ... သွက်ခါသွားလေသည်။

“ဟာ ...”

တုယို့လုံ ထိတ်လန့်သွားပြီး အနီးရှိ သစ်ပင်တစ်ပင်ကို ဖက် ...ယ်ထားလိုက်လေသည်။

နန်းကူးညံ ရယ်မောလိုက်သည်။

“မကြောက်ပါနဲ့ရှင်”

အားပေးနှစ်သိမ့်စကား ပြောပြီး ...

“ဒီလို သိုင်းပညာမျိုး ရှင်မသင်ချင်ဘူးလား”

ဟု မေးလေသည်။

တုယို့လုံ မျက်လုံးပြူးနေ၏။

နန်းကူးညံ၏ အစွမ်းကို မယုံနိုင်အောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ သင်ပေးမယ်၊ ဒါပေမယ့် ခုတော့ မဟုတ်သေးဘူး၊ ကျွန်မ ဟိုဘက်ကို သွားစရာရှိသေးတယ်ရှင့်"

အရှေ့ဘက်သို့ ညွှန်ပြကာ ပြောလိုက်သည်။

တုယို့လုံက ...

"ညီမ ဘာသွားလုပ်မလို့လဲ"

နန်းကူးညံက ...

"အဲဒီဘက်မှာ ခြံဝင်းကြီးတစ်ခု တွေ့ခဲ့တယ်၊ လိမ္မော်သီးတွေ အများကြီး ရှိတယ်၊ ကျွန်မ လိမ္မော်သီးစားချင်လို့ အဲဒီခြံဝင်းထဲ သွားမလို့ရှင်၊ ကဲ ... သွားကြမယ်"

စကားဆုံးလျှင် လှစ်ခနဲ ထွက်သွားရာ တုယို့လုံလည်း ကမန်း ကယာ လိုက်ပါသွားရလေတော့သည်။

☆ ☆ ☆

ရေကန်ကြီးအရှေ့ဘက်၌ ခြံဝင်းပျက်ကြီးတစ်ခု ရှိနေသည်။

လူသူအရောက်အပေါက် နည်းပါးလှသော နေရာတစ်ခု၌ ကြီးမားကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု ရှိနေသည်မှာ ထူးခြားလှသည်ဟု ဆိုနိုင်လေသည်။

နန်းကူးညံနှင့် တုယို့လုံတို့သည် သစ်ပင် ပန်းပင်များကြား ဖြတ်သန်းသွားကြရင်း ခြံဝင်းကျယ်ကြီးအနီးသို့ ရောက်ရှိသွားကြလေသည်။

ခြံဝင်းထဲ၌ လိမ္မော်ပင်များ ရှိနေပြီး လိမ္မော်သီးများ သီးနေသည်ကို တွေ့ရ၏။



နန်းကူးညံ၏ မျက်နှာ ပြုံးရွှင်နေသည်။

"လိမ္မော်သီးတွေ အဝစားရတော့မှာပဲ"

သူမသည် တုယို့လုံ၏ လက်ကိုဆွဲကာ ခြံဝင်းထဲဝင်သွားလေသည်။

တုယို့လုံလည်း လိုက်သွားရ၏။

ထူးခြားပြီး သိုင်းပညာထက်မြက်သော မိန်းကလေး တစ်ယောက်နှင့် ဆုံတွေ့နေရခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ထားလေသည်။

နှစ်ယောက်သား လိမ္မော်ခြံထဲသို့ ရောက်သွားကြသည်။

"အစ်ကို ... လာခဲ့"

နန်းကူးညံသည် တုယို့လုံ၏လက်ကိုဆွဲကာ လိမ္မော်ပင်များကြားသို့ တိုးဝင်ပြီး လိမ္မော်သီးများ ခူးယူလိုက်သည်။

ထို့နောက် သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ အားရပါးရ စားသောက်လေတော့သည်။

"အစ်ကိုလည်း စားလေ"

တုယို့လုံကိုလည်း ကျွေးသည်။

တုယို့လုံသည် သူမ စိတ်ကျေနပ်အောင် စားလိုက်ရ၏။

နန်းကူးညံမှာ လိမ္မော်သီး အလွန်ကြိုက်ပုံရလေသည်။

တစ်လုံးပြီး တစ်လုံး မြိန်ရည်ယှက်ရည် စားနေ၏။

တုယို့လုံက သူမအား စိတ်ဝင်စားစွာ ကြည့်လိုက်မိသည်။

"အတော်ကို ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ရွယ်ရွယ်နဲ့ ဒီလောက်ထက်မြက်နေတာ သူ့မိဘတွေဆိုရင် ပြော... ရှိတော့မှာ မဟုတ်ဘူး"

နန်းကူးညံက လိမ္မော်သီးစေ့များကို ထွေးထုတ်ရင်း ...

"အစ်ကိုက ကျွန်မအကြောင်းကို တွေးတောစဉ်းစားနေ... လားရှင်"

ဟု မေးလာလေသည်။

"ကျုပ် ... ကျုပ်"

တုယို့လုံ ရုတ်တရက် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်နေ... သည်။

နန်းကူးညံက ...

"ကျွန်မတို့တောင်ပေါ်မှာ ကျွန်မ မိဘတွေကော အဘိုးအ... တွေကော ရှိတယ်၊ သူတို့ဟာ တောင်အောက်ကို ဘယ်တော... ဆင်းလာကြမှာမဟုတ်ဘူး၊ လူစိမ်းတွေကလည်း တောင်ပေါ်ကို ... တော့မှ ရောက်အောင် တက်နိုင်ကြမှာမဟုတ်ဘူးရှင့်"

တုယို့လုံက ...

"ဒါဖြင့် ညီမကကော ..."

နန်းကူးညံက ...

"ကျွန်မက ငှက်ကလေးတစ်ကောင်ကို လိုက်ဖမ်းရင်း ... အောက်ကို ရောက်လာတာ"

တုယို့လုံသည် နန်းကူးညံကို ကြည့်ရင်း ...

"သူဟာ စိတ်မှန့်ရဲ့လား မသိဘူး"



ဟု စိတ်ထဲမှ တွေးမိလိုက်လေသည်။

နန်းကူးညံက လိမ္မော်သီး တစ်လုံးကုန်အောင် စားပြီးမှ ဆက်...လေသည်။

"တောင်အောက်မှ ရေပြည်ရှိတယ်လို့ ဘိုးဘိုးက ပြောတယ်၊ တောင်အောက်ကိုရောက်လာတော့ ရေပြည်ကလည်း သာသာ... ရှိနေတာ တွေ့ရတယ်၊ ငှက်ကလေးတွေ၊ ပန်းကလေးတွေ ...ကြီးပဲ၊ ဒါကြောင့် ရေပြည်မှာ ခဏလောက် လည်ပတ်ဦးမယ် တောင်ပေါ်ကို ပြန်မတက်တော့ဘဲ ထွက်လာခဲ့တာ"

"သြော် ..."

"ဒါပေမယ့် ဘိုးဘိုးပြောတာ မှန်တယ်၊ ရေပြည်မှာ ဆိုးသွမ်း...ကျန်းတဲ့ ဘီလူးကြီးတွေ ရှိနေတာကို ကျွန်မတွေ့ခဲ့ရတယ်၊ ...ဟာ သူများကို အနိုင်ကျင့်စော်ကားကြတယ်၊ သတ်ပစ်ကြတယ်၊ ...တို့ သိုင်းပညာသင်ပေးမယ်ဆိုပြီး ရွှေညာယူတဲ့လူတွေလိုပေါ့"

တုယို့လုံ မေးလိုက်သည်။

"ညီမက သိုင်းပညာကို သိတယ်ဟုတ်လား"

နန်းကူးညံက ...

"အစ်ကိုတို့ ရေပြည်မှာ သိုင်းပညာလို့ ပြောကြတာပါ၊ ကျွန်မ...တော့ ကိုယ်လက်လှုပ်ရှားရတဲ့ ကျန်းမာရေး လေ့ကျင့်တဲ့...ပဲ ပြောကြတာ"

...ယာက်သား စကားကောင်းနေစဉ် မိုးခြိမ်းသံပမာ ကျယ်...သော အသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူခိုးလေးတွေ ခြံထဲဝင်ပြီး လိမ္မော်သီးတွေ ခိုးစားနေကြတ ယ်ပါလေ"

တယို့လုံ ကြည့်လိုက်လျှင် လူသန်ကြီးတစ်ယောက် ရော ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသန်ကြီးကား မျက်နှာကြီးနီရဲအောင်ပင် ဒေါသထွက် ပါတော့သည်။

"သူခိုးလေးတွေ မပြေးနဲ့၊ မင်းတို့ကို မှတ်အောင် ဆုံးမရမ

လက်နှစ်ဖက် ဆန့်တန်းကာ ဖမ်းဆီးရန် ကြိုးစားလိုက် သည်။

တယို့လုံ ကပျာကယာ နောက်ဆုတ်လိုက်၏။

နန်းကူးညံကား သူခိုးဟု စွပ်စွဲခံရသဖြင့် ဒေါသထွက်သွ လေသည်။

ထိုင်ရာမှ လွတ်ခနဲ ထကာ ခါးထောက်ရန်တွေ့လိုက်လေသ

"ဘာရှင် ... ကျွန်မကို သူခိုးလို့ စွပ်စွဲလိုက်တယ် ဟုတ် ကျွန်မတို့ တောင်ပေါ်မှာဆိုရင် လိမ္မော်သီးသာမကဘူး၊ ဘယ် သစ်သီးဝလံမျိုးကိုမဆို ဘယ်နေရာမှာတွေ့တွေ့ စားချင်တယ်ဆိ ခူးစားနိုင်တယ်ဆိုတာ မှတ်ထားပါ"

လူသန်ကြီးက ...

"ဟိတ် ... ဒါ မင်းတို့တောင်ပေါ်မဟုတ်ဘူး၊ လိမ္မော်သီး ခိုး တာထက် ဒီခြံဝင်းထဲကို ကျူးကျော်ဝင်လာကာ ပိုပြီး အပြစ်ကြီး ဆိုတာ မှတ်ထားပါ၊ မင်းတို့နှစ်ယောက်စလုံးကို အပြစ်ပေးရမ



အော်ဟစ်ပြောကြားလာသည်ဟု တယို့လုံသည် ဝင်မပြောသေး။ ဘေးမှ ကြည့်နေသည်။

(continued) အော်ငေါက်သရင်း နန်းကူးညံအား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

တယို့လုံ တောင်းပန်လိုက်သည်။

"ကျွန်တော်တို့ မှားယွင်းသွားတာ တောင်းပန်ပါတယ် ခင်ဗျာ၊ လိမ္မော်သီးဖိုး အလျော်ပေးပါ့မယ်၊ ခွင့်လွှတ်ပါ"

နန်းကူးညံ၏ရှေ့တွင် အကာအကွယ်ပေးရင်း ပြောလိုက်ခြင်း ဖြစ်လေသည်။

လူသန်ကြီးက ...

"မလိုချင်ဘူး၊ ဒီခြံထဲကို ကျူးကျော်ဝင်လာသူတိုင်း အသက် ရှင်လျက် ပြန်ထွက်သွားရတဲ့ ထုံးစံမရှိဘူး"

"ဗျာ ..."

"မင်းတို့လည်း သေဖို့ပြင်ထား"

လူသန်ကြီးကား တောင်းပန်၍မရအောင် ဖြစ်နေပါတော့သည်။

ထိုစဉ် ...

"ဘာဖြစ်နေတာလဲ"

အဝေးမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

လူသန်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သူခိုးလေးတွေ ခြံဝင်းထဲကို ကျူးကျော်ဝင်လာကြလို့ပါ သခင်ကြီး"

"ကောင်းပြီ ... သူတို့ကို ခေါ်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

လူသန်ကြီးက တယ်ယို့လုံတို့ဘက်သို့ လှည့်ကာပြောလိုက်သည်။

"ကဲ ... မင်းတို့ လိုက်ခဲ့ကြပေတော့"

နန်းကူးညံ့ ခေါင်းခါယမ်းလိုက်သည်။

"ဘာကြောင့် လိုက်ရမှာလဲ"

တယ်ယို့လုံက ဖျောင်းဖျလိုက်သည်။

"ညီမ ... ညီမတို့တောင်ပေါ်ဒေသလို မဟုတ်ဘူး၊ ဒီခြံဝင်းကြီးကော လိမ္မော်သီးတွေကော ပိုင်ရှင်ရှိတယ်၊ ကျုပ်တို့ဟာ ပိုင်ရှင်မသိအောင် ကျူးကျော်ဝင်ပြီး ခိုးစားသလိုဖြစ်နေတယ်၊ ဒါကြောင့် ပိုင်ရှင်နဲ့ လိုက်တွေ့ပြီး တောင်းပန်မှ ဖြစ်မယ်"

ဟု ဖျောင်းဖျပြောဆိုလိုက်လေသည်။

နန်းကူးညံ့ မျက်မှောင်ကြုတ်သွားသည်။

သို့သော် သူမသည် တယ်ယို့လုံ၏ စကားကို လက်ခံသဘောတူလိုက်လေသည်။

"ကောင်းပြီလေ ... လိုက်သွားကြတာပေါ့"

ထို့နောက် နှစ်ယောက်သား လူသန်ကြီးနှင့်အတူ အသာတကြည် လိုက်ပါသွားကြလေတော့သည်။

☆ ☆ ☆

ခြံဝင်းအတွင်း၌ ခမ်းနားထည်ဝါသော အဆောက်အဦးကြီးတစ်ခု ရှိနေပါသည်။



အဆောက်အဦးကြီးရှေ့၌ လူတစ်စု ရှိနေ၏။

ထိုလူစုကား မီးခိုးရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက် ဦးဆောင်ထားလေသည်။

လူသန်ကြီးက အဘိုးအိုအား ဦးညွှတ်လိုက်သည်။

"သူခိုးလေးတွေကို ခေါ်လာပါပြီ သခင်ကြီး"

အဘိုးအိုက တယ်ယို့လုံတို့အား အကဲခတ်ကြည့်လိုက်သည်။

"မင်းတို့ ဘာကြောင့် ကျုပ်ရဲ့ခြံဝင်းထဲကို ကျူးကျော်ဝင်ရသလဲ ပြောပါ"

နန်းကူးညံ့က ပြောလိုက်သည်။

"လိမ္မော်သီး စားချင်လို့ပေါ့ရှင်"

သူမ၏ စကားမှာ ပမာမခန့်ပြောဆိုနေသလို ရှိရကား တယ်ယို့ တောင်းပန်လိုက်လေသည်။

"ကျွန်တော်တို့ ဒီဘက်ကို ရောက်လာရင်း ရေငတ်တာနဲ့ လိမ္မော်သီးတွေ ခူးစားမိလိုက်တာပါ၊ ကျွန်တော်တို့ဟာ ပိုင်ရှင်ရှိမှန်း မသိလိုက် ခွင့်မတောင်းမိတာကို ခွင့်လွှတ်စေချင်ပါတယ်၊ လိမ္မော်သီးအတွက် အလျော်ပေးပါ့မယ် ခင်ဗျာ"

အဘိုးအိုက ...

"ဒါဖြင့် ငါတို့အကြောင်းကို လာပြီး စုံစမ်းကြတာ မဟုတ်လား"

"ဗျာ ..."

"ငါတို့အကြောင်းကို လာပြီးစုံစမ်းကြတာ မဟုတ်လား၊ မင်းပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏ မျက်နှာတင်းမာသွားသကဲ့သို့ စကားသံလည်း ခက်ထန်လာလေတော့သည်။

တုယို့လုံ ရင်ထိတ်သွားလေသည်။

တောတောင်ထဲ၌ ခြံဝင်းတစ်ခု တည်ဆောက်ကာ လျှို့ဝှက်စွာ နေထိုင်ကြသူများမှာ လူကောင်းများမဖြစ်နိုင်ဟု တွေးမိလိုက်ခြင်း ကြောင့် ဖြစ်သည်။

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"ဦးတို့အကြောင်းကို လာပြီး စုံစမ်းတာမဟုတ်ပါဘူး၊ သွားရင်း လာရင်း မမျှော်လင့်ဘဲ ဒီဘက်ကိုရောက်လာခဲ့တာပါ ခင်ဗျာ"

အကျိုးအကြောင်း ရှင်းပြလိုက်သော်လည်း အဘိုးအိုက လက် မခံပါချေ။

လူသန်ကြီးအား အမိန့်ပေးလိုက်သည်။

"သူတို့ကိုရှင်းပြီး လက်စဖျောက်ပစ်လိုက်စမ်း"

"ကောင်းပါပြီ သခင်ကြီး"

လူသန်ကြီးသည် တုယို့လုံတို့ဘက်သို့ လှည့်လိုက်သည်။

တုယို့လုံ တောင်းပန်လိုက်သည်။

"ကျွန်တော်တို့ ဒုက္ခပေးဖို့လာတာ မဟုတ်ပါဘူး၊ လိမ္မော်သီး တွေအတွက်လည်း အလျှော်ပေးပါ့မယ်၊ ကျွန်တော်တို့ကို ..."

သူ၏စကားမဆုံးမီ လူသန်ကြီးက လက်သီးတစ်လုံး ပစ်သွင်း လိုက်လေသည်။

"မလိုချင်ဘူး၊ သေလိုက်စမ်း"



တုယို့လုံလည်း ထိတ်လန့်ကာ ကပျာကယာ ရှောင်တိမ်းလိုက်

အဘိုးအို မျက်မှောင်ကြုတ်သွားပြန်သည်။

"လက်စသတ်တော့ သူတို့က သိုင်းပညာတတ်မြောက်ထား ...း"

လူသန်ကြီးက ...

"သူတို့အတွက်တော့ မပူပါနဲ့ ဆရာ၊ ကျွန်တော် ဆုံးမလိုက် ..."

ထို့နောက် တုယို့လုံအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

တုယို့လုံ အခက်ကြုံလာသည်၊

နန်းကူးညဲက ...

"တကယ့် ဘီလူးကြီးတွေပဲ"

တုယို့လုံက ...

"ဟုတ်တယ် ... ညီမ၊ သူတို့ဟာ ဘီလူးကြီးတွေ"

နန်းကူးညဲ ခေါင်းညိတ်လိုက်သည်။

"သူတို့ကို ကျွန်မ ဆုံးမလိုက်မယ်"

သူမသည် ရှေ့သို့ လျှပ်တစ်ပြက်တိုးကာ လူသန်ကြီး၏ ...ကို လက်ညှိုးဖြင့် ထိုးလိုက်လေသည်။

သူမ၏ လှုပ်ရှားမှု လျင်မြန်လှသဖြင့် လူသန်ကြီး လုံးဝမရှောင် ...ချေ။

"အင့် ..."

www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲ ညည်းတွားရင်း မလှုပ်မယှက် ဖြစ်သွားတော့သည်။

"ဟင် ..."

"ဟာ ..."

အဘိုးအို၏ အနီး၌ ရှိနေသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

အဘိုးအိုလည်း အံ့သြသွား၏။

"မင်းလည်း သိုင်းပညာတတ်နေတာကိုး"

နန်းကူးညဲက ...

"ရှင်တို့က မတရားလုပ်ရင်တော့ ကျွန်မ သည်းခံနေမှာ မဟုတ်ဘူးရှင့်"

အဘိုးအိုက နံဘေးမှ လူများအား ခေါင်းညိတ်ပြလိုက်သည်။

သူ၏ လူများသည် ညာသံပေးကာ နန်းကူးညဲအား ဝိုင်း၍ တိုက်ခိုက်လိုက်ကြလေသည်။

နန်းကူးညဲ မဲ့ပြုံး ပြုံးလိုက်သည်။

"ကျွန်မက ရှင်တို့ကို ကြောက်နေမယ်များထင်နေသလား"

သူမ လက်တစ်ဖက်ဝှေ့ယမ်းလိုက်လျှင် အဘိုးအို၏ လူများ တိုက်ခိုကရန် ဟန်ပြင်ရင်း ကျောက်ရုပ်များအလား မလှုပ်မယှက် ဖြစ်သွားကြလေတော့သည်။

အဘိုးအို မျက်လုံးပြူးသွားလေသည်။

"မင်း ... မင်း"

နန်းကူးညဲက ...



"ရှင်က ဒီခြံဝင်းထဲ ဝင်လာသူတိုင်းကို သတ်ပစ်လိုက်တယ် ဟုတ်လား"

"ဟုတ်တယ် ... ငါဟာ သိုင်းလောကက ဖောက်ပြန်နေခဲ့တာ ကြာပြီ၊ ငါ့ကိုစုံစမ်းဖော်ထုတ်ဖို့ ကြိုးစားလာတဲ့လူတွေကို ဘယ်တော့မှ ချမ်းသာမပေးဘူး"

"ဒါဆိုရင် ရှင်ဟာ လူကောင်းတစ်ယောက် မဖြစ်နိုင်တော့ဘူး"

"ဟား ... ဟား ... ဟား ..."

အဘိုးအို ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ်ဟာ ဘယ်တုန်းကမှ လူကောင်းတစ်ယောက် မဖြစ်ခဲ့ဘူး၊ ကျုပ်ကိုယ်ကျုပ် လူကောင်းတစ်ယောက်ပါလို့ ဘယ်တုန်းကမှ မပြောခဲ့ဘူး"

"ဩော် ... ရှင်ဟာ တကယ့် လူဆိုးကြီးကိုး"

"ဒါပေါ့ ... သွေးကျားရှဲ့ဟူဆိုတာ ငါပေါ့"

သွေးကျားရှဲ့ဟူသည် တစ်ချိန်က သိုင်းလောက၌ ထင်တိုင်ကြဲခဲ့သော လူဆိုးကြီးတစ်ယောက် ဖြစ်သည်။

ရှဲ့ဟူနှင့်အတူ သရဲမ၊ ဝံပုလွေနှင့် ကျီးကန်းဆိုသူတို့လည်း လက်တွဲပါဝင်ခဲ့ကြသည်။

သွေးကျား၊ သရဲမ၊ ဝံပုလွေနှင့် ကျီးကန်းတို့အား ရှောင်လင်ကျောင်းထိုင်ကိုယ်တိုင်က ဆုံးမနှိမ်နင်းခဲ့ရသည်။

သွေးကျားတို့ အရေးနိမ့်ခဲ့ပြီး တောင်းပန်ကြသဖြင့် ရှောင်လင်ကျောင်းတိုင်က အသက်ချမ်းသာပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သိုင်းလောကသို့ လုံးဝခြေမချရ၊ တစ်ယောက်နှင့် တစ်ယောက် မဆက်သွယ်ရဟု စည်းကမ်းသတ်မှတ်ခဲ့သည်။

သွေးကျားရှဲ့ဟူသည် တောထဲ တောင်ထဲ၌ လာရောက်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ရှိပြီဖြစ်ပါသည်။

ရှဲ့ဟူက ...

"မိန်းကလေး ... မင်းရဲ့ သိုင်းပညာ မဆိုးပေမယ့် ကျုပ်ကမမှုသေးဘူးဆိုတာ မှတ်ထားပါ"

ဟု ကြုံဝါးကာ သားကောင်ကို ခုန်အုပ်လိုက်သည့် ကျားတစ်ကောင်ပမာ နန်းကူးညဲထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

တုယို့လုံ ရင်ထိတ်သွား၏။

"ညီမ ... သတိထား"

နန်းလူးညဲအား သတိပေးပြီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

နန်းကူးညဲ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မကြောက်သေးဘူးရှင့်"

သူမသည် သွေးကျားရှဲ့ဟူနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်၏။

သူမ၏ခန္ဓာကိုယ်သည် လိပ်ပြာကလေးတစ်ကောင် ပျံ့ဝဲနေသည့်ပမာ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားသွားလေသည်။

သွေးကျားရှဲ့ဟူသည် လက်ငါးချောင်းဖြင့် ကုပ်ဆွဲတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သူ၏လက်ချောင်းကလေးများမှာ သံမဏိပမာ မာကျောနေပါသည်။



ကုပ်ဆွဲခံလိုက်ရပါက အသားများ အလွှာလိုက် ကွာကျသွားမည် ဖြစ်လေသည်။

သွေးကျားရှဲ့ဟူ၏ တိုက်ခိုက်မှု ပြင်းထန်လှသော်လည်း နန်း[illegible]ညဲ၏ အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။

နန်းကူးညဲက ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းရင်း ရုတ်[illegible]က် ရှဲ့ဟူ၏ နောက်ကျောဘက်သို့ ရောက်ရှိသွားပြီး ပခုံးကို [illegible]ချက် ပုတ်လိုက်လေသည်။

"ဟာ ..."

ရှဲ့ဟူ ထိတ်လန့်သွားသည်။

ဝါရင့်သိုင်းသမားကြီး တစ်ယောက်ဖြစ်ရကား ပခုံးကို ကျုံ့[illegible]ပြီး ဒူးကွေး၍ ခန္ဓာကိုယ် နိမ့်ချလိုက်ခြင်းဖြင့် ရှောင်တိမ်းရင်း [illegible]သို့ ခုန်ထွက်လိုက်လေသည်။

အကယ်၍ နန်းကူးညဲသာ အတွေ့အကြုံရှိသူတစ်ယောက် [illegible]င် လက်ဝါးဖြင့် ပုပ်ချပြီးသည်နှင့် ခြေထောက်ဖြင့် ကန်ကျောက်[illegible]ပါက ရှဲ့ဟူ ရှောင်တိမ်းနိုင်တော့မည် မဟုတ်ပါချေ။

ရှဲ့ဟူ မျက်နှာပျက်သွားလေသည်။

"ဒီကောင်မလေး အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့ရဲ့ ပညာ[illegible]တ်စရာကောင်းအောင် ထက်မြက်နေပါလား"

နန်းကူးညဲအား အနိုင်ယူဖို့မပြောနှင့်၊ မရှုံးအောင်ပင် မနည်း[illegible]ကာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ကောင်းစွာ နားလည်သဘော[illegible]သွားပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံ ဝမ်းသာသွားသည်။

"ညီမ သိပ်တော်တာပဲ"

ဟု ချီးကျူးလိုက်လေသည်။

"ခစ် ..."

နန်းကူးညဲက ရယ်မောလိုက်သည်။

"ကျွန်မ တော်လို့မဟုတ်ဘူး၊ သူက ညံ့လို့ပါရှင်"

သူမသည် သွေးကျားရှဲ့ဟူအား အသာစီးရလိုက်သော်လည်း မည်သို့မျှ သဘောမထားပါချေ။

"ကျွန်မတို့တောင်ပေါ်က အိမ်ဖော်တစ်ယောက်တောင် သူ့ထက် သိုင်းပညာတော်သေးတယ်ရှင့်"

ရှဲ့ဟူ၏ မျက်နှာကြီး မည်းမှောင်နေတော့သည်။

နန်းကူးညဲက ...

"ကဲ ... ကျွန်မတို့ သွားကြပါစို့ရှင်"

"ကောင်းပြီ"

တုယို့လုံ သဘောတူလိုက်သည်။

နှစ်ယောက်သား ထွက်သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ် ...

"ကျားဆိုးကြီး ဘာတွေဖြစ်နေတာလဲရှင့်"

စကားသံနှင့်အတူ အဘွားအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

☆ ☆ ☆



သွေးကျားရှဲ့ဟူ ဝမ်းသာသွားလေသည်။

"ညီမကွေ့ ... မြန်မြန်လာပါ"

ဟု အော်ခေါ်လိုက်လေသည်။

အဘွားအိုကား 'သရဲမ' ဟု သတင်းကြီးနေသော အနက်ရောင် သိုင်းသမားဆိုးကြီး တစ်ဦးဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်ကဆိုလျှင် သိုင်းလောက၌ သူမ၏အမည်ကို ကြားရသူတိုင်း ဖိန့်ဖိန့်တုန်သွားကြရလေသည်။

သရဲမ(ဝါ) ညီမကွေ့ဆိုသော အဘွားအိုက ...

"ရှင်ဘယ်လိုဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

ရှဲ့ဟူက ...

"ဒီကောင်မလေးကြောင့်ပေါ့"

"သူက ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ခြံဝင်းထဲကို ကျူးကျော်ဝင်လာပြီး နှောင့်ယှက်နေတယ်လေ"

"ဪ ..."

ညီမကွေ့သည် နန်းကူးညဲနှင့် တုယို့လုံတို့အား အကဲခတ်ကြည့်ပြီး မျက်မှောင်ကြုတ်သွားလေသည်။

"ဒီကလေးမလေးတွေက နှောင့်ယှက်နေတယ် ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး ... ရှင့်ရဲ့ခြံဝင်းအနီးတစ်ဝိုက်ကို ရောက်လာတဲ့ လူမှန်သမျှကို ရှင်က သတ်ပစ်လိုက်တာချည်းပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သတ်ပစ်ရမှာပေါ့၊ ဒါမှ သိုင်းလောကထဲ ကျုပ်တို့ပြ
ယ်မယ်ဆိုတာ ရုတ်တရက် ဘယ်သူမှ မသိနိုင်ကြမှာပေါ့"

သွေးကျားရဲ့ဟု၊ သရဲမ၊ ဝံပုလွေနှင့် ကြီးကန်းတို့
ရောင်လင်ကျောင်းထိုင်အား မှုနိမ့်ပြီးနောက် သိုင်းလောကအား
နိုင်းလိုက်ရသည်ကို မကျေနပ်နိုင်ကြပါချေ။

တစ်ချိန်ချိန်တွင် သိုင်းလောက၌ ပြန်လည်ခြေချမည်။
လင်ကျောင်းအား ဖျက်ဆီးပစ်မည်ဟု သံန္နိဋ္ဌာန်ချထားကြသည်

ဇာတ်မြုပ်နေလိုက်ကြသည့် အချိန်ကာလအတွင်း သိုင်း
ကို ဖိဖိစီးစီး လေ့ကျင့်ခဲ့ကြလေသည်။

နှစ်ပေါင်း နှစ်ဆယ်ကာလအတွင်း သူတို့၏ သိုင်းပညာ
မှန်းဆမရနိုင်အောင် တိုးတက်ခဲ့လေသည်။

သူတို့လေးယောက် ပူးပေါင်းလိုက်လျှင် မျှော်လင့်ထား
အတိုင်း သိုင်းလောက၌ တစ်ကျော့ပြန် သောင်းကျန်းနိုင်လိမ့်
ယုံကြည်ထားကြသည်။

ယခုတော့ နန်းကူးညံကဲ့သို့ မိန်းမငယ်လေးတစ်ယောက်
မယှဉ်နိုင်အောင် ဖြစ်နေသောအခါ ခံပြင်းသွားကြတော့သည်

သရဲမ(ဝါ) ညီမကွေ့ဆိုသော အဘွားအိုက …

"သူတို့ကို သတ်ပစ်ဖို့လည်း ရှင် ကြိုးစားခဲ့တာပဲ မဟုတ်

"ဒါပေါ့ …"

"ဒါပေမယ့် ရှင် မတတ်နိုင်ခဲ့ဘူးပေါ့"

ရဲ့ဟု စိတ်မရှည်နိုင်အောင် ဖြစ်လာလေသည်။



"ညီမကွေ့ သူ့ကို မြန်မြန်ဆုံးမလိုက်ပါ"

ညီမကွေ့ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီရှင်"

သူမသည် နန်းကူးညံထံသို့ လှမ်းသွားပြီး ခြေဆုံးခေါင်းဆုံး
ကြည့်လိုက်လေသည်။

"မိန်းကလေး … မင်းရဲ့ဆရာက ဘယ်သူလဲ ပြောပါဦး"

နန်းကူးညံ ခေါင်းခါယမ်းလိုက်သည်။

"မပြောဘူး …"

"ညည်း …"

"ရှင်မေးတိုင်း ပြောရမှာလား၊ ကျွန်မက ဘီလူးမကြီးဆိုရင်
ခံမှန်းတာရှင့်"

"ဘာ …"

ညီမကွေ့မှာ ပြောစမှတ်ပြုရအောင် ရုပ်ဆိုးအကျည်းတန်သူဖြစ်
သည်။

အသားမည်းကြွတ်ကြွတ်၊ မျက်လုံးပြူးပြူး၊ နှာခေါင်းကောက်
သွားခေါသူဖြစ်သည်။

နားရွက်နှစ်ဖက်ကလည်း အဆမတန်ကြီးမားလေသည်။

ရုပ်ဆိုးလှသူဖြစ်သော်လည်း သူမအား ရုပ်ဆိုးသည်ဟု ပြော
ည်ကို တစ်စက်ကလေးမှ မကြိုက်သူဖြစ်သည်။

ညီမကွေ့ ဒေါပွသွားတော့သည်။

"ညည်းကများ ငါ့ကို ရုပ်ဆိုးတဲ့ ဘီလူးမကြီးလို့ ပြောဝံ့သေး
သေဖို့သာ ပြင်ထားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ဝေးဝေး မစဉ်းစားဘဲ လက်ဝါးနှစ်ဖက် အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူမ၏ လက်ဝါးရိုက်ချက်မှာ အတွင်းအားပါရှိပြီး လက်ဝါး ဆန့်ထုတ်လိုက်ချိန်၌ အဆိပ်လက်နက်ပုန်းလေးများဖြင့်လည်း တိုက်ခိုက်ပြီးသား ဖြစ်သွားလေသည်။

တုယို့လုံ ထိတ်လန့်သွားပြန်သည်။

"ညီမ သတိထားပါ"

ညီမကျွေနှင့် ရင်ဆိုင်ဖို့မဝံ့ရဲဘဲ နန်းကူးညံ့ကိုသာ သတိပေး လိုက်ရလေသည်။

နန်းကူးညံ့ ရယ်မောလိုက်သည်။

"ဒီလောက်တော့ အပျော့ပေါ့ရှင်"

သူမ၏လက်ကို ဝေ့ယမ်းလိုက်ရာ ပစ်လွှင့်လာသော အဆိပ် အပ်များကို ဖမ်းယူထားပြီးသား ဖြစ်သွား၏။

တစ်ဖန် ထိုအဆိပ်အပ်ကလေးများဖြင့်ပြန်လည်ပစ်ခတ်လိုက် ရာ ညီမကျွေ၏ လက်ဝါးနှစ်ဖက်၌ အဆိပ်အပ်ကလေးများ စိုက်ဝင် သွားလေတော့သည်။

"အမလေး ..."

ညီမကျွေ အထိတ်တလန့် အော်ကာ နောက်ဆုတ်လိုက်သည်။

လက်ဝါး၌ စိုက်ဝင်နေသော အဆိပ်အပ်ကလေးများကိုလည်း ကပျာကယာ ဆွဲနုတ်လိုက်လေသည်။

သူမသည် အဆိပ်ဖြေဆေး ကြိုသောက်သုံးထားသူဖြစ်



ဆိပ်တက်မည်ကို စိုးရိမ်စရာမလိုသော်လည်း နန်းကူးညံ့နှင့် ထပ်မံ ဆိုင်ဖို့ကား မဝံ့ရဲအောင်ဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပင် ...

"တယ်တော်တဲ့ မိန်းကလေးပါလား"

ချီးကျူးသံနှင့်အတူ အဘိုးအိုနှစ်ယောက် ရောက်ရှိလာလေ သည်။

☆ ☆ ☆

တစ်ချိန်က သိုင်းလောက၌ ဆိုးသွမ်းသောင်းကျန်းခဲ့ကြသည့် ကြီးလေးယောက်၌ပါဝင်သော ဝံပုလွေနှင့် ကျီးကန်းတို့ ရောက် ကြလေသည်။

ဝံပုလွေဘွဲ့ထူးရှိသော အဘိုးအိုမှာ ပုပုကွကွရှိလေသည်။

ကျီးကန်းဘွဲ့ထူးရှိသော အဘိုးအိုကား ခန္ဓာကိုယ်ပိန်ပိန်ပါးပါး သည်။

ကျီးကန်းနှင့် ဝံပုလွေတို့ ရောက်ရှိလာကြခြင်းကြောင့် ရှဲ့ဟူနှင့် တို့ အားတက်သွားကြလေသည်။

အမှန်တော့ ညီမကျွေ၊ ကျီးကန်းနှင့် ဝံပုလွေတို့ ရှဲ့ဟူထံသို့ ရှိလာကြသည်မှာ အကြောင်းရှိလေသည်။

သိုင်းလောက၌ ပြန်လည်ခြေချကာ ဆိုးသွမ်းသောင်းကျန်း ပြင်ဆွေးနွေးကြဖို့ ဖြစ်သည်။

ဝံပုလွေက ...

www.burmeseclassic.com

www.burmeseclassic.com



"ညီမကွေ က ကလေးတစ်ယောက်ကို ညှာတာလိုက်တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ကျီးကန်းက ...

"မတွေ့တာကြာလို့လား မသိဘူး၊ ညီမကွေဟာ သဘောထားတွေ ပြောင်းပြီး တော်တော်သဘောကောင်းလာတာပဲ"

ပြောပြီး နှစ်ယောက်သား ရယ်မောလိုက်ကြလေသည်။

"သရုံမ(ဝါ) ညီမကွေ ဒေါပွသွား၏။

"ကျွန်မက သူ့ကိုညှာလိုက်တာမဟုတ်ဘူး၊ သူက ညှာလိုက်တာဆိုတာ ရှင်တို့မတွေ့ဘူးလား"

ကျီးကန်းက ...

"သူ ညှာလိုက်တာ ဟုတ်လား"

"ဟုတ်တယ်လေ၊ သူက ကျွန်မရဲ့ အဆိပ်အပ်တွေကို ဖယ်ပြီး ကျွန်မရဲ့မျက်နှာကို ပစ်လိုက်မယ်ဆိုရင် ကျွန်မ ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူးရှင့်"

"ဒီလောက်တောင်ပဲလား"

"ရှင်မယုံရင် စမ်းကြည့်ပါလား"

"ကောင်းပြီ ..."

ကျီးကန်းက ရှေ့တိုးကာ နန်းကူးညဲနှင့် ရင်ဆိုင်လိုက်၏။

ယခုတစ်ကြိမ် တုယို့လုံးမှာ နန်းကူးညဲအတွက် စိုးရိမ်စရာ ခြင်း မရှိတော့ပါ။

နန်းကူးညဲသည် ကျီးကန်းကိုလည်း ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေတော့သည်။



နန်းကူးညဲက ကျီးကန်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

"ရှင်က လူတစ်ယောက်နဲ့မတူဘဲ ငှက်တစ်ကောင်နဲ့ တူနေတာကြောင့်လဲရှင်"

သူမ၏အမေးစကားသည် ကျီးကန်းအတွက် ဒေါပွစရာဖြစ်သွားလေတော့သည်။

"ငါက ငှက်တစ်ကောင်နဲ့ တူနေတာ မင်းကို နှုတ်သီးနဲ့ ထိုးဆိတ်ချင်လို့ပေါ့"

စကားဆုံးလျှင် လက်ချောင်းကလေးများအား ငှက်နှုတ်သီးပုံစံလုပ်ကာ စုစည်းကာ နန်းကူးညဲအား တိုက်ခိုက်လိုက်လေသည်။

နန်းကူးညဲကလည်း လက်ညှိုး လက်မ အသုံးပြုကာ စုစည်းထားသော ကျီးကန်း၏ လက်ချောင်းကလေးများကို ဖျပ်ခနဲ ဖမ်းညှပ်ထားလိုက်လေသည်။

သူမ၏လက်မနှင့် လက်ညှိုးက ပိုက်ရွမာကျောနေပါသည်။

"ဖျောက် ..."

အရိုးကျိုးသံ ထွက်ပေါ်လာလေသည်။

"အမလေးဗျာ"

ကျီးကန်း အထိတ်တလန့်အော်ကာ နောက်ဆုတ်သွားတော့သည်။

သူ၏လက်ကိုလည်း ခါယမ်းနေ၏။ မျက်နှာကြီးလည်း ရှုံ့မဲ့နေလေသည်။

ဝံပုလွေက ခံပြင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးကိုတောင် အနိုင်မယူနိုင်ရင် သိုင်းလောက ပြန်ထွက်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်တော့မှာလဲ"

နန်းကူးညံအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

"နန်းကူးညံက ...

"ဟိတ် ..."

ညာသံပေးကာ မြေပေါ် ခြေဆောင့်၍ အပေါ်ခုန်တက်လိုက်သည်။

သူမ၏ခန္ဓာကိုယ် လေထဲရောက်ရှိသွားပြီး ခြေတစ်ဖက် ဆန့်ထုတ် ကန်ကျောက်လိုက်လျှင် ...

"ဖျောင်း ..."

ဝံပုလွေ၏ မျက်နှာကို တည့်တည့်မတ်မတ် ကန်ကျောက်လိုက်လေသည်။

ဝံပုလွေ သွားသုံးချောင်းကျိုးပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရတော့သည်။

ကျီးကန်း၊ သရဲမ၊ ဝံပုလွေနှင့် သွေးကျားရှဲ့ဟူ ထိပ်သီး လူဆိုးကြီးလေးဦးမှာ နန်းကူးညံအား မည်သို့မျှမယှဉ်နိုင်အောင် ဖြ နေကြပါသည်။

နန်းကူးညံက ပြုံးစိစိဖြင့် ပြောသည်။

"ရှင်က ဝံပုလွေတစ်ကောင်နဲ့တူလို့ လူတွေကို လိုက်မကိုက်နိုင်အောင် ရှင့်ရဲ့အစွယ်တွေကို ချိုးပစ်လိုက်တာလေ"

သူမသည် ကလေးဆန်သည့်အပြင် စိတ်ကူးပေါက်ရာ လေ တတ်သူလေးတစ်ယောက်နှင့် တူနေသည်။



ထိုအချက်ကို တုယို့လုံနည်းတူ ရှဲ့ဟူတို့လည်း သတိပြုမိလိုက်ကြလေသည်။

ရှဲ့ဟူက ရှေ့တိုးလိုက်သည်။

"မိန်းကလေးရဲ့ သိုင်းပညာ သိပ်တော်တာပဲ၊ ချီးကျူးပါတယ် ၊ ချီးကျူးပါတယ်"

ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

နန်းကူးညံ မဲ့ပြုံး ပြုံးလိုက်သည်။

"စောစောကတော့ ကျွန်မကို အမျိုးမျိုး အပြစ်တင်ပြောဆိုပြီး တော့ ချီးကျူးနေတယ်၊ ရှင်မရှက်ဘူးလား"

"ဟင်း ... ဟင်း ... မိန်းကလေး သိုင်းပညာ ဒီလောက်တော် း မသိလို့ပါ၊ မိန်းကလေး လိမ္မော်သီး ကြိုက်တယ်မဟုတ်လား၊ ရဲ့ခြံထဲမှာ ကြိုက်သလောက် ခူးစားနိုင်ပါတယ်"

နန်းကူးညံ စိတ်ပြောင်းသွားလေသည်။

"ရှင်တကယ် ပြောတာလား"

"တကယ်ပါ"

ရှဲ့ဟူက သူ၏လူများအား လက်ဝှေ့ယမ်းပြလိုက်သည်။

"ဟေ့ ... လိမ္မော်သီးတွေ ခူးလိုက်ကြစမ်း"

"ကောင်းပါပြီ သခင်ကြီး"

ရှဲ့ဟူး၏ လူများသည် ကောင်းပေ့ ကြီးပေ့ဆိုသော လိမ္မော် း ခူးပေးလိုက်ကြလေသည်။

နန်းကူးညံ ဝမ်းသာအားရဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မအမှုမထားတော့ဘဲ တင်ပျဉ်ခွေထိုင်ကာ လိမ္မော်သီးများကို တစ်လုံးပြီးတစ်လုံး စားနေလိုက်လေတော့သည်။

☆ ☆ ☆

နန်းကူးညံ့က လိမ္မော်သီးစားနေသည်။

တုယို့လုံသည် သူမ၏အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်သွားပြီဖြစ်လေသည်။

သူမသည် သိုင်းပညာ အလွန်တော်သော်လည်း ကလေးတစ်ယောက်ကဲ့သို့ အတွေးရှိသူလေးသာ ဖြစ်လေသည်။

ကျပ်မပြည့်သော ဝေဒနာရှင်လေးတစ်ယောက်ဖြစ်နေသည်တကား။

တုယို့လုံသည် တီးတိုးတိုင်ပင်နေကြသည့် ရှဲ့ဟူတို့ကို ကြည့်ပြီး စိတ်ပူလာလေသည်။

"ညီမ ... ကျုပ်တို့ ဒီနေရာကမြန်မြန်သွားကြရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

နန်းကူးညံ့ လက်မခံပါချေ။

"လိမ္မော်သီးတွေ အများကြီးပဲ၊ ကျွန်မစားလို့ မဝသေးဘူးရှင့်"

တုယို့လုံ စိတ်ပျက်သွားတော့သည်။

ထိုစဉ် ရှဲ့ဟူတို့က အနီးသို့ချဉ်းကပ်လာကြလေသည်။

ရှဲ့ဟူက ပြုံးရွှင်သော မျက်နှာထားဖြင့်ပြော၏။

"မိန်းကလေး ... ကျုပ်တို့နဲ့ အိမ်ထဲကို လိုက်ခဲ့ပါလား၊ လိ



သက် ပိုကောင်းတဲ့ စားကောင်းသောက်ဖွယ်တွေနဲ့ ကျွေးမွေးခဲ့ပါရစေဗျာ"

နန်းကူးညံ့ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ကျွန်မက လိမ္မော်သီးပဲကြိုက်တယ်"

"ဒါဆိုရင်လည်း ကျုပ်က ..."

ရှဲ့ဟူသည် စကားဆုံးအောင်မပြောဘဲ ပပုလွေတို့အား အချက်ပြလိုက်လေသည်။

ထို့နောက် လေးယောက်သား ပြိုင်တူလှုပ်ရှားလိုက်ကြလေသည်။

သူတို့သည် အလွန်ခိုင်ခံ့သော ပိုက်ကွန်ကြီးတစ်ခုဖြင့် တုယို့လုံအား အုပ်ချလိုက်ခြင်းဖြစ်လေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် နန်းကူးညံ့နှင့် တုယို့လုံတို့မှာ မိသွားပြီး ပိုက်ကွန်ကြီးဖြင့် ဖုံးအုပ်ခြင်းခံလိုက်ရလေတော့သည်။

"ဒါ ဘာလုပ်တာလဲ"

"လူယုတ်မာတွေ ..."

နန်းကူးညံ့နှင့် တုယို့လုံတို့ အော်ဟစ်ရန်းကန်လိုက်ကြသော်လည်း လွတ်မြောက်နိုင်ခြင်း မရှိတော့ပါ။

"ဟား ... ဟား ... ဟား"

ရှဲ့ဟူတို့လေးယောက် ဟားတိုက်ရယ်မောလိုက်ကြလေသည်။

ရှဲ့ဟူက ...

www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်မလေး၊ ခုတော့ မင်း ဘာတတ်နိုင်သေးသလဲ"

ဟု ဝေါက်လိုက်သည်။

ဝံပုလွေက ...

"သူတို့ကို သတ်ပစ်လိုက်မှ စိတ်အေးရမယ်"

ဟု ပြောလျှင် ကျီးကန်းက ထောက်ခံလိုက်လေသည်။

"ဟုတ်တယ် ... ခုချက်ချင်း သတ်ပစ်လိုက်စမ်းပါ"

"နေဦး ..."

ညီမကွေက ဟန့်တားလိုက်၏။

"သူတို့ကို ဒီအတိုင်း သေခွင့်ပေးလိုက်ရင် ဘယ်တရားပါ့မလဲ"

"ညီမကွေက ဘာလုပ်ချင်လို့လဲ"

"ကျွန်မတို့ကို စိတ်အနှောင့်အယှက်ပေးခဲ့မှတော့ သူတို့လည်း နှိပ်စက်ညှဉ်းပန်းပြီး သတ်ပစ်ရမှ ကျေနပ်နိုင်မှာပေါ့ရှင်"

"ကောင်းတယ် ... ကောင်းတယ်"

ရှဲ့ဟူတို့ ချက်ချင်း သဘောတူလိုက်ကြလေသည်။

နန်းကူးညှ်နှင့် ဘုယို့လုံတို့အား ရက်ရက်စက်စက် နှိပ်စက်၍ သတ်ပစ်ကြတော့မည် ဖြစ်လေသည်။

ထိုစဉ် အဝေးမှ စူးရှသော အသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

နန်းကူးညှ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူမလည်း စူးရှသော အော်ဟစ်သံတစ်ချက် ပြုလုပ်လိုက်ရာ မရှေးမနှောင်းမှာပင် ...



"ဟူး ... ဟူး ..."

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး လူရိပ်တစ်ခုသည် ငှက်ကြီးတစ်ကောင် ပျံဝဲလာသည့်ပမာ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

☆ ☆ ☆

မုတ်ဆိတ်ဖြူများ ရင်ဘတ်ထိအောင်ရှိသော အဘိုးအိုတစ်ယောက် ရောက်ရှိလာလေသည်။

"ဘိုးဘိုး ..."

နန်းကူးညှ် ဝမ်းသာအားရ ခေါ်လိုက်သည်။

အဘိုးအို ဒေါပွသွားသည်။

"ငါ့မြေးကို ဘယ်သူက ပိုက်ကွန်နဲ့ ဖမ်းထားရတာလဲ"

လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ...

"ဗိုး ..."

ပိုက်ကွန်ကြီးမှာ အပေါ်သို့ လွင့်တက်ကာ နန်းကူးညှ်နှင့် ဘုယို့လုံ လွတ်မြောက်သွားကြလေတော့သည်။

နန်းကူးညှ်က အဘိုးအိုထံသို့ ပြေးသွား၏။

အဘိုးအိုက ဆီးကြိုပွေ့ဖက်ထားလိုက်သည်။

"ဘိုးဘိုး ... လိမ္မော်သီးတွေ သိပ်စားလို့ကောင်းတယ်"

လက်ထဲမှ လိမ္မော်သီးနှစ်လုံးကို ပြကာ နန်းကူးညှ်က ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ...

"ငါမြေး တောင်ပေါ်က တိတ်တိတ်ကလေး ဆင်းသွားတာကြောင့် အားလုံး စိတ်ပူနေကြတယ်၊ တောင်ပေါ်ကို ပြန်လိုက်ခဲ့ရမယ်နော်"

"ဟုတ်တယ် ... ပြန်မယ်၊ တောင်အောက်မှာ ငရဲသားတွေ၊ ဘီလူးကြီးတွေ သောင်းကျန်းနေတာ၊ ကျွန်မလည်း မနေချင်တော့ဘူး"

"ဒါဖြင့် သွားစို့"

"ဟုတ်ကဲ့ ဘိုးဘိုး"

အဘိုးအိုက ရှဲ့ဟူးတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး နန်းကူးညဲ၏ လက်ကိုဆွဲကာ ထွက်ခွာသွားလေတော့သည်။

တယ်ယို့လုံ ငေးကြည့်နေမိ၏။

နန်းကူးညဲက သူ့ကိုပင် ဂရုမစိုက်တော့သဖြင့် ဝမ်းနည်းသွား၏။

"ဒီမိန်းကလေးဟာ တကယ်ပဲ ကျုပ်မပြည့်သူလေး တစ်ယောက် ဖြစ်နေတာကို"

သူမသည် အဘိုးဖြစ်သူနှင့် လိုက်ပါသွားပြီး သူ့အားမေ့လျော့သွားမည်ဟု တွေးမိလေသည်။

အဘိုးအိုနှင့် နန်းကူးညဲတို့ လျင်မြန်စွာ ထွက်သွားကြပြီး တစ်ခဏာတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။



ရှဲ့ဟူ သက်ပြင်းချလိုက်သည်။

"ဒီအဘိုးကြီးက ဘယ်သူလဲ"

ညီမကွေက ...

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်က သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ သိုင်းဧကရာဇ်နန်းချောင်ဟာ သိုင်းလောကကိုကျော်နင်းပြီး လူသူဝေးလံပြီး ရောက်ဖို့ခက်ခဲတဲ့ တောင်ကုန်းတစ်ခုမှာ သွားပြီး နေထိုင်ခဲ့တယ်၊ သူ့ရဲ့မျိုးဆက်တွေဟာ သိုင်းဧကရာဇ်နန်းချောင်ရဲ့ ပညာအမွေကို ဆက်ခံပြီး သိုင်းပညာအထူး ကျွမ်းကျင်ကြသမယ့် တောင်ပေါ်မှာပဲ နေထိုင်ကြတော့တယ်၊ သိုင်းလောကထဲကို မဆင်းကြတော့ဘူး"

ဝံပုလွေက ...

"သူတို့ဟာ သိုင်းဧကရာဇ်နန်းချောင်ရဲ့ အဆက်အနွယ်တွေလို့ ပြောချင်တာလား"

"သိုင်းလောကမှာ ဘယ်သူကများ ကျုပ်တို့ကို ကလေးကစားသလို ကစားပြီး အနိုင်ယူနိုင်မှာလဲ၊ ရှောင့်လင်ကျောင်းထိုင်တောင် ဒီလိုလုပ်နိုင်မှာမဟုတ်ဘူး"

ကျိုးကန်း ထောက်ခံလိုက်သည်။

"သိုင်းဧကရာဇ်နန်းချောင်ရဲ့ အဆက်အနွယ်တွေကပဲ ကျုပ်တို့ကို ဒီလိုလုပ်နိုင်မှာပါဗျာ"

ညီမကွေ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ရှဲ့ဟူက ...

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးက ဘာမှမလုပ်ဘဲ ထွက်သွားလို့ ကံကောင်းတာ ဒါမှမဟုတ်ရင် မလွယ်ဘူး"

မည်သို့ဆိုစေ နန်းကူးညံကြောင့် သူတို့ ထိခိုက်ခဲ့ကြသည်က တော့ အမှန်ပင်ဖြစ်လေသည်။

ရှဲ့ဟူတို့သည် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော တုယို့ရဲ့ အား ကြည့်လိုက်ကြသည်။

ညီမကွေ့က မေးလိုက်သည်။

"မင်းကော ဟိုမိန်းကလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ အမှန်အတိုင်း ပြောစမ်း"

တုယို့လုံသည် မတတ်သာဘဲ အမှန်အတိုင်း ပြောလိုက်သည်။

နန်းကူးညံနှင့် ပတ်သက်ခြင်းမရှိ၊ မမျှော်လင့်ဘဲ ဆုံတွေ့ ကြခြင်းဖြစ်ကြောင်း သိလျှင် ညီမကွေ့ ရယ်မောလိုက်၏။

"သိပ်ကောင်းတယ်၊ မင်းတို့ ဘယ်လိုမှမပတ်သက်ကြဘူးဆို ရင် သိပ်ကောင်းတာပေါ့၊ မင်းကို သတ်ပစ်လိုက်ရင် ဘယ်သူမှ ဘာပြောမလဲ"

"ဗျာ ..."

"ဟိုကောင်မလေး သောင်းကျန်းသွားသမျှ မင်းကိုပဲ အပြစ်ပေး ရတော့မယ်၊ ကဲ ... သေဖို့သာ ပြင်ထားပေတော့"

ညီမကွေ့က တုယို့လုံအား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင် လိုက်လေသည်။

ထိုစဉ် ...



"ခင်ဗျားတို့ ခုချိန်ထိ မိုက်လုံးကြီးနေကြတုန်းပဲကိုး"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ သည်။

☆ ☆ ☆

ဥပဓိရုပ် တည်ကြည်ခံ့ညားပြီး အဖြူရောင် ဝတ်ဆင်ထားသူ တစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူကိုမြင်လျှင် တုယို့လုံ ဝမ်းသာသွား၏။

ထိုလူမှာ ထိပ်ပေါက် ဝမ်ကွမ်းနှင့် မြေရှင်မတို့အား ဆုံးမခဲ့သူ ဖြစ်ပါလား။

ရှဲ့ဟူတို့ မျက်မှောင်ကြုတ်သွားကြသည်။

ဝဲပုလွေက ...

"ခင်ဗျား ဘယ်သူလဲ"

ထိုလူက ...

ကျုပ်က အညတရတစ်ယောက်ပါဗျ"

"ဘာဗျ ..."

"သိုင်းသမားဆိုးတွေကို ဆုံးမနှိမ်နင်းနေတဲ့ အညတရပါဗျာ"

တုယို့လုံသည် အညတရဆိုသော စကားကြောင့် စိတ်ဝင်စား သွားလေသည်။

သူလိုက်ရှာနေသည့် သိုင်းဆရာ စိန်လျှံမှာ ဝင့်ကြွားခြင်းမရှိဘဲ အညတရတစ်ယောက်ကဲ့သို့ ကျင့်ကြံသူမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းက ...

"ဩော် ... သိုင်းသမားဆိုးတွေကို ဆုံးမနေတဲ့ လူကိုး၊ ဒီနေ

အထိ လာခဲ့တာ ချီးကျူးစရာပါပဲ"

ဟု ခနဲ့လိုက်လေသည်။

ထိုလူက ...

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ဓာတ်မြှုပ်နေခဲ့ကြ

တဲ့ လူဆိုးကြီးလေးယောက်ဟာ ပြန်ပြီး ခေါင်းထောင်လာဖို့ ကြိုး

နေကြတယ်၊ အဖြူရောင်သိုင်းသမားတွေကို လစ်ရင် လစ်သ

လုပ်ကြံပစ်နေတယ်ဆိုတာ ကျုပ် သိထားပြီးပါပြီဗျာ"

လက်ဝှေ့ယမ်းရင်း စကားဆက်လိုက်သည်။

"အထူးသဖြင့် ဒီခြံဝင်းအနီးတစ်ဝိုက်ကို ရောက်လာရင် သိ

သမားတွေသာ မကဘူး၊ အပြစ်မဲ့တဲ့ ပြည်သူတွေကိုပါ လုပ်ကြံ

ဖြတ်ပစ်တာ အဆိုးဝါးဆုံးပဲ၊ ဒါကြောင့်လည်း ခင်ဗျားတို့ကို

ဖို့ ကျုပ် လာခဲ့ရတာပါဗျာ"

ရှဲ့ဟူတို့ ဒေါသထွက်သွားကြလေသည်။

"ကြီးကြီးကျယ်ကျယ် မင်းက ဘာမို့လဲ"

"သေဖို့ပြင်ထား ..."

ကြုံးဝါးကာ လေးယောက်သား လက်တွဲ၍ ထိုလူအား

ခိုက်လိုက်ကြ၏။

ထိုလူကလည်း အကြောက်အရွံ့ကင်းမဲ့စွာဖြင့် ပြန်လည်

တိုက်ခိုက်လိုက်လေတော့သည်။

☆ ☆ ☆



တိုက်ပွဲမှာ ပြင်းထန်လှသည်။

သို့သော် အချိန်ကြာမြင့်လှသည်တော့ မဟုတ်ပါချေ။

"ဝုန်း ..."

"အမေလေး ..."

"သေပါပြီဗျ ..."

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာပြီး ရှဲ့ဟူတို့ လေး

ယောက် အဝေးသို့ လွင့်စဉ်သွားကြလေသည်။

အညတရဆိုသူမှာလည်း ကြောက်မက်ဖွယ်ကောင်းအောင်

သိုင်းပညာတော်သူ ဖြစ်နေသည်။

ရှဲ့ဟူတို့ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားကြတော့

သည်။

ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသည့် တစ်ခဏတာအချိန်အတွင်း

အညတရက သူတို့၏သိုင်းပညာများကို ဖျက်ဆီးပစ်လိုက်ပြီ မဟုတ်

လား။

ရှဲ့ဟူတို့ ခေါင်းငိုက်စိုက်ချထားလိုက်ကြလေသည်။

အညတရ ပြုံးလိုက်သည်။

"ခင်ဗျားတို့ရဲ့ သိုင်းပညာကို ဖျက်ဆီးထားလိုက်ပြီဆိုတော့

လောကအတွက် စိတ်အေးရပါပြီ၊ ခင်ဗျားတို့ရဲ့အသက်ကို

ပေးလိုက်တာကိုပဲ ကျုပ်ကို ကျေးဇူးတင်ရဦးမယ်၊ ခင်ဗျားတို့

သက်လုံး ဓာတ်မြှုပ်နေလိုက်ကြတာ အကောင်းဆုံးဖြစ်မယ်"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ် တုယို့လုံ ငေးငိုင်မနေတော့ဘဲ ထိုလူ၏နောက်သို့ ပြေးလိုက်သွားလေတော့သည်။

☆ ☆ ☆

အညတရဆိုသူသည် အတန်ကြာသွားပြီးလျှင် ခြေလှမ်းရပ်လိုက်လေသည်။

သူ၏နောက်သို့ တုယို့လုံ လိုက်လာသည်မဟုတ်ပါလား။

ထိုလူက တုယို့လုံအား ကြည့်လိုက်သည်။

"မင်းက ဘာကြောင့် ငါ့နောက်ကို တကောက်ကောက် လိုက်နေတာလဲ ပြောပါဦး"

တုယို့လုံ ဦးညွှတ်လိုက်သည်။

"ဆရာကြီးဆီမှာ တပည့်ခံချင်လို့ပါ"

"ဟော..."

ထိုလူ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

တုယို့လုံ မြေပေါ် ဒူးထောက်ချလိုက်သည်။

"ကျွန်တော့်ကို သိုင်းပညာသင်ပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ထိုလူ ရယ်မောလိုက်သည်။

"မင်း တပည့်ခံပုံကလည်း တစ်မျိုးကြီးပါလားကွ၊ ကဲ... မင်း နာမည် ဘယ်သူလဲ၊ ပြောစမ်းပါဦး"

"ကျွန်တော့်နာမည် တုယို့လုံလို့ ခေါ်ပါတယ် ခင်ဗျာ"



ထိုလူက တုယို့လုံအား အကဲခတ်ကြည့်နေသည်။

တုယို့လုံက ...

"ကျွန်တော်ဟာ ရွာပိုင်ရှင် တုပို့ရဲ့ သားပါ"

သူ၏ အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ထိုလူသည် တုယို့လုံ၏ စကားဆုံးအောင် နားထောင်ပြီးမှ ...င်းကဆတ်ဆတ်ညိတ်လိုက်လေသည်။

"မင်းရဲ့အဖြစ်က အတော့်ကို စိတ်ဝင်စားစရာကောင်းတာပဲ၊ ...က် သိုင်းဆရာစိန်လျှံဆီမှာ ပညာသင်ယူသွားမယ်လို့ မင်း ...ဖြတ်ထားတာ တကယ်ပဲလား"

"တကယ်ပါ၊ ဆရာကြီးစိန်လျှံဟာ အင်မတန် ကြည်ညိုလေး ...ရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ၊ သူ့ဆီမှာ သိုင်းပညာ ...ယူနိုင်မယ်ဆိုရင် ကျွန်တော့်ရဲ့ရည်ရွယ်ချက်တွေ ပြည့်ဝအောင် ...သွားမယ်လို့ ယုံကြည်ထားပါတယ်ခင်ဗျာ"

ထိုလူ ပြုံးလိုက်သည်။

"ဆရာကြီးစိန်လျှံကို မင်း အထင်ကြီးနေတာကိုး၊ နေပါဦး ...ကို မင်းမြင်ဖူးလို့လား"

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"တစ်ကြိမ်တစ်ခါမှ မတွေ့ဘူး၊ မမြင်ဖူးပါဘူး ခင်ဗျာ"

"ကောင်းပြီ ... ငါဘယ်သူလဲဆိုတာကော မင်းသိသလား"

"ကျွန်တော် မသိပါဘူးခင်ဗျာ"

"မင်းမသိဘဲနဲ့ ဘာ့ကြောင့် ငါ့ဆီမှာ တပည့်ခံချင်ရတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ လူဆိုးဓားပြကြီးတစ်ယောက် ဖြစ်နေရင် မင်းဘယ်လိုလုပ်မလဲ"

တုယို့လုံက ...

"ဆရာကြီးဟာ လူဆိုးကြီးတွေကို ဆုံးမခဲ့တဲ့ သူဟာ ဘယ်နည်းနဲ့မှ လူဆိုးဓားပြကြီးတစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်ခင်ဗျာ"

ထိုလူ သက်ပြင်းချလိုက်လေသည်။

"မင်းက ငါ့ကိုယုံကြည်ပြီး ငါ့ဆီမှာ သိုင်းပညာသင်ယူချင်နေတာကိုး၊ ကောင်းပြီလေ ... ငါ့နောက်ကို လိုက်ခဲ့ပေတော့"

တုယို့လုံ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုလူထွက်သွားတာကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေပြီးမှ ...

"သူ့နောက်ကို လိုက်ခဲ့ဖို့ခေါ်တာ ငါ့ကို တပည့်အဖြစ် လက်ခံမယ်ဆိုတဲ့ သဘောပဲ"

ဟုတွေးကာ ဝမ်းသာအားရ ဖြစ်သွားလေသည်။

ထိုနောက် ဘူးထောက်ရာမှ ထကာ ထိုလူနောက်သို့ ပြေးလွှားလိုက်သွားလေတော့သည်။

☆ ☆ ☆



## ဆရာ

နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးပျောက်ကွယ်သွားပြီ ...သည်။

တုယို့လုံနှင့် သိုင်းဆရာကြီးတို့သည် တောလမ်းအတိုင်း ခရီး ...ကြရင်း လူသူစွန့်ခွာသွားသည့် ဘုံကျောင်းပျက်လေးတစ်ခု၌ ...ညတာ အနားယူလိုက်ကြလေသည်။

မီးပုံမှ ထင်းချောင်းများမှာ တဖျစ်ဖျစ်မြည်ကာ မီးစွဲလောင် ...သည်။

မီးပုံမှ မီးရောင်ကြောင့် ဘုံကျောင်းပျက်လေးထဲ၌ လင်းလင်း ...ချင်း ရှိနေသည်။

တုယို့လုံနှင့် သိုင်းဆရာကြီးတို့ မျက်နှာချင်းဆိုင် ထိုင်နေကြ ...သည်။

သိုင်းဆရာကြီးသည် အသင့်ဆောင်ထားသော အထုပ်လေးထဲမှ ...ခြောက်များ ထုတ်ယူကာ ကျွေးမွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံ ကျေးဇူးတင်နေပါသည်။

ထိုဆရာကြီးမှာ သိုင်းပညာထက်မြက်သူ ဖြစ်ရကား သူ့ထံမှ သိုင်းပညာ သင်ယူနိုင်ပါက မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာမည် ဟု တုယို့လုံ တွေးတောကာ ဝမ်းသာနေနေ၏။

သိုင်းဆရာကြီးက ...

"သိုင်းပညာသင်ယူတယ်ဆိုတာ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိရမယ်၊ စိတ်ရှည်ရမယ်၊ ကြိုးစားရမယ်၊ အချိန်ပေးဖို့လည်း လိုအပ်တယ် ဒါတွေကို မင်းအဖေက ဆုံးမသွန်သင်ခဲ့မှာပေါ့"

ဟု ပြောလာသည်။

တုယို့လုံ ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

သိုင်းဆရာကြီးက ...

"သိုင်းပညာနဲ့ပတ်သက်တဲ့ အခြေခံသဘောတရားတွေကိုလော မင်းအဖေက သွန်သင်ပြသခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းတယ် ... မင်းကို အခြေခံအဆင့် သင်ကြားပေးစရာ မလိုတော့ဘူးပေါ့၊ ကဲ ... မင်း ဘယ်လိုတတ်မြောက်ထားတယ်ဆို တာ ကျုပ်ကိုလက်တွေ့ကျင့်ပြပါဦး"

"ဟုတ်ကဲ့ ..."

တုယို့လုံ ထိုင်ရာမှ ထကာ သူတတ်မြောက်ထားသော သိုင်းကွက်များကို လေ့ကျင့်ကစားပြလိုက်လေသည်။



သိုင်းဆရာကြီး အကဲခတ်ကြည့်နေ၏။

တုယို့လုံ လေ့ကျင့်ပြသပြီးစီးသွားသောအခါ ဆရာကြီးက ဦးခေါင်းတညိတ်ညိတ်ဖြင့် ချီးကျူးလိုက်လေသည်။

"အတော်ကောင်းတဲ့ သိုင်းကွက်တွေပဲ၊ မင်းမှာ အခြေခံကောင်းတွေရှိနေတယ်ဆိုတော့ ထိပ်တန်းပညာတွေကို ဆက်ပြီးလေ့ကျင့်သွားဖို့ ခက်ခဲတော့မှာမဟုတ်ပါဘူး၊ အင်း ... မင်း ကစ်ခုက်ကောင်း သွားတာက သိုင်းလောကထဲမှ လုပ်ကိုင်ဆောင်ရွက်စရာကိစ္စတွေ ပြီးပြတ်သွားလို့ ငါအိမ်ပြန်တော့မလို့ပဲ၊ ငါနဲ့တ ခါတည်း လိုက်ခဲ့၊ အိမ်ရောက်မှ မင်းကို သေသေချာချာ သင်ကြားပေးမယ်"

"ကောင်းပါပြီ ဆရာ"

တုယို့လုံမှာ ထိပ်တန်းသိုင်းပညာများ သင်ရတော့မည် ဖြစ်လေသည်။

သို့သော် သူကား သိုင်းပညာသင်ပေးမည့် သိုင်းဆရာကြီးမှာ မည်သူမည်ဝါဖြစ်ကြောင်း ယနေ့တိုင် မသိရသေးချေ။

တုယို့လုံက သိလိုနေကြောင်း သိုင်းဆရာကြီး ရိပ်မိထားလေသည်။

တုယို့လုံ ငါဘယ်သူဘယ်ဝါဆိုတာ မင်းသိချင်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အေး ... ကိုယ်တိုင် သိုင်းပညာသင်ပေးမယ့်ဆရာ ဘယ်သူ ဘယ်ဝါဆိုတာ သိထားသင့်တာပေါ့၊ ကဲ ... ဘယ်သူလဲဆိုတာ ပြော ပြမယ်၊ သေသေချာချာ မှတ်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်ကဲ့ ဆရာ"

သိုင်းဆရာကြီး၏ မျက်နှာ တည်ကြည်လေးနက်သွားပြီး ...ညီသူ မည်ဝါ ဖြစ်ကြောင်း ပြောကြားလိုက်လေသည်။

"မင်းမှတ်ထား၊ သိုင်းဆရာစိန်လျှံဆိုတာ ငါပဲ"

မမျှော်လင့်သောစကားကြားလျှင် တုယို့လုံ ပါးစပ်အဟောင်း... သား ဖြစ်သွားလေတော့သည်။

☆ ☆ ☆



# စတုတ္ထမြောက် တပည့်

ကူမဲတောင် ...

"ကူမဲတာင်ခြေရှိ ကူလို့မြို့သည်သိုင်းဆရာကြီး စိန်လျှံ၏ ...ဖြစ်လေသည်။

ဆရာကြီး စိန်လျှံနှင့် တုယို့လုံတို့သည် စည်ကားသိုက်မြိုက် ...သော ကူလို့မြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

တုယို့လုံ ရင်ထဲလှုပ်ရှားနေ၏။

ဘဝသစ်တစ်ခု ထူထောင်ရတော့မည့်သဘော ရှိနေသည် ...တ်ပါလား။

ဆရာကြီး စိန်လျှံထံမှ သိုင်းပညာ သင်ယူမည်ဆိုလျှင် ကူလို ...ရက်ရှည်လများ နေထိုင်ရတော့မည် ဖြစ်လေသည်။

စိန်လျှံက ....

"ငါတို့မြို့ကလေးဟာ အေးချမ်းသာယာတယ်၊ မြို့သူမြို့သား ...ဟာ ရိုးသားဖြူစင်ပြီး သူတစ်ပါးကို ကူညီစောင့်ရှောက်ဖို့ ဝန်

www.burmeseclassic.com

www.burmeseclassic.com



ခလေးကြသူတွေပဲ၊ သူတို့နဲ့သင့်မြတ်အောင် ပေါင်းသင်းနေထိုင်
လိမ့်မယ်"

"စိတ်ချပါ ဆရာ"

"ကဲ ... ငါ့အိမ်ကိုသွားကြတာပေါ့"

"ဟုတ်ကဲ့"

စိန်လှုံသည် တုယိုလုံအားခေါ်ကာ မင်းလမ်းမကြီးအတိုင်း
လျှောက်သွားရာ လမ်းတစ်လျှောက်၌ တွေ့ရသူတိုင်းက လေး
ကြည်ညိုစွာ နှုတ်ဆက်ကြလေသည်။

သို့ဖြင့် မျှားမကြာမီ မြို့အရှေ့ပိုင်းရှိ စိန်လှုံ၏အိမ်ဂေဟာ
ရောက်ရှိသွားကြလေသည်။

"ဆရာကြီး ပြန်လာပြီ"

အိမ်ဖော်တစ်ယောက်မှတစ်ဆင့် စိန်လှုံပြန်ရောက်လာ
သတင်း တစ်အိမ်လုံး ပျံ့နှံ့သွားလေသည်။

အိမ်သူအိမ်သားအားလုံး ပြေးထွက်လာကာ ကြိုဆိုကြ
သည်။

စိန်လှုံထံ၌ သမီးတစ်ယောက်နှင့် တပည့်သုံးယောက် ရှိ
သည်။

စိန်လှုံ၏ သမီးမှာ စိန်ကျဲ့ရင်ဆိုသော မိန်းမချောလေး
သည်။

စိန်ကျဲ့ရင်သည် ဖခင်ကြီး၏ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သ
"ဖေဖေ ပြန်လာပြီနော်၊ သမီး သတိရလိုက်တာ ဖေဖေ



စိန်လှုံ ရယ်မောလိုက်သည်။

"ဖေဖေကလည်း သတိရပါတယ် သမီးရယ်၊ သိုင်းလောက
တာဝန်တွေ ရှိနေလို့သာ သမီးကို ထားခဲ့ပြီး သွားရတာပါ"

စိန်ကျဲ့ရင်က ...

"ဖေဖေ ဒီတစ်ခေါက်အိမ်ပြန်လာရင် သမီးကို တောင်ပေါ်
အကြောင်း လိုက်ပို့ပေးမယ်လို့ ပြောထားတယ်နော်"

"ဖေဖေ မမေ့ပါဘူး သမီးရယ်၊ ခရီးပန်းလာတော့ တစ်ရက်
နှစ်ရက်လောက် အနားယူချင်သေးတယ်၊ ပြီးရင် လိုက်ပို့ပေးပါ့မယ်"

"တကယ်နော်"

"တကယ်ပါ သမီးရယ်"

စိန်ကျဲ့ရင်က ဖခင်ကြီးအား ချွဲ့ဆိုးဆိုးနေ၏။

စိန်လှုံသည် သမီးဖြစ်သူကို အလွန်ချစ်မြတ်နိုးကြောင်း တုယို
လုံ သတိပြုမိလိုက်လေသည်။

စိန်ကျဲ့ရင်က တုယိုလုံအား တစ်ချက်ကြည့်ပြီး ဖခင်ကြီးအား
မေးလိုက်သည်။

"ဖေဖေ သူက ဘယ်သူလဲဟင်"

စိန်လှုံက ...

"သူ့ကို သိုင်းပညာသင်ပေးဖို့ ဖေဖေ ခေါ်လာတာ"

"ဪ ..."

"သူက ဖေဖေတို့နဲ့ပဲ အတူတူနေလိမ့်မယ်"

စိန်လှုံသည် ဧည့်ခန်းအတွင်းရှိ စားပွဲတစ်လုံး၌ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လှင်ယ်လှရွှယ် သုံးယောက်က စားကောင်းသောက်ဖွယ်များ ပြင်ဆင်ပေးလေသည်။

တယို့လုံက မလှုပ်မယှက်နေလိုက်သည်။

စိန်လျှံက ...

"တယို့လုံ ... ဒီမှာလာထိုင်"

လှမ်းခေါ်၍ နေရာထိုင်ခင်း ပေးလိုက်သည်။

ထို့နောက် ကျွေးမွေးလိုက်သည်။

"ကဲ ... စားဦး"

"ဟုတ်ကဲ့"

တယို့လုံ စားလိုက်ရသော်လည်း မဝံ့မရဲဖြစ်နေသည်။

နှစ်ယောက်သား စားသောက်နေကြချိန်၌ နှောင့်ယှက်မဖြစ်ရလေအောင် စိန်ကျဲ့ရင်နှင့် လှယ် လှရွှယ် သုံးယောက်က ငြိမ်နေကြသည်။

စားသောက်ပြီးစီးသွားတော့မှ စိန်လျှံက မိတ်ဆက်ပေးလိုက်လေသည်။

"တယို့လုံ ... ဒါ ငါ့တပည့် သုံးယောက်ပဲ၊ ခုချိန်ကစပြီး ပညာသင်ဘက် ညီအစ်ကိုတွေအဖြစ် သဘောထားရမယ်"

"ဟုတ်ကဲ့ ဆရာ"

စိန်လျှံက လှရွှယ်သုံးယောက်ကိုလည်း ပြောလိုက်သည်။

"ဝူးပကျား မင်းတို့သုံးယောက်တလည်း သူ့ကို ညီလေးအရင်း တစ်ယောက်လို သဘောထားပြီး ဝိုင်းဝန်းကူညီပေးမရမယ်၊ စောင့်ရှောက်ရမယ်"



"ဟုတ်ကဲ့ ဆရာ"

စိန်လျှံ၏ တပည့်သုံးယောက်မှာ ဝူးပကျား၊ ရှုကြည်နှင့် [illegible]မွမ် ဆိုသူတို့ဖြစ်လေသည်။

ဝူးပကျားသည် တပည့်အကြီးဆုံးဖြစ်ပြီး စိန်ကြည် အားကိုး [illegible]ထား ပြုရသူဖြစ်သည်။

စိန်လျှံက ...

"ဝူးပကျား ... တယို့လုံကို ငါက စတုတ္ထမြောက် တပည့်အဖြစ် [illegible]ခံလိုက်ပြီ၊ လောလောဆယ် မင်းပဲ တာဝန်ယူပြီး သူ့ကို သိုင်း[illegible] သင်ပေးရမယ်"

"စိတ်ချပါ ဆရာ၊ သူ့ကို ညီလေးတစ်ယောက်လို သဘော[illegible]ပြီး ကျွန်တော် အစွမ်းကုန် ကူညီစောင့်ရှောက်သွားပါမယ်"

"ကောင်းတယ် ... ကောင်းတယ်"

စိန်လျှံ ကျေနပ်သွား၏။

"ကဲ ... တယို့လုံ မင်းရဲ့ပညာသင်ဘက် အစ်ကိုတွေကို ဂါရဝ[illegible]ပါဦး"

"ဟုတ်ကဲ့"

တယို့လုံက ဝူးပကျားတို့အား ဦးညွှတ်လိုက်သည်။

"ကျွန်တော် တယို့လုံက အစ်ကိုတော်တွေကို ဂါရဝပြုပါတယ် [illegible]"

ဝူးပကျားတို့သည် သွက်သွက်လက်လက်ရှိသော တယို့လုံအား [illegible]ကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လျှံက ...

"ကဲ ... သမီးက တုယို့လုံအတွက် နေရာထိုင်ခင်း စီစဉ်ပေး လိုက်ပါ၊ ဒီမှာနေပြီး သိုင်းပညာသင်ကြားမယ်ဆိုရင် ဘယ်လိုနေ ကျင့်ကြံရမယ်ဆိုတဲ့ စည်းကမ်းချက်တွေကိုလည်း တစ်ခါတည်း ပြော ပြလိုက်ပါ"

"ကောင်းပါပြီ ဖေဖေ"

စိန်ကျဲ့ရင်က တုယို့လုံအား ခေါ်လိုက်သည်။

"ကျွန်မနောက်ကို လိုက်ခဲ့ပါ"

"ဟုတ်ကဲ့"

တုယို့လုံလည်း စိန်ကျဲ့ရင်နောက်သို့ လိုက်ပါသွားရလေ သည်။

☆ ☆ ☆

သိုင်းဆရာစိန်လျှံ၏ အိမ်ဂေဟာကြီးမှ ကျယ်ဝန်းသော ... ကြီးအတွင်း၌ တည်ရှိနေခြင်း ဖြစ်သည်။

အိမ်ဂေဟာကြီး၌ အဆောင်ဆောင် အခန်းခန်းဖြင့် ခွဲ... တည်ဆောက်ထားသကဲ့သို့ ခြံဝင်းအတွင်း၌လည်း သစ်ပင်ပန်း... နှင့် သိုင်းလေ့ကျင့်သည့် မြေကွက်လပ်ကို ဖန်တီးပြုပြင်ထားလေ...

တုယို့လုံအား အနောက်ဘက်ဆောင်ရှိ အခန်းတစ်... စိန်ကျဲ့ရင်က နေရာချပေးလေသည်။

"မောင်လေး ... မင်း ဒီအခန်းမှာ နေရမယ်"



"ဟုတ်ကဲ့ မမ"

"မနက်စောစော ထရမယ်၊ နေထွက်တဲ့အထိ သိုင်းလေ့ကျင့်ရ မယ်၊ ပြီးရင် ခဏနားပြီး စားသောက်ရမယ်"

"ဟုတ်ကဲ့"

"အဆာပြေ စားသောက်ပြီးရင် အိမ်မှုကိစ္စတွေကို ကူညီလုပ် ကိုင်ရမယ်၊ မနက်စာ စားချိန်မတိုင်မီ သိုင်းပညာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို လေ့လာရမယ်၊ နံနက်စာ စား၊ ခဏနား၊ မွန်းလွဲပိုင်း ရောက်ပြီး သိုင်းပြန်လေ့ကျင့်ရမယ်"

စိန်ကျဲ့ရင်သည် မည်သို့နေထိုင်စားသောက်ကျင့်ကြံရမည်ကို ပြောပြလိုက်သည်။

တုယို့လုံကလည်း သေသေချာချာ မှတ်သားထားလိုက်လေ သည်။

စိန်ကျဲ့ရင်က တုယို့လုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် ... မေးသည်။

"ကဲ ... မောင်လေးဟာ ဖေဖေနဲ့ ဘယ်လိုတွေ့ဆုံခဲ့တာလဲ၊ ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့ မမ"

တုယို့လုံသည် သူ၏အဖြစ်အပျက်များနှင့် စိန်လျှံနှင့်တွေ့ခဲ့ ...များကို ပြောပြလိုက်လေသည်။

စိန်ကျဲ့ရင်မှာ ချောမောလှပသည့်အပြင် သဘောမနောကောင်း သော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တယိုလုံကို အလွန်ပင် သနားကရုဏာ သက်သွားလေတော့သည်။

"မောင်လေးဟာ အခက်အခဲ ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာကိုး"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကဲ ... မောင်လေး ဘာမှစိတ်ဓာတ်မကျနဲ့၊ ဖေဖေက မောင်လေးကို တပည့်အဖြစ် လက်ခံလိုက်ပြီဆိုတော့ မောင်လေး ဘဝ အေးချမ်းသာယာပြီး တိုးတက်ဖို့ပဲ ရှိတော့တယ်၊ မမတို့လည်း ဝိုင်းဝန်း ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မမရယ်"

နှစ်ယောက်သား ယခုမှ တွေ့ရသော်လည်း ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။

တယိုလုံသည် မျှော်လင့်ထားသည့်အတိုင်း ထိပ်တန်းသိုင်းပညာများ သင်ယူနိုင်ပြီ၊ အေးချမ်းသာယာသော ဘဝတစ်ခုကို ပိုင်ဆိုင်ရလိမ့်မည်ဟု ယုံကြည်လိုက်လေတော့သည်။

☆ ☆ ☆

တယိုလုံမှာ သိုင်းဆရာစိန်လျှံထံ၌ လျှင်မြန်စွာ အိမ်သားကျသွားလေသည်။

သူ့အား ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်သည်။



သိုင်းပညာကိုလည်း စွမ်းစွမ်းတမံ ကြိုးစားလေ့ကျင့်လေသည်။

သို့သော် သိုင်းဆရာ စိန်လျှံ၏ သိုင်းပညာမှာ အလွန်ထူးခြားလှသည်။

တယိုလုံ လေ့ကျင့်ခဲ့ဖူးသည့် ပညာရပ်များနှင့်မတူဘဲ လုံးဝ ကွဲပြားခြားနားနေသည်။

သိုင်းပညာဆိုသည်မှာ အလွန် နက်ရှိုင်းကျယ်ပြန့်ပြီး လေ့လာ၍ မဆုံးသောပညာရပ်မျိုးဖြစ်ကြောင်း တယိုလုံ နားလည်သဘောပေါက်လာရလေတော့သည်။

တယိုလုံအား တာဝန်ယူကာ သိုင်းပညာသင်ကြားပေးရသူမှာ ဖူးပကျားမှာ တယိုလုံအား သင်ပေးရာ၌ အခက်အခဲ ရှိသွားလေသည်။

တယိုလုံ၏ အခြေခံသိုင်းပညာရပ်များသည် စိန်လျှံ၏ သိုင်းပညာကို သင်ယူရာ၌ အထောက်အကူမပြုသည့်အပြင် အနှောင့်အယှက် အတားအဆီးတစ်ခုကဲ့သို့ ရှိနေခြင်းကြောင့် ဖြစ်လေသည်။

တစ်နေ့ ...

ဖူးပကျားက တယိုလုံအား သိုင်းကွက်တချို့သင်ကြားပေးလေသည်။

အဆုတ်အတက် ခြေနင်းကွက်များ ဖြစ်သည်။

တယိုလုံက လေ့ကျင့်လိုက်သည်။

သို့သော် သူလေ့ကျင့်တတ်မြောက်ထားသည့် ခြေနင်းကွက်နှင့် မတူသဖြင့် မကြာခဏ အမှားမှားအယွင်းယွင်းဖြစ်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးပကျားက လေးငါးခြောက်ကြိမ် ကိုယ်တိုင် လက်တွေ့ပြခဲ့ပြီသည်။

တုယို့လုံက မှတ်သားထားပြီး လေ့ကျင့်သော်လည်း ခြေနင်းကွက် မမှန်ဘဲ အမှားမှားအယွင်းယွင်း ဖြစ်နေတော့သည်။

ဝူးပကျား စိတ်မရှည်နိုင်အောင် ဖြစ်သွားလေတော့သည်။

"ဒါလေးတောင် မရဘဲ အမှားမှားအယွင်းယွင်း ဖြစ်နေရင် ဒီထက်ပိုပြီး ရှုပ်ထွေးတဲ့ သိုင်းကွက်တွေကို မင်းဘယ်လိုလေ့ကျင့်မလဲ မင်းမှာ သိုင်းတတ်ဖို့ ပါရမီမပါဘဲ သိုင်းသမားဖြစ်ချင်လို့မရဘူးကွ"

တုယို့လုံ ခေါင်းငုံ့ထားလိုက်၏။

ဝူးပကျားက ...

"ခြေနင်းကွက်လေးတောင် မှန်အောင်မနင်းနိုင်ရင် မင်းကို ငါ ဆက်သင်မပေးချင်တော့ဘူး၊ သင်ပေးလို့လည်း အချိန်ကုန် လူပန်းဖို့ပဲ ရှိတယ်"

ထိုစဉ် ...

"ဘာဖြစ်နေကြတာလဲဟေ့"

စကားသံနှင့်အတူ သိုင်းဆရာကြီး စိန်လျှံ ရောက်ရှိလာလေသည်။

တုယို့လုံတို့ ဦးညွှတ်လိုက်ကြလေသည်။

စိန်လျှံက ...

"ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်းပါဦး"

ဝူးပကျားက ...



"ဒီလိုပါ ဆရာ"

အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

စိန်လျှံသည် ဝူးပကျား၏ စကားကို ဆုံးအောင်နားထောင်ပြီး ...သဘောပေါက်သည့်အလား ဦးခေါင်းတဆတ်ဆတ်ညိတ်...သည်။

"ကောင်းပြီ ... ဒီကိစ္စကို ငါဖြေရှင်းပေးမယ်၊ ကဲ ... တုယို့လုံ ...နောက်လိုက်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

တုယို့လုံ ဦးညွှတ်ကာ စိန်လျှံနောက်သို့ လိုက်သွား၏။

စိန်လျှံက ပန်းဥယျာဉ်ထဲသို့ ခေါ်ဆောင်သွားသည်။

ပန်းဥယျာဉ်ထဲ၌ အနားယူ အပန်းဖြေရန်ထားရှိသော ကျောက်...ထားရှိလေသည်။

စိန်လျှံသည် ကျောက်ခုံတစ်လုံး၌ ထိုင်ချလိုက်ပြီး တုယို့လုံ...ည်း ထိုင်ခိုင်းသည်။

တုယို့လုံမှာ အပြစ်ရှိသူတစ်ယောက်ပမာ ခံစားနေရပြီး မျက်...ညိုးလျော်နေပါသည်။

စိန်လျှံက ...

"တုယို့လုံ ..."

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာ"

"အခြေခံ အဆင့်ဖြစ်တဲ့ ခြေနင်းကွက်လေးကိုတောင် လေ့...ကျင့်လို့မရအောင် ဖြစ်နေတာက ဘာကြောင့် မင်းထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံ ခေါင်းငုံ့ရင်း ...

"ကျွန် ... ကျွန်တော် မပြောတတ်ပါဘူး ဆရာ"

စိန်လျှံ ပြုံးလိုက်လေသည်။

"အဲဒါ မင်းတတ်မြောက်ထားတဲ့ အခြေခံသိုင်းပညာ ... ကြောင့်ပဲ"

"ဗျာ ..."

"မင်းအဖေ သင်ကြားပေးထားတဲ့ အခြေခံပညာရပ် ... ငါ့ရဲ့ အခြေခံပညာဟာ မတူညီဘဲ ကွဲပြားခြားနားနေတယ်"

တုယို့လုံသည် စိန်လျှံပြောသည့် စကားကို ဂရုစိုက်နား ... နေလိုက်လေသည်။

စိန်လျှံက ...

"တကယ်တော့ မင်းမှာ အခြေခံရှိပြီးသားဖြစ်လို့ ငါ့ရဲ့ ... ပညာကို သင်ယူရတဲ့အခါ လိုက်လျောညီထွေဖြစ်အောင် ဘ... ပြောင်းလဲမယ်၊ ဘယ်လိုပေါင်းစပ်အသုံးပြုမယ်ဆိုတာ ကိုယ်ပိုင် ... ကို လွှာသုံးပြီး လေ့ကျင့်ရမှာ၊ ခုတော့ မင်းရဲ့စိတ်ထဲမှာရှိ... ပထမသင်ယူထားတဲ့ အခြေခံသိုင်းဟာ နောက်ထပ် သင်ရတဲ့ ... အခြေခံသိုင်းကို အထောက်အကူမပြုနိုင်ဘဲ နှောင့်ယှက်ဟန့်တား... အမှားအယွင်းဖြစ်စေခဲ့တယ်၊ သဘောကတော့ ဝဲဘက်လက်ကို ... ပြုနေကျ လူတစ်ယောက်ဟာ ယာဘက်လက်နဲ့ ပြောင်းပြီး အ... ရတဲ့အခါ ဝဲလက်က အကျင့်ပါနေတာကြောင့် အဆင်မပြေဖြ... သဘောမျိုးပဲ"



... ရှိမြဲသော အကျင့်တစ်ခုကြောင့် အခက်အခဲဖြစ်ရပုံကို ရှင်းပြ ... လေသည်။

တုယို့လုံ နားလည်သဘောပေါက်သွားလေသည်။

စိန်လျှံက ...

"ဒီတော့ ငါ့ဆီမှာ တပည့်ခံပြီး ငါ့ရဲ့ပညာကို လိုချင်တယ် ... မင်းကို အကြံတစ်ခုပေးချင်တယ်"

"ဟုတ်ကဲ့ ... ပြောပါ ဆရာ"

"အေး ... ပြောရမှာတော့ စိတ်မကောင်းစရာပဲ၊ ငါက မင်း... ့ သိုင်းပညာကို လေးစားပေမယ့် ခုအချိန်မှာ မေ့ထားလိုက် ... အကောင်းဆုံးပဲ"

တုယို့လုံ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

စိန်လျှံက ...

"တုယို့လုံ ... မင်းရဲ့ကောင်းကျိုးအတွက် ငါပြောနေတယ်ဆို ... မင်းသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ် ဆရာ"

"အေး ... ငါကလည်း ငါ့ရဲ့ပညာတွေကို မင်းရသွားပြီး တစ် ... ပ်တန်းသိုင်းသမားကြီးတစ်ယောက် ဖြစ်လာတာကိုပဲ မြင်ချင် ... မင်း တကယ်ကြိုးစားရင် ငါမျှော်လင့်သလိုဖြစ်လာမှာ သေ... ...ယ်"

တုယို့လုံ ကတိပေးလိုက်သည်။

"ကျွန်တော် ကြိုးစားသွားမှာပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကောင်းတယ်"

စိန်လျှံ သဘောကျသွားပြီး ပွင့်ပွင့်လင်းလင်းပြောလိုက်လေ သည်။

"မင်းအနေနဲ့ တကယ်ကြိုးစားမယ်၊ တကယ်တိုးတက် တယ်ဆိုရင် လူသစ်စိတ်သစ် မွေးရမယ်၊ ပြီးခဲ့တဲ့ ကိစ္စတွေအား ကို စိတ်ထဲက ဖျောက်ပြီး မေ့ပစ်လိုက်ရမယ်၊ သိုင်းပညာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကော အားလုံးပဲ"

ကြုံတွေ့ခဲ့ရသမျှ အဖြစ်အပျက်များအား မေ့ပစ်လိုက်ဖို့ သည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါချေ။

စိန်လျှံက ...

"တုယို့လုံ မင်းအတွက် အကောင်းဆုံးဖြစ်အောင် ငါ ဆုံး ပေးလိုက်မယ်၊ ကြုံတွေ့ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအားလုံးကို မေ့ပ ပေတော့၊ ဒီလိုလုပ်ဖို့ လွယ်ကူမှာမဟုတ်ပေမယ့် မင်းကြိုးစား ဖြစ်အောင်လုပ်ရမယ်၊ ဒါပဲ ..."

ဟု ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

တုယို့လုံက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် မေ့လိုက်ပါ့မယ် ဆရာ"

စိန်လျှံ ပြုံးလိုက်သည်။

"အေး ... မေ့ပစ်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မဖြစ် ဒီတော့ မင်းကို ငါ အချိန်ပေးလိုက်မယ်၊ ငါ့ဆီမှာ အေးအေး နေ၊ ခြောက်လလောက် သိုင်းမလေ့ကျင့်နဲ့၊ သိုင်းပညာနဲ့ မပတ်သက်တဲ့ လူတစ်ယောက်လို နေပေတော့ ..."



တုယို့လုံ၏ အခက်အခဲကို အချိန်ပေးကာ ဖြေရှင်းပေးမည့် သော ဖြစ်လေသည်။

တုယို့လုံ စိတ်ခတ်ကျသွား၏။

သို့သော် စိန်လျှံ၏ စကားက သဘာဝကျနေသဖြင့် လက်ခံ ကြရလေသည်။

စိန်လျှံ လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... မင်းသွားပြီး အနားယူလိုက်ပေတော့"

"ကောင်းပါပြီ ဆရာ"

တုယို့လုံက စိန်လျှံကို ဦးညွှတ်ကာ ပန်းဥယျာဉ်ထဲမှ ထွက် ခဲ့လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## စေတနာနှင့် ဝေဒနာ

ခြောက်လ ...

စိန်လျှံသည် တုယို့လုံအား သိုင်းပညာလေ့ကျင့်ခြင်း မပြုအ
အနားယူခွင့် ပေးထားခဲ့လေသည်။

တုယို့လုံသည် ထိုခြောက်လအတွင်း အိမ်မှုကိစ္စ တာဟိရများ
ကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်။

ဒုတိယ တပည့် ရှုကြည်နှင့် တတိယ တပည့် လီယွမ်တို့၏
မည်သို့မျှ သဘောမထားကြသော်လည်း ပထမတပည့်ကြီးဖြစ်သော
ဝူးပကျားက ရှောင်ဖယ်ဖယ်နေခဲ့လေသည်။

တုယို့လုံလည်း ဝူးပကျားနှင့် မျက်နှာချင်းဆိုင်ဖို့ ဝန်လေးနေ
လေတော့သည်။

တုယို့လုံအား ဂရုအစိုက်ဆုံးကား စိန်ကျဲ့ရင် ဖြစ်သည်။

စိန်ကျဲ့ရင်က တုယို့လုံအား စိတ်ပြေလက်ပျောက်အဖြစ်
တောင်ပေါ်ဘုံကျောင်းသို့ ခေါ်သွားသည်။



မြို့ပြင်သို့ထွက်ကာ လည်ပတ်သည်။

နှစ်ယောက်သား လက်ပွန်းတတီး နေထိုင်ခဲ့ကြရာမှ တစ်
ယောက်အပေါ် တစ်ယောက် သံယောဇဉ် ငြိတွယ်မိကြလေတော့
သည်။

တုယို့လုံသည် လူသစ်စိတ်သစ်မွေးကာ ဖြစ်ပျက်ခဲ့သမျှအား
ကို မေ့ဖျောက်ပစ်ဖို့ ကြိုးစားနေရသည်မှာ ဆိုးရွားသော ဝေဒနာ
တစ်ရပ် ခံစားနေရသူတစ်ယောက်နှင့် တူနေသည်။

ဝေဒနာရှင်လေး တုယို့လုံအပေါ် စိန်ကျဲ့ရင်က စေတနာ
ထားသည်။

သို့ဖြင့် သူတို့နှစ်ယောက် ချစ်သူများဘဝသို့ ရောက်ရှိသွားခဲ့
ကြလေတော့သည်။

ခြောက်လဟူသော အချိန်လည်း ကုန်ဆုံးသွားလေတော့သည်။

☆ ☆ ☆

ခြောက်လပြည့်သွားပြီ ဖြစ်လေသည်။

တုယို့လုံမှာ ရုပ်ရည်ချောမော ခံ့ညားသော လူငယ်တစ်ယောက်
အဖြစ် ပြောင်းလဲသွားပြီဖြစ်လေသည်။

နဂိုကပင် သန်မာထွားကြိုင်းသူဖြစ်ရကား ဝူးပကျားတို့နှင့်
ခုံးချင်းယှဉ်လာနိုင်တော့သည်။

စိန်လျှံသည် သူပြောခဲ့သည့် စကားကို မေ့လျော့သွားခြင်း
ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောက်လပြည့်သည့်နေ့မှာပင် စိန်လှျံသည် တုယို့လုံအား ခေါ်တွေ့ခဲ့လေသည်။

တုယို့လုံ ဦးညွှတ်လိုက်သည်။

"ဆရာ … ကျွန်တော် တုယို့လုံ ဂါရဝပြုပါတယ် ခင်ဗျာ"

စိန်လှျံက …

"အေး … ချောက်လပြည့်သွားပြီဖြစ်လို့ မင်းကို ခေါ်လိုက်တာပဲ"

"ဟုတ်ကဲ့"

"ကဲ … ဘယ်လိုလဲ၊ ငါပြောတဲ့အတိုင်းမင်းကြိုးစားလို့ အောင်မြင်မှု ရခဲ့ပြီလား"

"ဟုတ်ကဲ့ … ကျွန်တော် ကြုံတွေ့ခဲ့တဲ့ကိစ္စတွေ အားလုံးကို မေ့ထားလိုက်ပါပြီ ဆရာ"

"ကောင်းတယ် … ကောင်းတယ်"

စိန်လှျံ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ထို့နောက် ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်သည်။

တုယို့လုံက စိန်လှျံပြောလာမည့် စကားကို နားစွင့်နေလိုက်လေသည်။

စိန်လှျံက ရေနွေးကြမ်းကို အချိန်ဆွဲကာ တဖူးဖူးမှုတ်သောက်လိုက်ပြီးမှ ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ် ပြန်ချကာ တုယို့လုံအား ကြည့်လိုက်သည်။

တစ်ဖန် …



"မင်းဟာ တုအမျိုးအနွယ်နော်၊ မင်းအဖေက ဘယ်သူလဲ ပြောပါဦး"

ဟု မေးလာလေသည်။

တုယို့လုံ ဦးညွှတ်လိုက်သည်။

"ရွာသူကြီး တုပို့ပါ ဆရာ"

"အင်း … ဟုတ်ပြီ၊ မင်းက သိုင်းပညာသင်ဖို့ ထွက်လာရင်း နောက်ဆုံး ငါနဲ့ ဆုံတွေ့ခဲ့တဲ့ ခြံဝင်းထဲက လူလေးယောက်က ဘယ်သူတွေလဲ"

"ခြံဝင်းပိုင်ရှင်ဟာ သွေးကျားရဲ့ဟုပါ၊ ကျန်တဲ့သုံးယောက်ကတော့ …"

တုယို့လုံ သတိဝင်လာပြီး ဆက်မပြောဘဲ နေလိုက်၏။

စိန်လှျံ သက်ပြင်းချလိုက်သည်။

"ကြုံတွေ့ခဲ့ရတဲ့ကိစ္စတွေကို မင်း မမေ့သေးဘဲကိုး"

"ကျွန် … ကျွန်တော်"

တုယို့လုံ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ဟန်မဆောင်နိုင်အောင် မျက်နှာပျက်နေပါတော့သည်။

စိန်လှျံက …

"လူတစ်ယောက်ဟာ ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကို လုံးဝမေ့ပစ်လိုက်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလား၊ အထူးသဖြင့် ခါးသီးတဲ့ဖြစ်ရပ်တွေဆိုရင် ပိုလို့တောင် မမေ့နိုင်အောင် စိတ်ထဲစွဲ ငြိန်းနေတတ်တာပဲ၊ ဒါဟာ အဆန်းမဟုတ်ပါဘူး၊ မင်းကို အပြစ်

www.burmeseclassic.com

www.burmeseclassic.com



လည်း မတင်ပါဘူး၊ တကယ်လို့သာ မင်းက လုံးဝမေ့ပစ်နိုင်တယ်ဆိုရင် မင်းလိမ်ပြောတာ၊ ဒါမှမဟုတ် ရူးသွပ်သွားတာပဲ ဖြစ်ရတော့မှာပေါ့"

တယို့လုံသည် ဆရာဖြစ်သူကို ငေးကြည့်ပြီး မည်သို့ပြောရမှန်းမသိအောင် ဖြစ်နေပါတော့သည်။

စိန်လျှံက ...

"တကယ်တော့ မင်းကို ငါက မေ့ခိုင်းလိုက်တာ မင်းဆင်ခြင်နိုင်အောင်လို့ပါ၊ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့ လက်ရှိအခြေအနေ ရောထွေးမသွားစေချင်လို့ တမင် အချိန်ပေးလိုက်တာပဲ၊ ခုဆိုရင် မင်းရဲ့ဘဝ တည်တည်ငြိမ်ငြိမ်ရှိလာပြီ၊ အရင်ကထက် ပိုပြီး တွေးခေါ်မြော်မြင်မှု ရင့်ကျက်လာပြီလို့ ငါယူဆတယ်"

တယို့လုံ ငြိမ်နေ၏။

စိန်လျှံက စကားဆက်လိုက်သည်။

"ငါ့ဆီကို ရောက်ကာစ အချိန်ကနဲ့စာရင် ခုချိန်မှာ မင်းအနေနဲ့ ပိုပြီး တည်ငြိမ်နေပြီလို့ ဆိုနိုင်ပါတယ်၊ ခုချိန်မှ စပြီး လေ့ကျင့်မယ်ဆိုရင် ပိုပြီး အဆင်ပြေသွားလိမ့်မယ်၊ ကဲ ... ကြမ်းပြင်ပေါ်မှာ ခြေနင်းကွက်တွေ ရေးထားတယ်၊ မင်း စမ်းကြည့်လိုက်စမ်းပါ"

ယခုမှ ကြမ်းပြင်ပေါ်၌ စက်ဝိုင်းခြောက်ခု ရေးဆွဲထားသည်ကို တယို့လုံ သတိပြုမိလိုက်လေသည်။

စက်ဝိုင်းများ၌ တစ် နှစ် သုံး လေး အမှတ်စဉ်များ ရေးမှတ်ထားလေသည်။



တယို့လုံက အမှတ်တစ်စက်ဝိုင်းနှင့် အမှတ်နှစ် စက်ဝိုင်းတွင် ဘယ်ခြေ ညာခြေကို လှမ်းပြီး နေရာယူလိုက်လေသည်။

ထို့နောက် ဂူးပကျား သင်ပြခဲ့သည့် ခြေလှမ်းကွက်များကို လေ့ကျင့်ပြုလုပ်လိုက်လေသည်။

သူ၏လှုပ်ရှားမှု သွက်လက်လာပြီး အမှားအယွင်းမရှိတော့ပေ။

"ဟား ... ဟား ... ဟား"

စိန်လျှံ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဒီလိုမှပေါ့ကွာ၊ မင်းဟာ ပါရမီရှိတဲ့ လူငယ်တစ်ယောက်ပါ၊ အတိတ်က ဖြစ်ရပ်တွေနဲ့ လက်ရှိအခြေအနေကို ခွဲခြားပိုင်းဖြတ်နိုင်မယ်ဆိုရင် မင်းရဲ့ ရည်ရွယ်ချက်အတိုင်း မဖြစ်နိုင်စရာအကြောင်း မရှိဘူး၊ အေး ... အတိတ်က ဖြစ်ရပ်တွေကို မင်းဘဝအတွက် မလိုအပ်ရင် မေ့ထားလိုက်တာ အကောင်းဆုံးပဲ"

တယို့လုံ ဦးညွှတ်လိုက်သည်။

"ဘယ်လိုကြိုးစား ကျင့်ကြံရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ၊ ခုလို ဆုံးမသွန်သင်ပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

စိန်လျှံက ...

"ငါလည်း အားထားရမယ့် တပည့်တစ်ယောက် ရလိုက်တာပဲ၊ ငါ့ရဲ့ စေတနာကို နားလည်သဘောပေါက်ပြီဆိုပေမယ့် လောလောဆယ်မှာ အားစိုက်သင်ယူလေ့ကျင့်ဖို့ မကြိုးစားစေချင်သေးဘူး၊ နောက်ထပ် ခြောက်လတန်သည် တစ်နှစ်တန်သည် အချိန်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတည်ငြိမ်သွားတဲ့ အခြေအနေကို ခိုင်မြဲအောင် ကြိုးစားချင်သေးတယ်၊ ဒီလိုအချိန်ယူနေစဉ်အတွင်းမှာ တဖက်တစ်လမ်းက နည်းနည်းစီ လေ့ကျင့်သွားပေါ့၊ မင်း အသက်ငယ်သေးတော့ အချိန်တွေ ရပါတယ်၊ မင်းကိုယ်မင်း သိုင်းပညာရှာဖွေနေတဲ့ ခရီးသည်တစ်ယောက်ကို ခံယူထားလိုက်ပေါ့ကွာ"

"ကောင်းပါပြီ ဆရာ၊ ကျွန်တော် အချိန်ယူပြီး ဖြည်းဖြည်းမှန်မှန် သင်ယူသွားပါ့မယ်"

"အေး ... ငါ့အနားကို လာဦး"

"ဟုတ်ကဲ့ ဆရာ"

စိန်လျှံက ခေါ်သဖြင့် အနီးသို့ ချဉ်းကပ်သွားလိုက်၏။

စိန်လျှံက စားပွဲပေါ်ချထားသော ဓားရှည်တစ်လက်ကို ညွှန်ပြလိုက်သည်။

"ဒီဓားဟာ ငါ ဟိုတုန်းက ကိုင်ဆောင်ခဲ့ဖူးတဲ့ ဓားတစ်လက်ပဲ၊ ဓားကောင်းတစ်လက်ပဲ၊ မင်းဟာ ဓားသိုင်းပညာကိုလည်း သင်ယူရမှာဖြစ်လို့ ဒီဓားကို ပေးလိုက်မယ်"

ဓားကောင်းတစ်လက်ကို ရလိုက်သဖြင့် တယို့လုံ ဝမ်းသာသွား၏။

စိန်လျှံပေးသော ဓားကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လက်ခံယူလိုက်လေသည်။

"ဆရာ့ရဲ့ ကျေးဇူး ကြီးမားလှပါတယ် ခင်ဗျာ"

စိန်လျှံက ...



"ကဲ ... ဒီဓားကို မင်းပဲသိမ်းဆည်းထားလိုက်ပေတော့၊ နောက်ဆယ်ရက်ကြာရင် ဝူးပကျားကပဲ မင်းကို သိုင်းပညာ စပြီး သင်ကြားပေးလိမ့်မယ်"

"ဟုတ်ကဲ့ ... ဆရာ"

စိန်လျှံ လက်ဝှေ့ယမ်းပြလိုက်သည်။

"မင်း သွားပြီးအနားယူလိုက်ပေတော့"

တယို့လုံသည် ဆရာဖြစ်သူကို ဦးညွှတ်ကာပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားချက်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

တုယို့လုံ တစ်ယောက် သိုင်းဆရာ စိန်လျှံ၏အိမ်သို့ ရောက်ရှိလာခဲ့သည်မှာ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိသွားပြီဖြစ်သည်။

စိန်လျှံထံမှ ဓားတစ်လက် လက်ဆောင်ရခဲ့သည့်အပြင် စိန်လျှံ၏ သိုင်းပညာများကိုလည်း ဝူးပကျူးထံမှ တစ်ဆင့် သင်ကြားနိုင်ခဲ့ပြီ ဖြစ်လေသည်။

သို့သော် တုယို့လုံ အခက်ကြုံနေရသည်မှာ ဝူးပကျူးက သူ့အား သိပ်ပြီး လဘောမကျခြင်း ဖြစ်လေသည်။

"မင်းကို အလောတကြီး မလုပ်ဘဲ အချိန်ယူပြီး အေးအေးဆေးဆေး သင်ပေးဖို့ ဆရာက ငါ့ကိုမှာထားတယ်၊ ဒါကြောင့် ငါ သိုင်းတစ်ကွက် သင်ပေးရင် မင်းက လုံးဝ အမှားအယွင်းမရှိဘဲ ကျေနပ်လောက်တဲ့ အခြေအနေရောက်မှ မင်းကို နောက်တစ်ကွက် သင်ပေးမယ်"



စိန်လျှံကိုယ်တိုင်က အေးအေးဆေးဆေး အချိန်ယူ သင်ကြားမည်ဟု ပြောထားသောစကား ရှိနေ၍ တုယို့လုံ ဘာမှမပြောသာတော့ပါချေ။

ဝူးပကျူးသည် အရေးမကြီးသော သာမန် သိုင်းကွက် တစ်ကွက်ကိုပင် အနည်းဆုံး တစ်လခန့်ကြာအောင် လေ့ကျင့်စေခဲ့လေသည်။

တုယို့လုံ စိတ်ပျက်မိသော်လည်း "ပညာရှာ ခရီးသည်ဘဝ" ရောက်ရှိနေသည်ကို မမေ့ဘဲ ကြိုးစားသင်ယူခဲ့လေသည်။

တစ်နေ့ . . .

သိုင်းလေ့ကျင့်ပြီးစီးသွားသဖြင့် တုယို့လုံက ပန်းခြံထဲ၌ အနားယူနေစဉ် စိန်ကျဲ့ရင် ရောက်ရှိလာလေသည်။

စိန်ကျဲ့ရင်သည် တုယို့လုံအား အကဲခတ်ကြည့်ပြီး မေးလိုက်သည်။

"မောင်လေး . . . မျက်နှာညှိုးနေပါလား၊ ဘာလဲ သိုင်းလေ့ကျင့်ရတာ ပင်ပန်းလို့လား"

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"ပင်ပန်းလို့မဟုတ်ပါဘူး မမရယ်၊ အားမလိုအားမရ ဖြစ်မိတာပါ"

"ဘယ်လို အားမလိုအားမရ ဖြစ်မိတယ် ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦး"

"သာမန် အခြေခံ သိုင်းတစ်ကွက်ကိုတောင် တစ်လ ကိုးသီ

www.burmeseclassic.com

www.burmeseclassic.com



တင်း ကြာအောင် သင်နေရတာပါ၊ ကျွန်တော် လေ့ကျင့်အောင်မြ
သွားလည်း အစ်ကိုကြီး ဝူးပကျားက မကျေနပ်သေးဘဲ ထပ်တလဲ
လေ့ကျင့်ခိုင်းနေတာ၊ ဒီအဆတိုင်းဆိုရင် နှစ်ပေါင်း နှစ်ဆယ်ကြာ
တာတောင် ကျွန်တော် မျှော်လင့်သလို ဖြစ်လာနိုင်တော့မယ် မထင်
ပါဘူး"

စိန်ကျွဲရင်သည် အခြေအနေကို သဘောပေါက်သွားပြီး ပြ
လိုက်သည်။

"မောင်လေးက စိတ်လောနေလို့ ဖြစ်မှာပါ၊ အခြေခံပိုင်း
မှ အဆင့်မြင့်တဲ့ ပညာတွေကို သင်ယူရတဲ့အခါ အခက်အခဲ
လွယ်ကူလိမ့်မယ် မဟုတ်လား"

"ကျွန်တော် ..."

စိန်ကျွဲရင်ကိုယ်တိုင်က သူစိတ်လောနေသည်ဟု ယူဆ
သဖြင့် တုယို့လုံ ဘာမှမပြောဘဲ နေလိုက်လေတော့သည်။

စိန်ကျွဲရင်က ...

"မောင်လေးအတွက် လိုအပ်လို့သာ ဖေဖေက အချိန်
သင်ကြားပေးဖို့ အစ်ကိုဝူးပကျားကို မှာကြားထားတာ ဖြစ်မှာ
ဖေဖေဟာ မောင်လေးကို စိတ်ချပြီဆိုတာနဲ့ တစ်မျိုးပြောင်းပြီး သ
ပေးမှာ သေချာပါတယ်ကွယ်"

တုယို့လုံသည် သူမ စိတ်ချမ်းသာအောင် ပြောလိုက်ရ
သည်။

"ကောင်းပါပြီ မမ၊ ကျွန်တော် စိတ်ရှည်ရှည်ထားပြီး သင်
သွားပါ့မယ်"



"ဒီလိုမှပေါ့ကွယ်"

စိန်ကျွဲရင်က တုယို့လုံအား ရွှန်းရွှန်းစားစားကြည့်ပြီး မေး၏။

"တောင်ပေါ် ဘုံကျောင်းကို မမသွားမလို့၊ မောင်လေးကိုပါ
သွားမယ်လို့ ဖေဖေ့ကို ခွင့်တောင်းထားတယ်၊ ကဲ ... ဘယ်လိုလဲ
င်လေး လိုက်မယ်မဟုတ်လား"

တုယို့လုံ မငြင်းနိုင်ပါ။

မှုပင်သောကများကို မေ့ပျောက်ကာ မြို့ပြင်ဘုံကျောင်းသို့
ရောက်ဝတ်ပြုရင်း ချစ်သူနှစ်ဦးဘဝ ပျော်ရွှင်ကြည်နူးစရာ ရှာဖွေ
ည်မဟုတ်ပါလား။

"ကျွန်တော် လိုက်ခဲ့ရမှာပေါ့ မမရယ်"

တုယို့လုံ ထိုင်ရာမှ ဝေါက်ခနဲ ထရပ်လိုက်လေတော့သည်။

☆ ☆ ☆

ပညာရှာ ခရီးသည် တုယို့လုံ၏ဘဝတွင် စိန်ကျွဲရင်သည်သာ
အားထားစရာ ဖြစ်ခဲ့လေသည်။

စိန်ကျွဲရင်ကြောင့် သူ၏ဘဝ သာယာစိုပြည်နေရခြင်းဖြစ်သည်
းလည်ထား၏။

သို့သော် သူ၏ပျော်ရွှင်မှုများသည် ဝူးပကျားနှင့် သိုင်းပညာ
ှင် အားလုံး လွင့်ပါးပျောက်ကွယ်သွားရပြန်တော့သည်။

သိုင်းပညာကို ဟုတ်တိပတ်တိ မသင်ရဘဲ အချိန်ဖြုန်းနေရ
င်ပင် တူနေသည်ဟု ခံစားရကာ အားမလိုအားမရ ဖြစ်ခဲ့
ည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင် အသက်ကြီးလို့ အဘိုးကြီးသာဖြစ်သွားမယ် ထိပ်တန်းသိုင်းပညာတွေ သင်ယူရဖို့ဆိုတာ မလွယ်တော့ဘူး"

စိတ်ပျက်စွာ ညည်းတွားမိသည်။

တစ်ဆက်တည်းပင် ...

"ဒီကထွက်သွားပြီး ပညာသင်ပေးနိုင်မယ့် ဆရာတစ်ယော ယောက်ကို လိုက်ရှာရတာက ပိုကောင်းလိမ့်မယ်"

ဟု တွေးတောလာမိသည်အထိ ဖြစ်ရလေသည်။

အခြားနေရာသို့ ထွက်သွားလိုစိတ်များ မကြာခဏ ဖြစ် လာခဲ့သော်လည်း တကယ်တမ်း ထွက်မသွားဖြစ်ခဲ့သည်မှာ စိန်ကဲ့ အပေါ် ရစ်တွယ်မိသော သံယောဇဉ်ကြီးကြောင့် ဖြစ်လေသ

ဝူးပကျားနှင့် သိုင်းပညာသင်ယူရခြင်းအပေါ် မကျေမန လာသည့်နောက်ဆုံး စိန်လျှံနှင့် တွေ့ဆုံကာ အကျိုးအကြောင်း ရန် ဆုံးဖြတ်မိလေတော့သည်။

"ထိပ်တန်းပညာတွေ သင်ပေးဖို့ ဆရာ့ကို သွားပြီး တောင်းပန်မယ်"

တုယို့လုံသည် ဆရာကြီး စိန်လျှံ၏ သီးသန့်အခန်းဆီသို့ လာခဲ့လေသည်။

ဆရာကြီးစိန်လျှံကို သူ ကြည်ညိုလေးစားပေသည်။

သူ့ဘက်က အကျိုးသင့်အကြောင်းသင့် တင်ပြလျှင် လိမ့်မည်ဟုလည်း ယုံကြည်ထား၏။

သီးသန့်အခန်းသို့ရောက်ရှိသွားပြီး တံခါးခေါက်ရန်



က်စဉ် အတွင်းဘက်မှ စကားသံတချို့ကို ကြားရသဖြင့် ကပျာ သော နောက်ဆုတ်လိုက်မိသည်။

"ဆရာ့အခန်းထဲမှာ တစ်ယောက်ယောက် ရောက်နေတာပဲ"

နောက်မှ လာတွေ့တော့မည်ဟု ဆုံးဖြတ်ကာ လှည့်ထွက်သွား ပြင်လိုက်သည်။ အခန်းတွင်းမှ တောက်ခေါက်သံ ထွက်ပေါ် ပြန်သဖြင့် တုယို့လုံ ခြေလှမ်းတုံ့ခနဲ ရပ်သွား၏။

စိန်လျှံသည် အကြောင်းတစ်ခုခုကြောင့် စိတ်ဆိုးနေခြင်း ပေမည်။

သူစိတ်ဆိုးအောင် မည်သူပြုလုပ်နေပါသနည်း။

သူနှင့် စိန်ကျဲ့ရင်တို့ မေတ္တာသက်ဝင်နေကြောင်း သိရှိသွား၍

တုယို့လုံ စိတ်လှုပ်ရှားလာပြီး အခြေအနေကို သိနိုင်ရန် တံခါး ချောင်းကြည့်လိုက်လေသည်။

အခန်းတွင်း၌ စိန်လျှံတစ်ယောက်တည်းသာ ရှိနေပါသည်။

စိန်လျှံ၏ လက်ထဲ၌ စာရွက်တစ်ရွက် ကိုင်ထားသည်။

စိန်လျှံက စာကိုဖတ်ပြီး ဒေါသတကြီး ဖြစ်နေခြင်းပင်။

"တောက် ... စော်ကားလိုက်တာ၊ သင်းတို့က ဘာမို့လဲ၊ သင်းတို့လက်အောက်ကို ခိုဝင်ရဦးမှာလား"

ဆောင့်ကြီးအောင့်ကြီး ရေရွတ်ရင်း စာရွက်ကို အစိတ်စိတ် ဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်လေတော့သည်။

တုယို့လုံ မနေဝံ့တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သိုးသန့်အခန်းရှေ့မှ ကပျာကယာ ထွက်လာခဲ့တော့သည်။

သိုင်းပညာသင်ယူဖို့ကိစ္စနှင့် ပတ်သက်ပြီး အကျိုးအကြောင်း ပြောဖို့သွားခဲ့သော်လည်း ဘာမှမပြောဝံ့တော့ဘဲ လှည့်ပြန်လာခဲ့ သည်။

စိန်လျှံ အဘယ့်ကြောင့် ဒေါသဖြစ်နေရမှန်း တိတိကျကျမသိ ပါ။

သူ့အား စော်ကားသည်ဆိုသောစကား အဘယ်ကြောင့် ပြော ဆိုနေမှန်း မသိပါ။

သို့သော် ... ထိုနေ့က တွေ့မြင်ခဲ့ရသော ကိစ္စသည် သူ၏ဘ တွင် အရေးပါသော ကိစ္စတစ်ခုဖြစ်ကြောင်း နောင်အခါမှ သိခဲ့ရ တော့သည်။

☆ ☆ ☆



## ထောင်ချောက်

BURMESE CLASSIC .com

တုယို့လုံသည် ထွက်သွားဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့သော်လည်း ထွက်မသွားဖြစ်ဘဲ စိန်လျှံ၏အိမ်၌ ဆက်လက်နေထိုင်ခဲ့သည်မှာ ကာလအတန်ကြာသွားပြီ ဖြစ်ပါသည်။

သိုင်းပညာသင်ယူဖို့ သူ့ဘက်က အစစရာရာ အသင့်ရှိနေ သည့်တိုင်အောင် အချိန်များသာ ကုန်ဆုံးသွားသည်။ ဖျော်လင့်သလို သင်ယူခဲ့ရခြင်း မရှိပေ။

သို့ဖြင့် မိုးကာလသို့ပင် ဝင်ရောက်လာလေတော့သည်။

စိတ်ပျက်နေသော တုယို့လုံ သိုင်းဆရာစိန်လျှံ၌ ထူးခြားချက် အစ်ခု ရှိနေသည်ကို တွေ့ခဲ့ရသော်လည်း ဂရုမထားဖြစ်ခဲ့ဘဲ သိုင်း သင်ရခြင်းအပေါ် အာရုံရောက်နေခဲ့သည်။

တစ်ည ...

မိုးသက်လေပြင်း ကျသော ညတစ်ညဖြစ်ပါသည်။

မိုးသည်းထန်စွာ ရွာသွန်းနေသကဲ့သို့ လေပြင်းများလည်း တိုက် ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး အေးစိမ့်နေ၏။

သိုင်းဆရာ စိန်လှ၏ အိမ်ဂေဟာ၌သာမက ကျူဂျီတစ်မြို့လုံး မိုးသက်လေပြင်းအောက်၌ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တုယို့လုံကား အိပ်စက်ခြင်း မပြုနိုင်သေးပါ။

အချိန်တိုင်း၌ သိုင်းပညာသင်ယူနိုင်ရေးကိစ္စကိုသာ တွေးတော စဉ်းစားနေမိသည် မဟုတ်ပါလား။

ယခုလည်း အခန်းတွင်း၌ တစ်ယောက်တည်းထိုင်ကာ တွေး တော စဉ်းစားရင်း မိုးသက်လေပြင်းကျရောက်နေသည်ကိုပင် အမှု မထားနိုင်အောင် ဖြစ်နေပါတော့သည်။

အချိန်မည်မျှ ကြာသွားမှန်းမသိဘဲ နားထဲသို့ စူးရှသော အော် ဟစ်သံများ တိုးဝင်လာတော့မှ သတိဝင်လာလေသည်။

တုယို့လုံ ထိုင်ရာမှ ဝေါက်ခနဲ ထရပ်လိုက်သည်။

အော်ဟစ်သံကို ထပ်မံနားစွင့်လိုက်သည်။

သို့သော် မိုးသံလေသံများကို ကြားနေရပြီး အော်ဟစ်သံကို မကြားရတော့ပေ။

တုယို့လုံ မကျေမနပ်ဖြစ်သွား၏။

"ငါ သေသေချာချာ ကြားလိုက်ရတာပါ"

အခန်းတံခါးဖွင့်ကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဟိုဟိုသည်သည် ကြည့်ရှုလိုက်သောအခါ ဆရာကြီး စိန်လှ၏ အခန်းမှ မီးရောင်များ ထွက်ပေါ်နေသည်ကို တွေ့လိုက်ရ၏။

တုယို့လုံ ချက်ချင်း စိတ်ပြောင်းသွားလေတော့သည်။



"မီးရောင်ရှိတယ်ဆိုတော့ ဆရာကြီး မအိပ်သေးဘူးထင်တယ်၊ ဆက်ပြီး ... ငါ့ကို ထိပ်တန်းပညာတွေ သင်ပေးဖို့ သွားပြောရမယ်၊ အချိန်ဟာ ငါ့အတွက် အချိန်ကောင်းပဲ"

စိန်လှ၏ အခန်းဘက်သို့ လှမ်းသွားလိုက်လေသည်။

အိမ်ဂေဟာတစ်ခုလုံး ငြိမ်သက်ကာ လှုရှင်းနေ၏။

စိန်ကျဲ့ရင်၊ ဝူးပကျား၊ ရွှကြည်နှင့် လီယွမ်တို့ မိုးအေးအေးနှင့် အိပ်နေလောက်ပြီ ထင်ရလေသည်။

တုယို့လုံသည် ခပ်သွက်သွက် လှမ်းသွားလိုက်ရာ ဆရာစိန်လှ၏ အခန်းရှေ့သို့ ရောက်ရှိသွားလေသည်။

ယခုတစ်ကြိမ် တုယို့လုံ တံခါးခေါက်စရာမလိုပေ။

ဆရာစိန်လှ၏ အခန်းတံခါးမှာ ဟာလာဟင်းလင်း ပွင့်နေသည် မဟုတ်ပါလား။

"ဆရာ ..."

တုယို့လုံက အသံပေးရင်း အခန်းထဲ လှမ်းဝင်လိုက်၏။

စားပွဲပေါ်၌ ထွန်းညှိထားသော မီးအိမ်တစ်လုံးကြောင့် တစ်ခန်း လုံး လင်းလင်းချင်းချင်း ဖြစ်နေသည်။

ထိုကြောင့်လည်း သွေးအိုင်ထဲလဲကျနေသော စိန်လှအား အတိုင်းသား တွေ့လိုက်ရလေတော့သည်။

"ဟာ ..."

တုယို့လုံ အလန့်တကြား ဖြစ်သွားလေသည်။

စိန်လှမှာ ရင်ဝ၌ ဓားတစ်လက်စိုက်ဝင်ကာ သေဆုံးနေရှာပြီ ...ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လျှံအား မည်သူက လုပ်ကြံလိုက်ပါသနည်း။

"ဘယ်လိုဖြစ်ရတာလဲ ဆရာရယ်

တုယို့လုံ ပြေးသွားလိုက်သည်။

မိုးသံ လေသံကြောင့် စိန်လျှံထံမှ ညည်းတွားသံ ထွက်ပေ နေသည် ထင်လိုက်မိသည်။

လေဝှေ့ယမ်း တိုက်ခတ်နေသဖြင့် မီးအိမ်မှ မီးညွန့်လှုပ်ယ သွားရာ စိန်လျှံ လှုးလွန့်လှုပ်ရှားလာသည် ထင်လိုက်မိလေ၏။

စိန်လျှံက သူ၏အသက်ကို ကယ်တင်ခဲ့ဖူးပြီး သူ့အား တပည့် အဖြစ် လက်ခံကာ စောင့်ရှောက်ထားခဲ့သည့် ကျေးဇူးရှင်ဖြစ်ပေ သည်။

တုယို့လုံသည် စိန်လျှံအား ကူညီရန် စိတ်စောနေမိလေသော သည်။

"ဆရာ ... ဆရာ"

တကြော်ကြော်ခေါ်ရင်း စိန်လျှံအား ကူညီလို ကူညီနိုင်ငြား ရင်ဝ၌ စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်မိသည်။

သူ၏လက်ထဲ ဓားရောက်လာသည့် တဒင်္ဂအချိန်လေးမှာပင် နူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေတော့သည်။

"ဆရာကြီး စိန်လျှံကို တုယို့လုံ သတ်လိုက်ပြီ"

☆ ☆ ☆



အပြင်ဘက်၌ မိုးသက်လေပြင်း ကျရောက်နေသည်။

တုယို့လုံ၏ ဘဝကား မိုးသက်လေပြင်းကျရောက်သည်ထက် ပင် ဆိုးဝါးသော အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

"ဆရာကြီး စိန်လျှံကို တုယို့လုံက သတ်ပစ်လိုက်ပြီ"

ရူးရူးဝါးဝါး အော်ဟစ်သံက ထပ်တလဲလဲ ထွက်ပေါ်နေ၏။

အော်ဟစ်သူကား ဝူးပကျားဖြစ်သည်။

ဝူးပကျား၏ အသံသည် မိုးလေကို ထိုးဖောက်ထွက်ပေါ်လာ လေသည်။

စိန်ကျဲ့ရင်၊ ရှုကြည်နှင့် လီယွမ်တို့ ပြေးလွှားရောက်ရှိလာကြ လေတော့၏။

တုယို့လုံကား သွေးစွန်းနေသော ဓားရှည်ကို လက်ထဲကိုင်ထား ရင်း ကြက်သေ သေကာ ရပ်နေမိသည်။

စိန်ကျဲ့ရင်သည် ဖခင်၏အဖြစ်ဆိုးကြောင့် ဝမ်းနည်းကြေကွဲ မဆုံးအောင် ဖြစ်သွားတော့သည်။

"အဖြစ်ဆိုးလှချည်လား ဖေဖေရယ်"

ရှိုက်ကြီးတငင် ငိုကြွေးရင်း ဖခင်ကြီးအား ပြေး၍ပွေ့ဖက် ထားလိုက်လေသည်။

ဝူးပကျား၊ ရှုကြည်နှင့် လီယွမ်တို့ကား ဒေါသချောင်းချောင်း ထွက်နေကြပါသည်။

"တုယို့လုံ ... မင်း ယုတ်မာလှချည်လား"

"ဆရာကို မင်းသတ်ပစ်လိုက်တယ် မဟုတ်လား"

အော်ဟစ်ရင်း ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြ၏။

www.burmeseclassic.com



သွေးပျက်ဖွယ်အဖြစ်ဆိုးနှင့် ကြုံလိုက်ရသဖြင့် တုယို့လုံ ထူပူကာ စကားမပြောနိုင်ဘဲ ကြောင်စီစီဖြစ်နေပါတော့သည်။

စိန်ကျဲ့ရင်လည်း ဖြေမဆည်နိုင်အောင် ဖြစ်နေပါသည်။

"မောင်လေးရယ် ... ဘယ်အကြောင်းနဲ့ ဖေဖေကို သတ်ပစ်လိုက်ရတာလဲ"

တုယို့လုံသည် သတိဝင်လာပြီး ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ... မဟုတ်ဘူး၊ ကျွန်တော် မသတ်ဘူး မမ"

"ဘာကွ ... မင်းငြင်းချင်သေးတယ် ဟုတ်လား"

ဝူးပကျား ဒေါသတကြီး ရှေ့တိုးလာသည်။

"တုယို့လုံ ... ဆရာက မင်းကို ထိပ်တန်းသိုင်းပညာတွေ သင်မပေးဘဲ အချိန်ဆွဲထားတာကို မင်း မကျေမနပ် ဖြစ်နေတယ် မဟုတ်လား၊ ဒါကြောင့် ဆရာကို သတ်ပစ်လိုက်တာမဟုတ်လား"

တုယို့လုံ အကြောက်အကန် ငြင်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော် မသတ်ပါဘူးဗျာ၊ ဆရာ့လို ထိပ်သီးသိုင်းဆရာကြီးတစ်ယောက်ကို ကျွန်တော့်ရဲ့ မတောက်တစ်ခေါက်ပညာလေးနဲ့ ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ၊ ဘယ်လိုလုပ်ပြီး သတ်ပစ်နိုင်မှာလဲဗျာ"

ဝူးပကျားက ...

"အပိုတွေ ပြောမနေနဲ့၊ ဆရာ မင်းကို ယုံကြည်စိတ်ချထားတာကို အခွင့်အကောင်းယူပြီး လုပ်ကြံလိုက်တာ မဟုတ်လား၊ မင်း မငြင်းနဲ့"

တုယို့လုံက ...



"ကျွန်တော် မသတ်ပါဘူး၊ တကယ်ပြောနေတာပါ၊ ဆရာရဲ့အခန်းထဲက အော်သံလိုလို ကြားလို့ ပြေးလာခဲ့တာ၊ ဒီကိုရောက်တော့ ဆရာ့ရဲ့ ရင်ဝမှာ ဓားတစ်လက်စိုက်ဝင်ပြီး သွေးအိုင်ထဲလဲကျနေတာကို တွေ့လိုက်ရတာပါပဲ"

အားလုံးသည် တုယို့လုံ၏ လက်ထဲမှ ဓားကို ကြည့်လိုက်ကြလေသည်။

ဝူးပကျား မဲ့ပြုံး ပြုံးလိုက်သည်။

"ဆရာ့ရင်ဝမှာ စိုက်ဝင်နေတယ်ဆိုတဲ့ ဓားက ဘယ်လိုလုပ်ပြီး မင်းရဲ့လက်ထဲ ရောက်နေရတာလဲ၊ ပြောစမ်းပါဦးကွ"

"ဒါ ... ဒါ ..."

"နေပါဦး ... ဒီဓားဟာ ဆရာကိုယ်တိုင် မင်းကို အမွေပေးထားတဲ့ ဓားမဟုတ်လား"

တုယို့လုံ မငြင်းနိုင်အောင် ဖြစ်သွား၏။

ထိုဓားသည် စိန်လျှံ သူ့ကိုပေးခဲ့သော ဓားဖြစ်သည်။

သူက အခန်းထဲ၌ သေသေချာချာ သိမ်းဆည်းထားခဲ့သည်။

ထိုဓား ဘယ်အချိန်က ပျောက်ဆုံးသွားမှန်းပင် မသိခဲ့ပါ။

ရှုကြည်နှင့် လီယွမ်တို့ ရှေ့တိုးလာကြလေသည်။

"ဟိတ် ... ဆရာ့ကို မင်းသတ်ပစ်လိုက်တယ်ဆိုတာ ထင်ရှားနေပြီ၊ ဘူးကွယ်မနေနဲ့"

"လူယုတ်မာ ... မင်းကို ချမ်းသာမပေးနိုင်ဘူး"

အော်ငေါက်ရင်း ဝိုင်းဝန်းထိုးကြိတ်လိုက်ကြလေသည်။

"အား ..."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံမှာ ခုခံနိုင်စွမ်းမရှိဘဲ ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားပါတော့သည်။

ဝူးပကျား ဒေါသတကြီး ဖြစ်နေ၏။

“ဒီကောင့်ကို သတ်ပစ်ရမှ ငါကျေနပ်မယ်”

တုယို့လုံ လွတ်ကျသွားသော ဓားကို ကောက်ယူထားပြီး ခုတ်ပိုင်းချရန် ဟန်ပြင်လိုက်လေသည်။

“မလုပ်ပါနဲ့ရှင်”

စိန်ကျဲ့ရင်က ဟန့်တားလိုက်လေသည်။

ဝူးပကျားက ...

“ညီမ ... ဒီကောင့်ကို ညှာနေလို့မဖြစ်ဘူး၊ ဆရာ့ကိုတောင် လုပ်ကြံရဲတယ်ဆိုရင် ကျုပ်တို့အားလုံးကိုပါ ဆက်ပြီး ဒုက္ခပေးဖို့ ဝန်လေးနေမှာမဟုတ်ဘူး၊ ဒီကောင့်ကို ပြတ်ပြတ်သားသား ဆုံးမမှ ဖြစ်မယ်”

စိန်ကျဲ့ရင် ခေါင်းညိတ်လိုက်သည်။

“ကျွန်မ နားလည်ပါတယ်ရှင်၊ ဒါပေမယ့် သူ့ကို သတ်ပစ်လို့ မဖြစ်သေးဘူး”

“ညီမက ဘာလုပ်ချင်လို့လဲ”

“ဖေဖေ့ကို ဘာကြောင့် ရက်ရက်စက်စက် သတ်ပစ်ရတဲ့ အကြောင်းရင်းကို ကျွန်မ သိချင်သေးလို့ပါ”

ဝူးပကျားက တုယို့လုံအား ငေါက်လိုက်သည်။

“မင်း ပြောစမ်း”

တုယို့လုံက ...



“ကျွန်တော် မသတ်ဘူး”

“တယ် ... ဒီကောင်”

ဝူးပကျားက ဓားကို မြှောက်လိုက်ပြီးမှ မနည်းစိတ်ထိန်းထားလိုက်ရလေသည်။

စိန်ကျဲ့ရင်က ...

“သူ့ဆီက ဝန်ခံစကား မကြားရမချင်း ကျွန်မ ကျေနပ်နိုင်မှာ မဟုတ်ပါဘူးရှင်၊ ဒါကြောင့် သူ့ကို မစီရင်သေးဘဲ ဖမ်းဆီးချုပ်နှောင်ထားလိုက်တာ ကောင်းပါလိမ့်မယ်၊ နောက်မှ ကျွန်မကိုယ်တိုင် စစ်ဆေးပါ့မယ်”

ရှုကြည်နှင့် လီယွမ်တို့သည် မျက်ရည်လည်ရွဲဖြစ်နေသော စိန်ကျဲ့ရင်အား ကရုဏာသက်သွားကြလေသည်။

စိန်ကျဲ့ရင်၏ ဆန္ဒကို ဦးစားပေးသင့်သည်ဟု ခံယူလိုက်ကြပြီး ...

“မင်း ထွက်ပြေးဖို့ မကြိုးစားနဲ့”

“ဒီကောင့်ကို ကြိုးနဲ့တုပ်လိုက်”

တုယို့လုံအား ကြိုးများဖြင့် တုပ်နှောင်ကာ ဖမ်းဆီးလိုက်လေသည်။

စိန်ကျဲ့ရင်ကြောင့် တုယို့လုံမှာ ချက်ချင်း သေဆုံးသွားရတော့မည့် အခြေအနေမှ ကံကောင်းထောက်မကာ လွတ်မြောက်သွားတော့သည်။

တုယို့လုံမှာ ရှေ့ဆက်ကံကောင်းနိုင်ပါဦးမည်လော။

“လာစမ်း ...”

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံသည် ငှုးပကျားတို့ တွန်းထိုးခေါ်ဆောင်သွားရာနောက်သို့ ခေါင်းငိုက်စိုက်ကျကာ လိုက်ပါသွားရလေတော့သည်။

☆ ☆ ☆

မိုးသက်လေပြင်း ရပ်တန့်သွားပြီဖြစ်သည်။

တုယို့လုံအတွက် ဘဝမုန်တိုင်းကား ယခုမှ စတင်ခဲ့ချေပြီ။

တုယို့လုံအား သစ်ပင်ကြီးတစ်ပင်အောက်၌ ကြိုးများဖြင့် ချည်နှောင်ကာ ဖမ်းဆီးထားလိုက်သည်။

ငှုးပကျား၊ လိယွမ်နှင့် ရှုကြည်တို့ ဒေါသဖြစ်ကာ ထိုးကြိတ်ရိုက်နှက်ခဲ့ကြသဖြင့် သူ့တစ်ကိုယ်လုံး အညိုအမည်း စွဲနေပြီဖြစ်သည်။

တုယို့လုံမှာ ကိုယ်မကျူးလွန်မိသော ကိစ္စအတွက် မတရားခံနေရခြင်းဖြစ်ပါတော့သည်။

တုယို့လုံ ဝမ်းနည်းကြေကွဲနေသည်။

"ငါ့ရဲ့ကံကြမ္မာက ဆိုးဝါးလှချည်လား"

ဟူ၍လည်း ညည်းတွားမိတော့သည်။

ရုတ်တရက် ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာလေသည်။

လူတစ်ယောက်က အနီးသို့ ရောက်ရှိလာ၏။

တုယို့လုံ အံကြိတ်ကာ ပြောလိုက်သည်။

"ကျုပ်ကို မြန်မြန်သတ်ပစ်လိုက်စမ်းပါ"

"မောင်လေးကို မသတ်ရက်ပါဘူးကွယ်"



ရှိုက်သံရောစွက်နေသော စိန်ကျဲ့ရင်၏ အသံ ထွက်ပေါ်လာခြင်းကြောင့် တုယို့လုံ အားတင်းကာ မျက်လုံးဖွင့်ကြည့်လိုက်၏။

"မမ . . ."

အနီးသို့ရောက်ရှိလာသူမှာ စိန်ကျဲ့ရင် ဖြစ်လေသည်။

တုယို့လုံ ပို၍ ဝမ်းနည်းသွားလေသည်။

"မမရယ် . . . ဆရာ့ကို ကျွန်တော်မသတ်ပါဘူး"

စိန်ကျဲ့ရင်၏ လက်ထဲ၌ ဓားတစ်လက်ကိုင်ထား၏။

စိန်လျှံ၏ ရင်ဝ၌ စိုက်ဝင်ခဲ့သော ဓားဖြစ်သည်။

စိန်ကျဲ့ရင်က ဓားကိုင်ထားသော လက်ကိုမြှောက်လိုက်သည်။

"မမ . . ."

တုယို့လုံ အထိတ်တလန့်ဖြစ်သွားစဉ်မှာပင် စိန်ကျဲ့ရင်က ဓားဖြင့် ခုတ်ချလိုက်လေသည်။

တုယို့လုံ မျက်လုံးမှိတ်ထားလိုက်၏။

သို့သော် ဓားမှာ သူ၏ခန္ဓာကိုယ်ပေါ် ကျရောက်မလာဘဲ ချည်နှောင်ထားသော ကြိုးများကို ခုတ်ဖြတ်ပြီးသား ဖြစ်သွားသည်။

တုယို့လုံမှာ အနှောင်အဖွဲ့မှ လွတ်မြောက်သွားတော့သည်။

တုယို့လုံ မယုံနိုင်အောင် ဖြစ်သွားသည်။

"မမ . . ."

စိန်ကျဲ့ရင် လက်ဝှေ့ယမ်းပြလိုက်သည်။

"ဖေဖေ့ကို မောင်လေးမသတ်ဘူး၊ တစ်စုံတစ်ခု မှားယွင်းနေပြီဆိုတာ မမနားလည်တယ် မောင်လေး၊ ဒီနေရာမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ဒါကြောင့် အဝေးကို သွားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်တော်"

"မမစကားကို နားထောင်ပါ၊ ဒီကထွက်သွားပါ၊ ပညာသင်ပေးနိုင်မယ့် ဆရာကိုရှာပြီး သင်ယူပါ၊ ပညာပြည့်စုံတဲ့တစ်နေ့ကျရင် ဖေဖေ့ကို လုပ်ကြံသွားတဲ့ တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်အောင် ကြိုးစားပါ"

တုယို့လုံ၏ ရင်ထဲ ဖော်မပြနိုင်အောင် လှိုက်လှိုက်လှဲလှဲ ဖြစ် သွားရလေသည်။

သူ့အပေါ် ထားရှိသည့် စိန်ကျဲ့ရင်၏ မေတ္တာတရားကြီးမားလှသည် မဟုတ်ပါလား။

"ရေစက်မကုန်သေးရင် မမတို့ ပြန်တွေ့ကြမှာပေါ့၊ ခုတော့ အချိန်မရှိဘူး၊ မောင်လေး အမြန်ဆုံး ထွက်သွားပေတော့ ..."

တုယို့လုံ အံကြိတ်လိုက်သည်။

"လူသတ်တရားခံကို တစ်နေ့ ကျွန်တော် ဖော်ထုတ်မယ်လို့ ကတိပေးပါတယ် မမရယ်၊ ခုတော့ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

စိန်ကျဲ့ရင်အား နှုတ်ဆက်လိုက်သည်။

စိန်ကျဲ့ရင် လက်ဝှေ့ယမ်းပြလိုက်သည်နှင့် တုယို့လုံလည်း ပြေးလွှားသွားရင်း အမှောင်ထုထဲ ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ပထမပိုင်း ပြီး၏

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# ပညာရှာမှီးသိုင်းခရီး

(ဒုတိယပိုင်း- ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## လူ့ခွစာ ဖနီးမောင်နှံ

တစ်လ ...။

တစ်လဟူသောအချိန် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်ရပေသည်။

တစ်လအတွင်း တုယို့လုံသည် ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

သူသည် အလွန် စိတ်မာတက်ကျနေသူ တစ်ယောက်အဖြစ်မှ လောကမံအား ကြံ့ကြံ့ခံရင်ဆိုင်နိုင်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

လူသတ်တရားခံအား ဖော်ထုတ်၍ မိမိထံ ကျရောက်နေသော အပြစ်များကို ဖယ်ရှားရန်ထက် အရေးကြီးသောကိစ္စဟူ၍ သူ့ထံတွင် မရှိတော့ပါချေ။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံသည် သဘာဝရှုခင်း တောအုပ်များကိုကြည့်ရင်း မေ့ဝင်လာလေသည်။

တုယို့လုံမှာ သစ်ပင်တစ်ပင်အောက်တွင် အနားယူနေရင်း ဝမ်းဗိုက် တကြုတ်ကြုတ်မြည်လာလေသည်။

ရုတ်တရက် သူ၏ မျက်လုံးအစုံသည် သစ်ကိုင်းပေါ်မှ ငှက်တစ်ကောင်အား တွေ့မြင်သွားသည်။

"ဟုတ်ပြီ ... ဒါ ညစာပဲ"

ဝမ်းသာအားရတွေးရင်း ထ၍ အနီးမှကျောက်ခဲတစ်လုံးအား ကောက်၍ ပစ်လွှတ်လိုက်သည်။

"ဖုတ် ..."

သူ၏လက်သည် ကျင့်သားရနေပြီ ဖြစ်သောကြောင့် ထိုငှက်သည် သစ်ကိုင်းပေါ်မှ ကျလာလေသည်။

သို့သော် ...

ထိုငှက်သည် သစ်ပင်အောက်တည့်တည့်သို့ ကျရောက်သောခြင်းမရှိဘဲ ဝေ့ဝဲရင်း အခြားချုံပုတ်နောက်သို့ ကျရောက်သွားလေသည်။

တုယို့လုံ ပစ်လွှတ်လိုက်သည့် ကျောက်ခဲမှာ တစ်ချက်တည်းနှင့်ပင် သေစေနိုင်သော်လည်း ထိုငှက်သည် အသက်ပြင်းလွန်းသဖြင့် ဝေ့ဝဲပျံသွားသည့်အတွက် အံ့အားသင့်သွားသည်။



တွေးတောစဉ်းစားရင်း ကျသွားသည့် ချုံပုတ်အနီးသို့ လျှောက်သွားလိုက်သည်။

သို့သော် ...

ချုံပုတ်နားသို့ မရောက်ပါ။

မယုံကြည်နိုင်သော မြင်ကွင်းတစ်ခု ပေါ်ပေါက်လာသောကြောင့်ပင် ဖြစ်လေသည်။

သူပစ်လိုက်သော ငှက် ကျသွားသည့် ချုံပုတ်အနီးဆီမှ ဆံပင်များ ဖွာလန်ကျဲနေသည့် အဘိုးအိုတစ်ယောက် ထွက်ပေါ်လာသောကြောင့်ပင် ဖြစ်သည်။

ထိုအဘိုးအို၏ အဝတ်အစားများမှာ ဟောင်းနွမ်းညစ်ပတ်နေသည့်အပြင် အရိုးပေါ်အရေတင် ပိန်ချုံးနေပေသည်။

တောအုပ်ထဲတွင် ထိုအဘိုးအို၏ သဏ္ဍာန်မှာ နာနာဘာဝနှင့်ပင် တူလှပေသည်။

တုယို့လုံ၏ မျက်လုံးအစုံက ထိုအဘိုးအိုအား စူးစိုက်ကြည့်နေမိသည်။

အဘိုးအို၏ လက်တစ်ဖက်တွင် သူပစ်ချလိုက်သော ငှက်ကို ကိုင်ထားလေသည်။

ငှက်မှာ သေဆုံးနေပြီ ဖြစ်လေသည်။

မိမိပစ်ချလိုက်သောငှက်မှာ ထိုအဘိုးအို ကောက်ယူသွားခြင်း ဖြစ်မည်ဟု နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်ကောင် မည်မျှတန်ဖိုးရှိမည်နည်း။

ထိုအဘိုးအိုမှာ အလွန်ပင် အသက်ကြီးပြီဖြစ်သဖြင့် မည်သို့မှ ပြန်မပြောတော့ဘဲ ဘေးသို့ကွေ့ရှောင်၍ ထွက်သွားလေသည်။

"ဟူး ..."

အဘိုးအို၏အရိပ်က သူ့ရှေ့သို့ ထိုးကျသွားလေသည်။

"ရပ်လိုက်စမ်း ... မင်း လွယ်လွယ်နဲ့ ထွက်သွားလို့ရမလား"

ထိုစကားကြောင့် တုယို့လုံ အံ့အားသင့်သွားကာ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားသည်။

"ကျွန်တော့်ကို ပြောတာလား"

"ဟုတ်တယ်"

အဘိုးအိုက လေသံမာမာဖြင့် ပြောလာသည်။

"မင်းကလွဲလို့ တခြားလူ ဘယ်သူမှမရှိဘူး"

အဘိုးအိုက ထပ်ပြောလိုက်လေသည်။

တုယို့လုံက လေးလေးစားစားပင် ပြန်ပြောလိုက်လေသည်။

"ဘာဘာ ... ဘာများပြောစရာရှိလို့ပါလဲ"

"မင်း ဒီငှက်ကို ပစ်ချလိုက်တာမဟုတ်လား"

အဘိုးအိုကပြောရင်း လက်ထဲမှငှက်အား မြှောက်ပြလိုက်လေသည်။

တုယို့လုံက ခေါင်းညိတ်သည်။



"ဟုတ်ပါတယ်"

ထိုအခါ အဘိုးအို၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာလာလေသည်။

"ကောင်းပြီ၊ ဒါဖြင့် မင်းကိုယ်မင်း ပြန်ပြီးတော့ အဆုံးစီရင်လိုက်ပါ"

"ဗျာ ..."

တုယို့လုံ မျက်လုံးပြူးသွားသည်။

အဘိုးအိုအား ကြောင်အမ်းအမ်းဖြင့်ကြည့်ကာ ...

"ကျွန်တော်က ဘာဖြစ်လို့ ..."

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်ပြောလိုက်သည်။

"သေသွားတဲ့ငှက်အတွက် မင်းရဲ့အသက်ကို အစားပြန်လျော်ပေးဖို့ပဲ"

တုယို့လုံ ထိပ်လန့်သွားသည်။

"ကျွန် ... ကျွန်တော်က ဒီငှက်အစား အသက်ပြန်လျော်ပေးရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ငှက်လည်း အသက်တစ်ချောင်းနဲ့ပဲ မဟုတ်ဘူးလား၊ မင်းကြောင့် သေသွားတဲ့ငှက်အတွက် မင်း အသက်ပြန်လျော်ပေးဖို့ပဲ"

တုယို့လုံ မဲ့ပြုံးပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘလည်း ငှက်ပစ်တဲ့အလုပ်မျိုး မလုပ်ဖူးဘူးလား"

"ဟား ... ဟား ... ဟား ... လုပ်ဖူးတာပေါ့ကွာ၊ ဒါပေမယ့် ဒီငှက်ဟာ ငါ ပင်ပင်ပန်းပန်းမွေးထားတဲ့ ငှက်ကွ၊ ဒါ အချိန်ကြာ လေ့ကျင့်မွေးယူထားရတဲ့ စာပို့ငှက်ကွ"

တယို့လုံ အလွန် အံ့အားသင့်သွားလေသည်။

တစ်ဆက်တည်းပင် စိတ်မကောင်း ဖြစ်သွားမိလေသည်။

အဘိုးအိုအား ဦးညွှတ်ကာ ...

"ကျွန်တော်က တောထဲမှာ သဘာဝတွေ့ရတဲ့ ငှက်လို့ထင်ပြီး ပစ်ချမိတာပါ၊ ဘဘရဲ့ငှက် ဖြစ်နေတဲ့အတွက် စိတ်မကောင်း ဖြစ်မိပါတယ်"

ဟု တောင်းပန်လိုက်လေသည်။

သို့သော် ...

အဘိုးအိုက မကျေနပ်ချေ။

"မင်း စိတ်မကောင်းဖြစ်စရာ မလိုပါဘူး၊ အခု ဒီငှက်သေသွားတဲ့အတွက် မင်းအသက် အလျော်ပေးဖို့ ငါပြောပြီးပြီ မဟုတ်လား"

တောင်းပန်နေလျက်နှင့် အတင်းအကြပ်ပြောလာသောကြောင့် တယို့လုံ စိတ်မရှည်နိုင်ဘဲ ဖြစ်လာလေသည်။

သို့သော် သူက ဒေါသစိတ်ကို ထိန်းချုပ်ထားလိုက်သည်။

အဘိုးအို ပြောနေသည်မှာ ဖြစ်နိုင်ပါ့မလားဟု စဉ်းစားကြည့်လိုက်သည်။



ငှက်အား ကြည့်လိုက်သော်လည်း စာပို့ငှက်မျိုး မဟုတ်ချေ။

ထို့ကြောင့် သူက တအံ့တသြဖြင့် ...

"ဒါ စာပို့ငှက်မှ မဟုတ်တာ"

ထိုစကားကြောင့် အဘိုးအို ဒေါသထွက်သွားသည်။

"ဘာလဲ ... ငါ့စကား မယုံလို့လား"

အဘိုးအိုနှင့်သူက အမုန်းမပွားလိုချေ။

ထို့ကြောင့် စိတ်အေးလက်အေးဖြင့် ပြောလိုက်သည်။

"ကျွန်တော် ပစ်ချလိုက်တဲ့ငှက်လည်း ပြန်မယူတော့ပါဘူး၊ ဘဘပဲ ယူလိုက်ပါတော့"

ပြောပြီး စကားမများချင်၍ ခြေလှမ်းကို ပြန်၍ လှမ်းလျှောက်လိုက်လေသည်။

ထိုစဉ် နောက်ကျောမှ လေလှိုင်းတစ်ခု တိုးဝင်လာသည်ကို ခံစားလိုက်ရလေသည်။

တယို့လုံ ရင်ထိတ်သွားသည်။

ဘေးဘက်သို့လည်း ကပျာကယာ ခုန်ရှောင်ပေးလိုက်မိသည်။

"ဝုန်း ..."

သူ၏နောက်ဘက်တွင် ရှိနေသောသစ်ပင်သည် သိမ့်သိမ့်တုန်သွားရလေသည်။

သစ်ရွက်များလည်း ကြွေကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပြင်းထန်သော လေလှိုင်းလက်ဝါးရိုက်ချက်ဟု သူက သိလိုက်လေသည်။

တုယို့လုံ ထောင်းခနဲ ဒေါသထွက်သွားသည်။

ယခုလို အလစ်ချောင်း တိုက်ခိုက်ခြင်းမျိုးအား သူက မနှစ်မြို့ပါချေ။

ချာခနဲလှည့်ကာ တိုက်ခိုက်လာသူအား ကြည့်လိုက်သည်။

သူ့အား တိုက်ခိုက်သူမှာ အဘိုးအိုမဟုတ်ပေ။

အဘွားအိုတစ်ဦးပင် ဖြစ်လေသည်။

တုယို့လုံ အလွန်ပင် အံ့အားသင့်သွားသည်။

အဘွားအိုသည် မည်သည့်နေရာမှ ထွက်လာမှန်း မသိခဲ့ရပေ။

သူတွေ့လိုက်ရသော အချိန်၌ အဘွားအိုသည် အဘိုးအို၏ လက်တစ်ကမ်းအလိုတွင် ရှိနေလေသည်။

တုယို့လုံ အကဲခတ်ကြည့်လိုက်ရုံဖြင့် အဘွားအိုသည် ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်မည်ဟု ခန့်မှန်းရလေသည်။

အဘိုးအိုက အဘိုးအိုအား တစ်စုံတစ်ရာကို တီးတိုးပြောလိုက်လေသည်။

အဘိုးအို၏ မျက်လုံးအစုံ ဝင်းလက်လာပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

အတန်ကြာမှ တုယို့လုံဘက်လှည့်ကာ ...



"သူပြောတဲ့အချက်ကို မင်း လက်ခံနိုင်ပါ့မလား"

အဘိုးအို၏လေသံမှာ အနည်းငယ် ပျော့ပျောင်းလာသည်ဟု ထင်ရပေသည်။

တုယို့လုံ သက်ပြင်းချလိုက်သည်။

"ဘွားဘွားပြောတဲ့စကားက ဘာမှန်းမသိတော့ ကျွန်တော် ဘယ်လို လက်ခံရမှာလဲ"

အဘိုးအို လက်ကာပြလိုက်သည်။

"ငါပြောမယ် နားထောင်၊ မင်းက သူ့ရဲ့ အချစ်ဆုံးငှက်ကို ပစ်ချလိုက်တဲ့အတွက် ထုံးစံအတိုင်းဆိုရင် မင်းကို သတ်ပစ်ရမှာပဲ၊ ဒါပေမယ့် မင်းဟာ လူငယ်လူရွယ်တစ်ယောက် ဖြစ်တယ်၊ အရိုးအဆစ် ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံနဲ့တင် ထိပ်တန်းသိုင်းပညာကို သင်ကြားနိုင်မယ့်ပုံပဲ၊ ဒါကို သူက သဘောကျတယ်၊ ဒါကြောင့် သူက ညှာတာထောက်ထားပြီး မင်းနဲ့ အပေးအယူလုပ်ဖို့ပဲ"

တုယို့လုံ စိတ်ဝင်စားသွားကာ နားစိုက်ထောင်နေလိုက်သည်။

အဘိုးအိုက ...

"မင်းသာ ငါတို့လင်မယားကို တစ်သက်လုံး ပြုစုကျွေးမွေးမယ်ဆိုရင် ဒီအပြစ်တွေကို ခွင့်လွှတ်လိုက်မယ်၊ ဒီအတွက် မင်းလည်း သိုင်းပညာ သင်ကြားနိုင်ခွင့်ရှိမယ်၊ ဘယ့်နှယ်လဲ"

တုယို့လုံ ဒေါသထောင်းခနဲ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုအား စေ့စေ့ကြည့်ရင်း ခပ်ပြတ်ပြတ်ပင် ပြောလို
လေသည်။

"ကျုပ် လမ်မခံနိုင်ဘူး"

အဘိုးအို အံ့သြသွားသည်။

"ဘာကြောင့်လဲ"

တယို့လုံ မဲ့ပြုံးပြုံးကာ ...

"ကျုပ်က ဘယ်သူ့ရဲ့ အကြပ်ကိုင်မှုကိုမှ ခံခဲ့တာမဟုတ်
ဒါကြောင့် ဒီကိစ္စကို လက်မခံနိုင်ပါဘူး"

အဘွားအို ဒေါသထွက်သွားသည်။

သူက မြေပြင်ပေါ် ခြေတစ်ချက်ဆောင့်ကာ ခုန်ထွက်
တယို့လုံအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အဘွားအို၏ လက်ဝါးရိုက်ချက်မှာ လျင်မြန်လွန်း၍
တိမ်းနိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် သူက လက်ဝါးတစ်ဖက် ဆန့်ထုတ်ကာ
ကယာ ရင်ဆိုင်ပေးလိုက်သည်။

"ဝုန်း ..."

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ

တယို့လုံမှာ နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်သွ
သူ၏ လက်မှာလည်း ထုံကျဉ်သွားသည်။



အဘွားအို၏ သိုင်းပညာမှာ သူ့ထက် သာလွန်သည်ကိုကား
သိလိုက်ရပြီ ဖြစ်သည်။

သူ့အတွက် ကံကောင်းသည်ဟု ဆိုရပေမည်။

အဘွားအိုက ဆက်လက် မတိုက်ခိုက်သောကြောင့် ဖြစ်သည်။

အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ငါက သိုင်းတစ်
ကွက်တည်းနဲ့ မင်းကို အနိုင်တိုက်လို့ ရတယ်ဆိုတာ မှတ်ထား"

တယို့လုံ မဲ့လိုက်သည်။

အဘိုးအိုသည် အလွန်ပင် အပြောကြီးသူတစ်ယောက်ဟု ထင်
မှတ်သွားသည်။

မိမိထက် သိုင်းပညာ အဆင့်မြင့်သော်လည်း သူ့အား သိုင်း
တစ်ကွက်တည်းနှင့် အနိုင်တိုက်နိုင်မည်ဟု လုံးဝ မထင်မိချေ။

"ကျုပ် မယုံဘူး"

သူက ကိုယ့်ကိုယ်ကို ယုံကြည်သောလေသံဖြင့် ပြောလိုက်
လေသည်။

အဘိုးအို ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကောင်းပြီ ... သတိထားကြည့်ပေါ့"

ပြောပြောဆိုဆို အနီးရှိသစ်ပင်တစ်ပင်ကို လှမ်းဆွဲကုတ်လိုက်
ပြီး မနီးမဝေးရှိ သစ်ပင်ကြီးတစ်ပင်အား ပစ်ပေါက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို လှမ်းဆွဲကုတ်လိုက်သော သစ်ပင်သည် လေထဲတွင် ပါလာပြီး လေအရှိန်ဖြင့် ပြင်းထန်စွာ ပစ်လွှင့်သွားသောကြောင့် ...

"ဖြောင်း ..."

"ဝုန်း ... ဝုန်း"

မြည်သံကြီးများ အဆက်မပြတ် ထွက်ပေါ်လာပြီး သစ်ပင်ကြီး မှာ တစ်စစီ ဖြစ်သွားလေသည်။

အဘိုးအိုလက်ဝါး၏ အတွင်းအားအရှိန်မှာ မည်မျှပြင်းထန် ကြောင်း မျက်ဝါးထင်ထင် မြင်တွေ့ရလေတော့သည်။

"ဟင် ..."

တုယို့လုံမှာ အတော်ပင် ထိတ်လန့်သွားသည်။

အဘိုးအို၏ လက်ဝါးရိုက်ချက်ကို မိမိအနေဖြင့် ခံနိုင်မည် မဟုတ်ကြောင်း နားလည်ထားသည်။

သို့သော် တုယို့လုံက စိတ်ကိုပြန်ထိန်းပြီး ကြောက်ရွံ့သည့် အမူအရာမပြဘဲ အေးအေးနေလိုက်သည်။

သူ၏ မှင်မောင်းကောင်းပုံကိုကြည့်ကာ အဘွားအို အနည်း ငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

တုယို့လုံသည် အဘယ်ကြောင့် ထွေ့ခြေ့ရနေသနည်း။

ထိုအဖြေကို သိချင်နေမိသည်။

အဘိုးအိုကတော့ မရိပ်မိပါ။



"ဘယ်နှယ့်လဲကွ၊ တော်တော် ကြောက်သွားသလား၊ မင်း ငါပြောတဲ့အစီအစဉ်ကို လက်ခံနိုင်ပြီ မဟုတ်လား"

သူက သဘောတူ လက်ခံလိမ့်မည်ဟု ထင်ထားသဖြင့် ကျေ နပ်စွာဖြင့် ပြောလာလေသည်။

သို့သော် ...

သူထင်သလို ဖြစ်မလာပါချေ။

"ကျုပ် လက်မခံနိုင်ဘူး"

အဘိုးအို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာလဲ ... မင်းက ငါ့ရဲ့လက်ဝါးရိုက်ချက်ကို ခံနိုင်လို့လား"

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"မခံနိုင်ပါဘူး"

အဘိုးအို ဒေါသခြောင်းခြောင်း ထွက်သွားသည်။

မိမိ၏ လက်ဝါးရိုက်ချက်ကို မခံနိုင်ပါဘဲနှင့် မိမိ၏စကား ကို ငြင်းဆန်နေသည့်အတွက် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"မင်း အသက်ရှင်ချင်သေးသလား"

"ဟုတ်ကဲ့"

"အေး ... အသက်ရှင်ချင်သေးရင် ငါ့စကားကို ကောင်း ကောင်း နားထောင်ရမယ်"

တုယို့လုံက ရင်ကော့၍ ရဲဝံ့ပြတ်သားစွာ ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သူတစ်ပါး စော်ကားအနိုင်ကျင့်တာကို ခေါင်းငုံ့ပြီး ခံရတာထက် အသေခံရတာ ပိုပြီးကြိုက်တယ်"

တုယို့လုံ၏စိတ်ဓာတ်ကို အဘိုးအို ကျိတ်၍ ချီးကျူးမိလိုက်လေတော့သည်။

အဘိုးအို တစ်ချက်မျှ တွေဝေစဉ်းစားလိုက်ပြန်သည်။

ထို့နောက် အကြံရသွားဟန်ဖြင့် ကမန်းကတန်း ပြောထားပြန်သည်။

"ငါတို့ အလောင်းအစားတစ်ခု လုပ်ရင်ကောင်းမယ်"

တုယို့လုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာကိုလဲ"

အဘိုးအိုက ရှင်းပြလိုက်သည်။

"မင်း ခံနိုင်ရည် ဘယ်လောက်ရှိသလဲဆိုတာ အဓိကထားရမှာပဲ၊ အခုအချိန်ကစပြီး ဆယ်ရက်အတွင်း မင်း ဘာမှမဖြစ်အောင် ကြုံသမျှအခက်အခဲ ဒုက္ခတွေကို ရင်ဆိုင်နိုင်ရင် မင်း အနိုင်ပဲပေါ့၊ ဒီဒုက္ခတွေကို မင်း မခံနိုင်ရင်တော့ မင်းရှုံးပြီ၊ မင်းနိုင်ရင် မင်းအသက်ကို ချမ်းသာပေးပြီး သွားလိုရာ ခွင့်ပြုမယ်၊ မင်း ရှုံးရင်တော့ ဒီနှစ်ယောက်ကို တစ်သက်လုံး လုပ်ကျွေးပြုစုရမယ် ဘယ်နှယ်လဲ"

တုယို့လုံ အခြားရွေးချယ်စရာလမ်း မရှိတော့ပါ။

အဘိုးအိုပြောသည့်အတိုင်း ပြုလုပ်ရန်သာ ရှိတော့သည်။



"ကောင်းပြီ ... ကျုပ် သဘောတူတယ်"

"ဟား ... ဟား ... ဟား"

အဘိုးအို သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက် တုယို့လုံ၏ လည်ကုပ်အားဖမ်းဆွဲထားလိုက်လေတော့သည်။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၀ ❋

## အခက်အခဲများ

အဘိုးအိုသည် လက်တစ်ဖက်ဖြင့် တုယို့လုံ၏လည်ကုပ်အား ဆွဲထားကာ တောအုပ်ထဲတွင် ကျင်လည်စွာ သွားလာနေသည်။

မကြာမီ အဘိုးအိုသည် တောင်ထိပ်တစ်ခုသို့ ရောက်ရှိလာ လေသည်။

တုယို့လုံက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်ရာ တစ်ဖက်တွင် ချောက်ကမ်းပါးကြီးတစ်ခုကို တွေ့ရလေသည်။

ချောက်ကမ်းပါးကြီးထဲသို့ သူ့အား ပစ်ချမည်လား။

အလွန်ပင် ထိတ်လန့်သွားလေသည်။

ချောက်ကမ်းပါးနက်ကြီးကို ငုံ့ကြည့်လိုက်သည်။

အလွန်အမင်း နက်ရှိုင်းခြင်း မရှိလှချေ။

ထိုသို့ ချောက်ကမ်းပါးကြီးအား ကြည့်နေစဉ်မှာပင် အဘိုးအိုက ဆတ်ခနဲ မွေ့ထူလိုက်ပြီး တုယို့လုံ၏ခန္ဓာကိုယ်အား ပစ်ထား



အဘိုးအိုသည် တုယို့လုံအား လေထဲမြောက်တင်ပြီး အော်ဟစ်ပြောဆိုလိုက်သည်။

"မင်း ဆယ်ရက်လောက် ဒီချောက်နက်ကြီးထဲမှာ နေခဲ့ပေတော့၊ ဆယ်ရက်ပြည့်မှ မင်းအလောင်းကို ငါ လာကောက်မယ်၊ ဟား … ဟား … ဟား"

ထိုသို့ ပြောပြီးသည်နှင့် အဘိုးအိုနှင့် အဘွားအိုတို့သည် တောင်ပေါ်မှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

တုယို့လုံမှာ လေထဲတွင် မြောက်တက်သွားပြီးနောက် ရင်ထဲတွင် အေးခနဲ ဖြစ်သွားပြီး ချောက်ကမ်းပါးနက်ကြီးထဲသို့ ကျရောက်သွားလေတော့သည်။

❋ ❋ ❋

"အား …"

တုယို့လုံ အထိတ်တလန့် အော်ဟစ်လိုက်သည်။

ချောက်ထဲသို့ရောက်လေ အေးစိမ့်လေ ဖြစ်လာသည်။

တုယို့လုံသည် စိတ်ကိုလျှော့မပစ်လိုက်ဘဲ အတွင်းအားနှင့် ကိုယ်ဖော့ပညာစွမ်းအားပေါင်းကာ သူ၏ခန္ဓာကိုယ်ကို ထိန်းထားလိုက်လေသည်။

"ဖတ် …"

www.burmeseclassic.com



"အင့် ..."

အောက်သို့ ရောက်သောအခါ သူသည် သတိရှိလိုက်သော ကြောင့် ဒဏ်ရာကြီးကြီးမားမား မရခဲ့ပါ။

ခန္ဓာကိုယ်အချို့ အနည်းငယ်သာ နာကျင်သွားသည်။

သူသည် သတိမရှိပါက အနည်းဆုံး ဒုက္ခိတတစ်ယောက် ဖြစ်နေလောက်ပြီ။

ချောက်ကမ်းပါး၏ အကျယ်မှာ ပေလေးဆယ်ပတ်လည်သာ ရှိပေသည်။

ထူးခြားသည်မှာ သစ်ပင်တစ်ပင်မျှ မရှိပေ။

ပတ်ဝန်းကျင်အနှံ့ ရေခိုးရေငွေ့များသာ ဖုံးလွှမ်းနေသည်။

အပေါ်ကနှင့်မတူဘဲ အေးစိမ့်လွန်းလှသည်။

အလွန်အေးခဲသော ရေခဲတွင်းကြီးတစ်ခုအတွင်း ကျရော သွားသည့်အလား ခံစားလိုက်ရလေသည်။

တစ်ခဏအတွင်းမှာပင် အရိုးကွဲမတတ် ခိုက်ခိုက်တုန်အေး ချမ်းလာလေသည်။

အဘယ်ကြောင့် ဤသို့အေးချမ်းရသည်ကို မသိနိုင်တော့ပါ။

အအေးဒဏ်၏ ဖိစီးမှုကို ကာကွယ်နိုင်ရန် ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုလိုက်သည်။

တစ်နေရာတွင် ဂူပေါက်တစ်ခုကို မြင်ရလေသည်။



ထိုဂူပေါက်လေးထဲတွင် ကျောက်ဖျာလေးတစ်ချပ်ကို တွေ့ ရလေသည်။

တုယို့လုံသည် ကျောက်ဂူလေးထဲရှိ ကျောက်ဖျာလေးပေါ်တွင် နေမည်ဆိုလျှင် အအေးဒဏ် ကာကွယ်နိုင်မည်ဟု ယူဆရလေသည်။

အအေးဒဏ်ကို တွန်းလှန်နိုင်ရန်အတွက် လိုဏ်ဂူအတွင်းသို့ ဝင်ရောက်ကာ ကျောက်ဖျာပေါ်ထိုင်၍ အတွင်းအားကို လေ့ကျင့် လိုက်လေသည်။

အတွင်းအားကိုစုစည်းကာ အာရုံစူးစိုက်ပြီး လေ့ကျင့်လိုက် လေတော့သည်။

အအေးဒဏ်က ပိုမိုဖိစီးလာသည်ဟု ထင်မြေပေသည်။

အအေးဒဏ်ကို တောင့်ခံရင်း သူ၏အတွင်းအားနှင့် ခုခံတား ဆီးနေလေသည်။

သို့သော် မည်သို့မျှ တားဆီး၍မရပါ။

အအေးဓာတ်က သူထိုင်နေသော ကျောက်ဖျာမှ စိမ့်၍ထွက် နေခြင်း ဖြစ်လေသည်။

တုယို့လုံ ထိတ်လန့်လာသည်။

ချက်ချင်းပင် ထရန် ကြိုးစားလိုက်သည်။

သို့သော် ထ၍ မရတော့ချေ။

ထိုသို့ ဖြစ်ရခြင်းအကြောင်းကား သူ၏ခန္ဓာကိုယ် အောက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကား အအေးဓာတ်ကြောင့် တောင့်တင်းပြီး လှုပ်ရှား၍မရတော့သောကြောင့်ပင် ဖြစ်လေသည်။

သူ၏ ခန္ဓာကိုယ်အောက်ပိုင်းသည် ကျောက်ဖျာနှင့် သံမှိုခွဲကပ်ပြီး ရိုက်ထားဟန် တူနေလေတော့သည်။

တုယို့လုံ အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

မကြာမီ သေဆုံးရတော့မည်ဟုလည်း နားလည်လာလေသည်။

တုယို့လုံ အံကို တင်းတင်းကြိတ်လိုက်သည်။

အဘိုးအို အလောင်းအစားပြုလုပ်ခြင်းမှာ သူ၏ဘက်က အနိုင်ပင် ဖြစ်နေပေပြီ။

ဤသို့ဆိုးဝါးသော အေးစိမ့်မှုမျိုးကို ဆယ်ရက်တိုင်တိုင် ဒုက္ခခံရမည် ဖြစ်သည်။

သူသည် ဆယ်ရက်တိုင်တိုင် ဤအအေးဒဏ်ကို ခံစားနိုင်မည် မဟုတ်ချေ။

သုံးလေးရက်အတွင်းပင် သေဆုံးမည်မှာ သေချာနေပေပြီ။

တစ်နည်းအားဖြင့် အဘိုးအိုက သူ၏သိုင်းပညာဖြင့် မတိုက်ခိုက်ဘဲ အအေးဒဏ်ဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းပင် ဖြစ်လေသည်။

မကြာခင် သူသည် အအေးဓာတ်ကို ခံစားပြီး သေဆုံးရတော့မည် ဖြစ်လေသည်။

ယခု ပြန်၍ စဉ်းစားလိုက်မိသည်။



သူ့အား ဆရာဖြစ်သူကို လုပ်ကြံသတ်ဖြတ်သည်ဟူသော စွပ်စွဲချက်ဖြင့် လူတကာ၏ ကဲ့ရဲ့ရှုတ်ချခြင်း၊ အပြစ်တင်ခြင်းများနှင့်အတူ သေရမည်ထက် ယခုကဲ့သို့ အအေးဒဏ်ခံစားကာ သေဆုံးရသည်က ပို၍ ကောင်းသည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် သေမင်းကို ပြုံးပြုံးကြီးရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

သူသည် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။

ကြိုက်သည့်အချိန်တွင် သေတော့ဟု ဆုံးဖြတ်ကာ အတွင်းအားကို ပိုမိုရှူးစိုက်ပြီး လေ့ကျင့်ကာ အအေးဒဏ်ကို ပိုမိုခံနိုင်အောင် ပြုလုပ်လိုက်လေတော့သည်။

✹ ✹ ✹

နေ့ညပင် မသိတော့ချေ။

ချောက်နက်ကြီးထဲတွင် နေထိုင်လာခဲ့သည်မှာ ရက်အနည်းငယ်ပင် ကြာသည်ဟု ထင်ရလေသည်။

အတွင်းအားကို အဆက်မပြတ်လေ့ကျင့်ရင်း တုယို့လုံ စဉ်းစားနေပေသည်။

မည်သို့မျှ မခံစားဖူးသော နာကျင်မှုတစ်ရပ်ကို ခံစားနေရဟန်တူနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



*ကိုယ်ခန္ဓာတစ်ခုလုံး ပိုမို နာကျင်နေသည်ဟု ခံစားနေရသည်*

အသားစိုင်များ အရိုးများသည်လည်း အထိပင် မခံနိုင်တော့ချေ။

ကိုယ်ခန္ဓာတစ်ခုလုံးရှိ လည်ပတ်နေသောသွေးများသည်လည်း သွေးကြောများထဲတွင် နဂိုမူလပုံစံ လည်ပတ်မှုမဟုတ်တော့ဘဲ ဖ ထန်းပျစ်ခဲလာသည်ဟုပင် ထင်နေရသည်။

မိမိကိုယ်ကို သေခါနီးလာပြီဟု ထင်မိလိုက်သည်။

သို့သော် သူက လုံးဝ အားမလျှော့ပါ။

အတွင်းအားများကို ပိုမိုဖြည့်ဆည်းကာ ကုစားလိုက်သည်

ဤနေရာသို့ ရောက်လာသည်မှာ ဘယ်နစ်ရက်ရှိမှန်းကို မရေတွက်နိုင်ဘဲ ဖြစ်နေမိသည်။

သူက အတွင်းအား လေ့ကျင့်နေရင်းမှ ကျောက်ဖျာပေါ်သို့ ရောက်လာကြသော ဖားနီလေးများအား စားသောက်ခဲ့သည်။

ထိုဖားနီလေးများကို စားသောက်ခြင်းဖြင့် သူ၏ခန္ဓာကိုယ် အတွင်းအားတစ်ခုသည် ကြွတက်လာလေသည်။

သူသည် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အတွင်းအား စုစည်းလိုက်သည်။

အတွင်းအားကို စုစည်းနေချိန်တွင် သူသည် ဘာမျှမငြီး တော့ချေ။



စိတ်အာရုံကို တည်ငြိမ်စွာ စုစည်းလိုက်သည်။

ကိုယ်တွင်းမှ ဖြစ်ပေါ်နေသော အတွင်းအားကို စုစည်းပြီး ကိုယ်ခန္ဓာအနှံ့အပြားသို့ ပြန်လည်ပို့လွှတ်လိုက်လေသည်။

ပထမ မအောင်မြင်ဘဲ ရှိနေသည်။

အတွင်းအားမှာ လိုသလောက် စုစည်း၍မရဘဲ ဖြစ်နေသည်။

တုယို့လုံက မလျှော့သောဇွဲလုံ့လဖြင့် ထပ်တလဲလဲ ကြိုးစား လေ့ကျင့်လိုက်သည်။

သူ၏ ခန္ဓာကိုယ်အတွင်းမှ ရှိရှိသမျှ အကြောအချဉ်အားလုံးတို့သည် လေ့ကျင့်ကြိုးစားသော အရှိန်ဖြင့် အတွင်းအားများ စီးဝင်သွားပြီး အောက်ပိုင်း၌ ပိတ်နေသော သွေးကြောများ တဖြည်းဖြည်း ပြန်ပွင့်လာလေသည်။

တုယို့လု' ဝမ်းသာသွားသည်။

အတွင်းအားကို ပိုမိုစုစည်းပြီး ပို့လွှတ်လိုက်ပြန်သည်။

သူ၏တစ်ကိုယ်လုံးတွင် မကြုံဖူးသော အခိုးအငွေ့များသည် ဦးခေါင်းထက်မှ ပျံ့ထွက်လာသည်ကို တွေ့ရလေသည်။

ဦးခေါင်းတွင်လည်း နာကျင်ခြင်းများ တဖြည်းဖြည်း သက်သာလာပြီး သူ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲမှုများ တဖြည်းဖြည်း လျော့ပါးလာသည်။

ကြာလာသောအခါ နာကျင်မှုများ ပပျောက်သွားပြီး သူ၏

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးတွင် အင်အားများ ပြည့်ဝလာသည်ကို ခံစားလာရလေတော့သည်။

❋ ✷ ❋



## ရေခဲအား

ဆောင်းလေအေးတို့သည် ကျောက်ဂူ၏အပြင်ဘက်တွင် တိုက်ခတ်နေလေသည်။

တုယို့လုံ၏ တစ်ကိုယ်လုံး နှင်းခိုးနှင်းငွေ့များ ရေခိုးရေငွေ့များ အုံ့ပျံ့လွှမ်းခြုံနေလေသည်။

ကျောက်ဖျာဆီမှာလည်း အအေးဓာတ်များ စိမ့်ထွက်နေသည်။ အအေးဓာတ် လွှန်ကဲနေလေသည်။

တုယို့လုံကမူ ထိုအအေးဓာတ်ကို မမှုတော့ချေ။

သူ့အား အသေသတ်ရန် ကြိုးစားခဲ့သော ကျောက်ဖျာသည် တုယို့လုံအား မနိုင်တော့ချေ။

လက်လျှော့၍ အရှုံးပေးဟန် တူနေတော့သည်။

ထိုမျှမကသေး။

အအေးဓာတ်များ စိမ့်ထွက်နေသောကျောက်ဖျာသည် သူ့အား

www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးရသည့်အပြင် သူ့အား ထူးဆန်းသော အတွင်းအားတစ်ရပ် လက်ဆောင်အဖြစ် လေ့ကျင့်ပေးလိုက်သေးလေသည်။

ယခု ...

သူရရှိထားသော အတွင်းအားသည် မည်မျှကြီးမားသည်ကို တုယိုလုံ ကိုယ်တိုင်ပင် မခန့်မှန်းနိုင်တော့ပေ။

တုယိုလုံ လေ့ကျင့်ရင်း သူ၏အတွင်းအားကို စမ်းသပ်ကြည့်လိုက်လေသည်။

သူ၏ခြေလက်များ လှုပ်ရှားလိုက်တိုင်း လေအဟုန်တစ်ခုသည် ကျောက်နံရံဆီသို့ ရိုက်ခတ်သွားသည်ကို သူသည်ပင် အံ့ဩမကုန်နိုင်အောင် ဖြစ်နေမိလေသည်။

ထူးခြားမှုတစ်ခုလည်း ဖြစ်သည်ဟု သိလိုက်သည်။

သာမန်အားဖြင့် သိုင်းသမားတို့သည် သူတို့၏ အတွင်းအားများကို ထုတ်လွှတ်သည့်အခါ အပူလှိုင်းများကိုသာ ထုတ်လွှတ်နေရှိလေသည်။

ယခု သူ၏ခန္ဓာကိုယ်မှ အတွင်းအား ထုတ်လွှတ်လိုက်သည့်အခါတိုင်း အလွန်တစ်ရာမှပင် အေးစိမ့်လှသော အအေးလှိုင်းတစ်ခုဖြစ်ပေါ်လာသည်ကို တွေ့ရလေသည်။

သူ၏ အတွင်းအား လှည့်ပတ်လိုက်သောအခါ ခန္ဓာကိုယ်ငယ်လှည့်ပတ်နေသော အအေးဓာတ်သည် မည်မျှအေးစိမ့်လှကြောင်းကိုသူပင် မခန့်မှန်းတတ်တော့ချေ။



ပြင်ပတွင် တိုက်ခတ်နေသော ဆောင်းလေအေးတို့သည် မည်မျှအေးချမ်းလှသည်ကိုပင် တုယိုလုံ ဂရုမစိုက်အားတော့ပါ။

သူသည် မည်မျှပြင်းထန်သည်ကိုပင် ဖော်မပြနိုင်သော အတွင်းအားတစ်မျိုးကို ပိုင်ဆိုင်ရရှိသွားလေသည်။

တုယိုလုံက အတွင်းအားကို တစ်ပတ်လှည့်ပတ်ပြီးမှ ကျောက်ချာပေါ်မှ ထလိုက်သည်။

ပေါ့ပါးစွာ ထိုင်နိုင် ထနိုင်ပြီ ဖြစ်သည်။

ဂူတွင်းမှထွက်ကာ သိုင်းပညာကို လေ့ကျင့်လိုက်သည်။

တစ်ကိုယ်လုံး သွေးလည်ပတ်မှု ပုံမှန်ဖြစ်သွားပြီး ပေါ့ပါးသန်းဆန်းလာဟန် တူသည်။

ယနေ့သည် တိုက်တိုက်ဆိုင်ဆိုင် ဆယ်ရက်မြောက်သောနေ့ခင်း ဖြစ်လေသည်။

ချောက်နက်ကြီးအတွင်းမှ အပေါ်သို့ မော့ကြည့်လိုက်သည်။

နံနက်ခင်းအချိန်ပင် ဖြစ်နေသေးပေသည်။

ဂူအပြင် ထွက်လိုက်မိသည်နှင့် ဆောင်းလေ၏ အငွေ့အသက်များကို ရှူရှိုက်လိုက်မိသည်။

လတ်ဆတ်သော လေကို ရှူရှိုက်ရင်း စိတ်လက်ပေါ့ပါးလာသဖြင့် ...

"ဟေး ..."

www.burmeseclassic.com

www.burmeseclassic.com



အသံကုန် အော်ဟစ်လိုက်သည်။

သူ၏အသံမှာ ချောက်နက်ကြီးအတွင်း တုန်ဟီးစွာ ထွက်ပေါ်သွားသည်။

ပဲ့တင်သံကြီးများနှင့်အတူ တောင်ကမ်းပါးတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

မကြာမီ ချောက်ကမ်းပါးထိပ်တွင် လူရိပ်နှစ်ခု ရပ်နေသည်ကို တွေ့လိုက်ရသည်။

အဘိုးအိုတို့ ဖနီးမောင်နှံပင် ဖြစ်သည်။

သူတို့နှစ်ယောက်စလုံး ချောက်ထဲမှ တုယို့လုံအားကြည့်ပြီး အလွန်အမင်း အံ့သြနေကြဟန် ရှိလေသည်။

အဘိုးအိုမှာ အလွန် ထိတ်လန့်ကြောက်ရွံ့နေသည့်အသွင် ရှိလေသည်။

ယခုဆိုလျှင် အအေးဓာတ်၏ ဆင်းရဲပင်ပန်းမှုကို တုယို့ ခံနိုင်ပြီ ဖြစ်သည်။

ဆယ်ရက်လည်း ပြည့်သွားချေပြီ။

ယခု အဘိုးအို ရှုံးနိမ့်ပြီ ဖြစ်လေသည်။

အဘိုးအိုက ...

"ဒီကောင်လေး အပေါ်ရောက်လာရင် ကျုပ်တို့ မလွယ်ဘူး ဒီနေရာကနေ အမြန်ဆုံးပြေးမှ ဖြစ်မယ်"



"ဟုတ်တယ်၊ သူ ငါတို့ကို ပညာပြန်ပေးမှာ သေချာတယ် သွားကြစို့"

နှစ်ယောက်သား တစ်ယောက်တစ်ပေါက် ပြောလိုက်သည်။

ယင်းနောက် ကိုယ်ဖော့ပညာ အသုံးပြုကာ ထွက်သွားကြလေတော့သည်။

တုယို့လုံမှာမူ ချောက်ကမ်းပါးပေါ်သို့ မော့ကြည့်ရင်း ချောက်တွင်းတွင် အောင်နိုင်သူတစ်ယောက်ပမာ ကျန်ရစ်ခဲ့လေတော့သည်။

❋ ✸ ❋

www.burmeseclassic.com

www.burmeseclassic.com



## ပညာနှင့် ရေခဲလိုလူငယ်

စီကျန်မြစ်ကြီးအတွင်းရှိ ရေအလျင်သည် တသွင်သွင် စီးဆင်းနေလေသည်။

စီကျန်မြစ်၏ အတွင်း၌ သမ္ဗန်ငယ်များ လူးလွန့်လှုပ်ရှား လေသည်။

တုံးယင်မြို့သည် အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်သည်။

စီးပွားရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည့်အပြင် ဆိပ်ကမ်းမြို့ကြီး တစ်မြို့ပင် ဖြစ်လေသည်။

လူနေအိမ်ထူထပ်ပြီး ပန္နည်းအမျိုးစုံလင်သည်။

ကုန်ရောင်းကုန်ဝယ် အများဆုံးမြို့ ဖြစ်လေသည်။

နေ့လယ်ပိုင်းအချိန် ဖြစ်သော်လည်း နေရောင်ကို မမြင်ရပါချေ။

ရာသီဥတုမှာ ယခုအခါတွင် ဖောက်ပြန်သလိုဖြစ်ကာ ဆီးနှင်းများ ထူထပ်စွာကျနေသည်။



ထူထပ်စွာ ကျရောက်နေသော ဆီးနှင်းများကြောင့် တုံးယင်မြို့၏ လမ်းမကြီးဝယ် လူအသွားအလာ နည်းပါးနေလေသည်။

ရာသီဥတု ဆိုးရွားသဖြင့် အိမ်အပြင် သိပ်မထွက်ကြချေ။

ဧည့်သည်များမှာလည်း ဈေးဆိုင်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များတွင် တည်းခိုကာ အပြင်သိပ်မထွက်ကြချေ။

ညနေပိုင်း လေငြိမ်သွားမှသာ လူများသည် လမ်းမကြီးပေါ်သို့ ထွက်၍ ရောင်းဝယ်ဖောက်ကားလာကြသည်။

တုံးယင်မြို့၏ မင်းလမ်းမကြီး၌ 'နားခိုရာ'အမည်ရှိသော စားသောက်ဆိုင်ကြီးသည် နာမည်အကြီးဆုံး အကောင်းဆုံး စားသောက်ဆိုင်ကြီး ဖြစ်လေသည်။

ထိုစားသောက်ဆိုင်ထဲတွင် စားပွဲပြည့်လုနီးပါးပင် အမြဲတမ်း စားသောက်နေလျက်ရှိသည်။

ထိုမြို့ရောက်သူတိုင်း ထိုဆိုင်တွင် မစားသောက်ရဘဲ ပြန်သူမရှိချေ။

အအေးလွန်ကဲသော အချိန်ဖြစ်၍ အရက်သောက်သူ များပြားလှလေသည်။

စားပွဲတိုင်းလိုလို ပြည့်နှက်လျက်ရှိသည်။

"ဗိုး...ဗိုး"

"ဝေါ...ဝေါ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေများ တဟူးဟူး တိုက်ခတ်လာသောကြောင့် စား
သောက်ဆိုင်ကြီး၏ တံခါးများပင် တဝုန်းဝုန်း ဖြစ်နေသည်။

ဆောင်းလေအေးများနှင့်အတူ နှင်းပွင့်များ၊ ဆီးနှင်းခဲများ
ပါလာသောကြောင့် စားသောက်ဆိုင်အတွင်းထိပင် ဝင်ရောက်လာ
လေသည်။

"ဝိုး ... ဝိုး"

"ဖပ် ..."

"ဖပ် ..."

ရုတ်တရက်ဆိုသလို ဆီးနှင်းခဲများသည် ဆိုင်အတွင်းသို့ ဝင်
ရောက်လာပြီး စားသောက်ဆိုင်အတွင်းသို့ လွင့်စဉ်လာလေသည်။

ထိုအခါ ကံဆိုးသူအချို့မှာ ဆီးနှင်းများကပ်ပြီး ဖုံးအုပ်ခြင်း
ခံလိုက်ရသူတို့မှာ ဝက်ဝံဖြူကြီးများပမာ ဖြစ်သွားရလေတော့သည်။

ဝက်ဝံဖြူကြီးများနှင့် သူသောလူက လန့်ဖျပ်ပြီး မတ်တတ်ထ
လိုက်သောအခါ ကျန်လူများက သဘောကျစွာ ရယ်မောနေကြ
တော့သည်။

"ဟဲ ... ဟဲ ... ဟဲ"

"ဟား ... ဟား ... ဟား"

ဆီးနှင်းခဲများ ဖုံးအုပ်ထားသူမှာ ဒေါသထောင်းခနဲ ထွက်
လေသည်။



စားသောက်ဆိုင်ထဲရှိ ကျန်စားပွဲဝိုင်းများမှ စားသောက်နေသူ
များကလည်း သူ့အားပြန်ကြည့်ပြီး ကျိတ်၍ ရယ်မောနေကြသည်။

ထိုသူက ဆီးနှင်းများကိုခါချကာ မကျေမနပ်ဖြစ်နေသည်။
သက်မဲ့ဆီးနှင်းခဲများ ဖြစ်နေသောကြောင့် ရန်မူတိုက်ခိုက်ရန်
ဖြစ်နိုင်ပေ။

ထို့ကြောင့် ဒေါသကို ထိန်းချုပ်ထားလိုက်လေသည်။

"ဝုန်း ..."

လေပြင်း အဆက်မပြတ်တိုက်ခိုက်မှုမှာ ယခုအခါ၌ တံခါး
ကြီးပင် ပွင့်သွားသည်။

ထိုသို့သော တံခါးမကြီး ပွင့်သွားချိန်မှာပင် လူတစ်ယောက်
လှမ်းဝင်လာသည်ကို တွေ့ရပေသည်။

ဆိုင်အတွင်းသို့ ဆီးနှင်းများ တစ်ဟုန်ထိုးဝင်ရောက်လာ၍
ပင် သူ၏နောက်မှ အပြာရောင်ဝတ်ဆင်ထားသူတစ်ယောက် ဝင်
လာသည်ကို ဝက်ဝံဖြူကြီးတစ်ကောင်ပမာ ဖြစ်နေသောလူက ဒေါသ
ကြီးဖြင့် လှမ်းကြည့်လိုက်လေသည်။

"ခွေးကောင် ... မင်း တံခါးကို မဆင်မခြင် ဖွင့်ရသလား၊
ဖိုးသာပြင်"

လေသံမာမာဖြင့်ပြောရင်း ဝက်ဝံဖြူကြီးနှင့် တူသောလူက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဟုန်ထိုး အပြာရောင်ဝတ်စုံလူငယ်အား တိုက်ခိုက်လိုက်လေသည်။

"ဝှီး ..."

လေအဟုန်နှင့်အတူ ကြီးမားသော လက်သီးဆုပ်ကြီးသည် အပြာရောင်ဝတ်ဆင်ထားသော လူငယ်ထံသို့ တည့်မတ်စွာပြေးသွားတော့သည်။

ဝတ်စုံပြာလူငယ်အား တိုက်ခိုက်သောလူမှာ သိုင်းပညာ ပါချေ။

ဤနယ်တစ်ဝိုက်တွင် နာမည်ကျော်ကြားသော သိုင်းသ တစ်ယောက်ဖြစ်သည့် 'မြေခွေး'ဆိုသူပင် ဖြစ်လေသည်။

မြေခွေးသည် ဒေါသကြီးသည်နှင့်အမျှ အလွန်လျင်မြန် တစ်ဦးပင် ဖြစ်သည်။

သူနှင့် ဤနယ်တွင် ထိပ်တိုက်ရင်ဆိုင်ဝံ့သော သိုင်းသ များမှာ လက်ချိုး၍ပင် ရေတွက်နိုင်ပေသည်။

အလွန် ဒေါသကြီးစွာဖြင့် အတွင်းအားအပြည့်ထည့်ကာ သူ ပြင်းထန်လှသော လက်သီးဖြင့် တိုက်ခိုက်မှုကို မည်သူမျှ တား မခုခံနိုင်ချေ။

ယခု ...



မြေခွေးသည် ဆိုင်ထဲရောက်လာသည့် မျက်နှာစိမ်းလူငယ်အား ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်ကို တွေ့ရသောအခါ ဆိုင်ထဲရှိလူများ စိတ်မကောင်းဖြစ်သွားသည်။

လူငယ်က လက်ဝဲဘက် ဆန့်ထုတ်ကာ မြေခွေး၏လက်သီးကို ခံပေးလိုက်သည်။

"ဖတ် ..."

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ထိုအသံများ ကြားလျှင်ကြားချင်း ဆိုင်တွင်းရှိလူများသည် သူတို့ထံသို့ အာရုံစူးစိုက်သွားလေတော့သည်။

"ဟင် ..."

"ဟာ ..."

ဆိုင်ထဲရှိလူများအားလုံး တအံ့တသြ ဖြစ်သွားကြလေသည်။

မမျှော်လင့်သော မြင်ကွင်းကြောင့် ယခုကဲ့သို့ လန့်ဖျပ်အော်လိုက်မိခြင်းပင် ဖြစ်ပေသည်။

မြေခွေး၏လက်သီးချက်ဖြင့် လူငယ်သည် တစ်ချက်တည်း သေပြီဟု ထင်မှတ်ထားလေသည်။

သို့သော် သူတို့ထင်မှတ်ထားသလို ဖြစ်မလာချေ။

လက်သီးထိုးခံလိုက်ရသော လူငယ်မှာ ထိုနေရာမှာပင် ရပ်မြဲရပ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှင့်ထိုး၍ တိုက်ခိုက်လိုက်သော မြေခွေးမှာ အလွန်အားစိမ့်သော ရေခဲတောင်ကြီးကို ထိုးလိုက်မိသကဲ့သို့ တစ်ကိုယ်လုံး ထုံကျဉ်ကိုက်ခဲသွားလေသည်။

မျက်စိမျက်နှာပင် ပျက်သွားလေသည်။

ဝတ်စုံပြာနှင့် လူငယ်သည် မသိကျိုးကျွံပြုကာ စားသောက်ဆိုင်ထဲတွင် မျက်စိဝေ့ဝဲကြည့်ကာ စားပွဲလွတ်နေရာသို့ လျှောက်သွားလေသည်။

ထို့နောက် ဆိုင်လုလင်အား အရက်တစ်အိုးနှင့် ဟင်းလျာများကို မှာကြားလိုက်လေသည်။

ဆိုင်လုလင်မှာ ချက်ချင်းပင် မှာကြားထားသည့်အရက်နှင့် ဟင်းလျာများကို အမြန်ဆုံး သွားရောက်ချပေးလိုက်လေသည်။

စားသောက်ဖွယ်ရာများ ရောက်လာသည်နှင့် လူငယ်က အရက်တစ်ငုံသောက်လိုက် ဟင်းလျာများကို စားသောက်လိုက် လုပ်နေလေသည်။

လူငယ်၏ပုံဟန်မှာ အလွန်ပင် တည်ငြိမ်လှသည်။

မြေခွေးမှာ အလွန်ပင် မကျေမချမ်းဖြစ်နေသည်။

စားသောက်ဆိုင်ထဲရှိ လူများအလယ်တွင် အရှက်ခွဲခံရသည့်အတွက် မျက်နှာများနီပြီး အလွန်ပင် ရှက်နေဟန်တူနေသည်။



ဤနယ်တွင် မည်သူ့ကိုမှ အရေးမစိုက်သော မြေခွေးသည် ဘာမှမဟုတ်သည့် မျက်နှာစိမ်းလူငယ်နှင့်ကျမှ အရှက်ကွဲ မခံနိုင်ပေ။

သူသည် လူငယ်ရှေ့သို့ ဝုန်းခနဲ ခုန်ဝင်လိုက်ပြီး လူငယ်ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

လူငယ်အနားသို့ သူ၏အဖော်များလည်း လိုက်ပါသွားကြလေသည်။

မြေခွေးထံမှ ကျယ်လောင်သော အသံဝါကြီးဖြင့် မေးမြန်းသံထွက်ပေါ်လာသည်။

"မင်း ဘယ်သူလဲ ... မင်းရဲ့ပညာ မဆိုးဘူး၊ မင်းနဲ့ငါ တစ်ချီလောက် လက်ရည်စမ်းရအောင်"

လူငယ်မှာ သူ့အား ဂရုမစိုက်ပါ။

အရက်သောက်လိုက် ဟင်းလျာစားလိုက်ဖြင့် ရှိနေသည်။

တစ်ခဏကြာမှ မြေခွေးကို စူးရဲသောမျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်သည်။

သူ၏ မျက်လုံးအစုံမှာ အေးစက်သော အရိပ်အငွေ့များ ထွက်ပေါ်နေဟန် ရှိလေသည်။

လူငယ်၏ စိုက်ကြည့်ခြင်းခံရသော မြေခွေးမှာ ကျောရိုးထဲ စိမ့်ခနဲ ဖြစ်သွားသလို ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ခြေလှမ်းသုံးလှမ်းခန့်ပင် ယောင်၍ ဆုတ်ပေးမိလိုက်လေသည်။

လှငယ်၏ မျက်စိတစ်ချက်ကြည့်ရုံဖြင့် မြေခွေး နောက်သို့ဆုတ်သွားရ၍ သူ၏အဖော်များမှာလည်း တုန်လှုပ်သွားလေသည်။

ထိုစဉ် လှငယ်၏အသံတစ်ခု ထွက်ပေါ်လာလေသည်။

"ကျုပ်နဲ့ ပြိုင်ချင်ရင် အပြင်မှာစောင့်"

မြေခွေး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ် မြို့ပြင်က စောင့်နေမယ်"

ဟုပြောပြီး မြေခွေးနှင့်သူ၏လူများသည် စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။

ဝတ်ရုံပြာနှင့်လှငယ်မှာ ဆက်လက်၍ အေးဆေးစွာစားသောက်နေလေသည်။

သိုင်းလောက ထုံးစံ ရှိလေသည်။

စိန်ခေါ်လျှင် ယှဉ်ပြိုင်ရမည် ဖြစ်ပေသည်။

သို့သော် လှငယ်က ဤသို့မဟုတ်ချေ။

စိန်ခေါ်ပြီး ယှဉ်ပြိုင်မည် မဟုတ်ချေ။

ဝတ်ရုံပြာနှင့်လှငယ်သည် အထင်တကြီးဖြင့် စိတ်ကြီးဝင်ဘဝင်မြင့်နေသည့်ပဲလား။ ကြောက်ရွံ့၍ပဲလား။



စားသောက်ပြီးသည့်နောက် ငွေရှင်းကာ သူ၏အဝတ်ထုတ်ကို ယူ၍ ဆက်လက်ထွက်ခွာသွားတော့သည်။

❋ ✳ ❋

နှင်းမှုန်လေးများ တဖွဲဖွဲ ကျဆင်းနေလေသည်။

မြောက်လေပြေက တသုန်သုန် တိုက်ခတ်နေသည်။

နှင်းမှုန်များကြားမှ ဖျော့တော့သော နေရောင်ခြည်လေးများသည် တိမ်ပိုက်ကြားမှ ဖြာဆင်းကျလျက် ရှိနေသည်။

အချိန်မှာ မွန်းလွဲလုနီးပါး ရှိနေပေသည်။

ထိုသို့သောအချိန်မျိုးတွင် လမ်းမအတိုင်း တည်ငြိမ်စွာဖြင့် လျှောက်လှမ်းကာ တယို့လုံသည် ခရီးဆက်နေသည်။

သူ၏ရုပ်သွင်မှာ တည်ကြည်အေးဆေးသော အမူအရာများ ရှိနေသည်။

ထိုစဉ်မှာပင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

သူ၏နောက်မှ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်စု ဒုန်းစိုင်းနှင်လာသည်မှာ သေချာလှပေသည်။

တစ်ဟုန်ထိုး ပြေးနှင်လာသော မြင်းအုပ်စုကြောင့် ဆီးနှင်းခဲများမှာ အဝေးသို့ လွင့်စဉ်ထွက်နေလေသည်။

ဆီးနှင်းခဲများ လွင့်စဉ်လာသောကြောင့် ဝိုးတဝါးသာ မြင်ရလေသည်။

တုယို့လုံက လမ်းဘေးသို့ ရှောင်တိမ်းပေးလိုက်လေသည်။

မြင်းစီးသမားများမှာလည်း တုယို့လုံအား ကျော်တက်သွားပြီး မကြာမီ လမ်းပိတ်ရပ်လိုက်သည်။

တုယို့လုံသည် ရှေ့တွင် လမ်းပိတ်ထားသော်လည်း ရှောင်၍ ထွက်ဟန်ပြုမည်ပြင်၏။

သို့သော် လမ်းသည် ရှောင်ထွက်၍မရနိုင်သဖြင့် ရပ်တန့်လိုက်လေသည်။

တုယို့လုံမှာ လမ်းပိတ်ရပ်ထားသော မြင်းစီးသမားများအား မကြည့်ဘဲ အဝေးသို့ ကြည့်နေလိုက်သည်။

သူ၏ပုံစံမှာ အေးစက်တည်ငြိမ်လွန်းလှပေသည်။

သူ၏ပုံစံကြောင့် မြင်းစီးသမားများမှာ ခံပြင်းသွားကြသည်။

ပို၍ ခံပြင်းသွားသူကား မြင်းစီးသမားများကို ဦးဆောင်လာသူ မြေခွေးပင် ဖြစ်သည်။



သူ၏တပည့်များနှင့်အတူ သိုင်းပညာအဆင့်မြင့်သော သိုင်းသမား နှစ်ဦးပင် လိုက်ပါလာခဲ့သေးသည်။

ထိုသိုင်းသမားနှစ်ယောက်ကား ဟိုပေနယ်တွင် ကျော်ကြားနေသော ဓားညီနောင်ပင် ဖြစ်သည်။

သူက မမျှော်လင့်ဘဲတွေ့ရှိ၍ ခေါ်လာခဲ့ခြင်းပင် ဖြစ်သည်။

ဓားညီနောင်နှင့် မြေခွေးတို့မှာ မိတ်ဆွေများဖြစ်ကြသည် မဟုတ်ပါလား။

မိမိတို့လို လူသိများသော သိုင်းသမားများကို အသက်နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသေးသော်လူငယ်က မထိမဲ့မြင် မတူမတန် သလိုဟန်ပန်မျိုး ဆက်ဆံသောကြောင့် အလွန်ပင် အောင့်သီးအောက်သက် ဖြစ်သွားရလေတော့သည်။

ဒေါသလည်း ထောင်းခနဲ ထွက်လာကြသည်။

ဒေါသစိတ်များကို ထိန်းနိုင်မှုမရှိခြင်းကြောင့် မြင်းများပေါ်မှ ခုန်ဆင်းလိုက်ကြလေသည်။

မြေခွေးက တုယို့လုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး ...

"နေပါဦး ... မင်းက ချိန်းထားပြီး ဘာကြောင့် ထွက်သွားဖို့ ကြိုးစားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံ ပခုံးတွန့်လိုက်သည်။

"ကျုပ်က အပြင်မှာလို့ ပြောခဲ့တာပဲ၊ ခင်ဗျားဘာသာ မြို့ပြင်မှာ သွားစောင့်တာတော့ ကျုပ်လည်း မတတ်နိုင်ဘူး"

မြေခွေး ဒေါသထွက်သွားသည်။

သူက အော်ဟောက်ရန်ပြန်လိုက်စဉ် စားညီနောင်အနက် အစ်ကိုကြီးဖြစ်သော ယန်ရှဲ့က ...

"ဟေ့ကောင် ... မင်း ဘယ်သူလဲ ပြောစမ်း"

တုယို့လုံက ထိုလူအားမကြည့်ဘဲ ...

"ခင်ဗျား သိစရာမလိုဘူး"

ဟု ခပ်မာမာ ပြတ်သားစွာ ပြောလိုက်လေသည်။

ယန်ရှဲ့မှာ ယခုလိုပြောဆိုခြင်း ခံလိုက်ရသဖြင့် ဒေါသထွေ... နိုင်တော့ချေ။

ယန်ရှဲ့ အံတစ်ချက်ကြိတ်၍ ကြိမ်းဝါးလိုက်သည်။

"ငါတို့ကို မရိုမသေဆက်ဆံတဲ့လူဟာ အချိန်တန်တော့ အ... ကျိုးသွားရတာပဲဆိုတာ မှတ်ထား"

တုယို့လုံအား ခြိမ်းခြောက်ပြောဆိုလိုက်သည်။

သို့သော် တုယို့လုံက တုန်လှုပ်ဟန် မပြချေ။

ဂရုမစိုက်သော ဟန်မူရာဖြင့် ...



"ခင်ဗျား ဘယ်လိုဖြစ်ချင်လဲဆိုတာ ပြောပါ"

လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

ယန်ရှဲ့၏မျက်နှာပေါ်ဝယ် လူသတ်လိုသော အရိပ်အယောင်များ ပေါ်လွင်လာသည်။

"ခွမ်း ..."

သူသည် ဓါးမှစားကို ဆွဲထုတ်လိုက်ပြီး တုယို့လုံအား စေ့စေ့ကြည့်ကာ ...

"မင်း လက်နက်ထုတ်လိုက်ပါ"

"မလိုပါဘူးဗျာ"

"မင်းဟာ လောကပေါ်မှာ အမိုက်မဲဆုံး လူတစ်ယောက်ပဲ၊ ငါကလည်း လက်နက်နဲ့ အနိုင်ယူတယ်လို့ အပြောမခံနိုင်ဘူး၊ ဒီတော့ လက်ချင်းပဲ ယှဉ်မယ်"

ပြောရင်း ဓားကို ပြန်လည်သိမ်းဆည်းလိုက်သည်။

ထို့နောက် လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ ...

"ငါ့ရဲ့ မုန်တိုင်းလက်ဝါးကို ကြည့်ထား"

ပြောရင်း ခုန်ဝင်ကာ လက်ဝါးအစုံဖြင့် တွန်းထုတ်လိုက်သည်။

"ဟူး ..."

ပြင်းထန်သော လေတိုးသံနှင့်အတူ လေမုန်တိုင်းတစ်ခုနှယ် ဖြစ်ပေါ်သွားပြီး တုယို့လုံအား လွှမ်းခြုံသွားလေသည်။

www.burmeseclassic.com



ယန်ရှဲ့၏ လက်ဝါးရိုက်ချက်က တုယိုလုံ၏ တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေသည်။

သူ၏ လျင်မြန်ပြင်းထန်လှသော လက်ဝါးရိုက်ချက်အား တုယိုလုံအနေဖြင့် မည်သည့်နည်းနှင့်မျှ ရှောင်တိမ်း၍ လွယ်ကူမည် မဟုတ်ကြောင်း အားမှရပ်ကြည့်သူများက ထင်မှတ်မိလိုက်ကြသည်။

ထိုလက်ဝါးရိုက်ချက်ကိုသာ ထိမှန်လိုက်လျှင် သေဆုံးရမည်မှာ မလွဲချေ။

သို့သော် သူတို့အားလုံးသည် တုယိုလုံ၏ တုန့်ပြန်တိုက်ခိုက်မှုကို မြင်လိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ဝုန်း..."

"အား..."

ကျယ်လောင်သော အော်သံတစ်ချက် ထွက်ပေါ်လာသည်။

လေပွေမွှေ့သလို ဖြစ်နေသော လေမုန်တိုင်းအတွင်းမှ တစ်ယောက်သောသူမှာ လွင့်စဉ်ထွက်သွားရလေသည်။

ထိုသူကား ယန်ရှဲ့ပင် ဖြစ်လေသည်။

ယန်ရှဲ့သည် အဝေးသို့ လွင့်စဉ်ထွက်သွားပြီး အဖျားတက်သလို တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေပေတော့သည်။



ချက်ချင်းပင် မြေခွေးက ပြေးသွားပြီး ...

"ယန်ရှဲ့ ဘယ်လိုဖြစ်သွားတာလဲ"

ပြောရင်း ဖေးမလိုက်သည်။

ယန်ရှဲ့၏မျက်နှာပေါ်တွင် ထိတ်လန့်သောအမူအရာများ ဖြစ်ပေါ်နေသည်။

အသားများမှာလည်း တဆတ်ဆတ် တုန်ယင်နေသည်။

အတန်ကြာမှ အားယူ၍ ပြောလိုက်သည်။

"သူ... သူ လူမှ ဟုတ်ရဲ့လား"

ယန်ရှဲ့၏စကားကြောင့် မြေခွေးအပါအဝင် ကျန်လူများအားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ယန်ရှဲ့၏ညီ ယန်ထိက နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"ဒီကောင် ဘယ်လောက်တောင် အစွမ်းထက်လို့လဲ၊ စမ်းကြည့်ရတာပေါ့"

ခါးမှဓားကို ဆွဲထုတ်ကာ တုယိုလုံထံသို့ လေထဲဝဲကာ တရှိန်ထိုး ပြေးဝင်သွားလေတော့သည်။

"ဝှီး..."

ယန်ထိ၏ဓားချက်သည် လျင်မြန်စွာ တိုးဝင်သွားလေသည်။

တုယိုလုံက လက်တစ်ချက် ဝေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အအေးလှိုင်းတစ်ခုသည် ယန်ထိ၏ခြားဆီသို့ စီးဝင်သွားလေသည်။

ယန်ထိမှာ အအေးဒဏ်ကို မခံမရပ်နိုင်ဖြစ်ကာ လက်ထဲမှခြားကို လွှတ်ချကာ လဲကျသွားလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် မြေခွေးတို့လူစု ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့ထံသို့လည်း အအေးဓာတ်များ စိမ့်ဝင်သွားသကဲ့သို့ ရှိလေသည်။

ထိုစဉ် ...

ဆောင်းလေအေးနှင့်အတူ အဝတ်အစားလေတိုးသံများ ကြားလိုက်ရလေသည်။

❋ ✱ ❋



## သခင်မလေး

"ဟူး ... ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

လူရိပ်နှစ်ခုသည် တယိုလုံနှင့် မြေခွေးတို့လူစုကြားသို့ ရောက်လာလေသည်။

ထိုလူရိပ်နှစ်ခုမှာ ယောကျ်ားများ မဟုတ်ချေ။

သွယ်လျနုပျိုလှသော မိန်းမချောလေးနှစ်ယောက်ပင် ဖြစ်ပေသည်။

မိန်းကလေးတစ်ယောက်မှာ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။

ဆောင်းဒဏ်ကြောင့် ပါးပြင်မှာ နီမြန်းလျက်ရှိနေသည်ကိုလည်း တွေ့ရပေသည်။

သူမ၏ အသွင်အပြင်မှာ တည်ငြိမ်ခန့်ညားသောအသွင်၊ ရှိရင့်သားသည့်ဟန်ပန်မျိုး ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား မြင်တွေ့လိုက်ရသူတိုင်း မခွဲနိုင်မခွာနိုင်ရအော
ဆောင်မှု အပြည့်အဝရှိနေသည်ကို တွေ့ရပေလိမ့်မည်။

သူမ၏အဖော်မှာလည်း အစိမ်းရောင်ဝတ်ဆင်ထားပြီး
မောလှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်လေသည်။

သူမသည်လည်း ရဲရင့်ပြတ်သားတည်ကြည်၍ အလွ
မှ သွက်လက်ဖြန့်ဆန်လှသော သိုင်းသမားတစ်ယောက်ဟု
လို့ရပေသည်။

သူတို့နှစ်ယောက်အား တွေ့လိုက်ရလျှင် မြေခွေးတို့
မျက်နှာပျက်သွားကြလေသည်။

ချက်ချင်းပင် အရိုအသေ ပေးလိုက်ကြသည်။

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးထံမှ
လွင်သောအသံက ပြတ်သားစွာ ထွက်ပေါ်လာသည်။

"ဘာကြောင့် အများနဲ့ တစ်ယောက် တိုက်ခိုက်
လဲ"

သူ၏အမေးကြောင့် မြေခွေးတို့လူစုမှာ အတန်ကြာ
သွားကြလေသည်။

ထိုစဉ် ယန်ရှို့က ...

"ကျုပ်တို့က ရန်ရှာတာမဟုတ်ပါဘူး၊ သူက
ပါ"



အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက မျက်မှောင်
သွားလေသည်။

"ဘယ်လို ရန်ရှာတာလဲ"

"သူက မြေခွေးကို လူအများရှေ့မှာ အရှက်ကွဲအောင် လုပ်ခဲ့
"

"သူပြောတာ ဟုတ်သလား"

မြေခွေး ပျာပျာသလဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူက ကျုပ်ကို စားသောက်ဆိုင်မှာ ဆီးနှင်း
ပြီး လူအများရှေ့မှာ အရှက်ခွဲခဲ့တာပါ"

မိန်းကလေးက တစ်ချက်စဉ်းစားပြီး ...

"ရှင့်ရဲ့ ပညာအရည်အချင်းနဲ့ အရှက်ခွဲခံရတယ်ဆိုတော့ ရှင်
ာဖြစ်မယ်၊ အကောင်းဆုံးက ထပ်ပြီး အရှက်မကွဲခင် ဒီနေ့
အမြန်ဆုံး ထွက်ခွာသွားသင့်တယ်"

ယန်ရှို့တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ
ည်။

ထိုမိန်းကလေးအကြောင်းကို သူတို့ ကောင်းကောင်းကြီး သိ
ကြသည်။

အထူးသဖြင့် ထိုမိန်းကလေး၏ ဖခင်အား ကြောက်ရွံ့ကြ
ည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စောဒက မတတ်ဝံ့ကြတော့ပါ။

ထို့ကြောင့် မြင်းများပေါ်တက်ကာ ချက်ချင်းပင် ထွက်ခွာ ကြလေတော့သည်။

❋ ✳ ❋

မြေခွေးတို့လူစု ထွက်ခွာသွားပြီ ဖြစ်သည်။

တယို့လုံက ထိုမိန်းကလေးနှစ်ယောက်အား တစ်ချက် ခတ်ကြည့်လိုက်သည်။

ထို့နောက် မိမိ၏ခရီးစဉ်အတိုင်း ရှေ့သို့ဆက်၍ လျှော တော့သည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက တောက် မျက်ဝန်းများဖြင့် မမှိတ်မသုန် ကြည့်နေလေသည်။

သို့သော် တယို့လုံမှာ နောက်မလှည့်စတမ်းပင် သွားတော့သည်။

ယခုလို ချောမောလှပသော မိန်းကလေးတစ်ယော မသိကျိုးကျွံပြု၍ ထွက်ခွာသွားသည့် အပြုအမူမျိုးသည် သူ ကျဆင်းရပေသည်။

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးက သက် ချက် ချလိုက်လေသည်။



သူမ၏နှင့် အဖော်ပါလာသော မိန်းကလေးမှာ မခံချင်ဖြစ်သွားမိသည်။

"အတော် ယဉ်ကျေးမှုမရှိတဲ့ လူပါလား"

ထိုစကားကို မိန်းကလေး ကြားလိုက်ရသောအခါ မချိုပြုံးပြုံးကာ ...

"သူ့မှာ အဆိပ်မိထားတယ်၊ မကြာခင် သေရတော့မယ်"

အစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေး၏ခြေလှမ်းများ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်ပြီးမှ ရပ်တန့်သွားသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ဆက်ပြောလိုက်ပြန်သည်။

"မင်း သူ့ကိုသွားပြီး ရန်မရှာနဲ့၊ ငါတောင် သူ့ကိုနိုင်မှာမဟုတ်ဘူး"

"ဟင် ..."

ထိုစကားကြောင့် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး အံ့အားသင့်သွားလေသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးအား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"သခင်မလေး တကယ်ပြောတာလား၊ သူက ဒီလောက်တောင် အစွမ်းထက်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ့ခန္ဓာကိုယ်ထဲမှာ အလွန်ကြောက်စရာကောင်းတဲ့ စွမ်းအားတစ်မျိုး ဖြစ်ပေါ်နေတယ်၊ ဒါကို တုန့်ပြန်နိုင်တဲ့လူ ရှားပါးသလောက်ပဲ"

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး သက်ပြင်းချလိုက်မိသည်။

"အင်း ... သူဟာ ဒီလိုမျိုးသာ ထက်မြက်နေမယ်ဆိုရင် သိုင်းလောကမှာလည်း မကောင်းမှုမျိုးစုံ လုပ်ခဲ့ရင်တော့ မတွေးရဲစရာပဲ"

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်သည်။

"ဒီလောက်လည်း မဆိုးပါဘူး၊ သူဟာ မွန်မြတ်တဲ့စိတ်ထားရှိပြီး အဖြူရောင် သိုင်းသမားတစ်ဦးပါ"

အစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေးက တအံ့တဩဖြင့် မေးလာသည်။

"သခင်မလေးက ဘယ်လိုကြောင့် ပြောနိုင်သလဲ"

"သူဟာ လူတစ်ယောက်အသက်ကို အလွယ်တကူ မသတ်ဖြတ်တာကိုကြည့်ရင် သူ့ရဲ့စိတ်သဘောထားကို သိနိုင်ပါတယ်၊ ပြီးတော့ သူဟာ ဆိုးမိုက်တဲ့လူတစ်ယောက် ဖြစ်ခဲ့ရင်လည်း ပူစရာမလိုပါဘူး၊ ဘာကြောင့်လဲဆိုရင် သူဟာ မကြာခင် သေဆုံးရတော့မှာ ဖြစ်လို့ပဲ"

ထိုစဉ်အတောအတွင်း တုယို့လုံမှာ အဝေးသို့ ရောက်ရှိပျောက်ကွယ်သွားပြီ ဖြစ်လေသည်။



အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်သည်။

"ကဲ ... ဝါဝါ အချိန်မရှိဘူး၊ ငါတို့ သွားကြစို့"

ပြောပြောဆိုဆို ပြေးထွက်သွားသည်။

ဝါဝါဆိုသော မိန်းကလေးကလည်း ဘာမှမပြောဘဲ ပြေးလိုက်သွားလေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



## အဆိပ်ကုရန် တကောက်ကောက်

ကျုံးဟုန်မြို့သို့သွားရာ လမ်းမကြီးသည် ဖြောင့်ဖြူးနေသည်။

ထိုလမ်းမကြီးတွင် တုယို့လုံသည် တရွေ့ရွေ့ဖြင့် ကျုံးဟုန် မြို့ဆီသို့ ရွေ့လျားနေလေသည်။

ထိုသို့ ရွေ့လျားနေသော တုယို့လုံနှင့် မလှမ်းမကမ်း မနီးမဝေး တွင် မိန်းကလေးနှစ်ယောက်သည် အရိပ်ပမာ လိုက်နေလေသည်။

ထိုမိန်းကလေးနှစ်ယောက်သည် စကားတပြောပြောနှင့် လိုက် ပါနေသည်။

"သခင်မလေး ... ဒီလူက အေးစက်လွန်းတယ်၊ သခင်မလေး ရဲ့ စေတနာဟာ အရာမထင် ဖြစ်နေလိမ့်မယ်"

ထိုစကားကြောင့် အနီရောင် ဝတ်ဆင်ထားသော မိန်းကလေး သည် ငေးငိုင်ရင်း ပြန်ပြောသည်။

"စေတနာ အရာမထင်လည်း ရပါတယ်၊ သိုင်းလောက



သူ့လိုလူမျိုးမရှိလို့ ဒီအတိုင်း သေသွားမယ့်အဖြစ်ကို မကြည့်ရက်လို့ လိုက်လာခဲ့တာပါ"

ထိုသို့ပြောခြင်းမှာလည်း မှန်ကန်လှပေသည်။

ယခုလို ပြိုင်ဘက်ကင်း အတွင်းအားပိုင်ရှင်တစ်ယောက် ဖြစ် လင့်ကစား သူ့တွင် အစာအဆိပ်သင့်နေသည်။

သူသည် စိတ်ထားမွန်မြတ်သူတစ်ဦးလည်း ဖြစ်ပေသည်။

ထိုသို့သော လူမျိုးသည် သိုင်းလောကတွင် ရှားပါးသောလူ ငယ်တစ်ယောက် ဖြစ်ပေသည်။

ထို့ကြောင့် သူမ တတ်စွမ်းသောပညာဖြင့် ထိုလူငယ်၏အဆိပ် ကို ကုသပေးရန် ကြိုးစားကယ်တင်ရန်အတွက် လူငယ်နောက်သို့ လိုက်ပါခဲ့ရခြင်း ဖြစ်လေသည်။

သို့သော် လူငယ်က သူမတို့၏စေတနာကို အသိအမှတ်ပြု ပါမည်လား။

ထိုလူငယ် အဆိပ်သည် မည်သည့်အချိန်တွင် တက်မည်နည်း။

မည်သည့်အချိန်တွင် သေဆုံးရမည်ကို အစိမ်းရောင် ဝတ်ဆင် ထားသော မိန်းကလေးက သိချင်နေသည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးသည် သူ၏သခင်မလေးဖြစ်သူ ဝတ်စုံနီနှင့် မိန်ကလေးအား မေးမြန်းမည့်အချိန်တွင် ဝတ်စုံနီနှင့် မိန်းကလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"သူ ညဥ့်နက်ပိုင်းလောက်ဆို အဆိပ်ဒဏ် ခံရလိမ့်မယ်လို့ ထင်တယ်"

ဟု ပြောသည်။

ထိုသို့ တစ်ဦးနှင့်တစ်ဦး စကားပြောရင်းပင် ထိုလူငယ်၏ နောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေသည်။

လူငယ်ကမူ သူ၏ခရီးစဉ်အတိုင်း နောက်သို့လှည့်မကြည့်ဘဲ ပုံမှန်ဆတိုင်း သွားမြဲသွားနေလေသည်။

❋ ✱ ❋

ကြူးဟုန်မြို့ ... ။

ကားမြို့လေးတစ်မြို့ ဖြစ်သည်။

ကုန်သည်ပွဲစားများ၊ ခရီးသွားများ၊ သိုင်းသမားများ ခရီးတစ်ထောက်နားရာ မြို့ကလေးတစ်မြို့လည်း ဖြစ်သည်။

အတော်အသင့် စည်ကားလှပေသည်။

နေဝင်ရီတရောအချိန်ဖြစ်၍ ကြူးဟုန်မြို့ကို မီးရောင်များဖြင့် မြင်တွေ့နေရလေသည်။

လူငယ်သည် ကြူးဟုန်မြို့သို့ ဝင်ရောက်သည့်အချိန်တွင် အမှောင်ကျသောအချိန်ပင် ဖြစ်ပေသည်။

စားသောက်တည်းခိုခန်းတစ်ခုသို့ ဝင်ရောက်ပြီး တည်းခိုလိုက်လေသည်။



လူငယ်အား ထက်ကြပ်မကွာလိုက်လာသော မိန်းကလေးနှစ်ယောက်မှာလည်း လူငယ်တည်းခိုသော တည်းခိုဆောင်တွင် ဝင်ရောက် တည်းခိုကာ သူနှင့်အနီးကပ်ဆုံး အခန်းတွင် အနားယူနေကြလေသည်။

ညသည် အတော်မှောင်ပိန်းလာသည်။

ဝတ်စုံနီဝတ် မိန်းကလေးနှင့် ဝါဝါတို့သည်လည်း အခန်းတွင်းၛပင် တိတ်ဆိတ်ငြိမ်သက်စွာ အနားယူလိုက်ကြလေသည်။

ညဥ့်နက်လာသည်နှင့်အမျှ တိတ်ဆိတ်လာလေသည်။

ညဥ့်ပိုးကောင်မွှားကောင်လေးများ၏ အော်ဟစ်သံများကို ကြားနေရလေသည်။

တည်းခိုခန်းပတ်ဝန်းကျင်တွင် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဝါဝါတို့သည်လည်း တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ယံတွင် မအိပ်နိုင်သေးဘဲ ရှိနေလေသည်။

ညဥ့်နက်သထက် နက်လာလေသည်။

ညဥ့်နက်လာသည်နှင့်အမျှ အချိန်မှာလည်း နောက်တစ်နေ့သို့ ကူးပြောင်းရန် စိုင်းပြင်းလာသည်။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



"အီး … ဟင်း … ဟင်း"

ဟူသော ညည်းညူသံတစ်ခုကို ဝတ်စုံပြာဝတ်ဆင်ထားသော လူငယ်၏အခန်းဆီမှ ကြားလိုက်ရလေသည်။

ညည်းညူသံမဆုံးခင်မှာပင် ဝတ်စုံပြာဝတ်ဆင်ထားသော လူငယ်၏အခန်းဆီသို့ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတို့ တစ်မုဟုတ်ချင်းပင် ရောက်ရှိသွားလေသည်။

အခန်းတွင်း၌ မည်းမှောင်နေလေသည်။

သို့သော် ပြတင်းပေါက်မှ လရောင်ဝိုးတဝါးကြောင့် အလင်းရောင်အနည်းငယ်ကို ရရှိနေပေသည်။

အရာရာကို သဲကွဲစွာ မြင်နေရလေသည်။

အခန်းတွင်းရှိ ခုတင်တစ်ခုပေါ်တွင် ဝေဒနာတစ်ရပ်ကို ခံစားနေရသော လူငယ်တစ်ယောက် ရှိနေသည်။

ထိုလူမှာ ဝတ်စုံပြာဝတ်ဆင်ထားသော လူငယ်ပင် ဖြစ်သည်။

လရောင်၏ ဝိုးတဝါးအလင်းရောင်ပေးမှုကြောင့် ထိုလူငယ်၏ မျက်နှာ၏အသွင်ကို တွေ့မြင်ရလေသည်။

သွေးမရှိတော့သည့် မျက်နှာပင် ဖြစ်နေလေသည်။

သူ၏ အသက်ရှူပုံမှာ ပုံမှန်အတိုင်းရှိ၍ မနေချေ။



သေခါနီး အသက်မျှဉ်းမျှဉ်းရှူသည့် ပုံသဏ္ဍာန်မျိုး ဖြစ်၍နေလေသည်။

သတိလစ် မေ့မြောနေဟန် တူပေသည်။

အစိမ်းရောင်ဝတ်ထားသော မိန်းကလေးကို အနီရောင်ဝတ်ထားသော မိန်းကလေးက တစ်ချက်လှမ်းကြည့်လိုက်သည်။

"သူ့ကို နတ်သမီးဆေးလုံး တိုက်လိုက်စမ်း"

"ဟုတ်ကဲ့"

ချက်ချင်းပင် ဝါဝါသည် ရေတစ်ခွက်ကို အလျင်အမြန်ခပ်ယူလိုက်ပြီး သူ၏လျှို့ဝှက်အိတ်တစ်အိတ်မှ ဆေးလုံးထုတ်ယူလိုက်ပြီး ထိုလူငယ်အားပွေ့ကာ ဆေးတိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ဝါဝါမှာ လူငယ်အား လွတ်ကျမိတော့မတတ် ဖြစ်သွားလေသည်။

လူငယ်၏အသားကို ထိလိုက်မိသည်နှင့် သူမ၏ခန္ဓာကိုယ်တွင်းသို့ အအေးဓာတ်များစိမ့်ဝင်လာကာ တစ်ကိုယ်လုံး အေးခဲမတတ် ဖြစ်သွားသည်။

သူမသည်လည်း ထိတ်လန့်တကြားဖြင့် ပြောလိုက်သည်။

"သခင်မလေး … ကျွန်မတစ်ကိုယ်လုံး အရိုးကွဲမတတ် အေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... သည်းခံပြီး ဆေးကို မြန်မြန်တိုက်လိုက်"

"ဟုတ် ... ဟုတ်ကဲ့"

ချက်ချင်းပင် ဆေးကို လျင်မြန်စွာတိုက်လိုက်ပြီး လူငယ်အ

ပြန်လည်၍ ခုတင်ပေါ်သို့ ချထားလိုက်သည်။

ထိုသို့ ကမန်းကတန်း မချလိုက်ပါက ဝါဝါသည် ေ

သေသွားလိမ့်မည် ဖြစ်ပါသည်။

ဤသို့ လူငယ်အား ခုတင်ပေါ်ချပြီးနောက် ဝတ်စုံ

မိန်းကလေးသည် လူငယ်အနားသို့ တိုးကပ်သွားပြီး ရွှေ

ချောင်းကို သူ့အိတ်ထဲမှ ထုတ်ယူကာ အတွင်းအားဖြင့် လူ

အချက်အချာကျသော သွေးကြောဆုံနေရာသို့ ထိုးစိုက်ကာ အ

ပညာဖြင့် ကုစားလိုက်လေသည်။

အတန်ကြာသွားသည်။

ဝတ်စုံနီဝတ် မိန်းကလေးသည်ပင် ချွေးသီးချွေးပေါ

ကျလာပြီး မောပန်းနွမ်းနယ်သွားသည်။

လူငယ်ကတော့ သတိလစ်နေဆဲပင် ဖြစ်သည်။

သူတို့သည် အခြေအနေ စောင့်ကြည့်နေကြလေသည်။

"တုံ ... တုံ ..."

အဝေးမှ အုန်းမောင်းခေါက်သံ ကြားရလေသည်။



ညဥ့်နက်သန်းခေါင်ပင် ကျော်လွန်လာချေပြီ။

လူငယ်၏ ရောဂါဝေဒနာမှာ တဖြည်းဖြည်း ကောင်းမွန်စပြု

လာလေသည်။

တစ်ခဏ ကြာသောအခါ အသက်ရှူသံ ပုံမှန်ဖြစ်လာလေ

သည်။

ထိုလူငယ်၏အခြေအနေကို အကဲခတ်ကြည့်နေသော ဝတ်စုံ

နီဝတ် မိန်းကလေးသည် စိတ်လက်ပေါ့ပါးသွားဟန် တူပေသည်။

လူငယ်၏ အခြေအနေမှာ ပုံမှန်အနေအထားအတိုက် ဖြစ်သွား

ပေတော့သည်။

ထို့ကြောင့် အစိမ်းရောင်ဝတ် မိန်းကလေးဖြစ်သူ ဝါဝါက

သူမ၏ သခင်မလေးအား ...

"ကဲ ... သခင်မလေး၊ သူလည်း အခြေအနေကောင်းသွားပြီ၊

အခန်းထဲ ပြန်အိပ်ကြပါစို့"

ဟု ပြောလိုက်သည်။

အနီရောင်ဝတ် မိန်းကလေးက ...

"အခြေအနေ ကောင်းသွားပြီလို့ မပြောနိုင်သေးဘူး၊ သူ့ရဲ့

ရောဂါက ထူးခြားတယ်၊ သူ့ကို ဂရုတစိုက်နဲ့ စောင့်ကြည့်နေရမှာ

သချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ထိုစကားကြောင့် ဝါဝါမှာ အတန်ကြာအောင် ငိုင်သွားပြီး ...

“ဟုတ်တယ်၊ သူ့ရဲ့ ရောဂါဟာ ထူးခြားတယ်၊ ကျွန်မဖြင့် တစ်ခါမှ မတွေ့ကြုံရသေးဘူး၊ ကျွန်မပွေ့ထားတုန်းက သူ့ရဲ့ ခန္ဓာကိုယ်က အအေးဓာတ်တွေ ကျွန်မဆီကို စိမ့်ဝင်လာသလိုပဲ၊ ကြာကြာ သာ ပွေ့ဖက်ထားရင် ကျွန်မတော့ သွေးတွေအေးခဲပြီး သေသွားတော့ မှာပဲ”

ဟု ပြန်ပြောသည်။

“ဟုတ်တယ်၊ သူဟာ ထူးခြားတယ်၊ သူ့ရဲ့ကိုယ်ခန္ဓာအတွင်း မှာ သူ့ရဲ့အတွင်းအားနဲ့ အလွန်အေးစိမ့်တဲ့ အအေးဓာတ်ရှိတဲ့ အတွင်း အားတစ်ခုတို့ ထိပ်တိုက်ရင်ဆိုင်နေမိတယ်၊ သူတို့ဟာ သဟဇာတ ဖြစ်ပြီး ကိုယ်ခန္ဓာမှာ ပျံ့နှံ့နေတယ်၊ ဒီလိုအအေးဓာတ် ပျံ့တဲ့အခါ သူ့ရဲ့ကိုယ်ပေါ်မှာ အလွန်တစ်ရာမှ အေးစိမ့်တဲ့ အအေးဆိပ်ဟာ တက်လာတော့တာပဲ၊ သူ့ကို လာရောက်ရန်မူ တိုက်ခိုက်သူမည်သူမဆို အဲဒီအအေးဓာတ်က ရင်ဆိုင်ဖြေရှင်းတာပဲ၊ ဒီလို ရင်ဆိုင်ဖြေရှင်းတဲ့ အခါမှာ သူ့ကို တိုက်ခိုက်လာတဲ့ ရန်သူမှန်သမျှ ရင်ဆိုင်ဖို့ မလွယ်ဘူး သူ့လိုလူမျိုးဟာ သိုင်းလောကမှာ မရှိသလောက် ရှားပါးတဲ့ ထူး ဆန်းဆန်း တစ်ယောက် ဖြစ်တယ်”



ဝတ်စုံနီ မိန်းကလေးက ရှင်းပြသည်။

ထိုသို့ ရှင်းပြလိုက်သောအခါမှ စိတ်ဝင်တစား နားထောင်နေသော ဝါဝါမှာ အလွန်ပင် အံ့အားသင့်သွားပြီး သဘောပေါက်သွားလေတော့သည်။

ထိုသို့ သူတို့နှစ်ဦး ပြောနေစဉ် လူငယ်မှာ သတိရလာဟန် ရှိလေသည်။

သတိရလျှင်ရခြင်း မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

သူ၏ အခန်းတွင်း၌ မိန်းကလေးနှစ်ဦး ရောက်နေသည်ကို တွေ့ရလေသည်။

မယုံ၍ သေချာစွာ ကြည့်လိုက်မိသည်။

“ဝုန်း ...”

ထိတ်လန့်တကြား ခုတင်ပေါ်တွင် ထထိုင်လိုက်လေသည်။

“ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘယ်တုန်းက ကျုပ်အခန်းထဲကို ရောက်နေကြတာလဲ”

ဝတ်စုံနီဝတ် မိန်းကလေးက သူ့အား ပြုံးကာကြည့်နေသည်။

ဝါဝါက ထိုလူငယ်၏ ပြောဆိုဟန်ပန်ကို မနှစ်သက်၍ မျက်နှာ နုပ်ဖြင့် ...

“ရှင် မဟူရာဓားအဖွဲ့ဆိုတဲ့ အမည်ကို ကြားဖူးသလား”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

လူငယ်သည် အတန်ကြာမျှ ငိုင်သွားလေသည်။

မှန်ပေသည်။

'မဟူရာစားအဖွဲ့'ဆိုသော နာမည်သည် သိုင်းလောကတွင် အနည်းနှင့်အများဆိုသလို ကြားဖူးနားဝရှိထားသူများ ရှိပေသည်။

သိုင်းလောကရှိ သိုင်းသမားများသည် 'မဟူရာစားအဖွဲ့'ဟု နာမည်သာ ကြားဖူးသော်လည်း သူတို့၏အဖွဲ့ သူတို့၏တည်နေရာ ကိုမူ မည်သူမျှ သိရှိခြင်း မရှိပေ။

'မဟူရာစားအဖွဲ့'မှာ လျှို့ဝှက်ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ခုပင် ဖြစ်လေသည်။

ထိုအဖွဲ့သည် ထိပ်တန်းအဆင့်မြင့် သိုင်းပညာရှင်ပေါင်း များစွာဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုပင် ဖြစ်သည်။

သူတို့၏အဖွဲ့သည် အလွန်ပင် စည်းကမ်းတိကျပိရိလှသ သဖြင့် သူတို့၏အဖွဲ့သားများအား ရိုသေလေးစားကြလေသည်။

သိုင်းလောကသားတိုင်း မဟူရာစားအဖွဲ့ကို ကြားရုံဖြင့် ထိတ် လန့်သွားကြသည်။

လူငယ်ကား မည်သို့မျှ သဘောမထားဘဲ ဝါဝါ၏စကား



အတန်ကြာမှ ...

"ကျုပ် အနားယူချင်တယ်ဗျာ၊ ဒီအခန်းထဲက မြန်မြန် ထွက်သွားကြပါ"

ဟု အခန်းထဲမှ နှင်ထုတ်လိုက်သည်။

သူ၏စကားကြောင့် မိန်းခလေးနှစ်ယောက်စလုံး မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

မဟူရာစားအဖွဲ့အား မည်သည့်သိုင်းသမားကမျှ ထိုသို့မပြောရဲကြပါချေ။

ထိုသို့ပြောလိုက်လျှင် ချက်ချင်းပင် တမလွန်ဘဝသို့ ကူးပြောင်းသွားနိုင်လေသည်။

အနီရောင်ဝတ် မိန်းကလေးက လူငယ်အား ဘာမျှမပြောသော်လည်း ဝါဝါက ဒေါသ ထောင်းခနဲ ထွက်သွားကာ ...

"ရှင် သိပ်ကျေးဇူးကန်းတဲ့လူပဲ၊ ကျွန်မရဲ့သခင်မလေးက ရှင့်ကို အသက်ကယ်ပေးပြီး ရှင် ဝေဒနာခံစားနေရတာကို မကြည့်ရက်နိုင်လို့ ဆေးလာကုပေးတာကို ရှင်က အခန်းအပြင် မောင်းထုတ်တယ် ဆိုတော့ ရှင် တော်တော်ကို လူမှုရေးခေါင်းပါးတဲ့သူပဲ"

ဟုပြောရင်း ဒေါသများ ပိုမိုထွက်လာသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိရောင်ဝတ် မိန်းကလေးက ကြားဝင်ဟန့်တားလိုက်လေသည်။

"ဝါဝါ ... ဒါတွေ ပြောမနေပါနဲ့တော့၊ တို့ သူ့ကို ဆေးကုသပေးတာဟာ လူတစ်ယောက်ရဲ့အသက်တစ်ချောင်းကို ကယ်တင်ပေးလိုက်တာပဲ၊ သူ စေတနာကို နားမလည်ရင်လည်း တို့အနေ ဘာမှ နစ်နာမယ်မထင်ဘူး"

ဟု ပြောလိုက်သည်။

ထိုသို့ ပြောဆိုချက်များကို လူငယ်သည် နားထောင်နေ... စောစောက သူ အဖျားတက်နေချိန်တွင် သူ့ကို ဝေဒနာသက်သာ... စေရန် ထိုမိန်းကလေးနှစ်ယောက်က ဆေးဝါးကုသပေးနေသည်ကို သိရှိလိုက်လေသည်။

သို့သော် လူငယ်သည် ကျေးဇူးတင်ရကောင်းမှန်း မသိ... မိန်းကလေးနှစ်ဦးအား တည်ငြိမ်စွာကြည့်နေလေသည်။

အနီဝတ် မိန်းကလေးသည် စိတ်မသက်သာစွာဖြင့် ... တစ်ချက် မှုတ်ထုတ်ရင်း ...

"ရှင်ဟာ အလွန်ပြင်းတဲ့အဆိပ် မိနေတယ်၊ ရှင့်ရဲ့အခြေအနေတွေက ဆိုးရွားနေတယ်၊ ဒီဝေဒနာကို ရှင်မကုရင် နောက်... လူ့ပြည်မှာ ရှင်နေရဖို့ ရက်ပေါင်းရှစ်ဆယ်လောက်ပဲကျန်တော့...



ဟု ပြောလိုက်သည်။

လူငယ်သည် ထိုစကားကို စဉ်းစဉ်းစားစား နားထောင်လိုက်ပြီးလျှင် ...

"ကျုပ်ကို အခုလိုပြောပြတာ အရမ်းပဲ ကျေးဇူးတင်ပါတယ်"

ဟု အေးဆေးစွာ ပြောလိုက်ပြန်သည်။

ထိုစဉ် အနီရောင်ဝတ် မိန်းကလေးက စေတနာပိုသည့်စကားကို ပြောလိုက်လေသည်။

"ရှင့် ဝေဒနာကို ကျွန်မကုပေးမယ်"

ထိုစကားကို ကြားလိုက်ရသည်နှင့် လူငယ်က မဆိုင်းမတွ ပြန်လည်ပြောကြားလိုက်သည်။

"မလိုပါဘူး"

ခပ်ပြတ်ပြတ် ငြင်းသည်။

ရုတ်ခြည်း အနီရောင်ဝတ် မိန်းကလေးသည် အံ့သြစွာဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အတန်ကြာမှ ...

"ဘာဖြစ်လို့လဲရှင့်"

ဟု မေးလိုက်သည်။

လူငယ်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘယ်သူ့ဆီမှ ကျေးဇူးကြွေးတင်တာ မခံချင်ဘူး"

ဟု ပြောလေသည်။

"ဟင် ..."

အနီရောင်ဝတ် မိန်းကလေး သက်ပြင်းချလိုက်မိသည်။

သူမသည် လူငယ်အား စိတ်မမှန်သည့် တစ်ယူသန် လူငယ် တစ်ဦးပါလားဟု မှတ်ချက်ချလိုက်သည်။

"ရှင် သူများကို ကျေးဇူးမတင်ချင်တာနဲ့ ရှင့်ကိုယ်ရှင် အသေခံမယ်ဆိုတာ တစ်ယူသန် မဖြစ်လွန်းဘူးလား"

လူငယ်မှာ ထိုစကားကို ကြားသောအခါ မဲ့ပြုံး ပြုံးလိုက်သည်။

ထို့နောက် ရင်ကိုကော့ပြီး ...

"ကျုပ်က သေရမှာကြောက်တဲ့ လူတန်းစားထဲမှာ မပါဘူး"

ဟု ပြောလိုက်သည်။

အနီရောင်ဝတ် မိန်းကလေးက ပြုံးလိုက်ပြီး ...

"ရှင်ပြောတာတော့ ဟုတ်ပါတယ်၊ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ အသက်တစ်ရာကျော် နေရနေရ နောက်ဆုံးတစ်နေ့မှာတော့ သေရမှာချည်းပါပဲ၊ ဒါပေမယ့် ရတောင့်ရခဲလှတဲ့ လူ့ဘဝကို အချိန်မတိုင်ခင် အပိုပွါယ်မဲ့ သေရမယ့်အလုပ်ဆိုတော့ ရှင်ဟာ မိုက်မဲလွန်းရာ မကျဘူးလား"



မိန်းကလေးက စိတ်ရှည်စွာဖြင့် ရှင်းပြလိုက်သည်။

လူငယ်မှာ ငေးငိုင်၍ တွေဝေသွားသည်။

အတန်ကြာ၍ သွားသည်။

ထိုအခွင့်အရေးကို အနီရောင်ဝတ် မိန်းကလေးက သိရှိလိုက်လေသည်။

သူမသည် ပြုံးရွှင်ဖော်ရွေစွာဖြင့် ရုတ်တရက်ဆိုသလို လူငယ်၏ လက်မောင်းတစ်ဖက်ကို လှမ်းကိုင်လိုက်လေသည်။

"ရှင့်ရောဂါကို စမ်းသပ်ကြည့်မယ်"

ယခုအခါတွင် လူငယ်သည် ရုန်းဖယ်ခြင်း မပြုတော့ပါချေ။

အနီဝတ် မိန်းကလေးသည် လူငယ်၏ကိုယ်ခန္ဓာမှ သွေးလည်ပတ်မှုကို စစ်ဆေးလိုက်သည်။

လူငယ်၏ အအေးအဆိပ်ဝေဒနာကို သူမ ကောင်းစွာ သိရှိလိုက်လေသည်။

ရောဂါမှာ အိမ်တွင်းသွေးအေးပုံစံမျိုး ဖြစ်နေသည်။

နှစ်ရှည်လများ ကုစားရမည် ဖြစ်လေသည်။

နေ့စဉ်ပုံမှန် အဖျားတက်သူများကဲ့သို့ ရောဂါဝေဒနာကို ခံစားနေရမည်မှာ သေချာလှပေသည်။

သို့သော် အဖျားတက်နေသော်လည်း သူ၏အတွင်းအားကို လိုသလို အသုံးပြုတိုက်ခိုက်၍ ရနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်၏အခြေအနေကို သူမက ရှင်းပြလိုက်လေသည်။

"ရှင့်ရောဂါက ပျောက်ကင်းဖို့တော့ မလွယ်ဘူး၊ ဒါပေမယ့် ရှင် ဒီအအေးအဆိပ် နေ့စဉ်မှန်မှန် တက်နေချိန်မှာတော့ ကုစားဖို့ လွယ်တယ်၊ အအေးအဆိပ် ဒဏ်သင့်နေပေမယ့် ရှင့်သိုင်းပညာကို တော့ မထိခိုက်ဘူး။ ရှင့်ရဲ့ အတွင်းအားကိုလည်း လိုသလို အသုံးပြု လို့ရတယ်"

ထိုအကြောင်းကို စိတ်ရှည်စွာရှင်းပြနေသော မိန်းကလေးကို လှုငယ်က မျက်မှောင်ကြုတ်၍ မေးသည်။

"ခင်ဗျား ကျုပ်ရောဂါကို တကယ်ပဲ ကုပေးချင်တာလား"

အနီရောင်ဝတ် မိန်းကလေးက သူ့အားလှည့်မကြည့်ဘဲ တခြား တစ်နေရာသို့ အကြည့်လွှဲလိုက်သည်။

ပြီးမှ စဉ်းစဉ်းစားစားနှင့် တည်ငြိမ်အေးဆေးစွာ ပြောလိုက် လေသည်။

"ရှင့်ကို စေတနာနဲ့ ကုပေးချင်တာပါ၊ ရှင့်ဆီက ဘာကိုမှ အကျိုးမျှော်ပြီး ကုပေးမှာ မဟုတ်ပါဘူး"

လှုငယ် ငိုင်သွားပြန်သည်။

ခေတ္တမျှ တွေဝေသွားပြန်လေသည်။

အတန်ငယ် ကြာသွားသည်။



ထို့နောက် လှုငယ်ထံမှ စကားသံ တစ်လုံးချင်း ထွက်ပေါ်လာ လေတော့သည်။

"တကယ်လို့ ကျုပ်ဟာ လူတကာက ရွံမုန်းနေတဲ့ လူတစ် ယောက်ဖြစ်နေရင်ကော ခင်ဗျားက ကုပေးဖို့ ဆုံးဖြတ်မှာလား"

ဟု မေးသည်။

မိန်းကလေးမှာ တစ်ချက် တွေဝေသွားသည်။

ထိုမေးခွန်းမျိုး သူမ မတွေးမိပါ။

သူမက လှုငယ်အား အကြည့်ရွဲကြီးများဖြင့် စိုက်ကြည့်လိုက် လေသည်။

လှုငယ်မှာ သူပြောသလို လူတကာရွံ့မုန်းစေလောက်သည့် လူငယ်တစ်ယောက်မဟုတ်မှန်း ခန့်မှန်း၍ ရပေသည်။

သူမသည် လှုငယ်အား အံသြအယာ ပြန်၍ပြုံးပြကာ ...

"ရှင် ဘယ်လိုလူမျိုးပဲ ဖြစ်နေဖြစ်နေ ရှင့်ကို ကုသပေးဖို့ ကျွန်မ ဆုံးဖြတ်ပြီးသားပါ"

ထိုစကားကို ကြားရသောအခါ လှုငယ်မှာ ကျေနပ်ပီတိဖြစ် သွားလေသည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နားလည်မှု ရရှိသွားကြဟန် တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အနီရောင်ဝတ် မိန်းကလေးက သူမ၏နာမည်ကို လူငယ်အား မိတ်ဆက်ပေးလိုက်လေသည်။

"ကျွန်မရဲ့နာမည်က မေယုပင်းပါ၊ သူက ကျွန်မရဲ့အဖော် ဝါဝါပါ"

ထိုသို့ မိတ်ဆက်ပေးလိုက်သောကြောင့် လူငယ်မှာလည်း —

"ကျုပ်နာမည် တုယို့လုံပါ"

ဟု ပြောလိုက်သည်။

သူက ပြတ်သားစွာ ပြောလိုက်သောလည်း သူ၏မျက်နှာတွင် အပြုံးရိပ်များ သန်းနေပါတော့သည်။

❋ ✱ ❋

အခန်းထဲတွင် လူတစ်ယောက် လဲလျောင်းနေလေသည်။

ထိုလူငယ်အား မိန်းကလေးတစ်ယောက်က သူ၏ ရွှေအပ် ကလေးများဖြင့် ထိုးစိုက်၍ ကုသပေးနေသည်ကို တွေ့ရပေသည်။

အနီဝတ် မိန်းကလေး မေယုပင်းသည် တုယို့လုံအား မေ့ဆေး မှုန် စေတနာမှုန်ဖြင့် ကုသပေးနေသည်မှာ ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်လာပြီ ဖြစ်သည်။

တုယို့လုံ ကျန်းမာရေး ပိုမိုကောင်းမွန်မှ ထိုမြို့မှ ထွက်ခွာ သွားရန် ဆုံးဖြတ်ထားလေသည်။



သူတို့မှာလည်း တစ်ဦးနှင့်တစ်ဦး ပိုမို၍ ရင်းနှီးလာလေသည်။

သူတို့သည် မြို့တွင်းသို့လည်ရန် ဆုံးဖြတ်လိုက်ကြသည်။

မြို့ထဲသို့ ထွက်လာသောအခါ လမ်းမကြီးတွင် လူအစည်ကား ဆုံးနှင့် တိုက်ဆိုင်နေ၍ မြို့ပြင်လမ်းမသို့ ထွက်လိုက်လေသည်။

ထိုအခါ သူတို့ရှေ့မှ လျှောက်လာနေသော လူသုံးယောက်ကို တွေ့လိုက်ရသဖြင့် တုယို့လုံမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထိုလူသုံးယောက်မှာ ဤမြို့၏ ဒေသခံနှစ်ဦး ဖြစ်သည်။

ကျန်တစ်ယောက်မှာ အသက်ကြီးသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

မျက်နှာစိမ်းညှော်သည် ဖြစ်သည်။

အသက်ကြီးသော်လည်း သန်မာထွားကျိုင်းလျှက် စူးရှတောက် ပသော မျက်လုံးပိုင်ရှင်ဖြစ်သည်။

အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်ကြောင်းလည်း ခန့်မှန်း၍ ရနိုင်လေသည်။

ထိုသူကား ကူးကျိုးမြို့၏တာဝန်ခံ ဝမ်းဟိုပင် ဖြစ်သည်။

ထို့ကြောင့် တုယို့လုံ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သည်။

သူတို့ လျှောက်နေသောလမ်းမှာ တစ်လမ်းတည်းသာဖြစ်၍ လမ်းလွှဲ၍ မရပေ။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ခံ ဝမ်းဟိုသည် တုယို့လုံအား တွေ့လိုက်သောအခါ ချက်ချင်းပင် ရှေ့သို့ ရုတ်တရက်တိုးလိုက်ပြီး လမ်းပိတ်ရပ်လိုက်လေသည်။

"တုယို့လုံ ... မင်း ဘယ်ပြေးမလဲ၊ မင်းရဲ့ပြေးရမယ့်လမ်းက ကျဉ်းကျဉ်းလေးပါ၊ မင်းကို ဆုံးမရမယ်"

တုယို့လုံ ဘာမှပြန်မပြောနိုင်စဉ်မှာပင် မေယုပင်း၏အသံ ပေါ်လာသည်။

"သူက ဘကြီးနဲ့ ဘယ်လိုရန်ငြိုးရန်စများ ရှိနေလို့လဲရှင်"

တာဝန်ခံ ဝမ်းဟိုက ...

"ကျုပ်တို့ကိစ္စ မင်းနဲ့မဆိုင်ဘူး၊ မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်နဲ့ ကျုပ်က ကူဂျိုးမြို့က တာဝန်ခံဝမ်းဟိုပဲ၊ သူဟာ ကျေးဇူးရှင်ကို လုပ်ကြံပြီး ထွက်ပြေးနေတဲ့ လူသတ်တရားခံပဲ၊ ငါ့တူမက သူ့ကို လူကောင်းတစ်ယောက် ထင်နေလို့လား"

အဘိုးကြီး၏စကားကြောင့် မေယုပင်းမှာ အံ့သြထိတ်လန့်သွားသည်။

သူမသည် တုယို့လုံကို ကြည့်လိုက်သည်။

တုယို့လုံမှာ အေးဆေးတည်ငြိမ်စွာ ရပ်နေသည်။

တုယို့လုံ၏ အမူအရာကိုကြည့်လိုက်သောအခါ အဘိုးကြီး စွပ်စွဲသလို လူသတ်တရားခံ မဖြစ်နိုင်ချေ။



"ကျွန်မ သူ့အတွက် တာဝန်ယူ ဖြေရှင်းပေးမယ်"

ဟု ပြောလိုက်သည်။

ထိုအခါ ဝမ်းဟိုက မဲ့ပြုံးပြုံးလိုက်ရင်း ...

"မင်း တော်တော်သတ္တိရှိတဲ့ မိန်းကလေးပါလား၊ ငါတို့ ကူးဂျိုးမြို့ကို အာခံရဲတဲ့သူ မရှိဘူး၊ မင်းက မိုက်ရူးရဲချင်တော့ ပညာပေးရမှာပေါ့ကွာ"

ထိုစဉ် စကားတစ်ခွန်းမှ ဝင်မပြောဆိုခဲ့သော ဝါဝါမှာ ဝင်ရောက် ပြောဆိုလာလေသည်။

"ဒီမှာ ရှင်က ကူးဂျိုးမြို့က ဘယ်လူကြီးပဲဖြစ်ဖြစ် ကျွန်မတို့နဲ့ မဆိုင်ဘူး၊ ရှင်တို့ သိထားဖို့က ကျွန်မတို့ သခင်မလေးကို မရိုမသေ ဆက်ဆံရင် ရှင်တို့လူတွေအားလုံး သေရမယ်ဆိုတာ ရှင်တို့သိထားဖို့ လိုတယ်"

"ဟား ... ဟား ... ဟား ... တယ်လည်း ကြောက်စရာကောင်းပါလား၊ ကူးဂျိုးမြို့ကို အာခံဝံ့တဲ့သူ မရှိပါဘူး၊ ရှိတဲ့သူကတော့ တမလွန်ရောက်မယ်ဆိုတာ သတိထားတော့"

"ရှင်တို့ ကူးဂျိုးမြို့က ဘာမို့လို့လဲ"

ဝမ်းဟို ဒေါသထွက်သွားသည်။

"ဒါဖြင့် မင်းရဲ့ပညာကို စမ်းကြည့်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တိုက်ခိုက်ရန် ပြင်လိုက်သည်။

ဝမ်းဟို နောက်မှအဖော်တစ်ယောက်ဖြစ်သူ စီအူးက ထွက်လာပြီး ...

"ဒီမိန်းကလေးကို ကျုပ် ဆုံးမပါရစေ"

ဟုပြောကာ တိုက်ခိုက်လိုက်သည်။

စီအူး၏ဓားရောင်သည် နေရာအနှံ့အပြား ဖွေးလက်တောက်သွားပြီး ဝါဝါအား ဓားရိပ်များက လွှမ်းခြုံသွားသည်။

သိုင်းကွက်ပေါင်း နှစ်ဆယ်ခန့်ရှိလာသော်လည်း ဝါဝါ၏အကျီစကိုပင်ထိအောင် မတိုက်ခိုက်နိုင်သေးချေ။

ထိုစဉ် ...

"ရပ်လိုက် ညီလေး ... ဆက်မတိုက်နဲ့တော့"

အစ်ကိုဖြစ်သူ စီခူးက ဟန့်တားလိုက်သည်။

ထိုစဉ် သူတို့၏ကြားသို့ တုယို့လုံ ရောက်ရှိလာသည်။

ဝမ်းဟိုက ...

"တုယို့လုံ ... မင်းက အခုမှထွက်လာတာလား၊ မိန်းကလေးတစ်ယောက်ရဲ့ အကာအကွယ်ခံနေတာ မင်း မရှက်ဘူးလား"

"ဝမ်းဟို ... ကျုပ်ကြောက်လို့ ချောင်းကုပ်နေတယ်လို့ ခင်ဗျားထင်တာလား"



"မင်းကိုမထင်ပါဘူးကွာ၊ မင်းက ကိုယ့်ဆရာတောင် ပြန်သတ်ရဲတဲ့လူပဲ"

တုယို့လုံ အလွန် ဒေါသထွက်သွားသည်။

"ကျုပ်ဆရာကို ကျုပ်သတ်တာ မဟုတ်ဘူးဗျ"

"ဒါဆို မင်းဘာဖြစ်လို့ ထွက်ပြေးရှောင်တိမ်းတာလဲ"

"ကျုပ် ဖြေရှင်းခွင့်မှ ခင်ဗျားတို့မပေးဘဲ၊ ဒီလိုမှ ထွက်မပြေးရင်လည်း အခုလိုတောင် ကျုပ် ရပ်တည်နိုင်မှာ မဟုတ်ဘူး"

ဝမ်းဟို ငိုင်တွေစဉ်းစားသွားပြီးမှ တုယို့လုံအားကြည့်ကာ ...

"မင်း ပြန်လိုက်ခဲ့ပါ၊ မဟုတ်ရင် မင်းနဲ့ငါ ရင်ဆိုင်ရမှာပဲ"

သူသည် တုယို့လုံအား အနိုင်ယူပြီး ရွာသို့ပြန်ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။

တုယို့လုံက ...

"ကောင်းပြီလေ၊ ခင်ဗျားနိုင်ရင် ကျုပ် ပြန်လိုက်ခဲ့မယ်"

သူ၏ကတိပေးစကား ရရှိပြီဖြစ်၍ ဝမ်းဟို အချိန်ဖြုန်းမနေတော့ပါ။ သူသည် လျှပ်တစ်ပြက် လက်သီးဖြင့် ထိုးချလိုက်သည်။

တုယို့လုံမှာ မရှောင်တိမ်းပါချေ။

ထို့ကြောင့် လက်သီးချက် ခန္ဓာကိုယ်သို့ ထိမှန်သွားလေသည်။

ဝမ်းဟိုသည် သူ၏လက်သီးကို တုယို့လုံ မရှောင်တိမ်းခြင်းကြောင့် အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေကာမူ မိမိ၏ သိုင်းကွက်တစ်ကွက်တည်းဖြင့် တည့်မတ်စွာ ထိမှန်သွားသောကြောင့် ဝမ်းဟို ဝမ်းသာသွားသည်။

သို့သော် ကြာကြာ ပီတိမဖြစ်နိုင်ပါ။

သူ၏ ခန္ဓာကိုယ်သည် နောက်ဘက်သို့ ယိမ်းယိုင်ဆုတ်ခွာ သွားသည်။

မိမိကိုယ်ကိုမိမိ လဲပြိုမသွားအောင် ထိန်းထားရသည်။

ကြာရှည်စွာ ထိန်းထား၍မရပါ။

"ဝုန်း ..."

မြေကြီးပေါ် လဲကျသွားသည်။

ထိုအခါ ...

ဝါဝါကို မေယုပင်က ကြည့်လိုက်သည်။

"ဝါဝါ ဆေးလုံး သုံးလုံး ပေးလိုက်"

ဝါဝါက ဆေးလုံး သုံးလုံးအား ပေးကာ ...

"ဒီဆေးကို အမြန်ဆုံးသောက်ပြီး ထွက်သွားတော့"

စီခူးတို့မှာ ဝမ်းဟိုအားဖေးမကာ ထွက်ပြေးသွားတော့သည်။

✻ ✻ ✻

နေဝင်ရီတရော အချိန်ပင် ဖြစ်သည်။



တောလမ်းတစ်ခုတွင် မြင်းခွာသံများကြားနေရပေသည်။

မြင်းများပေါ်တွင် တုယို့လုံ၊ မေယုပင်နှင့် ဝါဝါတို့ လိုက်ပါကြသည်။

သူတို့သည် တစ်နေကုန် ခရီးဆက်လာကြရာ တောင်ခြေတစ်ခုသို့ ရောက်လာကြသည်။

သူတို့သည် ကြူးဟုန်မြို့မှ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

မကြာမီ ခြံဝင်းကြီးတစ်ခုအနီးသို့ ရောက်ရှိလာသည်။

ဝါဝါသည် မြင်းပေါ်မှခုန်ဆင်းပြီး ခြံတံခါး ခေါက်လိုက်သည်။

အိမ်က သိပ်မကြီးမားလှသော်လည်း အလွန်ပင် ခံ့ညားသည်။

ဝါဝါတံခါးခေါက်ပြီး အတန်ကြာမှပင် 'ကျွီ'ဟူသော မြည်သံနှင့်အတူ တံခါးမကြီး ပွင့်လာသည်။

တံခါးလာဖွင့်သူမှာ ခါးကုန်းအဘိုးအိုတစ်ယောက် ဖြစ်သည်။

အဘိုးအိုသည် ခြံဝင်းအပြင်မှ လူများကို သေချာစွာကြည့်သည်။

မေယုပင်အား တွေ့လိုက်ရသောအခါ မျက်နှာမှာ တစ်မုဟုတ်ခြင်း ပြောင်းလဲသွားသည်။

"ဟာ ... သခင်မလေး"

ချက်ချင်းပင် မေယုပင်က ...

"ညစာအတွက် အမြန်ဆုံး ပြင်ဆင်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ဟုပြောကာ အိမ်ထဲဝင်သွားသည်။

မေယုပင်းတို့လည်း နောက်မှလိုက်သွားသည်။

အိမ်ထဲရောက်သောအခါ ဆံဖြူအဘွားနှင့် လူလတ်ပိုင်း ဓး မောင်နံ့တို့က လာရောက်ကြိုဆိုကြလေသည်။

တုယို့လုံမှာမူ မသိသလို မဆိုင်သလိုနေသည်။

မကြာမီ ညနေစာစားသောက်ရန် အဘိုးအိုက လာခေါ်သည်။

သူတို့သည် ဆာဆာနှင့် အားရပါးရ စားသောက်လိုက်သည်။

စားသောက်ပြီးသည်နှင့် မေယုပင်းကိုတိုင် သူအိပ်ဖို့ အိမ်ခန်း လိုက်ပို့သည်။

သူတို့သည် တစ်နေကုန် ခရီးပန်းလာသဖြင့် စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်နေလေတော့သည်။

✸ ✸ ✸

တုယို့လုံသည် ထိုအိမ်ကြီးတွင် ဆေးကုရင်းနေခဲ့သည်မှာ ရက်သတ္တပတ်ပင် ကျော်လွန်ခဲ့သည်။

မေယုပင်းသည် တုယို့လုံအား လိုလေသေးမရှိအောင် ပြု ထားလေသည်။



တုယို့လုံကသာ ဟက်ဟက်ပက်ပက် စကားမပြောချေ။

ဖော်ရွေမှု ကင်းမဲ့နေသည်။

ထို့ကြောင့် တုယို့လုံ၏ အပြောအဆိုအနေအထိုင်များကို ဝါဝါက မကျေနပ်ချေ။

မေယုပင်း အရေးယူဆက်ဆံသလောက် တုယို့လုံက အရေးမစိုက်သည်ကို မခံမရပ်နိုင် ဖြစ်နေလေသည်။

"သခင်မလေး ဘာကြောင့် သူ့ကို အရေးတယူ ဆက်ဆံရတာလဲ၊ သည်လောက်တောင် စိတ်ကြီးဝင်နေတဲ့လူ၊ သူ့ထိုက်နဲ့သူ့ကံသာ ရှိပါစေတော့၊ ဂရုမစိုက်ဘဲ ပစ်ထားလိုက်ပါ"

ဟု အသံမြှင့်ကာ ပြောလေသည်။

မေယုပင်းက တုယို့လုံကြားမည်စိုးသဖြင့် နှုတ်မှ တီးတိုးဟန့်တားလိုက်သည်။

"ဒီလိုမပြောပါနဲ့ ဝါဝါရယ်၊ သူက ..."

သူ့စကားဆုံးအောင် မပြောလိုက်ရပါ။

"ဝါဝါပြောတာ မှန်တယ်"

အသံထွက်ပေါ်လာရာသို့ နှစ်ဦးစလုံး ကြည့်လိုက်သည်။

တုယို့လုံ ဝင်လာသည်ကို တွေ့ရသည်။

မေယုပင်း မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဣန္ဒြေပြန်ဆည်ကာ ...

"ဝါဝါဟာ မသိနားမလည်တဲ့ လူတစ်ယောက်ပါ၊ သူ့ရဲ့စကားကို အတည်မယူပါနဲ့"

"ကျုပ်ဟာ ဆရာ့ကိုသတ်တယ်လို့ ဝမ်းဟိုက စွပ်စွဲတယ် ကျုပ် ကူးကျိုမြို့ကိုပြန်မယ်၊ တရားခံအစစ်ကို ဖော်ထုတ်မယ်၊ ကျုပ်မှာ အပြစ်မရှိကြောင်း အားလုံးသိအောင် လုပ်ပြမယ်"

"ရှင် အဲဒီလိုလုပ်ဖို့ အချိန်ယူရဦးမယ်၊ ကျွန်မ စဉ်းစားမိ အစီအစဉ်တစ်ခုတော့ ရှိတယ်၊ ရှင် လက်ခံနိုင်မလားမသိဘူး"

"ဘာအစီအစဉ်များလဲ"

"ရှင် မဟူရာဓားအဖွဲ့ကို သိလား"

"သိတယ်၊ ဒါပေမယ့် မကောင်းသတင်းတွေက များတယ်"

"မဟူရာဓားအဖွဲ့ဟာ ရှင်ထင်သလို မဟုတ်ပါဘူး၊ ဆိုးသွမ်း ရက်စက်တဲ့အဖွဲ့ မဟုတ်ဘူး၊ အခြားအဖွဲ့အစည်းတွေက သွား[illegible] လေလွင့် ပြောနေကြတာပါ၊ မဟူရာဓားအဖွဲ့ရဲ့ အဓိကရည်ရွယ်ချက် ဟာ အနက်ရောင် ဒုစရိုက်ဂိုဏ်းသားတွေကို ရှင်းလင်းသုတ်သင်[illegible] ဖို့ပါပဲ၊ မဟူရာဓားအဖွဲ့က အနုနည်းသုံးလို့မရရင် အကြမ်းနည်း[illegible] ကြလို့ ရန်ငြိုးဖွဲ့ခံရတယ်၊ ဆိုးသွမ်းရက်စက်တယ်လို့ နာမည်ပျက်[illegible] ထားကြတာပါ"



ထိုသို့ လိပ်ပတ်လည်အောင် ရှင်းပြလိုက်သောအခါ တုယို့လုံ သဘောပေါက်သွားသည်။

မေယုပင်းသည် မဟူရာဓားအဖွဲ့ဝင်တစ်ယောက်မှန်း သေချာသွားပြီ ဖြစ်သည်။

"ကျုပ် သဘောပေါက်ပြီ၊ ခင်ဗျားဟာ မဟူရာဓားအဖွဲ့ဝင် တစ်ယောက် မဟုတ်လား"

မေယုပင်း မဆိုင်းမတွပင် ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဆို ခင်ဗျားပြောတဲ့ စောစောကအစီအစဉ်ဆိုတာ ဘာလဲ"

"ရှင့်အနေနဲ့ ဝေခွဲဆုံးဖြတ်ဖို့ ခက်နေတယ်မဟုတ်လား၊ ရှင်ဟာ နေ့စဉ်မှန်မှန် ဆုံးဖြတ်ရမယ့်အပြင် အပ်ရိုက်ကုသမှုကိုလည်း အချိန်မှန်မှန် ခံရမယ်၊ ရှင် အဆိပ်တက် သတိလစ်တဲ့အချိန်မှာ ကျရောက်လာမယ့် အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးဖို့ လိုတယ် မဟုတ်လား"

တုယို့လုံ တွေဝေစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"မင်း ပြောတာမှန်တယ်၊ အဲဒီတော့ ကျုပ် ဘာလုပ်ရမှာလဲ"

မေယုပင်း ချက်ချင်းပြန်မပြောသေးဘဲ တုယို့လုံကို [illegible] ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ တစ်ခွန်းချင်း ပြောလိုက်သည်။

"ရှင် ကျွန်မတို့ မဟာရာဓားအဖွဲ့ကို ဝင်နိုင်မလား၊ ရှင် အဖွဲ့ သားတစ်ယောက်ဖြစ်သွားရင် ကျွန်မက အခုထက်ပိုပြီး ဂရုစိုက် နိုင်တာပေါ့၊ ရှင့်အတွက် အစစအရာရာ ပြေလည်သွားနိုင်ပါတယ်။ ရှင် ဖော်ထုတ်ချင်တဲ့ တရားခံကို ရှာဖွေပေးနိုင်ပါတယ်၊ ဒီနည်း ဟာ ရှင့်အတွက် အကောင်းဆုံးလို့ ကျွန်မ ယူဆတယ်"

တုယို့လုံ အလေးအနက်စဉ်းစားလိုက်သည်။

မေယုပင်း ပြောသည့်အတိုင်း အကောင်းဆုံးနည်းလမ်းမှာ ထိုနည်းလမ်းပင် ဖြစ်တော့သည်။

"ခင်ဗျားရဲ့ အကြံပြုချက်ကတော့ ကောင်းပါတယ်၊ ဒါပေ မယ့် ခြွင်းချက်တစ်ခုတော့ ခင်ဗျား ထားရလိမ့်မယ်"

"ဘယ်လိုခြွင်းချက်များလဲ"

"မဟာရာဓားအဖွဲ့မှာ ခင်ဗျား ဘယ်လောက်အဆင့်ရှိတယ် ဆိုတာတော့ ကျုပ်မသိဘူး၊ သိလည်း မသိချင်ဘူး။ ခင်ဗျား ဘယ် လောက်အဆင့်ပဲရှိရှိ မရှိရှိ ကျုပ်ကတော့ ခင်ဗျားတစ်ယောက်ကလွဲ ပြီး ဘယ်သူ့ညွှန်ကြားကိုမှ မခံဘူး၊ ဒီအချက်ကိုလက်ခံရင် ကျုပ် မဟာရာဓားအဖွဲ့ကို ဝင်မယ်"

မေယုပင်းက ခပ်သွက်သွက် ကတိပေးလိုက်သည်။



"ရှင့်ဆန္ဒအတိုင်း ဖြစ်စေရမယ်"

သူမ၏မျက်နှာပေါ်တွင် အပြုံးရိပ်သန်းလာလေတော့သည်။

သူမဆန္ဒ ပြည့်ဝသွားခဲ့လေပြီ။

တုယို့လုံသည် မဟာရာဓားအဖွဲ့ဝင်တစ်ဦး ဖြစ်သွားပြီ မဟုတ် ပါလား။

✱ ✱ ✱

၄၄

www.burmeseclassic.com

www.burmeseclassic.com



## သေမင်း

ရွှေကျား အာမခံဌာန ...။

ထိုအာမခံလုပ်ငန်းသည် ထိုကျင်းမြို့တွင် အထင်ရှားဆုံး အာမခံလုပ်ငန်းကြီးတစ်ခု ဖြစ်လေသည်။

ထိုအာမခံလုပ်ငန်းမှ တာဝန်ယူကာ သယ်ယူပို့ဆောင်ရသော မည်သည့်အမိုးတန်ပစ္စည်းမဆို မည်သည့်နေရာတွင်သွား၍ ပို့ဆောင်ပေးရသည်မဆို လုယက်ခိုးယူခြင်း မရှိပေ။

မှဲ့တစ်ပေါက် မစွန်းစေရပေ။

ထိုသို့ မီးသေခြင်းမှာလည်း ထိုအာမခံလုပ်ငန်းကြီးကို ဦးစီးဆောင်ရွက်သူမှာ မြောက်ပိုင်းတွင် နာမည်ကြီးသော အဆင့်မြင့်သိုင်းသမားကြီး ဝီကျင်းပင် ဖြစ်ပေသည်။

သိုင်းသမားကြီး ဝီကျင်းအား သိုင်းလောကတွင် မသိသူမရှိပါချေ။



သိုင်းပညာ အစွမ်းထက်မြက်သည့်အပြင် ဆက်ဆံရေးမှာလည်း အထူးပင် ကောင်းမွန်လှသည်။

ထို့ကြောင့် မသိသူမရှိလှပေ။

ဝီကျင်း ဦးဆောင်ဦးရွက် ပြုသောကြောင့်လည်းကောင်း၊ သူ၏ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သောကြောင့်လည်းကောင်း အာမခံ လုပ်ငန်းကြီးသည် အောင်မြင်ကျော်ကြားလာတော့သည်။

ယခုအချိန်သည် နှစ်သစ်ကူး ပွဲတော်နှင့် တိုက်ဆိုင်နေပေသည်။

နှစ်သစ်ကူးပွဲတော်ကြီး တဖြည်းဖြည်း နီးကပ်လာချေသည်။

နှစ်သစ်ကူးပွဲတော်ကြီး နီးကပ်လာသောကြောင့် သူ၏ လက်ထောက် ဟူပြောင်းအား အာဏာကုန် လွှဲအပ်ထားလေသည်။

ဟူပြောင်းသည် သူ၏ စိတ်အချရဆုံး၊ အယုံကြည်ရဆုံးသူတစ်ယောက်ပင် ဖြစ်သည်။

နှစ်သစ်ကူးပွဲတော် ကျင်းပပြင်ဆင်ရန်အတွက် မြို့လယ်ရှိ သူ၏ ကြီးမားသော စံအိမ်တော်ကြီးတွင် အနားယူနေရင်း ပြင်ဆင်မှုများ ပြုလုပ်လေသည်။

ထိုသို့ နှစ်သစ်ကူးပွဲတော်အတွက် သူ၏ အိမ်ဂေဟာတွင် ခမ်းခမ်းနားနား ပြင်ဆင်ရခြင်းမှာ ထိုမြို့တွင် နှစ်စဉ်နှစ်တိုင်း အကြီးကျယ်ဆုံး ကျင်းပလေ့ရှိသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အနားယူရင်း ထိုနေ့မှာပင် အချိန်သည်လည်း ညနေပိုင်းသို့ ရောက်လာပေပြီ။

ဆောင်းလေအေးတို့သည် တသုန်သုန် ဆော့မြူးတိုက်ခတ်နေလေသည်။

နေညိုလာသည်နှင့် အအေးဓာတ်က ပိုကဲလာသည်။

အေးစိမ့်သောအအေးဓာတ်ကို ကာကွယ်ရန်အတွက် ဝိကျောင်းတို့ ဇနီးမောင်နှံသည် သီးသန့်ဆောင်ထဲတွင် မီးဖို၍ မီးလှုံနေကြသည်။

အပူငွေ့ကြောင့် အအေးဒဏ် သက်သာလာပေသည်။

ထိုစဉ် အခန်းတွင်းမှ ခြူသံလေး ထွက်ပေါ်လာသည်။

ခြူသံလေး၏ အမှတ်အသားအရ သူ၏လက်ယောက် ဟူပြောင်းပင်ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်လိုက်သည်။

သူက ပြန်၍ အချက်ပေးလိုက်သည်။

ဟူပြောင်းသည် ချက်ချင်းပင် အခန်းတွင်းသို့ ရောက်ရှိလာလေသည်။

ဝိကျောင်းအား တွေ့လိုက်ရသည်နှင့် ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

အမှောင်ပင် ဖုံးလွှမ်းနေပြီ။

ညပိုင်းသို့ပင် ရောက်ရှိလာလေသည်။

ထို့ကြောင့် ဝိကျောင်းသည် အရေးတကြီးကိစ္စရှိရမည်ဟု တွက်ဆမိလိုက်သည်။



"ဘာများ အရေးကိစ္စရှိလို့လဲ"

ဟု မျက်ခုံးနှစ်ဖက်ပင့်တင်ကာ မေးလိုက်သည်။

ဟူပြောင်းက ဖိတ်စာတစ်စောင် ကမ်းပေးလိုက်သည်။

ဝိကျောင်းမှာ မြို့မျက်နှာဖုံးဖြစ်သည့်အတွက် တစ်နေ့လျှင် ဖိတ်စာဆယ်စောင်ထက်မနည်း လာနေကျဖြစ်လေသည်။

ယခုကျမှ ထူးထူးဆန်းဆန်း ဖိတ်စာလာပို့၍ အပြစ်တင်လိုက်လေသည်။

ဘာမှမဟုတ်သည့် ဖိတ်စာတစ်စောင်ကို အကြောင်းပြု၍ မိုးချုပ်အချိန်မတော် ဆီးနှင်းများကျနေသည့်ကြားမှ အရေးတကြီးလာပို့သည်ကို ဘဝမကျနိုင် ဖြစ်နေသည်။

ထို့ကြောင့် ဟူပြောင်းအား အပြစ်တင်သောအကြည့်ဖြင့် ကြည့်လိုက်ခြင်း ဖြစ်သည်။

ထိုစဉ် ဟူပြောင်းက သူ၏အိတ်တွင်းမှ ဖိတ်စာကိုထုတ်ယူ၍ တရိုတသေ ပေးလိုက်သည်။

ဝိကျောင်း၏မျက်လုံးများက ဖိတ်စာအား မျက်စိဝေ့ဝဲ၍ ကြည့်လိုက်သည်။

ထိုဖိတ်စာအား မြင်လိုက်ရသည်နှင့် သူ၏မျက်နှာမှာ အကြီးအကျယ် ပျက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဖိတ်စာကို ဆွဲယူလိုက်သည်။

ဖိတ်စာ သူ့လက်ထဲရောက်သည်နှင့် အတော်ပင် ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။

လက်များပင် တုန်ယင်သွားသယောင် ရှိသည်။

ဖိတ်စာမှာ အနီရောင်ဖြစ်သည်။

မျက်မှောင်ကြုတ်၍ ဖိတ်စာအား လှန်ကြည့်လိုက်သည်။

ဖိတ်စာထဲတွင် လက်ရေးသေးသေးများဖြင့် ရေးထားသည်ကို တွေ့ရလေသည်။

ဖိတ်စာထဲတွင် ...

***'သင် ကျူးလွန်ခဲ့သော သင့်ပြစ်မှုအတွက် သင့်ကို အပြစ်ဒဏ်စတင်ရလိမ့်မည်'***

ဟူ၍ ဖြစ်သည်။

အောက်တွင် ရေးသားပေးပို့သူ၏ နာမည်ကို ဖော်ပြထားခြင်း မရှိချေ။

ဝိကျင်း သက်တမ်းတစ်လျှောက် အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ဖူးပြီ ဖြစ်လေသည်။

ထို့ကြောင့် ...

ဖိတ်စာကို မြင်မြင်ချင်း ကြယောင်ချောက်ချားဖြစ်သွားသော်



လည်း စိတ်ကို ပြန်ထိန်းချုပ်ကာ တစ်ခဏအတွင်းမှာပင် ပြန်လည် တည်ငြိမ်သွားလေသည်။

သူသည် ဖိတ်စာကို တည်ငြိမ်အေးဆေးစွာ သိမ်းဆည်းလိုက်ပြီး ဟူပြောင်းအားကြည့်ပြီး အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။

"ဒီဖိတ်စာကို ဘယ်သူလာပို့သွားတာလဲ"

"ဘယ်သူလာပို့မှန်း မသိပါဘူး၊ ကျွန်တော်တို့ရဲ့ အမှတ်တံဆိပ်ထားတဲ့ နဂါးပါးစပ်ထဲမှာ တွေ့လို့ပါခင်ဗျာ"

"ဘယ်သူလာထည့်သွားတယ်ဆိုတာ မင်းတို့ လိုက်မရှာကြဘူးလား"

ဟူပြောင်းကလည်း ပျာပျာသလဲ ပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့ မြို့တွင်းအနှံ့အပြား လိုက်လံစုံစမ်းပါသေးတယ်၊ ဒါပေမယ့် မသင်္ကာစရာဆိုလို့ တစ်ယောက်မှ ရှာမတွေ့ပါဘူး"

ဝိကျင်း ခေါသထွက်နေသည်။

"မင်း သွားနိုင်ပြီ"

ဟု ပြောလိုက်သည်။

ဟူပြောင်းက ခေါင်းငုံ့ရင်းနှင့် အပြင်သို့ထွက်သွားရန် ဟန် ပြင်လိုက်သည်။

"နေဦး ..."

www.burmeseclassic.com

www.burmeseclassic.com



ဝီကျင်း၏ဖနီးက ဟန့်တားလိုက်သည်။

ဟူပြောင်း ချက်ချင်း ရပ်တန့်လိုက်သည်။

ဖနီးဖြစ်သူက ဟူပြောင်းအား လှမ်းမေးလိုက်သည်။

“ဖိတ်စာက အနီရောင်မဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ”

အထဲတွင်ပါရှိသော စာကို မကြည့်ရသေးသော်လည်း ထိုဖိတ်စာသည် အန္တရာယ်ဖိတ်စာဖြစ်ကြောင်း သူမက သိရှိထားသည်။

ထို့ကြောင့် ဖနီးဖြစ်သူကပင် ...

“အင်း ... ဖိတ်စာကတော့ အန္တရာယ်ဖိတ်စာပဲ၊ ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူး၊ ကျွန်မတို့ အထူးသတိ ဝီရိယရှိမှ ဖြစ်မယ်”

သူမက တုန်ယင်စွာ ပြောလိုက်သည်။

သို့သော် ဝီကျင်းသည် မျက်နှာထားတည်ကြည်စွာဖြင့် ပြန်၍ ပြောလိုက်သည်။

“ဂရုစိုက်စရာ မလိုပါဘူးကွာ”

“အို ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ပေါ့ပေါ့ဆဆ သဘောထားလို့ မရဘူးလေ၊ အစ်ကိုက နာမည်ကြီးသိုင်းသမားတစ်ယောက် ဖြစ်တဲ့အပြင် မြို့မျက်နှာဖုံးဆိုတာလည်း သတိထားမှပေါ့၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ နည်းနည်းလေးမှ အထိခိုက်မခံနိုင်ဘူး”



ထိုစကားကြောင့် စောစောကပြောသလို ပေါ့ပေါ့ဆဆသဘောထား၍ မရတော့ပေ။

လေးလေးနက်နက် စဉ်းစဉ်းစားစား လုပ်ရတော့မည် ဖြစ်ပေသည်။

အနီရောင်ဖိတ်စာသခင်သည် သိုင်းလောကရှိ သိုင်းသမားတိုင်းအား အပြစ်မရှိအပြစ်ရှာ၍ လိုက်လံသတ်ဖြတ်နေသည်ကို သတိပြုမိသည်။

ဖိတ်စာရလိုက်သည်နှင့် သိုင်းလောကရှိ ထိပ်သီးသိုင်းသမားများ သေဆုံးရသည်ချည်းပင် ဖြစ်သည်။

ထို့ကြောင့် သိုင်းသမားတိုင်းက အနီရောင်ဖိတ်စာသခင်အား မကျေမနပ် ဖြစ်နေကြသည်။

သွေးတစ်စက်သခင်သည် မည်သူဖြစ်သနည်း။

မည်သူမှ မသိကြချေ။

အနီရောင်ဖိတ်စာသခင်၏ အန္တရာယ်သည် အချိန်မရွေးကျရောက်လာနိုင်သည်။

မည်သည့်အချိန် ကျရောက်နိုင်သည်ကို သူသည်ပင် တပ်အပ်မပြောနိုင်ချေ။

စဉ်းစားရင်းနှင့်ပင် ကြောက်ရွံ့တုန်လှုပ်သောစိတ်များ တဖွားဖွား ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

အသက်အရွယ်နှင့် နီးကပ်စွာ ရင်ဆိုင်နေရသော ဆရာသခင်ဖြစ်သူအား သူ၏တပည့် ဟူပြောင်းက အကြံတစ်ခုပေးလိုက်လေသည်။

"ဆရာ... ဆရာ့ကို အထင်အရှားစိန်ခေါ်လာပြီ၊ ဒါ ဆရာ့အနေနဲ့ ဒီအခွင့်အရေးကို လက်လွှတ်မခံဘဲ ပြန်ပြီးအသုံးချသင့်တယ် ပြန်ပြီး စိန်ခေါ်ရုံပဲ၊ သူနဲ့ ဘယ်နေရာမှာ ယှဉ်ပြိုင်မယ်လို့ ကြေညာလိုက်မယ်၊ ကျွန်တော်တို့ကလည်း မိတ်ဆွေ ထိပ်သီးသိုင်းသမားတွေကိုခေါ်ပြီး ဖိတ်ကြားထားမယ်၊ ဒီတစ်ချိုတော့ အနီရောင် ဖိတ်စာသခင်ဟာ ကျွန်တော်တို့လက်ချက်နဲ့ သေမှာ သေချာပါတယ်"

ဟု ပြောလိုက်သည်။

ဝီကျင်းသည် အနည်းငယ် စဉ်းစားလိုက်သည်။

"မင်း အကြံက မဆိုးပါဘူး၊ ဒီလိုအစီအစဉ်ကို အကောင်အထည်ဖော်ခွင့် ရနိုင်ပါ့မလား"

ဟုပြောက စိတ်အားထက်သန်စွာဖြင့် ပြောလိုက်ပြန်သည်။

"ဒီအတွက် ဆရာစိတ်မပူပါနဲ့၊ ကျွန်တော် အခုချက်ချင်း ပြန်ပြီး သတင်းလွှင့်လိုက်ပါ့မယ်၊ နောက် ဆယ်ရက်အကြာမှာ တောင်ဘက်မှာ တွေ့ဆုံယှဉ်ပြိုင်မယ်ဆိုတာ ကြေညာချက်ထုတ်လိုက်မယ် ဒီလို စိန်ခေါ်တာကို သူ ဘယ်လိုနည်းနဲ့မဆို လာမှာပဲ"



ထိုအကြံပြုချက်ကို ချက်ချင်းပင် ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

ထို့နောက် ဟူပြောင်းကို လိုအပ်သည်များ မှာကြားလိုက်သည်။

ပြီးနောက် သေချာစွာဖြင့် ပိပိရိရိ လုပ်ကိုင်ရန် တာဝန်ပေးလိုက်တော့သည်။

✸ ✸ ✸

ဝီကျင်းနှင့် အနီရောင်ဖိတ်စာသခင်တို့ ချိန်းဆိုထားသော နေ့ရက်သို့ ကျရောက်လာပြီ ဖြစ်သည်။

အရုဏ်ဦးမှစ၍ တောင်ခြေရှိကွက်လပ်ကြီးသို့ လူများ တဖြည်းဖြည်း စုရုံးရောက်ရှိလာနေကြပြီ ဖြစ်သည်။

ဝီကျင်းကဲ့သို့သော သိုင်းထိပ်သီးပညာရှင်များလည်း ရောက်ရှိနေကြပြီ ဖြစ်လေသည်။

နေပင် တဖြည်းဖြည်း မြင့်တက်လာပြီ ဖြစ်သည်။

ယှဉ်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြသည့် သိုင်းသမားများ စုံညီညီ ရောက်ရှိနေသော်လည်း ယှဉ်ပြိုင်ရန် ချိန်းဆိုထားကြသော ဂိုဏ်းနှစ်ဦးမှာ ရောက်ရှိနေကြခြင်း မရှိသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးနားဝရှိသည့်အလျောက် အနီရောင်ဖိတ်စာသခင်နှင့် တွေ့ရသော သိုင်းသမားတိုင်း အသက်မရှင်ဘဲ ဇိဝိန်ချုပ်ငြိမ်းရသည် ချည်းပင် ဖြစ်လေသည်။

အားလုံးသော သူများက အနီရောင်ဖိတ်စာသခင်ကို တွေ့ချင် နေချင်ကြသည်။

ထို့ကြောင့် စောင့်မျှော်နေကြခြင်း ဖြစ်လေသည်။

အချိန်မှာလည်း တရွေ့ရွေ့ကုန်ဆုံးလာပြီ ဖြစ်ပေသည်။

ယခုအချိန်ထိ အနီရောင်ဖိတ်စာသခင်ကော ဝိကျင်းပါ ရောက် ရှိလာခြင်း မရှိသေးပါ။

ထိုအချိန်တွင် ...

"ဟာ ... ဟိုမှာ ဘာကြီးလဲ မသိဘူး"

ဟု ပရိသတ်ထဲမှလူတစ်ယောက်က လက်ညှိုးညွှန်ပြလိုက် လေသည်။

လက်ညှိုးညွှန်ပြသောနေရာသို့ အားလုံးက အာရုံစိုက်ကြည့် လိုက်သည်။

"ဟာ ..."

"ဟင် ..."

"အို ..."



ဟု လွှတ်ခနဲ အော်လိုက်မိသည်။

သစ်ပင်တစ်ပင်ပေါ်တွင် လူတစ်ယောက် တွဲလောင်းကြီးဖြစ် နေလေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ထိုသစ်ပင်ကြီးဆီသို့ အပြေး အလွှား သွားကြည့်ကြသည်။

သစ်ပင်ကြီးတွင် တွဲလောင်းချိတ်ထားသောလူအား သေချာ စွာ ကြည့်လိုက်သောအခါ မယုံကြည်နိုင်အောင် အံ့အားသင့်သွားပြီး အသံများ ပြိုင်တူထွက်လာလေတော့သည်။

"ဟာ ... ဝိကျင်းရဲ့ အလောင်းပါလား"

အဝိစိမှထွက်ပေါ်လာသော အသံကြီးကဲ့သို့ စိတ်ကို ထိတ်လန့် တုန်လှုပ် ချောက်ချားသွားရပေတော့သည်။

ဝိကျင်း၏ရင်ဝတွင် ဓားတစ်လက်ထိုးစိုက်ဝင်ရောက် သေဆုံး နေလေသည်။

ဓားဒဏ်ရာမှသွေးများက မြေပေါ်သို့ တစ်စက်ချင်းစီးကျနေ သေသည်။

မြေပေါ်ရှိ သွေးကွက်ကြီးမှာလည်း နီမြန်းလျက် ရှိနေသည်။

ဝုန်းလှုပ်နေသော လူအုပ်ကြီးမှာ ကြောက်စိတ်များ တဖွားဖွား ပေါ်လာနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပြိုင်ပွဲသို့ လာရောက်ကြည့်ရှုကြသော လူအုပ်ကြီးမှာ တစ်စချင်း ပြိုကွဲသွားလေတော့သည်။

ဝိကျင်းတစ်ယောက် မည်သို့မည်ပုံ လုပ်ကြံသတ်ဖြတ်ချင်းခံရသည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ သိရှိခြင်း မရှိပါချေ။

ထိပ်တန်းသိုင်းပညာရှင်ကြီး မြို့မျက်နှာဖုံး ဝိကျင်းမှာ သိုင်းလောကမှ ရုတ်ခြည်း ကွယ်ပျောက်သွားပေပြီ။

ကောင်းကင်ပေါ်တွင် လင်းလက်တောက်ပနေသော ကြယ်ကလေးတစ်ပွင့်သည် လင်းလက်တောက်ပနေရာမှ ကြွေလွင့်သွားသော ကြယ်ကြွေလေးတစ်ပွင့်အလား ရုတ်တရက်ဆိုသလို ဖြုန်းစားကြီးပင် ပျောက်ကွယ်သွားလေတော့သည်။

✵ ✵ ✵

"ဟူး ... ဟူး"

ထိန်တန်းကိုယ်ဖော့ပညာဖြင့် တောင်ထွတ်ပေါ်သို့ ပြေးလွှား နေလေသည်။

အချိန်မှာ မွန်းတည့်ချိန်ပင် ဖြစ်လေသည်။

ထိုတောင်မှာ အလွန်မတ်စောက်သော တောင်ထွက်တစ်ခု ဖြစ်လေသည်။



အဆိုပါလူရိပ်မှာ အင်မတန်မှ မြန်ဆန်သွက်လက်လွန်းလှပေသည်။

သူ၏လှုပ်ရှားမှုမှာ အနက်ရောင်အငွေ့ကန်းတစ်ခု တရိပ်ရိပ် ပြေးလွှားနေသည့် ပုံသဏ္ဍာန် ပေါ်လွင်နေပေသည်။

ထို ကျုံ့ဝှာတောင်ထိပ်တွင် မြင်းပျံ့ဂိုဏ်းချုပ်ကြီး ရှိလေသည်။

မြင်းပျံ့ဂိုဏ်းချုပ်ကြီးနားသို့ ရောက်လာသောအခါ အရှိန်သတ်လိုက်လေသည်။

ထိုသို့ အရှိန်သတ်လိုက်စဉ် ...

"ဟူး ... ဟူး ... ဟူး ... ဟူး"

လူရိပ် လေးရိပ်က ထိုလူငယ်၏ အနီးသို့ ဝိုင်းရံထားလိုက်သည်။

"မိတ်ဆွေက ဘယ်သူလဲ၊ ဒီနေရာကို ဘယ်လိုကြောင့် ကျူးကျော်လာရတာလဲ"

ဟု လေးဦးအနက် တစ်ဦးက မေးမြန်းလိုက်လေသည်။

သူတို့သည် မမျှော်လင့်ဘဲ ရောက်ရှိလာသူ အနက်ရောင်ဝတ်စုံရှင်အား မျက်ခြည်မပြတ် အကဲခတ်စောင့်ကြည့်လိုက်လေသည်။

မဖိတ်ခေါ်ဘဲနှင့် မိမိတို့၏ ကျုံ့ဝှာတောင်ထိပ်သို့ ရောက်ရှိလာသူက အနက်ရောင် ဝတ်စုံဆင်မြန်းထားသည့်အပြင် မျက်နှာဖုံးပါ

www.burmeseclassic.com



စွပ်ထားသောကြောင့် မည်သူမှန်းမသိရသဖြင့် ပို၍ မသင်္ကာစရာပင် ဖြစ်နေပေတော့သည်။

ဝတ်စုံနက်လူက ...

"မင်းတို့ရဲ့ ဂိုဏ်းချုပ်ချရင်းနဲ့ တွေ့ချင်တယ်"

ဟု ပြောသည်။

အနက်ရောင်ဝတ်စုံရှင်၏ အပြောအဆိုကြောင့် ထိပ်တန်း အဆင့်မြင့်သိုင်းပညာရှင်မှန်း သိလိုက်သည်။

ထိုသို့ပြောဆိုနေစဉ် ဂိုဏ်းချုပ်ချရင်းသည် တပည့်များခြံရံ လျက် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

ဂိုဏ်းချုပ်ချရင်းသည် ဝတ်စုံနက်လူကို လက်နှစ်ဖက်ဆုပ်၍ ဦးသွတ်လိုက်ပြီး ...

"မိတ်ဆွေက ကျုပ်ကို တွေ့ဖို့လာရာတာ ဟုတ်လား"

"ဟုတ်တယ်"

ဝတ်စုံနက်နှင့်လူက ချရင်းအား ခပ်ပြတ်ပြတ် ပြန်ပြောလိုက် လေသည်။

ချရင်းက စိတ်မဆိုးဘဲ ...

"မိတ်ဆွေက ဘယ်သူလဲ"

ဟု မေးလိုက်သည်။



"မရဏစာသမား"

ဟု အေးစက်စွာ ပြန်ဖြေလိုက်သည်။

ထိုလူ၏ စကားကြောင့် ဂိုဏ်းချုပ်ကြီးချရင်းမှာ ထိတ်လန့် သွားလေသည်။

"ဒါဆို ခင်ဗျား ..."

ချရင်း၏ စကားမဆုံးခင်မှာပင် ဝတ်စုံနက်နှင့်လူက ရုတ် တရက် ညာလက်ကို ဆတ်ခနဲ လှုပ်ရှားလိုက်လေတော့သည်။

"ဝှစ် ..."

အပြာရောင် အလင်းတန်းတစ်ခုသည် လေတိုးသံနှင့်အတူ ချရင်းထံသို့ ဦးတည်ပြေးထွက်သွားလေတော့သည်။

ထိုအပြာရောင် အလင်းတန်းတစ်ခုသည် လျှပ်လက်သကဲ့သို့ မြန်ဆန်လွန်းလှပေသည်။

ချရင်းသည် သူ၏အတွင်းအားနှင့် စုစည်းကာ အလင်းတန်း ကို ဖမ်းဆုပ်လိုက်သည်။

ချရင်း ဖမ်းမိသွားပါသည်။

သို့သော် နောက်သို့ခြေလှမ်းအနည်းငယ်မျှ ယိုင်ဆင်းသွား လေသည်။

ထိတ်လန့် တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်လင့်ကစား ဝတ်စုံနက်မရဏာ ဓားသမား၏ လက်နက်ပစ္စည်း၏ ပစ်အားကိုပင် ဖမ်းယူသည်မှာ ပုံပန်းမကျ ဖြစ်သွားသည့်အတွက် အလွန်ပင် စိုးရိမ်ထိတ်လန့်သွား လေသည်။

သူသည် မယုံကြည်နိုင်အောင်ပင် အံ့သြထိတ်လန့်သွားသည်။

သူ၏လက်ထဲတွင် ဖမ်းမိထားသော အရာကို ကြည့်လိုက် သည်။

အဆိပ်ပြင်းသည့် မြွေပွေးတစ်ကောင်ကို ဖမ်းမိထားသကဲ့သို့ ကြီးစွာသော ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်သွားသည်။

မျက်နှာပင် သိသိသာသာ ပျက်သွားသည်။

သူ၏ ခန္ဓာကိုယ်လည်း ကတုန်ကယင် ဖြစ်သွားလေသည်။

ချရင်းသည် လှုပ်ရှားနေသောစိတ်ကို ပြန်လည်ထိန်းချုပ်လိုက် လေသည်။

"ဪ ... ခင်ဗျားက အနီရောင်ဖိတ်စာသခင်ကိုး"

ဝတ်စုံနက်က အေးစက်စွာ ပြန်ပြောလိုက်ပြန်သည်။

"ကျုပ် ဘယ်သူဖြစ်ဖြစ် ခင်ဗျားရဲ့အရေးကိစ္စ မဟုတ်ဘူး ခင်ဗျားအနေနဲ့ ခင်ဗျားတပည့်တွေကို မှာကြားစရာရှိရင် မှာကြား ခဲ့နိုင်တယ်"



"ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုသတ်မလို့လား"

"ခင်ဗျားပြောသလို ဖြစ်တယ်"

"ကျုပ် ကြားဖူးသလောက်တော့ အနီရောင်ဖိတ်စာသခင်ဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့ အဖြူရောင်သိုင်းသမား အလုပ် တွေကို လုပ်တယ်လို့ဆိုတယ်၊ အပြစ်မရှိတဲ့လူကို သက်သက်မဲ့ လျှောက်သတ်မနေပါဘူး"

ဝတ်စုံနက်ကို ပြန်ပြောသည်။

"ခင်ဗျား ဝီကျင်းကို ကူညီပေးတဲ့အတွက် ခင်ဗျားမှာ အပြစ် ရှိတယ်"

ချရင်း အလွန်အမင်း အံ့အားသင့်သွားသည်။

ဝီကျင်းသည် အဖြူရောင်သိုင်းသမားကြီးတစ်ယောက် ဖြစ် ကြောင်း သိုင်းလောကသားတိုင်းက သိထားသည်။

ယခု အဖြူရောင်သိုင်းသမားကြီးအား ကူညီပေးသည့်အတွက် သူ့တွင် အပြစ်ရှိသည်ဟု ဝတ်စုံနက်က ပြောလာသောကြောင့် အလွန် အမင်း အံ့အားသင့်သွားလေသည်။

ထို့ကြောင့် ပြန်လည်ရှင်းပြလိုက်လေသည်။

"ဝီကျင်းဟာ ထင်ရှားတဲ့ အဖြူရောင်သိုင်းသမားကြီးတစ် ယောက်ပါ၊ ဒါကို သိုင်းလောကသားတိုင်းက သိရှိလက်ခံထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူဟာ တစ်ချိန်တစ်ခါမှာမှ မတော်မတရား မှားယွင်းတာမရှိပါဘူး ရှိကောင်းလည်း ရှိလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့ လုံးဝမသိခဲ့ကြ ပါဘူး၊ ကျုပ်တို့ အဖြူရောင်သိုင်းသမားတစ်ယောက်အနေနဲ့ ကျုပ်တို့က သူ့ကို ကူညီဖို့ ရောက်ခဲ့ကြတာပါ၊ ဒါဟာ သိုင်းလောကရဲ့ ကူညီရိုင်းပင်းမှု တစ်ခုပါပဲ"

ချရင်းသည် မည်သို့ပင်ရှင်းပြသော်လည်း ဝတ်စုံနက်လူက လက်ခံမည့်ပုံ မပေါ်ချေ။

"ကဲ ... အချိန်မရှိဘူး"

မည်မျှပင် ရှင်းပြစေကာမူ ဝတ်စုံနက်လူသတ်သမား နားဝင်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ချရင်းမှာ စိတ်ကိုထိန်းလိုက်ပြီး ...

"ကျုပ်ကို သတ်ဖို့ဆုံးဖြတ်ပြီးပြီပဲ၊ ကျုပ်တို့ မြင်းပျံဂိုဏ်းနဲ့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်တာပေါ့"

စကားဆုံးသည်နှင့် ချရင်းက လက်တစ်ဖက်ဝှေ့ယမ်းလိုက်လေတော့သည်။

ချက်ချင်းပင် မြင်းပျံဂိုဏ်းမှ လက်ရွေးစင်သိုင်းသမား သုံးဆယ်ခန့် ပေါ်ပေါက်ရောက်ရှိလာပြီး ဝတ်စုံနက်မရဏာဓားသမားအား ဝိုင်းရံထားလိုက်လေသည်။



မြင်းပျံဂိုဏ်းအနေနှင့် ဤမျှကြီးကျယ်သော ထိပ်သီးသိုင်းသမား သုံးဆယ်ခန့်နှင့် သိုင်းသမားတစ်ဦးအား ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ခြင်း မပြုခဲ့ချေ။

ယခုအချိန်သည် အရေးကြီးသောအချိန်ဖြစ်၍ မိမိတို့ဂိုဏ်းမှ အစွမ်းထက်မြက်သော လက်ရွေးစင်သိုင်းသမားများနှင့် ဝိုင်းရံကာ မြင်းပျံဂိုဏ်း၏ ကျော်ကြားသော နတ်မြင်းပျံ မဟာသိုင်းကွက်ဖြင့် စတင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

"ဗိုး ... ဗိုး"

နတ်မြင်းပျံ မဟာသိုင်းကွက်အရ ဝင်းလက်တောက်ပသော ဓားရောင်များသည် ဖွေးဖွေးတောက်သွားလေတော့သည်။

သို့သော် စူးရှသောအော်သံနှင့်အတူ အနက်ရောင်လူရိပ်သည် အရှိန်ပြင်းပြင်းဖြင့် အချိတ်အဆက်မိမိ လည်ပတ်နေသော နတ်မြင်းပျံ မဟာသိုင်းကွက်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေတော့သည်။

ထိုသူကား ဝတ်စုံနက်မရဏာဓားသမားပင် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် နတ်မြင်းပျံ မဟာသိုင်းကွက်အတွင်း လေလှိုင်းတစ်ခုသည် ဝင်ရောက်ထိုးဖောက်သွားလေတော့သည်။

နတ်မြင်းပျံ မဟာသိုင်းကွက်အတွင်းတွင် လေမုန်တိုင်းတစ်ခုပမာ ဖြစ်ပေါ်သွားပြီး နှင်းခိုးနှင်းငွေ့များပုံသဏ္ဌာန်အဖြစ် ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပျံဂိုဏ်းမှ လက်ရွေးစင်သိုင်းသမားများ ရေခဲကန်ကြီးထဲ ကျသွားသည့်အလား ခံစားလိုက်ရလေသည်။

အနက်ရောင် အရိပ်ကြီးနှင့် အဖြူရောင်နှင်းခိုးနှင်းငွေ့များသည် မြင်းပျံဂိုဏ်းသားများကို ပတ်ခြုံလိုက်ပေတော့သည်။

သူတို့အားလုံးသည် သွေးများတောင့်တင်းသွားသလို အအေးဓာတ်ကိုခံစားလိုက်ရပြီး လက်တွင်ကိုင်ဆောင်ထားသော ဓားများကိုပင် ဝှေ့ယမ်းလှုပ်ရှားနိုင်ခြင်း မရှိတော့ချေ။

ထိပ်တန်း သိုင်းသမားများသည် တောင့်တင်းပြီး ကျောက်ရုပ်ပမာ လှုပ်ရှားနိုင်ခြင်းမရှိ ဖြစ်သွားလေသည်။

ချရန်းသည် သူ့လူများ၏အဖြစ်ကိုကြည့်ပြီး အလွန်တရာပင် အံ့ဩထိတ်လန့် တုန်လှုပ်သွားလေတော့သည်။

ယခုအချိန်တွင် ချရန်းသည် မျက်နှာတွင် သွေးမရှိတော့သည့် ပုံသဏ္ဌာန် ဖြစ်သွားလေသည်။

ချရန်းအား ကြက်ကလေးငှက်ကလေးတစ်ကောင်ပမာ ဖမ်းဆီးသတ်ဖြတ်နိုင်ပေသည်။

ချရန်းမှာ သေရတော့မည်ကို သိရသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်နေပေသည်။

သို့သော် အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းသွားလေသည်။



ချရန်းအား မသတ်သေးပေ။

ချရန်းသည် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ပြီး ကြောက်ရွံ့တုန်လှုပ်ခြင်းကို တားဆီးလိုက်သည်။

ထို့နောက် လေသံမှန်မှန်ထားကာ ပြန်ပြောလိုက်သည်။

"ကျုပ်တို့ သိုင်းပညာမှာ ခင်ဗျားလောက်မတော်ဘူးဆိုတာ ဝန်ခံပါတယ်၊ အခု ကျုပ်တို့ ရှုံးနိမ့်သွားပြီ၊ ဒါကြောင့် ခင်ဗျား ကျုပ်ကို သတ်ချင်သတ်နိုင်တယ်၊ ဒါပေမယ့် ကျုပ်တို့ဂိုဏ်းကိုတော့ မစော်ကားပါနဲ့"

ထိုစကားကို ဝတ်စုံနက် မရဏဓားသမားက အလွန်နှသဘော ကျသွားသည်။

မရဏဓားသမားက တစ်ခွန်းချင်း အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူး၊ ခင်ဗျားနဲ့ နည်းနည်းပါးပါး ဆွေးနွေးချင်တယ်"

ချရင်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုကိစ္စလဲ၊ ဆွေးနွေးနိုင်ပါတယ်"

မရဏဓားသမားက သိုင်းလောကတွင် မတရားမှုများ ပိုးပွားလာသည့်အတွက် သိုင်းလောကတွင်သာမက အပြစ်မဲ့ လောကလူသားများအတွက် ကောင်းကျိုးဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့ဂိုဏ်းအနေနှင့် သိုင်းလောက၏ အရေးအခင်းတွင် မည်သည့်အခါမျှ ပါဝင်ပတ်သက်တော့မည် မဟုတ်သည်ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ချရင်း ဦးနှောက်ခြောက်သွားသည်။

ဆုံးဖြတ်ချက်တစ်ခု ပြန်လည်ရွေးရန် လိုအပ်ပေသည်။

ထိုဆုံးဖြတ်ချက်ကို ဝတ်စုံနက်အား ပြောလိုက်လေသည်။

အရေးအကြောင်းများ အရေးတကြီးပေါ်လာလျှင် မိမိတို့ မြင်းပျံဂိုဏ်းအနေနှင့် တိတ်တဆိတ် လျှို့ဝှက်စွာ အကူအညီပေးမည်ဟု ကတိပေးလိုက်လေသည်။

ထိုစကားကြောင့် မရဏာစားသမား ကျေနပ်နှစ်သိမ့်သွားသည်။

သူသည် ချရင်းအား ကျေးဇူးတင်စကားပြောကြားပြီး နှုတ်ဆက်ကာ တောင်ပေါ်မှ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

✻ ✱ ✻

အနက်ရောင် အရိပ်တစ်ရိပ်သည် ကျုံ့ဝှာတောင်ထိပ်မှ ဆင်းလာသည်ကို တွေ့ရပေသည်။

နေဝင်လာလေပြီ။

ဝူတိုင်မြို့သို့ ရောက်ရှိလာချေပြီ။



သူသည် မြို့တွင်းသို့မဝင်ဘဲ မြို့ပြင်သို့ ကွေ့ပတ်ပြီးသွားနေလေသည်။

သူသည် မြို့ပြင်သို့ရောက်သွားသောအခါ ဘုံကျောင်းပျက်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာသည်။

ဘုံကျောင်းပျက်ကြီးမှာ အတော်ပင် ပျက်စီးနေပြီ ဖြစ်သည်။

အတွင်းဘက်တွင် ပင့်ကူအိမ်များ၊ ဖုန်များ၊ အမှိုက်သရိုက်များနှင့် ရှုပ်ပွနေလေသည်။

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသူသည် ဘုံကျောင်းပျက်အတွင်းပိုင်းနှင့် အပြင်ဘက်ဝန်းကျင်တို့ကို သေချာစွာ အကဲခတ်လေ့လာပြီး စစ်ဆေးကြည့်ရှုလိုက်သည်။

နေရာကောင်းတစ်နေရာကို ရှာဖွေလိုက်သည်။

ဖုန်များကို ခါလိုက်သည်။

ထို့နောက် စိတ်ချရသော အနေအထားကို တွေ့ရသောအခါမှ သူ၏ခေါင်းတွင် စွပ်ထားသော မျက်နှာဖုံးကို ချွတ်လိုက်လေသည်။

သူ၏ မျက်နှာမှာ အေးစက်မာကျောနေလေသည်။

မျက်လုံးအရောင်မှာလင်း မှေးမှိန်လုပနေသည်။

အချိန်အတန်ကြာမျှ တွေဝေစဉ်းစားနေလိုက်လေသည်။

"ဟင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သက်ပြင်းမှုတ်ချ်ချ ချလိုက်လေသည်။

ထို့နောက် ဘုံကျောင်းပျက်အတွင်းဘက် တစ်နေရာတွင် ဖွက်ထားသော အထုပ်တစ်ထုပ်ကို ယူလိုက်သည်။

အထုပ်အတွင်းမှ အပြာရောင်ဝတ်စုံတစ်စုံကို ထုတ်ယူလိုက်လေသည်။

အနက်ရောင်ဝတ်စုံကို ချွတ်၍ အပြာရောင်ဝတ်စုံကို ဝတ်ဆင်လိုက်လေသည်။

ထိုအခါမှ သူ၏ရုပ်သွင်မှာ ပီပြင်စွာ ထင်ရှားလာလေတော့သည်။

ထိုသူကား တုယို့လုံပင် ဖြစ်သည်။

ဝိကျင်းအား သတ်ဖြတ်ခဲ့ခြင်းနှင့် မြင်းပျံဂိုဏ်းချုပ်အား စည်းသိမ်းသွင်းခဲ့ခြင်းတို့သည် တုယို့လုံ၏ လှုပ်ရှားဆောင်ရွက်မှုတို့ပင် ဖြစ်လေသည်။

တုယို့လုံသည် အနက်ရောင်ဝတ်စုံကို သေချာစွာ ခေါက်သိမ်းလိုက်ပြီး အထုပ်ထဲသို့ ထုပ်သိမ်းပြီးနောက် ဘုံကျောင်းတံခါးမှ ထွက်ထိုင်လိုက်လေသည်။

အေးစက်သော မျက်ဝန်းအစုံက အပြင်သို့ လှမ်းမျှော်ကြည့်နေလေသည်။



သူ၏ မျက်လုံးအစုံက တစ်စုံတစ်ယောက်သောသူကို စောင့်မျှော်နေဟန် တူပေသည်။

ရီဝေသော မျက်လုံးအစုံက မျက်တောင်မခတ်ဘဲ ငေးမျှော်ကြည့်နေသည်။

တုယို့လုံသည် သူ့အား ချိန်းဆိုထားသူကို မျှော်လင့်စောင့်စားနေခြင်းပင် ဖြစ်သည်။

တုယို့လုံနှင့် ချိန်းဆိုထားသူမှာ မေယုပင်းပင် ဖြစ်သည်။

မေယုပင်း၏ ရောက်လာမည့်အချိန်ကို စောင့်မျှော်နေခြင်းပင် ဖြစ်ပေတော့သည်။

✸ ✸ ✸

ညဥ့်မှာ နက်သထက်နက်ရှိုင်းလာလေသည်။

အမှောင်ထုကို တဖြည်းဖြည်း ကြီးစိုးလာလေသည်။

အအေးဓာတ်မှာလည်း ပိုမို လွှမ်းကဲလာလေသည်။

ဆောင်းလေအေးများ တဟူးဟူး တိုက်ခတ်နေပေသည်။

တုယို့လုံမှာ အအေးဒဏ်များကြားမှ မအိပ်ဘဲ မေယုပင်းအား စောင့်ဆိုင်းနေလေသည်။

ချိန်းဆိုထားသည့် အချိန်ပင် ကျော်လွန်လာပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုအား ငေးကြည့်နေစဉ်မှာပင် သူ၏မျက်စိထဲ၌ လူရိပ်သဏ္ဍာန်တစ်ခုကို တွေ့ရလေသည်။

မေယုပင်း ဝင်လာသည်ဟု တစ်ထစ်ချယုံကြည်လိုက်သည်။ သေချာစွာ ကြည့်မိလိုက်သည်။

မေယုပင်းလာလျှင် ဝါဝါ ပါလာမည်ဖြစ်သည်။

သို့သော် ယခု လူရိပ်တစ်ရိပ်သာ လာနေလေသည်။

ထိုလူရိပ်မှာ သာမန်ပုံစံလာခြင်းမဟုတ်ဘဲ ယိမ်းထိုးလူးလွန့် လာဟန် တူနေပေသည်။

ပြေးရင်း လွှားရင်း လဲကျနေသည်ကို မြင်တွေ့လိုက်ရလေသည်။

သူ၏ပုံစံကြည့်ရသည်မှာ ဒဏ်ရာရရှိလာဟန် တူပေသည်။

မေယုပင်းသည် အန္တရာယ်တစ်စုံတစ်ရာ ဖြစ်လာပြီလား။ သူ့ဦးနှောက်ထဲတွင် ရုတ်တရက် လျှပ်လက်သကဲ့သို့ ဝင်ရောက်သွားသည်။

သူက ကမန်းကတန်းပင် လူရိပ်ရှိရာသို့ လေအဟုန်ကဲ့သို့ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

တုယို့လုံက ကမန်းကတန်းပင် ပွေ့ထူလိုက်လေသည်။

တုယို့လုံ ပွေ့ထူလိုက်သူမှာ မေယုပင်းမဟုတ်ဘဲ မိန်းကလေးတစ်ဦး ဖြစ်နေသည်ကို တွေ့ရလေသည်။



ထိုမိန်းကလေးမှာ ငယ်ရွယ်နုပျို၍ လှပသော မိန်းမချောလေးတစ်ဦးပင် ဖြစ်လေသည်။

ထိုမိန်းကလေးမှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သို့သော် အဖြူရောင်ဝတ်စုံရှင်မှာ အဖြူရောင်ဝတ်စုံမဟုတ်ဘဲ နီမြန်းနေသည်ကို တွေ့ရှိရလေသည်။

ထိုပြင် ရင်ဘတ်နေရာတွင် အင်္ကျီများစုတ်ပြဲနေပြီး ဖြူဝင်းလက်သော အသားစိုင်များ ပေါ်ထွက်နေလေသည်။

သူမ၏ခန္ဓာကိုယ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိလာဟန် တူနေသည်။

ထိုဒဏ်ရာကြောင့် သူ့ကိုယ်သူပင် ဟန်နိုင်မည်မဟုတ်ချေ။

"အင်း ..."

ဟူသည့် ညည်းတွားသံနှင့်အတူ သူ၏လက်ပေါ်တွင် သတိလစ် မေ့မျောသွားလေတော့သည်။

တုယို့လုံက လက်မောင်းပေါ်တွင် သတိလစ်နေသော မိန်းမချောလေးကို မျက်မှောင်ကြုတ်ကြည့်ကာ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေလေသည်။

သူ့အနေနှင့် သိုင်းသမားကောင်းတစ်ဦး၏ ကျင့်စဉ်အရ ထိုမိန်းကလေး၏အသက်ကို ကယ်တင်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆေးဝါးကုသမှုမတော့ မတတ်ချေ။

ထို့ကြောင့် မေယုပင်းတို့ကို သတိရသွားသည်။

ထိုသို့ သတိရချိန်တွင် အမှောင်တွင်းမှ လေတိုးသံများ ကြားလိုက်ရလေသည်။

လှရိပ်များကိုလည်း တွေ့လိုက်ရသည်။

တုယို့လုံ ဝမ်းသာသွားသည်။

မေယုပင်းတို့လာပြီဟု တစ်ထစ်ချ မှတ်လိုက်သည်။

သို့သော် အထင်နှင့်အမြင် မှားသွားပါလေပြီ။

တုယို့လုံ စိတ်ပျက်သွားသည်။

ဝမ်းသာမှုများသည် သဲထဲရေသွန် ဖြစ်သွားသည်။

သူ့အရှေ့သို့ ရောက်လာသူများမှာ မေယုပင်းတို့မဟုတ် ယောကျာ်းကြီးငါးယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူတို့အားလုံးသည် သန်မာထွားကျိုင်းပြီး အနက်ရောင်ဝတ် ကိုယ်စီ ဝတ်ဆင်ထားကြလေသည်။

သူတို့အား မြင်ရုံမျှဖြင့် သိုင်းသမားများဖြစ်ကြောင်း သိလို လေသည်။

သူတို့သည် တုယို့လုံအား ဝိုင်းရံထားလိုက်သည်။

မိန်းကလေးမှာလည်း ပြန်လည်သတိရလာလေသည်။



ထိုမိန်းကလေးသည် ထိုသိုင်းသမားကြီးငါးဦးကို တွေ့လိုက်ရသောအခါ အလွန်အမင်း ထိတ်လန့်နေသည်။

သူမသည် ပျာပျာသလဲ ပြောလိုက်သည်။

"ရှင် ကျွန်မကိုချထားပြီး လွတ်အောင်ပြေးပါ"

စိတ်လှုပ်ရှားစွာဖြင့် အသံများပင် သိသိသာသာ တုန်ယင်နေလေသည်။

စကားဆုံးသည်နှင့်ပင် ကြောက်လန့်တကြားနှင့် ပြန်လည်သတိလစ်သွားလေသည်။

တုယို့လုံသည် သတိလစ်နေသော သူမကို မြေကြီးပေါ်သို့ အသာအယာ ဖြေးညှင်းစွာချထားလေသည်။

တုယို့လုံနှင့် သိုင်းသမားကြီးငါးယောက် ရင်ဆိုင်မိလိုက်ကြလေတော့သည်။

"မင်းတို့နှစ်ယောက်က တစ်ဖွဲ့တည်းလား"

ဟု မေးရာ တုယို့လုံက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

"မဟုတ်ဘူး၊ သူနဲ့ကျုပ် အခုမှ တွေ့ရတာပါ"

"အေး ... ဒါဆို မင်းကို ချမ်းသာပေးလိုက်မယ်"

တုယို့လုံ အေးစက်စက်ပင် ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို သက်ညှာတဲ့အတွက် ကျုပ် ကျေးဇူးတင်တယ်၊ ဒါပေမယ့် ကျုပ် ဒီက မသွားနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်က ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်တင်ချင်လို့"

တုယို့လုံ၏စကားကို သိုင်းသမားကြီးငါးယောက်ထဲမှ မျက်စိတစ်ဖက်ကန်းနေသူက လှောင်ပြောင်ရယ်မောပြီး မေးခွန်းထုတ်လိုက်လေသည်။

"မင်းက တို့ကိစ္စကို ဝင်ရှုပ်ချင်တယ်ပေါ့ ဟုတ်လား"

တုယို့လုံသည် အမိပ္ပါယ်ကင်းမဲ့စွာဖြင့် ပြန်လည်ရှင်းပြလိုက်လေသည်။

"ခင်ဗျားတို့ နားလည်ဖို့ကောင်းတယ်၊ အခြေအနေဖန်တီးလာလို့ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကျုပ်က ဝင်ကယ်ရတာပါ၊ ခင်ဗျားတို့က တင်းမာနေမယ်ဆိုရင်တော့ ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကို ကျုပ် တာဝန်မယူနိုင်ဘူး"

ထိုစကားကြောင့် မျက်စိတစ်ဖက်ကန်းသူသည် ဒေါသချောင်းချောင်း ထွက်သွားသည်။

"မင်းဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ"



ဟုပြောရင်း ဓားကို လျင်မြန်စွာထုတ်ကာ တုယို့လုံကို ရုတ်တရက် ပိုင်းချလိုက်လေသည်။

ညအမှောင်ထဲတွင် ဓားရောင်က ဖွေးခနဲလက်သွားလေသည်။

ဓားဦးသည် တုယို့လုံ၏ခန္ဓာကိုယ်သို့ တိုးကပ်သွားသည်။

တုယို့လုံမှာ ရှောင်တိမ်းခြင်းမပြုဘဲ ငြိမ်နေလေသည်။

ထိုစဉ် တုယို့လုံ၏ကိုယ်မှ အဖြူရောင်အခိုးအငွေ့ တစ်ခုသည် ဓားဦးဆီသို့ စီးသွားသည်ဟု ထင်ရသည်။

ဓားသမားကြီးသည် တစ်ကိုယ်လုံး အလွန်အေးစိမ့်သော အအေးဓာတ်တစ်မျိုးကို ခံစားလိုက်ရလေသည်။

သူ ခုတ်ပိုင်းလိုက်သောဓားချက်သည် တုယို့လုံ၏ကိုယ်ခန္ဓာကို ခုတ်မချနိုင်ဘဲ ဖြစ်သွားလေသည်။

မည်သို့ဖြစ်သွားသည် မသိပေ။

ဓားကိုင်ထားသောလက်ကို ပြန်ရုတ်ပြီး နောက်သို့ ရုတ်တရက် ဆုတ်လိုက်ပေသည်။

တစ်ဖက်တည်းသော မျက်လုံးမှာ ပြူးထွက်သွားလေသည်။

သူ၏မျက်လုံးမှာ မယုံကြည်နိုင်ဟန် ဖြစ်သွားလေသည်။

"ဟော့ ... ဝိုင်းတိုက်ကြစမ်း"

အော်ဟစ်သံနှင့်အတူ တုယို့လုံအား ဝိုင်း၍တိုက်ခိုက်လိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ချိန်တွင် ဓားရောင်များ ဖွေးလက်သွားပြီး အော်ဟစ်သံကြီးများမှာ ဘုံကျောင်းပျက်ကြီးတစ်ဝိုက်တွင် ဆူညံသွားလေသည်။

ဓားရောင်များသည် တုယို့လုံဆီသို့ တစ်ပြိုင်နက်တည်းပင် ကျရောက်လာသည်။

တုယို့လုံသည်လည်း သူ၏ကိုယ်ကို တစ်ပတ်လှည့်ကာ လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ အတွင်းအားလှိုင်းများ ထုတ်လွှတ်လိုက်လေသည်။

ညဥ့်နက်ချိန်တွင် ဓားရောင်များဖွေးလက်သွားပြီး အော်ဟစ်သံကြီးများမှာ ဘုံကျောင်းပျက်ကြီးတစ်ဝိုက်တွင် ဆူညံသွားလေသည်။

တစ်မဟုတ်ချင်းပင် အဖြူရောင်အငွေ့တန်းကြီးပမာ ဖြစ်ပေါ်လာပြီး လေမုန်တိုင်းပမာ ဖြစ်သွားပြီး အရိပ်တစ်ခုသည် ခုန်ထွက်သွားသည်ကို တွေ့ရသည်။

"အား ..."

"အွန့် ..."

"အမယ်လေး ..."

အော်ဟစ်ညည်းညူသံကြီးများ မရိုးမဆန့် ကြားလိုက်ရသည်။

တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးသွားတော့သည်။

ထိုလဲကျသေဆုံးသည့်အထဲတွင် တုယို့လုံ မပါဝင်ပါချေ။



ဓားသမားငါးယောက်တို့သည် တုယို့လုံ၏ လေလှိုင်းပင့်ဓားကွက်ဖြင့် သူတို့အချင်းချင်း ပြန်လည်တိုက်ခိုက်မိသွားခြင်းပင် ဖြစ်လေသည်။

ထိုသို့ တိုက်ခိုက်နေချိန်တွင် သတိမေ့နေသော မိန်းကလေးမှာ ပြန်လည်သတိရလာခဲ့သည်။

သူမသည် တုယို့လုံ၏ အံ့မခန်းသိုင်းပညာကို တွေ့ရသောအခါ ပို၍ ဝမ်းသာအားရ ဖြစ်သွားပေသည်။

ညဥ့်မှာ အတော်ပင် နက်ရှိုင်းလာလေသည်။

ဆောင်းလေမှာလည်း တဟူးဟူး တိုက်ခတ်နေလေသည်။

မိန်းကလေးမှာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ ထရန်ကြိုးစားရင်း ပြန်၍ လဲကျသွားလေသည်။

ထို့ကြောင့် တုယို့လုံသည် အပြင်တွင် အရိုးကွဲမတတ် ချမ်းစိမ့်နေ၍ ဘုံကျောင်းပျက်ကြီးအတွင်းသို့ ခေါ်ဆောင်သွားလေသည်။

ဘုံကျောင်းပျက်ကြီးထဲသို့ ရောက်ရှိလာသောအခါ မိန်းကလေးက ကျေးဇူးတင်သောအကြည့်ဖြင့် ပြောလေသည်။

"ကျွန်မနာမည် လိန်ကျင်းဗုပါ၊ အခုလို ကျွန်မအသက်ကို ကယ်တင်တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ရှင်"

"မင်း ကျေးဇူးတင်တာထက် ငါက မင်းရဲ့ဒဏ်ရာတွေကို ကုဖို့ ဆေးမရှိဘူး၊ ကုလည်း မကုတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လိန်ကျင်းဗွာက အသာပင် ပြုံးလိုက်လေသည်။

သူမ သတိရသလို ဖြစ်သွားသည်။

သူမ၏ ကျောတွင်လွယ်ထားသော အထုပ်ကိုယူပြီး ဖြေလိုက်လေသည်။

ဆေးအချို့ကိုယူပြီး ...

"မရှိမသေ ကျွန်မရဲ့ဒဏ်ရာတွေကို လိမ်းပေးပါလားရှင်"

တုယို့လုံ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး သူ၏အတွင်းအားကျင့်စဉ်ဖြင့်ပါ ဆေးကုသလိမ်းပေးလေတော့သည်။

❋ ✱ ❋

နေလုံးကြီးသည် အနောက်ဘက်တောင်မြင့်ကြီးကို ကျော်လွန်ကာ တောင်၏တစ်ဖက်ခြမ်းသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ရာသီဥတုမှာ ဆိုးရွားလွန်း၍ အတော်မှောင်နေသည်ဟု ထင်ရသည်။

ကျုံးကျားရွာအနီးသို့ လူရိပ်တစ်ရိပ်သည် သစ်ရွက်ပမာ လွင့်မျောလာနေသည်။

အနက်ရောင် လူရိပ်တစ်ရိပ်သည် အမှောင်ထုကို အကာအကွယ်ယူ၍ ရွာခြံစည်းရိုးနား ကပ်သွားပေတော့သည်။



"ဝှစ် ..."

"အင့် ..."

"အား ..."

ကင်းသမားနှစ်ယောက်ကို လျှပ်တစ်ပြက် သွေးကြောပိတ်လိုက်ပြီး ရွာတွင်းသို့ တိုးဝင်သွားလေတော့သည်။

သို့သော် ကျုံးကျားရွာ၏ လုံခြုံရေးမှာ အထပ်ထပ်ချထားသောကြောင့် ထိုအနက်ရောင်လူ၏ လှုပ်ရှားမှုများကို အခြားကင်းမှလူက မြင်လိုက်ရသဖြင့် တပ်လှန့်သံချောင်း ခေါက်လိုက်တော့သည်။

"ဒေါင် ... ဒေါင် ... ဒေါင်"

"ဒေါင် ... ဒေါင် ... ဒေါင်"

အဆက်မပြတ် သံချောင်းသံထွက်ပေါ်လာပြီး မကြာမီမှာပင် ရွာလယ်လမ်းမကြီးတွင် လူများ ပြည့်နှက်သွားလေသည်။

ထိုရွာရှိ ရွာသူရွာသားများအားလုံးပင် သိုင်းပညာထက်မြက်ကြသူများ ဖြစ်လေသည်။

ထို့နောက် ရွာသူရွာသားများကြားမှ လူကြီးတစ်ယောက် ထွက်ပေါ်လာပြီး တုယို့လုံရှိရာသို့ ရောက်ရှိလာလေသည်။

ထိုလူကြီးသည် ခန့်ညားသော ဥပမိရုပ်ပိုင်ရှင်တစ်ဦးပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရွာလူကြီး ကျူးထိုက်ပဲ၊ မင်းကကော ဘယ်သူလဲ"

အနက်ရောင်ဝတ်စုံနှင့်လူက အေးစက်စက်လေသံဖြင့် အဖြေပေးလိုက်သည်။

"ကျုပ် မရဏာဓားသမား"

ကျူးထိုက် မျက်မှောင်ကြုတ်သွားသည်။

"ဪ… မင်းက အနီရောင်ဖိတ်စာသခင်က လွှတ်လိုက်တဲ့ လူကိုး"

ဝတ်စုံနက်လူကလည်း အေးစက်စက် ပြန်ပြောလိုက်ပြန်သည်။

"ခင်ဗျားဟာ ပြစ်မှုကျူးလွန်ခဲ့တဲ့ ဝီကျင်းကို သွားပြီးကူညီခဲ့တဲ့အတွက် ခင်ဗျားမှာ အပြစ်ရှိတယ်၊ သည်အပြစ်အတွက် ခင်ဗျားကို ဆုံးမရမယ်"

ကျူးထိုက် အံ့အားသင့်သွားသည်။

ဝီကျင်းကဲ့သို့ ပေါင်းသင်းဆက်ဆံရေး ကောင်းသော၊ လူချစ်လူခင်ပေါများသော လူတစ်ယောက်အား အပြစ်ရှိသူတစ်ယောက်ဟု ပြောလိုက်သဖြင့် ကျူးထိုက် မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

"ဝီကျင်းဟာ အပေါင်းအသင်းဆန့်သူ၊ အပေးအကမ်း ရက်ရောသူ၊ သူတစ်ပါးကို ကူညီရိုင်းပင်းတတ်သူလို့ အများသိထားတဲ့ အဖြူရောင်သိုင်းသမားကောင်း တစ်ယောက်ပဲ၊ ခင်ဗျားက ဘယ်



လိုအထောက်အထားနဲ့ သူ့ကို အပြစ်ကျူးလွန်ခဲ့တဲ့ လူဆိုးတစ်ယောက်လို ပြောနိုင်တာလဲ"

"ခင်ဗျားကို ပြောပြမယ်၊ ဝီကျင်းဟာ အပြစ်မရှိတဲ့လူတစ်ယောက်ကို သတ်ပစ်ခဲ့တယ်၊ ကုန်သည်တစ်ယောက်ရဲ့ ငွေတွေကို လုယက်ခဲ့တယ်၊ ဒါတွေဟာ သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေပဲ"

"ဝီကျင်းအနေနဲ့ သည်ပြစ်မှုတွေကို ကျူးလွန်ခဲ့တာ ခင်ဗျားကိုယ်တိုင် မြင်တွေ့ခဲ့လို့လား"

"ကျုပ်ကိုယ်တိုင် မြင်တွေ့စရာမလိုပါဘူး၊ အနီရောင်ဖိတ်စာသခင်ဟာ ဘယ်တော့မှ လူကောင်းတစ်ယောက်ကို အပြစ်ရှာပြီး မစွပ်စွဲဘူး"

ဟု ပြောသည်။

ကျူးထိုက် ရယ်ချင်လာသည်။

အနီရောင်ဖိတ်စာသခင်သည် သူ့သဘောနှင့်သူ သိုင်းသမားများအား အပြစ်ရှာစွဲချက်တင်ပြီး ပြစ်ဒဏ်များ ချမှတ်စီရင်ခဲ့သည်။

သူစေလွှတ်လိုက်သော မရဏာဓားသမားသည် အလွန်ရက်စက်ကြမ်းကြုတ်ကြသည်။

သူတို့သည် တစ်နှစ်အတွင်း သိုင်းသမားနှစ်ဆယ်ကျော်အား ပြစ်ဒဏ်စီရင်သောအားဖြင့် သတ်ပစ်ခဲ့ကြပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မိမိထံ အနီရောင်ဖိတ်စာသခင်က မရဏာဓားသမားအား စေလွှတ်လိုက်ပြန်လေသည်။

အခွင့်ကြုံတုန်းကြုံခိုက် သူတို့နှင့် အပြတ်စာရင်းရှင်းမှ ဖြစ်တော့မည်ဟု ကျုံးထိုက်က သဘောပေါက်သည်။

"ဟား ... ဟား ... ဟား ... အနီရောင်ဖိတ်စာသခင်ဟာ သိုင်းသမားတွေကို အပြစ်မရှိ အပြစ်ရှာပြီး လိုက်သတ်နေတာပဲ၊ သူ စေလွှတ်လိုက်တဲ့ မရဏာဓားသမားတွေက ရက်စက်ကြမ်းကြုတ်ပြီး ပြစ်မှုတွေကို ကျုံးလွန်နေတာ တစ်နှစ်အတွင်းမှာ မရဏာဓားသမားတွေက သိုင်းသမားနှစ်ဆယ်ကျော်ကို သတ်ခဲ့ပြီးပြီ၊ အခု ခင်ဗျားက ကျုပ်ဆီကို ရောက်လာပြန်ပြီ၊ ဒီတစ်ခါတော့ ခင်ဗျားတို့နဲ့ အပြတ်စာရင်းရှင်းဖို့ ကျုပ် ဆုံးဖြတ်ပြီးပြီ"

သူ၏စကားကြောင့် မရဏာဓားသမား ဒေါသတကြီး ရှူးရှူးရှဲရှဲ ဖြစ်သွားသည်။

"ခင်ဗျား မဟုတ်တာတွေ လျှောက်မပြောနဲ့၊ ကျုပ်သတ်ခဲ့မှုတာဆိုလို့ ဝိကျင်းတစ်ယောက်ပဲ ရှိသေးတယ်၊ ဘယ်က လူနှစ်ဆယ်ကျော်ကို သတ်ရမှာလဲ"

ဝတ်စုံနက်မှာ တုယို့လုံ ဖြစ်ပါသည်။

တုယို့လုံက သူ့စကားကို ပြန်လည် ချေပလိုက်လေသည်။



"ခင်ဗျားက ဝိကျင်းတစ်ယောက်ကိုပဲ သတ်ခဲ့ဖူးတာ ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမယ့် အနီရောင်ဖိတ်စာသခင်က ခင်ဗျားလို မရဏာဓားသမားမျိုး ဘယ်နှစ်ယောက်လောက် လက်သပ်မွေးထားပြီ ခုလို လူတွေကို လိုက်သတ်ခိုင်းနေတယ်ဆိုတာ ခင်ဗျား သိနိုင်လို့လား"

ကျုံးထိုက်၏စကား ကြားလိုက်ရသောအခါ မရဏာဓားသမားသည် ဘာမှပြန်မပြောနိုင်တော့ဘဲ ငေးငိုင်တွေဝေသွားသည်။

ကျုံးထိုက်၏စကားက စဉ်းစားစရာ ဖြစ်နေသည်။

ဖြစ်နိုင်ချေလည်း ရှိသည်။

ဤအချက်ကို သူ လုံးဝမစဉ်းစားမိသည်မှာ အမှန်ပင်ဖြစ်သည်။

သူ ဘာပြောရမှန်းမသိဘဲ ငေးကြောင်ပြီး ရပ်နေမိသည်။

ကျုံးထိုက်ပြောသလို အနီရောင်ဖိတ်စာသခင်မှာ မိမိကဲ့သို့ မရဏာဓားသမားများအား လက်သပ်မွေးထားနိုင်ပေသည်။

သူသည် ကျုံးထိုက်၏စကားကြောင့် ဝေခွဲမရ ဖြစ်နေသည်။

မိမိပြောလိုက်သောစကား မည်မျှထိရောက်သွားသည်ကို ကျုံးထိုက် နားလည်လိုက်သည်။

ထို့ကြောင့် ထပ်ဆင့် တွန်းအားပေးလိုက်သည်။

"ဒီမှာမိတ်ဆွေ ... တကယ်တော့ ခင်ဗျားဟာ အသိမ်ခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ၊ အနီရောင်ဖိတ်စာသခင်ဟာ ထိပ်တန်းသိုင်းပညာရှင်တွေကို အမျိုးမျိုးစည်းရုံးတယ်၊ စည်းရုံးလို့ မရရင် သတ်ပစ်တယ်၊ နောက်ဆုံး သူက သိုင်းလောကမှာ ခြယ်လှယ်မှာဖြစ်တယ်၊ လူဆိုး အစစ်အမှန်ဟာ အနီရောင်ဖိတ်စာသခင်နဲ့ သူ့ရဲ့ လက်ပါးစေ မရဏဓားသမားတွေပဲ၊ ခင်ဗျားကိုတော့ သက်ညှာခွင့်ပေးလိုက်မယ်၊ ခင်ဗျားအနေနဲ့ ရန်မပြုဘဲ အေးအေးဆေးဆေး အဖမ်းခံမယ်ဆိုရင် ကျုပ်တို့ စဉ်းစားမယ်”

မရဏဓားသမားသည် ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

“ဟား ... ဟား ... ဟား ... ခင်ဗျားက ကိုယ့်ကိုယ်ကို သိပ် အထင်ကြီးတဲ့လူပဲ”

စကားဆုံးသည်နှင့် ကျူးထိုက်၏နောက်မှ ကပ်နေသော လက်ထောက် ချောင်မင်းက မရဏဓားသမားအား တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

ချက်ချင်းပင် မရဏဓားသမားသည် သူ၏ညာလက်ကို ရင်ညွန့်ထက်သို့ မ,တင်လိုက်ပြီး ရှေ့သို့ တည့်မတ်စွာ ဆန့်ထုတ်လိုက်လေသည်။

အတွင်းအား အပြည့်အဝ မသုံးချေ။



“မိုး ...”

အလွန်ပင် လေလှိုင်းအား ပြင်းထန်လှပေသည်။

ကျောက်ဆောင်တစ်ခုအား မိုးကြိုးစက်ကွင်း ထိမှန်သွားသကဲ့သို့ အလွန်ကျယ်လောင်သော လေတိုးသံများ ထွက်ပေါ်လာသည်။

လေအရှိန်ကြောင့် ဘေးတွင်ရပ်နေသူများကိုပင် ခမ်ပြင်းပြင်း ထိတိုက်ရိုက်ခတ်သွားသည်။

ဤမျှ ပြင်းထန်သောအတွင်းအားကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကျူးထိုက်မှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ဤပုံစံအတိုင်းဆိုလျှင် ချောင်မင်းအတွက် မလွယ်မှန်း ရိပ်မိလိုက်သည်။

ချောင်မင်း တစ်ချက်တည်းနှင့် အသက်ပင်ပါသွားနိုင်သည်။

ချောင်မင်းအား အချိန်မီကယ်တင်နိုင်ရန်အတွက် ကျူးထိုက်က လက်ဝါးနှစ်ဖက်ဖြင့် သူ၏အတွင်းအားထုတ်ကာ ဆီးကြိုခံလိုက်သည်။

သို့သော် အချိန်မီ ကယ်တင်လိုက်သော်လည်း အနည်းငယ် နောက်ကျသွားသည်။

“ဝုန်း ...”

ကျယ်လောင်သော မြည်သံကြီးများနှင့်အတူ ချောင်မင်းသည် လေထဲမြောက်တက်သွားပြီး အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မရဏာစားသမားက ကျူးထိုက်အား ကြည့်လိုက်သည်။

"ကျုပ်အနေနဲ့ တခြားလူတွေ ထိခိုက်မှာ မဖြစ်စေချင်... ဒါကြောင့် ကျန်တဲ့ ခင်ဗျားလူတွေကို မလွှတ်ပါနဲ့၊ ခင်ဗျားကိုယ်တိုင် ရင်ဆိုင်ပါ"

ဟု ပြောလိုက်သည်။

ကျူးထိုက် အလွန်ပင် ခံပြင်းသွားသည်။

"အေး ... သတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့"

"ဟား ... ဟား ... ဟား ... ခင်ဗျားကြိုက်တဲ့နေရာကိုသွား ကျုပ် နောက်ကလိုက်ခဲ့မယ်"

ညအမှောင်ထဲတွင် အရိပ်နှစ်ခုသည် ကိုယ်ဖော့ပညာဖြင့် တစ်ရိပ် ထွက်ခွာသွားသည်ကို တွေ့ရသည်။

တောအုပ်ထဲသို့ ရောက်ရှိသွားလေသည်။

မကြာမီ မရဏာစားသမားသည် ရှေ့မှ ကျူးထိုက်ကို မျက်ခြည် မပြတ်လိုက်နေသော်လည်း ရုတ်တရက် သူ့ရှေ့မှ ပျောက်ကွယ်သွား လေသည်။

သတိရှိစွာဖြင့် ကြည့်နေသည်။

သို့သော် အရိပ်အယောင် အစအနပင် မတွေ့ရချေ။

တောအုပ်အတွင်း လှည့်ပတ်ရင်း ရုတ်တရက် စဉ်းစားလိုက် လေသည်။



ထိုတောအုပ်သည် သာမန်တောအုပ်မဟုတ်ဘဲ ဝက်ပါတော ... ဖြစ်နေသည်ကို တွေ့ရသည်။

ညဉ့်နက်လာသည်နှင့်အမျှ ဝက်ပါထဲတွင် ပို၍ မျက်စိလည် ... လေသည်။

ညဉ့်နက်သန်းခေါင်အချိန်သို့ ရောက်လာသောအခါ အအေး ... ဆိပ်ဝေဒနာက သူ့အား စတင်၍ ဖိစီးနှိပ်စက်လာသည်။

ဝက်ပါတောအုပ်ထဲမှာပင် အအေးအဆိပ်ဒဏ် အလူးအလဲ ... ခံရကာ နောက်ဆုံးတွင် သတိလစ် မေ့မျောသွားလေတော့သည်။

✻ ✸ ✻

အနက်ရောင်ဝတ်ဆင်ထားသော တုယို့လုံ သတိပြန်ရသော ... သတိထားမိသည်မှာ သူ့အား တစ်စုံတစ်ယောက်က ဖွဲ့ဖက်၍ ... တွင်းအားဖြင့် သူ၏အအေးအဆိပ်ဒဏ်ကို သက်သာစေရန် ကုသ ... နေသည်ကို တွေ့ရှိရသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဘုံကျောင်းပျက်တွင် ကယ်တင်ခဲ့သော လိန်ကျင်းဖုံးဆိုသော ... မချောလေးပင် ဖြစ်တော့သည်။

သူမအား မထင်မှတ်ဘဲ တောအုပ်ထဲတွင် တွေ့ရှိလိုက်ရသော ... ကြောင့် ဝမ်းသာအားတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုလိုက်သည်။

သူတို့သည် ဝက်ပါတောအုပ်ထဲတွင်ရှိမှန်း သိလိုက်လေသည်။

အရှေ့ဘက်ဆီမှ အရဏ်ဦးအလင်းရောင်ခြည်များပင် ဖြာ လာသည်ကို တွေ့ရသည်။

"ဟင် … ဘယ်လိုလုပ်ပြီးတော့ ဒီကို ရောက်လာတာ"

တုယို့လုံက လိန်ကျင်းဟွာအား မေးလိုက်လေသည်။

သူမက တစ်ချက်ကြည့်လိုက်ပြီး …

"ညီမလည်း တိုက်နိုက်လာမယ့်ရန်သူတွေ လိုက်တယ် ပြီး ပြေးမိပြေးရာ ထွက်ပြေးလာခဲ့တာပါ၊ အခုလို သည်တောအုပ် ရောက်လာပြီး အစ်ကိုနဲ့တွေ့ရတာပဲ၊ အစ်ကိုလည်း အအေးဒဏ် နေတာနဲ့ ညီမ ကုသပေးနေတာပါ"

ဟု ပြောသည်။

မိမိအပေါ်တွင် သံယောဇဉ်ရှိသူတစ်ဦးပင်ဖြစ်ကြောင်း သိ နေပေသည်။

သို့သော် တုယို့လုံ၏စိတ်ထဲတွင် ထိုလိန်ကျင်းဟွာ မိန်းကလေးကို မသင်္ကာစရာတစ်ခု ဖြစ်လာလေသည်။

ဝက်ပါတောအုပ်အကြောင်း သိနိုင်မည်ထင်သည်။

ထို့ကြောင့် …



"ခင်ဗျား ရောက်လာလို့ တော်သေးတာပေါ့၊ မဟုတ်ရင် ဒီဝက်ပါတောအုပ်ထဲက ကျုပ် ထွက်ပေါက်ရှာလို့ရမှာ မဟုတ်ဘူး။ ကျုပ်ကို ဝက်ပါထဲက အမြန်ဆုံး ထုတ်ပေးပါ"

ဟု ပြောလိုက်သည်။

သူမ စဉ်းစားနေသည်ကို သိလိုက်သည်။

"ကျွန်မ ခေါ်ထုတ်သွားပါ့မယ်၊ ဒါပေမယ့် အစ်ကို ကျွန်မကို ကတိနှစ်ခု ပေးရမယ်"

တုယို့လုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ … မင်းက ကျုပ်ကို အကျပ်ကိုင်တဲ့သဘောလား"

ဟု မေးလိုက်သည်။

လိန်ကျင်းဟွာသည် မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

"ဒီလိုမဟုတ်ပါဘူးရှင်၊ ကျွန်မက အစ်ကို့အတွက် ရှေးရှု ပြီး ပြောတာပါ"

ဟု ပြောသည်။

ဤသည်မှာ ဖြစ်နိုင်သည်။

သူမသည် မိမိအပေါ် စေတနာထားသည် မဟုတ်ပါလား။

သူမသည် မည်သို့သော ကတိမျိုးကို တောင်းဆိုလိုပါသနည်း။

"အင်း … ဒါဖြင့် ပြောလေ၊ ကျုပ်က ဘယ်လိုကတိမျိုးကို ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက်ကတော့ အစ်ကို ဒီအနက်ရောင်ဝတ်စုံကို ချွတ်ပစ်ဖို့ပဲ"

ဟု ပြောသည်။

ဤအချက်ကိုတော့ တုတို့လုံက လိုက်နာနိုင်ပါသည်။

လောလောဆယ် သူ ဝက်ပါတောအုပ်ထဲမှ ထွက်ခွာနိုင်ရန် အရေးကြီးသည်။

တုယို့လုံ မဆိုင်းမတွပင် ကတိပေးလိုက်သည်။

"ကျုပ် ကတိပေးပါတယ်၊ နောက်တစ်ချက်က ဘာလဲ"

"နောက်တစ်ချက်က ဒီနေ့ကစပြီး ဒီဝတ်စုံနက်ကို အစ်ကို ဘယ်တော့မှ ပြန်မဝတ်ရတော့ဘူး"

တုယို့လုံ ဆုံးဖြတ်ချက်မချနိုင်ဘဲ တွေဝေသွားလေတော့သည်။

ထိုကတိကို သူက ပေးနိုင်လိမ့်မည် မဟုတ်ပါချေ။

မေယုပင်းကို သူ ကတိပေးခဲ့ပြီးပြီ မဟုတ်ပါလား။

"ဒါကတော့..."

လိန်ကျင်းဟုက သူ့အား နားမလည်နိုင်သော မျက်လုံးများဖြင့်ကြည့်ရင်း မေးလိုက်သည်။

"ဒီဝတ်စုံနက်ကို ဘာဖြစ်လို့များ ပြန်ဝတ်ချင်ရတာလဲ၊ ကျွန်မဖြင့် နားမလည်နိုင်ဘူး"



"ကျုပ် လူတစ်ယောက်ကို ကတိပေးထားခဲ့လို့ပါ၊ ယောကျ်ား တစ်ယောက်အနေနဲ့ ကျုပ် ကတိမဖျက်ချင်ဘူး"

တုယို့လုံ၏ အခက်အခဲကို လိန်ကျင်းဟု နားလည်လိုက်လေသည်။

သူမက သူ့အား နားဝင်အောင် ဖျောင်းဖျလိုက်သည်။

"ဒီလို တရားသေတွက်ပြီးပြောလို့ ဘယ်ဖြစ်ပါ့မလဲ အစ်ကို ရယ်၊ အစ်ကို ကတိပေးထားခဲ့တဲ့လူက အနီရောင်ဖိတ်စာသခင် မဟုတ်လား၊ သူဟာ လူဆိုးတစ်ယောက်ပဲ"

"သူက မင်းထင်သလို လူဆိုးတစ်ယောက် မဟုတ်ပါဘူး"

တုယို့လုံက မေယုပင်းအား ကာကွယ်၍ ပြောဆိုလိုက်သည်။

လိန်ကျင်းဟုက ပြန်မေးသည်။

"သူသာ လူဆိုးမဟုတ်ခဲ့ရင် အစ်ကို့ကို ခုလို လူတွေလျှောက် သတ်ခိုင်းပါ့မလား"

"ဒါကတော့ သိုင်းလောကရဲ့ကျင့်စဉ်အရ မကောင်းသူပယ် ကောင်းသူကယ်တဲ့ အလုပ်ကိုလုပ်တာပဲ"

"ဒါဆိုရင် အစ်ကိုမှားနေပြီ၊ ဝီကျင်းကို ဥပမာထားပြီး ဆွေး နွေးရအောင်၊ ဝီကျင်းဟာ အကြောင်းမဲ့ လူသတ်ခဲ့တယ်၊ ဒါတော့ သူဟာ သူများရဲ့ငွေတွေကို လုယက်ခဲ့တယ်လို့ အစ်ကိုက [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာသခင်က ပြောခဲ့တယ်မဟုတ်လား၊ သူ စွပ်စွဲသလိုဆိုရင် ဝီကျင်းဟာ အမှန်ပဲ ကျူးလွန်ခဲ့တယ်ထားဦး၊ အသတ်ခံရတဲ့သူနဲ့ အဲဒီလို အလုခံရတဲ့လူတွေနဲ့ ပတ်သက်ရာပတ်သက်ကြောင်း အမျိုးအဆွေတွေက သူတို့ရဲ့နစ်နာမှုကို ဒီအတိုင်းငြိမ်ပြီး နေပါ့မလား၊ သက်ဆိုင်ရာ မြို့စားနယ်စားတွေကို တိုင်ကြားပြီး ဥပဒေနဲ့အညီ သူတို့ ဆောင်ရွက်ကြရမှာပေါ့၊ အခုတော့ ဒီလိုပဲ ဝီကျင်းကို အပြစ်ရှိတဲ့ လူတစ်ယောက်အဖြစ် အကြောင်းပြပြီး အစ်ကိုဟာ လူတွေကို မရဏ ဓားသမားအနေနဲ့ လိုက်သတ်တယ်၊ ဒီလိုသာ အပြစ်ရှိတဲ့ လူတိုင်းကို ဥပဒေနဲ့အညီ အရေးယူမဆောင်ရွက်ဘဲ ကိုယ့်သဘောနဲ့ ကိုယ် ပြစ်ဒဏ်စီရင်ပြီး လူလိုက်သတ်နေမယ်ဆိုရင် မင်းမဲ့တိုင်းပြည် ဖြစ်သွားမှာပေါ့၊ အဲဒီလိုသာဆိုရင် အပြစ်မဲ့တဲ့သူတွေမှာ ပိုပြီး ဒုက္ခ မရောက်ပေဘူးလား၊ အစ်ကို သေသေချာချာ စဉ်းစားကြည့်လေ"

ရှည်လျားစွာ ရှင်းပြလေသည်။

စေ့စေ့တွေးသော ရေးရေးပေါ်လေ ဖြစ်သည်။

လိန်ကျင်းဟုပြောသည်ကို တုယို့လုံက သဘောပေါက်သွားလေသည်။

ယခု သူ့အပေါ်တွင် ဝီကျင်း၏အကြွေး တင်သွားပေပြီ။

ဤသွေးကြွေးအတွက် သူ့ကို အငြိုးထားကာ ပြန်လည်တိုက်



ခိုက်ခြင်း မရှိသည့်တိုင် တုယို့လုံ၏ဘဝအတွက် အမည်းစက်တစ်ခု ပြန်ထင်သွားခဲ့ပြီ ဖြစ်သည်။

ဤအတွက် သူသည် စိတ်ချမ်းသာနိုင်ပါမည်လော။

အတန်ကြာ ငိုင်တွေစဉ်းစားနေရာမှ တုယို့လုံ အသံထွက် လာလေသည်။

"မင်းပြောတဲ့စကားတွေ မှန်ပါတယ်"

ဟု ပြောသည်။

လိန်ကျင်းဟုက စကားဆက်ပြောလိုက်ပြန်သည်။

"အစ်ကိုက အနီရောင်ဖိတ်စာသခင်ရဲ့ စကားကို တစ်ဖက်သတ်ထင်ပြီး ဝီကျင်းကို ဖြေရှင်းခွင့်တောင်မပေးဘဲ အပြစ်ပေးတဲ့အနေနဲ့ သတ်ပစ်ခဲ့တယ် မဟုတ်လား၊ အစ်ကို့လုပ်ရပ်ကြောင့် ဝီကျင်း အသက်ဆုံးရှုံးခဲ့ရတဲ့အပြင် သူ့မိသားစုလည်း အခြေပျက်သွားရတယ်၊ ဒီအတွက် အစ်ကိုပေါ်မှာ သွေးကြွေးတင်သွားရပြီ၊ ဒီသွေးကြွေး အတွက် အစ်ကို့ကို ပြန်တိုက်ခိုက်မယ့်လူ မရှိရင်တောင်မှ အစ်ကို့မှာ တော့ အမည်းစက်တစ်ခု စွန်းထင်းခဲ့ပြီ၊ ဒီအတွက် အစ်ကို့စိတ်မှာ တစ်သက်လုံး ခံစားနေရပြီ၊ စိတ်ချမ်းသာမှာ မဟုတ်တော့ဘူး"

လိန်ကျင်းဟုစကားကြောင့် တုယို့လုံ၏ အိပ်ပျော်နေသော စိတ်အာရုံကို နှိုးလိုက်သလလို ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် သူ့ကိုယ်သူ နားလည်လာသည်။

မိမိလုပ်ရပ်သည် တစ်ဖက်စွန်းသို့ ရောက်နေရုံမက လူဆိုး တစ်စု၏ အသုံးချမှုကို ခံနေရကြောင်း တုယို့လုံ သဘောပေါက်သွား လေသည်။

သူသည် ပြန်လည် သုံးသပ်စဉ်းစားရင်း နဖူးမှ ချွေးသီးချွေး ပေါက်များ ကျလာသည်။

တုယို့လုံသည် တစ်စုံတစ်ခုကို ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

သူသည် သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်လေသည်၊

ထို့နောက် ဆတ်ခနဲ ခုန်ထရင်း သူ့ကိုယ်ပေါ်မှ ဝတ်စုံနက် ကို ချွတ်ပစ်လိုက်သည်။

"ခုချိန်ကစပြီး ဒီဝတ်စုံနက်ကို နောက်နောင် ဘယ်တော့မှ မဝတ်တော့ပါဘူးလို့ ကျုပ် ကတိပေးပါတယ်"

တုယို့လုံ၏စကားကြောင့် လိန်ကျင်းဟွာမှာ အတိုင်းမသိ ဝမ်း သာသွားလေသည်။

"ကဲ ... ကျွန်မတို့ ဝက်ပါတောအုပ်ထဲက ထွက်ရအောင်" ဟု ပြောလိုက်သည်။

တစ်ဆက်တည်းပင် တုယို့လုံအား ဆွဲခေါ်သွားလေသည်။



ဝက်ပါတောအုပ်ကြီးဆီမှ ကိုယ်ဖော့ပညာဖြင့် ထွက်လာခဲ့ လေတော့သည်။

တောအုပ်ကြီးထဲမှ ထွက်လာမိသည်နှင့် မိုးစင်စင်လင်းနေပြီ ဖြစ်လေသည်။

မကြာမီ သူတို့နှစ်ယောက်သည် ရွာလယ်လမ်းကြီးဆီသို့ ခြေချမိလိုက်သည်။

တုယို့လုံ အလွန်ပင် အံ့အားသင့်သွားလေသည်။

အကြောင်းမှာ ရွာလယ်လမ်းမပေါ်တွင် ရွာသူကြီးကျူးထိုက် နှင့် ရွာသူရွာသားများက သူတို့အား ဆီးကြိုနေသည်ကို တွေ့ရလိုက် လေသည်။

လိန်ကျင်းဟွာက ...

"အစ်ကို စိတ်မပူနဲ့နော်၊ ကျူးထိုက်နဲ့ကျွန်မတော တညသင် ဘက် မောင်နှမတွေပဲ၊ အစ်ကို့ကို အရေးမယူစေရဘူး"

"ဟုတ်ပါတယ်၊ ညီမလေးပြောတာ မှန်ပါတယ်ငါ့ညီ၊ ကျုပ် ညီမလေးကသာ မင်းဘက်ကရှိနေမယ်ဆိုရင် မင်းအနေနဲ့ ကျုပ်တို့ တစ်ရွာလုံးကို မီးရှို့ပစ်တာတောင် ကျုပ်က အရေးမယူရဲပါဘူး"

ထိုအသံက ကျူးထိုက်၏အသံ ဖြစ်သည်။

အဖြစ်အပျက်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိန်ကျင်းဟွာနှင့် တုယို့လုံတို့သည် ကျူးထိုက်နှင့်တကွ ရွာသူရွာသားများအား သွားရောက်နှုတ်ဆက်ကြပြီး သူ့ဘဝဖြစ်စဉ်အားလုံးကို တစ်လုံးမကျန် ပြောပြလိုက်လေသည်။

လိန်ကျင်းဟွာကလည်း ယခုလက်ရှိ သင်တန်းဂိုဏ်းချုပ်၏ တပည့်တစ်ဦးပင် ဖြစ်ပေသည်။

လိန်ကျင်းဟွာနှင့် ကျူးထိုက်တို့သည် ပညာသင်ဘက်မောင်နှမများ ဖြစ်ပေသည်။

လိန်ကျင်းဟွာမှာ အထွေးဆုံး ပညာသင်တစ်ပည့်တစ်ဦး ဖြစ်ပေသည်။

သူမသည် မရဏဓားသမားအကြောင်း စုံစမ်းရန် ထွက်လာခြင်း ဖြစ်ပေသည်။

သူမ၏သတင်းကို ရထားသောရန်သူက သူမအား ကြားဖြတ်တိုက်ခိုက်သည်ကို မမျှော်လင့်ဘဲ တုယို့လုံနှင့်တွေ့ကာ အသက်ချမ်းသာရာ ရခဲ့လေသည်။

သူမအား ကယ်တင်ခဲ့သော တုယို့လုံမှာ မမျှော်လင့်ဘဲ မရဏဓားသမားတစ်ဦး ဖြစ်နေသည်။

သို့သော် ...

သူမသည် မရဏဓားသမား တုယို့လုံအား သံယောဇဉ် တွယ်မိပြီ ဖြစ်လေသည်။



သူမနှင့် ကျူးကျားရွာသူကြီး ကျူးထိုက်တို့သည် ပညာသင်မောင်နှမများ ဖြစ်ကြသည့်အလျောက် အနီရောင်ဖိတ်စာသခင်အား ဖော်ထုတ်ဖမ်းဆီးရန် ကြိုးစားခဲ့ကြလေသည်။

ယခုအခါ ကျူးထိုက်၊ လိန်ကျင်းဟွာနှင့် တုယို့လုံတို့သည် သုံးယောက်သား ခေါင်းချင်းဆိုင် ဆွေးနွေးတိုင်ပင်ကြတော့သည်။

သို့ရာတွင် လိန်ကျင်းဟွာကမူ တုယို့လုံအတွက် စိတ်မချနိုင်ဘဲ ဖြစ်နေမိသည်။

အဘယ့်ကြောင့်ဆိုသော် တုယို့လုံသည် မေယုပင်းနှင့် ဟန်မပျက်ဘဲဆက်ဆံရန် သဘောတူဆုံးဖြတ်လိုက်ခြင်းကြောင့် ဖြစ်သည်။

အကယ်၍ နီးနီးကပ်ကပ် အနေများလျှင် တုယို့လုံနှင့် မေယုပင်းတို့ ချစ်ကြိုက်သွားမည်ကို သူမက အလွန်စိုးရိမ်မိသည်။

လိန်ကျင်းဟွာသည် တုယို့လုံအား မေတ္တာသက်ဝင်နေမိပြီ ဖြစ်လေသည်။

ရွာလူကြီး ကျူးထိုက်မှာ လိန်ကျင်းဟွာနှင့် တုယို့လုံတို့ကို ကြားဝင်ကာ စေ့စပ်ပေးချင်သည်။

သို့သော် ရှေ့ဆက်ရမည့်ခရီးကား ရှိနေသေးသောကြောင့် ဖြစ်လေသည်။

❋ ✳ ❋

www.burmeseclassic.com

www.burmeseclassic.com



ရှာလူကြီး ကျူးထိုက်သည်လည်း တယို့လုံ၏ အအေးအဆိပ်ဝေဒနာကို သူ၏ကုထုံးတစ်မျိုးနှင့် ကုသပေးရာ အတော်လေးသက်သာသွားခဲ့လေပြီ။

ယခင်ကကဲ့သို့ ညစဉ်ညတိုင်း အဖျားမတတ်တော့ပါချေ။

ရောဂါမှာလည်း ပို၍ သက်သာလာပြီး သူ၏အတွင်းအားမှာ ပိုမိုထက်မြက်လာသည်ဟု ထင်ရပေသည်။

အနီရောင်ဖိတ်စာသခင်အား စုံစမ်းရန်အတွက် တယို့လုံအား သိုင်းပညာပိုမိုထက်မြက်စေရန် ကျူးထိုက်က သူ၏ ဝက်ပါသိုင်းကွက်ကိုပါ သင်ကြားပေးလေသည်။

ထိုအချိန်တွင် ကျူးထိုက်၏ အထောက်တော်များက သတင်းတစ်ခု လာပေးလေသည်။

မေယုပင်းတို့သည် ကျူးကျားကျေးရွာသို့ ဦးတည်လာနေကြောင်း ကြိုတင်သတင်းရရှိလေသည်။

ထို့ကြောင့် ... တယို့လုံသည် သူနှင့်တွေ့ဆုံရန် ထွက်ခွာသွားလေတော့သည်။

လိန်ကျင်းဟုမှာလည်း စိတ်မချသဖြင့် သူ၏နောက်မှ ရပ်ဖျက်ကာ လိုက်ပါသွားလေတော့သည်။

အချိန်မှာ မွန်းတည့်ချိန်သို့ပင် ရောက်နေပေပြီ။



ကျူးကျားရွာသို့ ဦးတည်နေသော လမ်းမကြီးပေါ်တွင် မြင်းနှစ်စီးသည် တစ်ဟုန်ထိုး ဒုန်စိုင်းပြေးနှင်လာနေလေသည်။

တစ်နေရာအရောက်တွင် သူတို့၏ရှေ့မှလာနေသော အပြာရောင်ဝတ်စုံဝတ် စီးလာသောမြင်းကို မြင်သောအခါ ရုတ်တရက်ရပ်တန့်လိုက်လေသည်။

ချက်ချင်းပင် မြင်းစီးလာသူနှစ်ယောက်အနက် တစ်ယောက်ထံမှ ...

"တယို့လုံ ..."

ဟုခေါ်ရင်း မြင်းပေါ်မှ လွှားခနဲခုန်ချကာ ရပ်တန့်လိုက်လေတော့သည်။

သူတို့နှစ်ဦးရှိရာသို့ တဖြည်းဖြည်းချင်း ဝတ်စုံပြာဝတ်လူရွယ်က ရောက်ရှိလာလေသည်။

ဝတ်စုံပြာဝတ်လူရွယ်မှာ တယို့လုံပင် ဖြစ်သည်။

တယို့လုံက မြင်းကိုရပ်တန့်လိုက်ပြီး ...

"မေယုပင်း ... မင်း ဘယ်တွေပျောက်သွားနေတာလဲ"

ဟု မကျေမနပ်လေသံဖြင့် အပြစ်တင် ပြောဆိုလိုက်သည်။

မေယုပင်းက လမ်းမပေါ်ဖြစ်နေသဖြင့် တယို့လုံအား တစ်နေရာသို့ ခေါ်ဆောင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မေယုပင်းတို့ ဘယ်သွားကြမလို့လဲ"

ဟု သွားရင်း မေးလိုက်လေသည်။

မေယုပင်းက …

"ကျူးကျားရွာမှာ အစ်ကိုရှိနေတယ်ဆိုလို့ ရှာရအောင် လိုက်လာခဲ့တာပါ"

"ဟုတ်တယ်၊ အခုပဲ ရွာထဲကထွက်လာတာ"

"သွေးထွက်သံယိုကော ဖြစ်ခဲ့သေးလား"

မေယုပင်းက အားတက်သရော မေးလိုက်သည်။

တယ်ယို့လုံ သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

"မင်းထင်သလို မဟုတ်ဘူး၊ ရွာသူကြီးကျူးထိုက်က ကျ[illegible] ကို ပြန်ပြီးတော့ သိမ်းသွင်းလိုက်တယ်လေ"

ဟု ပြောလိုက်သည်။

မေယုပင်းက ချက်ချင်းဆိုသလို တယ်ယို့လုံအား အံ့အားတသ[illegible] ဖြင့် ကြည့်လိုက်လေသည်။

"ဘာလဲ … ရွာသူကြီးကျူးထိုက်က အစ်ကို့ထက်ပိုပြီး[illegible] သိုင်းပညာအဆင့် မြင့်နေလို့လားဟင်"

"သူ့ သိုင်းပညာအဆင့်မြင့်လို့ ကျုပ် အရေးနိမ့်ခဲ့တာ မဟု[illegible] ပါဘူး၊ ကျုပ်က သူ့ကိုအထင်သေးပြီး ဆော့ဆလိုက်လို့ ဝင်ပါ[illegible]



ချောက်ထဲကနေ ထွက်လို့မရဘူး၊ နောက်ဆုံး အ[illegible] လာတဲ့အချိန်မှာ ကျုပ်ကို အလွယ်တကူ ဖမ်းမိသွားတာပဲ"

"အို … သည်ကိုလား"

စိတ်မကောင်းစွာဖြင့် နှုတ်မှ မြည်တမ်းရေရွတ်လိုက်သည်။

"ဒါဖြင့် အစ်ကိုက ဘယ်လိုကိစ္စကြောင့် လွတ်မြောက်လာရတာလဲ"

"ရွာလူကြီးကျူးထိုက်က ကျုပ်ကို လွှတ်ပေးလိုက်တာပေါ့"

မေယုပင်း အတော်ပင် မှင်တက်မိသွားသည်။

"ဒါ မဖြစ်နိုင်တဲ့ ကိစ္စပဲ၊ ရှင့်ကို သူက ဘာကြောင့်ပြန်လွှတ်ပေးရမှာလဲရှင့်"

မယုံသင်္ကာစိတ်ဖြင့် ပြောလိုက်သည်။

ထိုစကားကြောင့် တယ်ယို့လုံ အတော်ပင် ခံပြင်းသွားလေသည်။

သူ့ကို သံသယစကားပြောလာ၍ တယ်ယို့လုံက [illegible] ပြန်ပြောလိုက်သည်။

"မင်း ဆိုလိုတာက ကျူးထိုက်က ကျုပ်ကို လွှတ်[illegible] သတ်ပစ်ရမယ်ပေါ့ ဟုတ်လား"

ထိုအခါ မေယုပင်းက ပျာပျာသလဲပင် ပြန်ပြော[illegible]

"အို … ကျွန်မက ဒီလိုသဘောထားမျိုးပြော[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှင့်ကို ဖမ်းမိကတည်းက ရန်သူလိုသဘောထားပြီး သတ် ပုတ်ကြမယ် မဟုတ်လား၊ ဒီလို ရန်သူတစ်ယောက်ကို ဘာဖြစ်လို့ လွှတ်ပေးရသလဲဆိုတာ အကြောင်းရင်းကို စဉ်းစားလို့မရဘူး ဖြစ်နေ တာပါ”

တုယို့လုံ ဒေါသခက်ထန်နေလေသည်။

သူတို့ မြင်းများကို မှန်မှန်စီးရင်းဖြင့် ကြားမြို့တစ်မြို့ဖြစ် သည့် ဝမ်းထိန်မြို့သို့ ရောက်ရှိလာလေသည်၊

ဝမ်းထိန်မြို့သည် လမ်းမပေါ်ရှိ ကြားမြို့တစ်မြို့ ဖြစ်သည်။

တည်းခိုခန်းတစ်ခုသို့ ဝင်ရောက်တည်းခိုလိုက်လေသည်၊

မေယုပင်းက တုယို့လုံ ဒေါသထွက်နေသည်ကို သိနေသည်

စားသောက်ပြီးနောက် တုယို့လုံမှာ ဒေါသကိုမထိန်းနိုင်ဘဲ မေယုပင်းကိုကြည့်ကာ ပြောလေသည်။

“ကျုပ်နဲ့ ချိန်းဆိုထားတဲ့ ဘုံကျောင်းပျက်ကိုလည်း မလာ ဘူး၊ ကျုပ် အဆိပ်အဆေးဒဏ်တက်ပြီး ရန်သူ့လက်ထဲမှာ ဘယ်လို ဖြစ်နေတယ်ဆိုတာကို မပြောဘူး၊ ခင်ဗျားက အခုတော့ ရွာသူကြီး ကျူးထိုက်အကြောင်းကိုပဲ ထပ်ခါတလဲလဲ မေးနေတယ်၊ မင်းရဲ့ သဘောထားကို ကျုပ် နားလည်ပါပြီ၊ အခုချိန်ကစပြီး လမ်းခွဲကြ တာ ကောင်းပါတယ်၊ ခင်ဗျားက ယုံမှမယုံကြည်တော့ဘဲ”



ဟုပြောကာ သူ၏အထုပ်ကို ကောက်ယူ၍ ထမည်ပြုစဉ် မေယုပင်းက ကမန်းကတန်းပင် သူ၏လက်မောင်းကို လှမ်းဆွဲလိုက် လေသည်။

မေယုပင်ပး၏မျက်နှာလေးမှာ ညှိုးမှိုင်းသွားပြီး တောင်းပန် သောအကြည့်နှင့် ကြည့်နေလေသည်။

ထိုစဉ် ဝါဝါက ဝင်၍ပြောလာသည်။

“ရှင် ဒီလိုစကားမျိုး မပြောပါနဲ့၊ ရှင့်အပေါ်မှာ သခင်မလေး က ဘယ်လောက်တောင် စေတနာထားခဲ့သလဲဆိုတာ ရှင် နားလည် ဖို့ကောင်းတယ်၊ ရှင်ထင်ရာချည်း ဇွတ်ပြောမနေပါနဲ့”

မေယုပင်းက တစ်နေရာသို့ ရှောင်ထွက်သွားသည်။

“မင်းရဲ့သခင်မလေးက ဘာများ အရေးတကြီးကိစ္စရှိလို့ ချိန်း ထားတဲ့ ဘုံကျောင်းပျက်ဆီ မလာတာလဲ”

သူက ထိုကိစ္စအား ဘဝင်မကျနိုင်၍ မေးကြည့်လိုက်သည်။

ဝါဝါက ...

“ရှင့်ကို နားလည်အောင်ရှင်းပြရရင် ကျွန်မတို့ မရဏာအား အဖွဲ့က မရဏာအားသမားတွေဟာ အမှတ်တစ် ဂိုဏ်းခွဲမှူးကြီးဖြစ်တဲ့ ဒွန်ကျင်းဝူးရဲ့လက်အောက်မှာ ရှိကြတယ်၊ အခု သူက ရှင့်ကို သူ့ လက်အောက် လွှဲပြောင်းပေးဖို့ သခင်မလေးကို တောင် ဆိုနေတယ်၊ ဒါကို သခင်မလေးက သဘောမတူဘူး”

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာကြောင့် သဘောမတူတာလဲ"

ဝါဝါက သက်ပြင်းချရင်း ...

"အမှတ်တစ် ဂိုဏ်းခွဲမှူး စွန်ကျင်းဝူးဟာ ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်တယ်၊ မရဏဓားသမား ဆယ်ယောက်ဟာ သူပေးအပ်တဲ့တာဝန်ကို ဆောင်ရွက်ရာမှာ အမှားအယွင်းအနည်းငယ်ရှိသွားလို့ သူ့အမိန့်နဲ့ သုတ်သင်ခြင်းခံလိုက်ကြရတယ်"

တုယို့လုံ စိတ်ဝင်စားသွားသည်။

ဝါဝါက ဆက်ပြောလိုက်သည်။

"သခင်မလေးက သူ့ရဲ့အကျင့်စရိုက်တွေကို မကြိုက်လို့ သူ့ရဲ့လက်အောက်ကို မလွှဲအပ်နိုင်ဘူးလို့ ပြောလိုက်တယ်၊ အသေးစိတ်သိချင်ရင်တော့ သခင်မလေးကို ရှင်ဘာသာပဲ မေးကြည့်ပါ"

တုယို့လုံက မေယုပင်းထံ လှမ်းသွားလိုက်သည်။

မေယုံပင်းမှာ စိတ်ဆိုးဟန် မပြပါ။

တုယို့လုံ သက်ပြင်းချလိုက်သည်။

"အစ်ကို့ကို ခွင့်လွှတ်ပါ"

"ရပါတယ် ကျွန်မ နားလည်ပေးလို့ ရပါတယ်"

တုယို့လုံ စိတ်အေးသွားသည်။

"စွန်ကျင့်ဝူးက ကျုပ်ကို သူ့လက်အောက် လွှဲပြောင်းပေးတောင်းဆိုနေတာ ဝါဝါကပြောလိုက်တယ် ဟုတ်လား"



"ဟုတ်ပါတယ်"

မေယုပင်းက မဆိုင်းမတွပင် ဝန်ခံလိုက်သည်။

"စွန်ကျင့်ဝူးဆီ မအပ်ရင် ဘာဖြစ်သွားမလဲ"

"မအပ်ရင် သူတို့က အပြစ်ပေးလိမ့်မယ်"

တုယို့လုံမှာ မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

မေယုပင်း၏မျက်နှာ တည်ကြည်သွားသည်။

သူမသည် ဆုံးဖြတ်ချက်တစ်ခုကို ချပြီးဟန်ဖြင့် ...

"အကောင်းဆုံးက ကျွန်မတို့ ဒီနေရာကဝေးအောင် ပြေးဖို့ပါပဲ၊ မဟာ့ရာဓားအဖွဲ့မှာ ထိပ်တန်းသိုင်းပညာရှင်တွေ အများကြီးရှိတယ်၊ အစ်ကိုတစ်ယောက်တည်း လွတ်အောင်ပြေးဖို့ဆိုတာ မလွယ်ဘူး၊ သူတို့က သစ္စာဖောက်သွားတဲ့လူတွေကို အရှင်ထားလေ့ မရှိဘူး"

တုယို့လုံ မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်က မင်းနဲ့သာ ကတိပြုခဲ့တာပဲ၊ မဟာ့ရာဓားအဖွဲ့ထဲ ဝင်ထားတာမှ မဟုတ်ဘဲ၊ ကျုပ်ကို သစ္စာဖောက် တစ်ယောက်လို့ စွပ်စွဲလို့ ဘယ်ရမလဲ"

"အစ်ကိုက မရဏဓားသမား ဖြစ်ခဲ့ဖူးတယ်မဟုတ်လား"

မရဏဓားသမားဖြစ်ဖူးရုံနှင့် မဟာ့ရာဓားအဖွဲ့ဝင် တစ်ယောက်ဖြစ်ရတော့မည်လော။

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံက မခံမရပ်နိုင် ဖြစ်လာသည်။

"ကျုပ်ကို ဒီလိုဒုက္ခပေးလို့ ရမလား၊ သူတို့က ဒုက္ခပေးရင် ကျုပ်ကလည်း ပြန်ရင်ဆိုင်မှာပဲ"

ထိုစကားကြောင့် မေယုပင်း ဆတ်ခနဲ ဖြစ်သွားသည်။

တုယို့လုံသည် သူမနှင့်အတူ ထွက်ပြေးတိမ်းရှောင်ရန် အစီအစဉ်ကို လက်မခံသည့်အပြင် သူမ၏ဖခင် ဖွဲ့စည်းတည်ထောင်ထားသော မဟူရာဓားအဖွဲ့နှင့်ပင် အနိုင်တိုက်ခိုက်ရန် ဆန္ဒရှိနေခြင်းကြောင့် ဖြစ်လေသည်။

ယခုအခါ သူမသည် တိတ်တခိုးချစ်ရသူနှင့် မဟူရာဓားအဖွဲ့ကြားတွင် သောကဗျာပါဒ များနေရချေပြီ။

ထိုအချိန်တွင် ငါဝါ ဝင်လာပြီး ပြောလိုက်လေသည်။

"ဒီကိစ္စဖြေရှင်းဖို့အတွက်ကတော့ သခင်မလေးနဲ့ အစ်ကိုတုယို့လုံတို့ လက်ထပ်လိုက်ရင် သခင်မလေးရဲ့ဖခင်က ဘယ်လိုလုပ်ရန်ရှာနိုင်တော့မှာလဲ"

မေယုပင်းက ရှက်ရွံ့စွာဖြင့် ခေါင်းငုံ့သွားသည်။

အတန်ကြာမှ ခေါင်းမော့လာပြီး ...

"အစ်ကို့ကို ပွင့်ပွင့်လင်းလင်း ပြောရဦးမယ်၊ အစ်ကိုဟာ အအေးအဆိပ်ဒဏ်ကြောင့် နောက်ထပ်နှစ်နှစ်လောက်ပဲ အသက်ရှင်ခွင့်



ရတော့မယ့် လူတစ်ယောက်ပါ၊ ဒါကြောင့် ကျွန်မတို့အနေနဲ့ ဆေးရှာကိုသွားတာ အကောင်းဆုံးပါပဲ"

တုယို့လုံကမူ လုံးဝ တုန်လှုပ်ဟန်မပြသည့်အပြင် အပြုံးမပျက်ပြန်ပြောလိုက်သည်။

"အအေးအဆိပ်အတွက်တော့ သောကများမနေပါနဲ့ ညီမရယ်၊ ရွာသူကြီးကျူးထိုက်က အစ်ကို့ကို အပူငွေ့နဲ့ပူးပေါင်းပြီး ချွေးအောင်းကုနည်းတစ်မျိုးနဲ့ ပျောက်ကင်းအောင် ကုသပေးလိုက်တယ်၊ အခုဆို အစ်ကိုဟာ ကောင်းသလောက် ဖြစ်နေပါပြီ"

တုယို့လုံက မတုန်မလှုပ်ပဲ အားရဝမ်းသာ ရှင်းပြလိုက်ခြင်းဖြစ်သော်လည်း မေယုပင်းကမူ စိတ်မသက်သာဟန်ပြန် ခေါင်းခါ၍ သူ့အား ရှင်းပြလိုက်သည်။

"အစ်ကို့ရဲ့ ခန္ဓာကိုယ်ထဲကအဆိပ်ဟာ အစ်ကိုထင်သလို ပျောက်ကင်းသွားတာမျိုး မဟုတ်ပါဘူး၊ အဲဒီကုထုံးနည်းကြောင့် ကိုယ်ထဲမှာပျံ့နေတဲ့အဆိပ်တွေက အစ်ကိုရဲ့ကျောရိုးဆောနားမှာ သွားပြီး စုဝေးနေကြတာပါ"

သူမ၏စကားကြောင့် တုယို့လုံ အံ့ဩတုန်လှုပ်သွားလေသည်။

ချက်ချင်းပင် အတွင်းအားကို စုစည်း၍ ကျောရိုးတစ်လျှောက် အာရုံပတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် သူ၏ကျောရိုးတစ်လျှောက် ချမ်းစိမ့်စိမ့် ဖြစ်လာသည်ကို ခံစားလိုက်ရလေသည်။

တုယို့လုံ အံ့အားသင့်သွားသည်။

မေယုပင်း ပြောသည်မှာ မှန်ကန်နေလေသည်။

သူမထံမှ ပို၍ အံ့ဩစရာစကားများကို ထပ်မံကြားလိုက်ရလေသည်။

"ယက္ခအဘိုးအိုတို့ ဇနီးမောင်နှံဟာ ရေခဲလိုဏ်ဂူအတွင်းမှာ သိုင်းသမားများစွာကို စမ်းသပ်မှုပြုလုပ်ခဲ့ပြီးပြီ၊ အအေးအဆိပ်သင့်ခံရပြီး မသေဘဲ အသက်ရှင်ကျန်နေတဲ့လူဆိုလို့ ဆယ်နှစ်အတွင်းမှာ အစ်ကိုတစ်ယောက်ပဲ ရှိသေးတယ်၊ ဒါဟာ အံ့ဩစရာပဲ"

တုယို့လုံ မျက်လုံးအပြူးသား ဖြစ်သွားလေသည်။

သူသည် အံ့ဩလွန်း၍ ထိတ်လန့်တကြားမေးလိုက်သည်။

"ဟင် ... အဘိုးအို ဇနီးမောင်နှံဟာ မဟူရာအဖွဲ့ဝင်တွေ ဟုတ်လား"

မေယုပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ယက္ခဇနီးမောင်နှံလို့ခေါ်တဲ့ မဟူရာအဖွဲ့က ထိပ်တန်းသိုင်းသမားတွေပါ"

ဤအတိုင်းဆိုလျှင် မိမိအား အအေးအဆိပ်သင့်အောင် စီ



ပြုလုပ်ခြင်းသည် မဟူရာစားအဖွဲ့၏လက်ချက်ပင် ဖြစ်ရပေမည်ဟု တုယို့လုံ တွေးမိသည်။

"ဒါဖြင့် ကျုပ်ကို အအေးအဆိပ်မိအောင် စီစဉ်ပြုလုပ်ခဲ့တာ မဟူရာစားအဖွဲ့ရဲ့ လက်ချက်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

တုယို့လုံ မျက်မှောင်ကြုတ်သွားသည်။

မိမိအား မဟူရာစားအဖွဲ့က အအေးအဆိပ်ဒဏ်သင့်အောင် စီစဉ်မှုပြုလုပ်ခဲ့သည်။

တစ်ဖန် မိထားသောအဆိပ်ကို ပြန်လည်၍ ဆေးဝါးကုသပေးခဲ့သည်။

တုယို့လုံ စဉ်းစားအဖြေရှာ မရပါ။

"ကျုပ်ကို အဆိပ်မိအောင်လုပ်ပြီးမှ ဘာဖြစ်လို့ မင်းက ပြန်ပြီး ဆေးကုပေးရတာလဲ"

မေယုပင်းက မလိမ်ညာချင်တော့၍ အမှန်အတိုင်း ပြောလိုက်တော့သည်။

"ကျွန်မကို မဟူရာစားအဖွဲ့ ဒုတိယခေါင်းဆောင်က တာဝန်ပေးခဲ့လို့ ကုသခဲ့ရတာပါ"

"ဝုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံမှာ ဒေါသတကြီး ထရပ်လိုက်သည်။

သူ၏မျက်နှာတစ်ခုလုံး သုန်မှုန်ခက်ထန်နေကာ မျက်လုံးထဲတွင် စူးရဲသော အရိပ်အယောင်များလည်း ပေါ်ထွက်နေသည်။

သူ့ကိုယ်သူ အရှုံးလုပ်ခံရမှန်း ယခုမှ သိလိုက်သည်။

သူသည် အချောင်သက်သက် မဟူရာဓားအဖွဲ့၏, အစမ်းသပ်ခံလူတစ်ယောက် ဖြစ်ခဲ့ရသည်။

ထိုလူစုကိုပင် သူက ကျေးဇူးရှင်ဟု ထင်မှတ်ကာ ကျေးဇူးတုန့်ပြန်သောအားဖြင့် သူတို့ခိုင်းစေသော လုပ်ငန်းများအား လုပ်ဆောင် ပေးခဲ့ရလေသည်။

မိမိအပေါ် ဤသို့အကောက်ကြံခဲ့သော မဟူရာဓားအဖွဲ့ကို မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်အောင် ဖြစ်ရလေသည်။

ဤအဖြစ်အပျက်များမှာ မေယုပင်းက သူ့အားပြောပြ၍သာ သိခဲ့ရခြင်း ဖြစ်သည်။

သို့မဟုတ်ပါက အပြစ်မှန်ကို သိရမည်မဟုတ်ပါချေ။

တုယို့လုံအနေနှင့် မေယုပင်းအား မည်သို့သတ်မှတ်ရမည်နည်း။

တုယို့လုံ သက်ပြင်းချလိုက်သည်။

မျက်နှာပေါ်တွင် တင်းမာမှုများလည်း ပြေလျော့သွားသည်။

မေယုပင်းတို့၏ အပြစ်များကို ခွင့်လွှတ်လိုက်ပြီဖြစ်ကြောင်း တုယို့လုံကိုကြည့်ရုံနှင့် သိနိုင်ပေသည်။



မေယုပင်းက ...

"အစ်ကို ... ကျွန်မတို့ ထွက်သွားကြပါစို့လား"

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အဖို့ နောက်ထပ်နှစ်နှစ်လောက်ပဲ အသက်ရှင်နေခွင့်ရှိတော့တယ် မဟုတ်လား၊ သေရမယ့်အတူတူ ဘာဖြစ်လို့ ရှောင်ပြေးနေတော့မှာလဲ၊ သူတို့နဲ့ ရင်ဆိုင်လိုက်တာကမှ အဓိပ္ပါယ်ရှိဦးမယ်"

မေယုပင်း ပင့်သက်ရှိုက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခဏလောက် ပျော်ရွှင်ခွင့်ရတာဟာ စိတ်ချမ်းသာစရာ မကောင်းဘူးလား၊ ကျန်ရှိသေးတဲ့ အချိန်တွေကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းရတာဟာ မကောင်းဘူးလား"

တုယို့လုံ တစ်ချက်စဉ်းစားရင်း ...

"ကောင်းပြီ၊ ညီမရဲ့အကြံပြုချက်ကို ကျုပ် လိုက်နာမယ်၊ ဒါပေမယ့် ကျုပ် တောင်းဆိုချက်နှစ်ခုကို လိုက်လျောရမယ်"

"ပြောပါ"

"ပထမအချက်က ဆရာကိုလုပ်ကြံတဲ့ တရားခံကို ဖော်ထုတ်အရေးယူနိုင်ဖို့ ကူညီရမယ်၊ နောက်တစ်ချက်က မဟူရာဓားအဖွဲ့နဲ့ ပတ်သက်သမျှ အတွင်းရေးတွေကို ပြောပြရမယ်"

မေယုပင်း သဘောတူ လက်ခံလိုက်လေသည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



မဟာ့ရာဘားအဖွဲ့. . . ။

မဟာ့ရာဘားအဖွဲ့တွင် ခေါင်းဆောင်ကြီးအပြင် ခေါင်းဆောင်နှစ်ဦး ရှိသေးသည်။

ဒုတိယခေါင်းဆောင်သည် 'မုကင်းရှိ'ဖြစ်သည်။

တတိယခေါင်းဆောင်သည် 'ဗာလန်းအော့'ဖြစ်သည်။

မုကင်းရှိသည် မရဏာဘားသမားများနှင့် ကိုယ်ရံတော်တပ်ဖွဲ့များကို အုပ်ချုပ်ရသူတစ်ယောက်ပင် ဖြစ်လေသည်။

ဗာလန်းအော့မှာ အမျိုးသမီးတစ်ဦးပင် ဖြစ်သော်လည်း ထက်မြက်လှသည်။

သူတို့လက်အောက်တွင် ဌာနခွဲပေါင်းများစွာ ရှိသည်။

သူလျှိုများ၊ သတင်းစုဆောင်းရသူများ၊ ထိပ်တန်းသိုင်းသမားကြီးများအကြောင်း စုံစမ်းရေး၊ သိုင်းလောက၏ အခြေအနေ၊ များစွာသော လုပ်ငန်းများကို လုပ်ဆောင်ကြလေသည်။

အဓိကရည်ရွယ်ချက်မှာ သိုင်းလောကရှိ ထိပ်တန်းသိုင်းသမားများအား သူတို့၏အဖွဲ့တွင် စည်းရုံးသိမ်းသွင်းပြီး သိုင်းလောကအား စိုးမိုးရန်ပင် ဖြစ်သည်။

ရှင်းပြသည်များကို နားထောင်ရင်း တုယို့လုံက မေယုပင်း၏ အဆင့်ကို မေးလိုက်သည်။



"ကျွန်မက ဒီအဖွဲ့မှာ ဘာရာထူးမှ ယူမထားပါဘူး၊ အဖွဲ့ခေါင်းဆောင်ဟာ ကျွန်မအဖေဆိုတော့ ကျွန်မကို အားလုံးက လေးစားနေကြတာပါ"

"ဒါဖြင့် ကျုပ်ကို ဌာနချုပ်ကို ခေါ်သွားပါ"

"မဖြစ်ဘူ"

"ဘာကြောင့်လဲ"

"ဒုခေါင်းဆောင်ဟာ 'သံမဏိဘီလူး'သိုင်းပညာ လေ့ကျင်နေတာ အောင်မြင်တော့မယ်၊ သံမဏိဘီလူးသိုင်းပညာကိုသာ တတ်မြောက်သွားရင် ယှဉ်နိုင်ဖို့ မလွယ်တော့ဘူး"

"မင်းအဖေကကော မယှဉ်နိုင်ဘူးလား"

"ဒါတော့ မပြောတတ်ဘူး၊ ဖေဖေက အခုတလော ဒုခေါင်းဆောင်ကိုပဲ တာဝန်တွေပေးနေတယ်၊ ကြာတော့ ကျွန်မတောင် သံသယဖြစ်လာမိတယ်"

"ဘာကိုလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ရှိတဲ့တာဝန်တွေကို သူပဲ ခွဲဝေယူပြီးညွှန်ကြားနေတော့ ဖေဖေမှာတောင် ဩဇာရှိသေးရဲ့လားလို့ပါ၊ ဒါကြောင့် ကျွန်မရှိနေရင်းတောင် သူတို့က အစ်ကို့ကို အချိန်မရွေး ဒုက္ခပေးလာနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တုယို့လုံက ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်း ခေါ်သွားရမယ်"

မေယုပင်း မတတ်သာတော့ပေ။

သို့နှင့် နောက်တစ်နေ့တွင် မဟူရာစားအဖွဲ့သို့သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

✷ ✷ ✷



# တိုက်ပွဲ

မွန်းလွဲချိန်ပင် ဖြစ်သည်။

မေယုပင်း၊ ဝါဝါနှင့် တုယို့လုံတို့သည် ငါးရက်ခန့်ခရီးပြင်းနှင်ခဲ့ပြီး တောတန်းတစ်ခုသို့ ရောက်လာသောအခါ ခေတ္တအနားယူလိုက်လေသည်။

မေယုပင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုရင်း အပန်းဖြေနေလေသည်။

သူမသည် ပတ်ဝန်းကျင်ကို လေ့လာရင်းနှင့်ပင် မျက်နှာတွင် ချက်ချင်း ပြောင်းလဲသွားလေသည်။

သူမတို့ထံ ဦးတည်လာနေသော လူရိပ်များအား တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

ထိုလူများမှာ အခြားသူများမဟုတ်။ ဒုတိယခေါင်းဆောင်အားကိုးယုံကြည်သော အမှတ်တစ်ဂိုဏ်းခွဲမှူး ဇွန်ကျင့်ဝူးနှင့် မရေစားသမားအဖွဲ့ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါဝါမှာ ထိတ်လန့်တုန်လှုပ်နေပေသည်။

တယို့လုံက ထိုင်နေရာမှ ထလိုက်ပြီး ရင်ဆိုင်ရန် ဟန့်ပြင်လိုက်သည်။

မေယုပင်းက ပျာပျာသလဲ ဟန့်တားလိုက်သည်။

ယင်းအချိန်မှာပင် စွန်ကျင့်ဝူးတို့လူစုသည် သူတို့အနီးသို့ ရောက်ရှိလာလေသည်။

မေယုပင်းက မျက်နှာထားတင်းတင်းဖြင့် ...

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

စွန်ကျင့်ဝူးက ဦးညွှတ်လိုက်သည်။

"သခင်မလေး လုံခြုံရေးအတွက် စောင့်ရှောက်ဖို့ လာခဲ့ပြီး တာပါ"

မေယုပင်း နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"မလိုပါဘူး"

စွန်ကျင့်ဝူးက ပြုံးလိုက်သည်။

"သခင်မလေးရဲ့ သိုင်းပညာဟာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်းရှိတယ်ဆိုတာ ကျုပ် သိထားပါတယ်၊ ဒါပေမယ့် သခင်မလေး အတွေ့အကြုံ နုနယ်သေးတော့ ပရိယာယ်ကြွယ်ဝတဲ့သူတွေနဲ့ တွေ့ သွားခဲ့ရင် ..."

သူ၏စကားမဆုံးမီ မေယုပင်းက ကြားဖြတ်မေးလိုက်သည်။



"ရှင် ဘာကိုဆိုလိုတာလဲ"

စွန်ကျင့်ဝူးက တည်ကြည်သောမျက်နှာထားဖြင့် ...

"သခင်မလေးက သူစိမ်းတစ်ယောက်ကို ဒွာနချုပ်ဆီ လမ်းပြ ခေါ်ဆောင်သွားမလို့လား"

မေယုပင်း မဲ့လိုက်သည်။

"အခုလို လမ်းခရီးမှာတားဆီးတာ ဘာအတွက်လဲ"

စွန်ကျင့်ဝူး လိုရင်းပင် ပြောလိုက်တော့သည်။

"သခင်မလေးကို တောင်းဆိုထားတဲ့ကိစ္စပဲ"

မိမိအား သူ၏လက်အောက်ထဲသို့ ထည့်သွင်းရန် ပြောဆိုနေခြင်းဖြစ်ကြောင်း တယို့လုံ နားလည်လိုက်သည်။

မေယုပင်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ လုံးဝ ခွင့်မပြုဘူး၊ ဒုတိယခေါင်းဆောင်ကြီးကိုယ်တိုင်က ကျွန်မကို တာဝန်ယူထားဖို့ အမိန့်ပေးထားတယ်"

စွန်ကျင့်ဝူး ထိုစကားကြားရသောအခါ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

ရယ်မောရင်း အိတ်ထဲမှစာတစ်စောင်အား နှိုက်ယူကာ ပစ်ပေးလိုက်လေသည်။

မေယုပင်း ဖတ်ကြည့်ရင်း မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ သူပေးထားတဲ့ အမိန့်ကို ပြန်ပြီးရုပ်သိမ်းရတာလဲ၊ ကျွန်မ လုံးဝ မယုံဘူး"

စွန်ကျင့်ဝူး မဲ့လိုက်သည်။

"အမိန့်စာတစ်စောင်လုံး တွေ့နေလျက်နဲ့ မဖြစ်နိုင်ဘူးဆိုတော့ မင်းက မဟူရာစားအဖွဲ့ကို ဆန့်ကျင်ချင်တာလား"

သူ၏လေသံပါ ပြောင်းလဲသွားသည်။

တယို့လုံ အံ့သြနေသည်။

အဖွဲ့ခေါင်းဆောင်၏သမီးကိုပင် ပမာမခန့် ဆက်ဆံရဲသည်မှာ သူတို့ထဲတွင် အကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု တယို့လုံ ထင်မိလိုက်သည်။

မည်သည့် အကြောင်းဟုကား သူ မပြောပြတတ်ချေ။

ထိုစဉ် စွန်ကျင့်ဝူးက ပြတ်သားသောလေသံဖြင့် ပြောလာပြန်သည်။

"အဖွဲ့စည်းကမ်းကို ဖောက်ဖျက်တဲ့သူမှန်သမျှ အပြစ်ပေးအရေးယူခံရမှာပဲ"

ဝါဝါမှာ သည်းမခံနိုင်တော့ပါ။

"ရှင်က ကျွန်မရဲ့သခင်မလေးကို စော်ကားပြောဆိုနေရအောင် ရှင်က ဘာမို့လို့လဲ"

ထိုစကားကြောင့် စွန်ကျင့်ဝူး၏ မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။



နောက်သို့လှည့်ကာ လက်တစ်ဖက်ဝှေ့ယမ်းပြလိုက်သည်။

ဤတွင် မရဏစားသမားလေးယောက် ခုန်ထွက်လာပြီး ဝါဝါအား တိုက်ခိုက်လာကြတော့သည်။

ဝါဝါကလည်း အားကျမခံ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူမ၏ ဓားပညာသည် မဆိုးလှပါ။

သို့သော် တစ်ဖက်မှ လေးယောက်ဖြစ်နေ၍ သူမ အခြေအနေ မလှဘဲ ဖြစ်သွားသည်။

မေယုပင်း ဒေါသထွက်သွားသည်။

"အများနဲ့ အနိုင်ယူလို့ရမလား"

ပြောပြောဆိုဆို ဝါဝါအား ကူညီရန် ပြင်လိုက်သည်။

သို့သော် စွန်ကျင့်ဝူးက ဟန့်တားလာလေသည်။

မေယုပင်း ဒေါသမထိန်းနိုင်တော့ပါ။

"သေပေတော့"

အော်ငေါက်ကာ တိုက်ခိုက်လိုက်သည်။

စွန်ကျင့်ဝူးကလည်း မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ဝါဝါမှာလည်း မရဏစားသမားလေးဦး၏ တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်တော့မည် ဖြစ်သည်။

တယို့လုံ မစဉ်းစားအားတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါ မှများကို ဆွဲထုတ်လိုက်ပြီး ဝါဝါဘက်မှ ကူညီတိုက်ခိုက်ပေးလိုက်သည်။

သူက ဝင်ရောက်တိုက်ခိုက်လိုက်သည်နှင့် ...

"ဝုန်း ..."

"အား ..."

"အမယ်လေး ..."

စူးရှသော အော်ဟစ်သံများနှင့်အတူ မရဏဓားသမားလေးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

တုယို့လုံက မရပ်တန့်သေးဘဲ ကျန်ရစ်သော မရဏဓားသမားများအား လိုက်လံတိုက်ခိုက်လိုက်သည်။

သူတို့သည် တုယို့လုံအား မယှဉ်နိုင်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

မေယုပင်းနှင့် ရင်ဆိုင်နေသော စွန်ကျင့်ဝူး၏ရင်ထဲ စိုးရိမ်ပူပန်လာမိသည်။

တုယို့လုံသည် သူတို့အား အဓိကအန္တရာယ်ပေးမည့်သူတစ်ယောက်ဟု ယုံကြည်လာလေသည်။

သူက တုယို့လုံဘက်သို့ အာရုံရောက်သွားစဉ် ခဏမှာပင် မေယုပင်း၏ဓားချက်က သူ၏ရင်ဝအား ဖောက်ထွင်းသွားတော့သည်။

"အား ..."



စွန်ကျင့်ဝူး စူးရှစွာအော်ဟစ်ရင်း လဲကျသွားသည်။

သူလဲကျသွားပြီးချိန်တွင် ဝါဝါနှင့်တုယို့လုံတို့မှာ မရဏဓားသမားများအား ရှင်းလင်းပြီးသား ဖြစ်သွားသည်။

တိုက်ပွဲမှာ ချက်ချင်းပြီးဆုံးသွားသော်လည်း မကြာမီ ထပ်မံပေါ်ပေါက်လာဦးမည်ဟု သူတို့အားလုံး ထင်မှတ်နေကြတော့သည်။

✺ ✺ ✺

မေယုပင်း သက်ပြင်းချလိုက်သည်။

တုယို့လုံအား တောင်းပန်သောအကြည့်ဖြင့် ကြည့်ရင်း ...

"ကျွန်မတို့ ရှေ့ဆက်မသွားကြရင် ကောင်းမယ်"

တုယို့လုံ မှဲ့ပြုံးပြုံးလိုက်သည်။

"ဒီနေရာအထိ ရောက်လာမှတော့ ဘာကြောင့် နောက်ပြန်ဆုတ်တော့မှာလဲ"

မေယုပင်း စိတ်ထင့်သွားသည်။

"ဒီတစ်ခါတော့ ကျွန်မရဲ့စကားကို နားထောင်ပါ၊ ဒီလိုမှမဟုတ်ဘဲ ရှေ့ဆက်တိုးမယ်ဆိုရင် ဒုက္ခရောက်လိမ့်မယ်"

သူမ၏စကားကြောင့် တုယို့လုံ ငိုင်တွေသွားသည်။

သူက မည်သို့ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

ယင်းအချိန်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အတော်ပျော်နေကြတယ်ပေါ့ ဟုတ်လား"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုစကားသံကြောင့် သူတို့အားလုံး နောက်လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ ချုံကွယ်တစ်ခုမှ လူတစ်စု လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။

ထိုအမျိုးသမီးသည် အသက်သုံးဆယ်ဝန်းကျင်ခန့်သာ ရှိပြီး လှပဖွံ့ထွားလှပေသည်။

ယင်းအမျိုးသမီးမှာ မဟူရာစားအဖွဲ့မှ တတိယခေါင်းဆောင် ဗုာလန်းအော့ပင် ဖြစ်ပေသည်။

ဗုာလန်းအော့ မမျှော်လင့်ဘဲ ရောက်ရှိလာသည်ကို တွေ့လိုက်ရသောကြောင့် မေယုပင်း ရင်ထိတ်သွားလေသည်။

မိမိတို့အတွက် အခြေအနေမဟန်ကြောင်းလည်း နားလည်မိလိုက်သည်။

သူမက မျက်နှာကို အချိုသာဆုံးနှင့် ဗုာလန်းအော့အား ဆက်ဆံလိုက်လေသည်။

"မမ ရောက်လာတာနဲ့ အတော်ပဲ"



"ဘာဖြစ်လို့လဲ"

မေယုပင်းက အနီးတစ်ဝိုက်တွင် ပြန့်ကျဲနေသော မရဏစားသမားများနှင့် စွန်ကျင့်ဝူးအား ညွှန်ပြရင်း ...

"ဒီမှာကြည့်စမ်းပါဦး၊ သူတို့ကို ဘယ်သူတိုက်ခိုက်သွားလဲ မသိဘူး၊ ကျွန်မတို့ရောက်လာတဲ့အချိန်မှာ ဒီပုံစံအတိုင်း တွေ့ရတာပဲ၊ ဒီပြဿနာကို ကျွန်မ ဘယ်လိုဖြေရှင်းရမလဲဆိုတာ စဉ်းစားမရလို့ ဦးနှောက်ခြောက်နေတာ"

မေယုပင်းက ပရိယာယ်သုံး၍ ပြောလိုက်သည်။

ဗုာလန်းအော့ ရယ်မောလိုက်သည်။

"စွန်ကျင့်ဝူးနဲ့ မရဏစားသမားတွေကို ရင်ဆိုင်နိုင်တဲ့သူဟာ သူတို့ထက် သိုင်းပညာအဆင့်မြင့်သူတွေ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တော့ သူတို့အကြောင်း ကောင်းကောင်းသိထားသူတွေပဲ ဖြစ်ရမယ်"

မေယုပင်း မျက်မှောင်ကြုတ်သွားသည်။

"မမ ... ဘာကို ဆိုလိုတာလဲ"

ဗုာလန်းအော့က မျက်နှာချက်ချင်းတည်သွားသည်။

"မင်းက မသိဟန်ဆောင်နေမှတော့ ငါက ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မယ်၊ ငါ ခြေတစ်လှမ်း နောက်ကျသွားပေမယ့် ဒီက အဖြစ်အပျက်တွေအားလုံး မြင်တွေ့လိုက်တယ်"

"ရှင် ..."

www.burmeseclassic.com



ယင်းစကားကြောင့် မေယုပင်း ပါးစပ်အဟောင်းသား ဖြစ်သွားကာ ထိတ်လန့်သွားမိလေသည်။

သူမအနေနှင့် ဘာဆက်ပြောရမှန်း မသိတော့ပေ။

ဂွာလန်းအော့အား မည်သို့မျှ ဆက်လက်လိမ်ညာ၍ ရတော့မည်မဟုတ်မှန်း နားလည်လိုက်သည်။

ဂွာလန်းအော့၏ မျက်လုံးထဲဝယ် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

သူမက လက်တစ်ဖက်ဝှေ့ယမ်းလိုက်သည်။

"ဝုစ် ..."

အဆိပ်အပ်တစ်ချောင်းသည် တုယို့လုံ၏ကျောရိုးဆီသို့ တန်းတန်းမတ်မတ် ထိမှန်သွားလေသည်။

တုယို့လုံမှာ မရှောင်တိမ်းနိုင်တော့ဘဲ အငိုက်မိသွားတော့သည်။

ဂွာလန်းအော့မှာ တုယို့လုံ၏နောက်ကျောမှနေ၍ အလစ်တိုက်ခိုက်သည်မှာ အောင်မြင်သည့်အတွက် သဘောကျစွာ ရယ်မောလိုက်တော့သည်။

"ဟင်း ... ဟင်း ... ဟင်း ... ညည်းလူတော့ ငါ့ရဲ့ ဘီလူးမ အဆိပ် မိသွားပြီ၊ ဖြေဆေးမရရင် သုံးရက်အတွင်း သေသွားမှာပဲ"

ပြောရင်း ရယ်မောလိုက်သည်။

သို့ရာတွင် သူမ ကြာရှည်စွာ မရယ်မောလိုက်နိုင်ချေ။



မည်သည့်ကိစ္စမျိုးမဆို မသေချာဘဲ ဝမ်းသာဝမ်းနည်းခြင်း မဖြစ်သင့်ပေ။

ယခုကိစ္စတွင် ဂွာလန်းအော့အနေဖြင့် ဝမ်းသာစိတ်စောနေပြီဟု ပြောရပေတော့မည်။

သူမ ပစ်လွှတ်လိုက်သော အဆိပ်အပ်ထိမှန်သူတိုင်း ချက်ချင်း ပစ်လဲကျသွားခဲ့သည်ချည်းပင် ဖြစ်သည်။

ယခုလည်း သူမ၏ အထက်မြက်ဆုံးသော အဆိပ်လက်နက်ပုန်းသည် တုယို့လုံ၏အရေးပါသော အကြောဆုံနေရာသို့ သေချာထိမှန်သွားသည်ကို သူမမျက်စိနှင့် သေချာတွေ့လိုက်ရပေသည်။

ယခုမူ တုယို့လုံသည် အဆိပ်အပ်ထိမှန်သွားသော်လည်း လဲကျသွားခြင်း မရှိပေ။

အမှန်တော့ သူမ၏အဆိပ်အပ်သည် အအေးဆိပ်စုဝေးထားရာ ကျောရိုးဆစ်ကို ထိမှန်သွား၍ အဆိပ်မှာ မတိုးတော့ခြင်း ဖြစ်သည်။

ပို၍ ကံကောင်းသွားသည်မှာ ဘီလူးမအဆိပ်သည် အလွန်ပြင်းထန်သော အဆိပ်ဖြစ်ပြီး အအေးအဆိပ်သည် ပြင်းထန်သော်လည်း အားပျော့သောအဆိပ်ဓာတ်တစ်မျိုးပင် ဖြစ်လေသည်။

ယခု မတူညီသော အဆိပ်ဓာတ်နှစ်ခု တွေ့ဆုံမိသောအခါ အချင်းချင်း ချေဖျက်ကာ ပြိုပျက်သွားကြလေသည်။

ဤသည်ကို မခံနိုင်သော တုယို့လုံမှာ ရင်ထဲပူလောင်လာပြီး ဝဲယာလက်နှစ်အား ဝှေ့ယမ်းနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ငွေ့ယမ်းမှုမှ ဖြစ်ပေါ်လာသော လေလှိုင်းတစ်ခု သည် ဂုာပန်းအော့ထံ တန်းတန်းမတ်မတ် တိုးဝင်သွားလေသည်။

ဂုာလန်းအော့ ရင်ထိတ်သွားသည်။

ပြင်းထန်မှန်းသိ၍ ထိပ်တိုက်ရင်မဆိုင်ဝံ့ဘဲ ဘေးသို့ ကမျာကယာ ခုန်ရှောင်လိုက်သည်။

သို့တိုင် လေလှိုင်းက ပခုံးစွန်းအား အဖျားခတ်ထိမှန်သွားလေသည်။

"ဝုန်း ..."

ကျယ်လောင်သောအသံနှင့်အတူ ဂုာလန်းအော့မှာ ဘေးသို့ ယိုင်ကျသွားတော့သည်။

သူမ၏ နှုတ်ခမ်းထောင့်မှလည်း သွေးများယိုစီးကျလာသည်။

သူမက တုယို့လုံအား မယုံကြည်နိုင်စွာဖြင့် ကြည့်နေသည်။

ယင်းနောက် အဖွဲ့သားများအား လက်တစ်ချက် ဝှေ့ယမ်းပြကာ ကမန်းကတန်း ထွက်ခွာသွားလေသည်။

ဂုာလန်းအော့ ထွက်သွားလျှင် သူ၏လူများမှာလည်း မနေဝံ့တော့ဘဲ ပြေးလိုက်သွားကြတော့သည်။

❋ ✹ ❋



## အလဲအလှယ်ပင်လော

ဂုာလန်းအော့တို့လူစု ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

တုယို့လုံသည် ခဏချင်းပင် ဒူးထောက်ကျသွားသည်။

မေယုပင်းသည် ပျာပျာသလဲပင် တုယို့လုံဆီသို့ ပြေးသွားလိုက်သည်။

နောက်ကျောတွင် စိုက်ဝင်နေသော အဆိပ်အပ်ကို အလျှင်အမြန်ပင် ဆွဲနှုတ်လိုက်သည်။

"အစ်ကို ဘယ်လိုနေသေးလဲ"

စိုးရိမ်တကြီး မေးလိုက်သည်။

တုယို့လုံက စိတ်တင်းကာ ...

"ရင်ထဲမှာ ပူသလိုအေးသလို ခံစားနေရတယ်"

ထိုစကားကြောင့် မေယုပင်း ဝမ်းသာသွားသည်။

"ဩ ... ဒါဟာ အဆိပ်အဆိပ်ချင်း ချေဖျက်နေတာပဲ ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အတွင်းအားနဲ့ ကုစားရင် အစ်ကိုမိထားတဲ့အဆိပ်တွေတော့ ပြေပျောက်သွားနိုင်တယ်"

မေယုပင်းက ဝါဝါအား အကဲခတ်ကြည့်ကာ ...

"ဝါဝါ ရန်သူကိုကြည့်ထားပေး၊ အနှောင့်အယှက်ပေါ်လာရင်လည်း ဖြေရှင်းထား"

"ဟုတ်ကဲ့"

ဝါဝါက အကင်းပါးစွာ ခေါင်းညိတ်လိုက်သည်။

မေယုပင်းက လက်ဝါးဖြင့် တုယို့လုံ၏ကျောပြင်အား ထိကာ အတွင်းအားပို့လွှတ်ရင်းမှ ...

"အစ်ကို အတွင်းအားကို ဖြည်းဖြည်းချင်း ဖော်ထုတ်ကြည့်တော့"

တုယို့လုံက ချက်ချင်းပင် အတွင်းအားကို ဖော်ထုတ်ကြည့်လိုက်သည်။

ဤတွင် သူ၏ခန္ဓာကိုယ်အတွင်း အပူဓာတ်များ အအေးဓာတ်များသည် တဖြည်းဖြည်းချင်း လွင့်စဉ်ပျောက်ကွယ်ကုန်ကာ အင်အားလှိုင်းတစ်ခုသည်သာ ခန္ဓာကိုယ်ထဲ လှည့်ပတ်နေသည်ကို သတိထားမိလိုက်သည်။

သို့သော် သူက အတွင်းအားကို လေ့ကျင့်မြဲ လေ့ကျင့်သည်။



မေယုပင်း ပို့လွှတ်လာသော အတွင်းအားများကြောင့်လည်း မြန်မြန်ဆန်ဆန် လည်ပတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အတန်ကြာ လှည့်ပတ်ပြီးနောက် တုယို့လုံ၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ပြည့်နှက်လာသည်။

တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းလာသည်ဟု ထင်ရပေသည်။

မေယုပင်းက လက်ဝါးနှစ်ဖက်ကိုခွာကာ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

သူမ၏ပုံဟန်မှာ အားအင်ပျော့တော့ဟန်ဖြင့် ရှိနေသောကြောင့် ဝါဝါက ဖေးမထားလိုက်သည်။

အတန်ကြာမှ တုယို့လုံလည်း ထရပ်လာသည်။

မေယုပင်းက ပြုံးပြကာ ...

"အစ်ကို ဘယ်လိုနေသေးလဲ"

တုယို့လုံက ဝမ်းသာအားရဖြင့် ...

"နဂိုဖြစ်ပေါ်နေတဲ့ အဆိပ်တွေ လုံးဝမရှိတော့တဲ့အပြင် ခန္ဓာကိုယ်ထဲမှာ အားအင်တစ်ခု စီးမျောနေသလို ခံစားနေရတယ်၊ တစ်ကိုယ်လုံးလည်း ပေါ့ပါးလန်းဆန်းနေတယ်"

"ဟုတ်ပြီ ... အစ်ကို့မှာ အဆိပ်မရှိတော့ဘူးဆိုတာ သေချာပြီ"

တုယို့လုံ ဝမ်းသာသွားပြီး မေယုပင်းအား ပွေ့ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်နှင့် ထိလုထိခင်မှာပင် ...

"အင့် ..."

မေယုပင်းမှာ ညည်းညူသံတစ်ချက်ပေးရင်း ပျော့ခွေကျသွားလေသည်။

"ညီမ ..."

တုယို့လုံ အထိတ်တလန့် အော်ခေါ်လိုက်သည်။

မေယုပင်း၏ကျောတွင် ဓားပျံတစ်လက် စိုက်ဝင်နေပေသည်။

ထိုစဉ် ဝါဝါလည်း လဲကျသွားသည်ကို တွေ့ရသည်။

သူမ၏နောက်ကျောတွင်လည်း ဓားပျံတစ်လက် စိုက်ဝင်နေပေသည်။

တုယို့လုံ အလွန်ပင် ဒေါသထွက်သွားလေသည်။

"ဘယ်သူလဲ၊ ထွက်ခဲ့စမ်း"

မေယုပင်းအား မြေပေါ်အသာချရင်း အော်ဟစ်လိုက်သည်။

မရှေးမနှောင်းမှာပင် ...

"ဟဲ ... ဟဲ ... ဟဲ"

ငှက်ဆိုးထိုးသံကဲ့သို့ ရယ်မောသံနှင့်အတူ လူနှစ်ယောက် ချုံကွယ်တစ်ခုနောက်မှ လှမ်းထွက်လာကြသည်။

ထိုလူနှစ်ယောက်အားမြင်လျှင် တုယို့လုံ အံ့သြသွားသလို ဒေါသလည်း ထွက်သွားမိသည်။



ယင်းလူနှစ်ယောက်မှာ သူ့အား ဒုက္ခ စတင်ပေးခဲ့ကြသော ယက္ခဇနီးမောင်နှံပင် မဟုတ်ပါလား။

"လက်စသတ်တော့ ခင်ဗျားတို့ကိုး"

တုယို့လုံ၏လေသံမှာ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းများ ပါဝင်နေသည်။

အဘိုးအိုက ရယ်မောရင်း ...

"ကောင်လေး ... မင်းက တော်တော်အတင့်ရဲပါလား၊ တတိယခေါင်းဆောင်ကိုတောင် ဒဏ်ရာရအောင် လုပ်ခဲ့တယ်"

"ဘာလဲ ... သူက ခင်ဗျားတို့ကို လွှတ်လိုက်တာလား"

"ဟုတ်တယ်၊ မင်းက အဆိပ်ကို မထိန်းချုပ်နိုင်မီ သုတ်သင်ပစ်ရအောင် လွှတ်လိုက်တာလေ"

"မေယုပင်းဟာ ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ရဲ့သမီး မဟုတ်လား၊ ဘာကြောင့် ပြန်တိုက်ခိုက်ရတာလဲ"

အဘွားအိုက ဝင်ပြောလာသည်။

"မင်းက တို့အဖွဲ့အကြောင်းကိုမှ မသိသေးဘဲကိုး၊ အဖွဲ့ခေါင်းဆောင်နေရာကို အမှတ်နှစ်အဖွဲ့ခေါင်းဆောင်က ယူထားတယ်၊ ဒါကြောင့်လည်း ဘယ်သူကမှ မေယုပင်းကို ဂရုမစိုက်ကြတာပေါ့၊ အခုလည်း သူက လူမိုက်အားပေးလုပ်လို့ ရှင်းပစ်လိုက်ရတာပဲ"

"လက်စသတ်တော့ ဒီလိုကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းလည်း သေဖို့ပြင်ထား"

တုယို့လုံ ရယ်မောလိုက်သည်။

"ကျုပ်ကို ဒုက္ခပေးခဲ့တဲ့အပြင် မေယုပင်းနဲ့ ဝါဝါတို့ကိုပါ လုပ်ကြံခဲ့တဲ့အတွက် ခင်ဗျားတို့ကို ခွင့်မလွှတ်နိုင်တော့ဘူး"

ပြောပြောဆိုဆို အဘိုးအိုတို့ ဇနီးမောင်နှံအား တရကြမ်းပင် တိုက်ခိုက်လိုက်လေသည်။

ခံပြင်းနာကျည်းချက်များကြောင့် သူ၏တိုက်ခိုက်မှုမှာ အလွန် ပြင်းထန်နေတော့သည်။

အဘိုးအိုတို့ ဇနီးမောင်နှံမှာ ပြန်လည်တိုက်ခိုက်ရန် အချိန် မရတော့ဘဲ ...

"ဝုန်း ... ဝုန်း ..."

ခြေလှမ်းငါးလှမ်းဆီ ဆုတ်သွားကြရသည်။

အဘိုးအိုက တအံ့ရသြဖြင့် ကြည့်လာပြီး ...

"မင်းက ဘီလူးမအဆိပ်မိထားတာ မဟုတ်လား၊ ဘာလို့ ဖြစ်လို့ ..."

သူ၏စကားမဆုံးမီ တုယို့လုံက ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်က အခုထက်ထိ အသက်ရှင်နေသေးတာ ခင်ဗျားတို့ ကံဆိုးလို့ပဲ မှတ်ပါ"

ပြောရင်း တိုက်ခိုက်လိုက်ပြန်သည်။



အဘိုးအိုတို့ ဇနီးမောင်နှံမှာ အံတင်းတင်းကြိတ်ရင်း ပြန်လည် တိုက်ခိုက်လိုက်သည်။

သူတို့က တစ်ယောက်ကိုတစ်ယောက် သဲကြီးမဲကြီးပင် ယှဉ် ပြိုင်တိုက်ခိုက်လိုက်ကြသည်။

သိုင်းကွက်သုံးဆယ် အတောအတွင်း တုယို့လုံမှာ ဒဏ်ရာသုံး ချက်မျှရလာပြီးနောက် သိုင်းကွက်သုံးဆယ်ကျော်သွားသော အချိန် တွင် ...

"အား ..."

"အမယ်လေး ..."

ယက္ခဇနီးမောင်နှံအား သုတ်သင်နိုင်ခဲ့တော့သည်။

တုယို့လုံသည် မေယုပင်းနှင့် ဝါဝါတို့အား ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်လေသည်။

သူ့တွင် ဆောင်ရွက်စရာကိစ္စများစွာ ကျန်နေသေးသည်။

ယခု သူသည် အသိတရားတစ်ခုရလာပြီ ဖြစ်သည်။

ယင်းမှာ မဟူရာစားအဖွဲ့ကဲ့သို့ စနစ်တကျ ဖွဲ့စည်းထားသော အဖွဲ့အား သူတစ်ယောက်တည်းနှင့် ရင်ဆိုင်ဖြိုခွဲနိုင်မည်မဟုတ်ဟူ သော အချက်ပင် ဖြစ်လေသည်။

မိမိကဲ့သို့ စိတ်တူကိုယ်တူ ရှိသူမျှလူများကို စုစည်း၍ စုပေါင်း အင်အားဖြင့်သာ မဟူရာစားအဖွဲ့အား ဖြိုခွဲနိုင်မှသာဖြစ်မည်ဟု တုယို့ လုံ သင်ခန်းစာ ရသွားသည်။

www.burmeseclassic.com



ဝမ်းနည်းစိတ်၊ ဒေါသစိတ်များကို ထိန်းချုပ်၍ အင်အားများ ပြန်လည်စုစည်းလိုက်သည်။

ထို့ကြောင့် သူက ရှေ့ဆက်မသွားတော့ပေ။

ထိုးမည့်ဆင် နောက်တစ်ဆုတ်ဆိုသကဲ့သို့ နောက်ပြန်ဆုတ်လာခဲ့သည်။

တစ်ချိန်တွင် မဟာရာဇာအဖွဲ့အား ဖြိုခွဲပစ်မည်ဟူ၍ကား ဆုံးဖြတ်ထားလေတော့သည်။

✷ ✷ ✷

လိန်ကျင်းဗှာ ...

လိန်ကျင်းဗှာသည် မဟာရာဇာအဖွဲ့အကြောင်းသိရန် တယ်ယို့လုံအား ပြန်လည်စေလွှတ်ခဲ့ပြီးနောက် သူမက နောက်ယောင်ခံလိုက်လာခဲ့သည်။

သူမသည် နန်းတွင်းမှ အာဏာသားခေါင်းဆောင် ပုကျိန်း၏ တပည့်မတစ်ဦးပင် မဟုတ်ပါလား။

မရာဇာအဖွဲ့အားစေလွှတ်ကာ သိုင်းလောကအား ခြယ်လှယ်နေသည့် မဟာရာဇာအဖွဲ့အားဖြိုခွဲရန် ပုကျိန်းက သူမအား တာဝန်ပေးခဲ့လေသည်။

သို့သော် ...



သူမသည် နောက်ယောင်ခံလိုက်ရင်း ဝှာလန်းအော နှင့်တွေ့ဆုံကာ ဒဏ်ရာရခဲ့သည်။

ဒဏ်ရာပြင်းထန်၍ ကျူးကျားရွာသို့ ပြန်လာခဲ့လေသည်။

ယခုတလော မဟာရာဇာအဖွဲ့သည် သိုင်းလောက၌ ထင်ထင်ပေါ်ပေါ်လှုပ်ရှားကာ ပို၍ သောင်းကျန်းလာသည်။

လှုပ်ရှားလာသော မဟာရာဇာအဖွဲ့သည် သိုင်းအဖွဲ့များ၊ နာမည်ကျော်သိုင်းသမားများအား ဒုက္ခပေးခဲ့သည်။

ထိုအထဲတွင် ကျူးကျားရွာလည်း ပါဝင်လာခဲ့သည်။

ကျူးကျားရွာအား ဒုက္ခပေးရန် မဟာရာဇာအဖွဲ့မှ အမှတ်တစ်ဂိုဏ်းခွဲမှူး တာဝန်ယူခဲ့သော အူစန်းက တာဝန်ယူခဲ့သည်။

အူစန်းတို့အဖွဲ့မှာ ကျူးကျားရွာကို နေ့စဉ်လိုလို တိုက်ခိုက်ခဲ့ပေသည်။

သို့သော် ...

ကျူးကျားရွာသည် ကျစ်လစ်စုစည်းသောရွာ ဖြစ် သောကြောင့် မအောင်မြင်ဘဲ ဖြစ်နေသည်။

အူစန်းက မကျေမချမ်းဖြစ်မိသည်။

သူသည် တိုက်ပွဲပေါင်းများစွာ အောင်မြင်လာ၍ အမှတ်တစ်ဂိုဏ်းခွဲမှူးနေရာအား ရရှိခဲ့ခြင်းပင် ဖြစ်သည်။

ယခုလို ဂိုဏ်းခွဲမှူးတာဝန် ယူပြီးချိန်ကျမှ ပေးအပ်သောတာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကို မကျေပွန်သောကြောင့် အကြီးအကျယ် ဒေါသထွက်နေလေတော့သည်။

သူသည် ကျူးကျားရွာအပြင်ဘက်တွင် ယာယီစခန်းတည်ဆောက်ကာ ဖြိုခွဲမည့်နည်းလမ်းများအား ရှာဖွေနေလေတော့သည်။

✵ ✵ ✵

ည ... ။

ညဉ့်နက်ပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ကြီးစိုးနေသည်။

အုစန်း အိပ်မပျော်သေးဘဲ ကျူးကျားရွာအား ဖြိုခွဲနိုင်မည့် နည်းလမ်းအား စဉ်းစားနေသည်။

ယင်းအချိန်တွင် အပြင်ဘက်မှ ခပ်အုပ်အုပ်အော်သံများကို ကြား၍ ခေါင်းထောင်လာသည်။

ထိုစဉ် ရွက်ဖျင်တဲအတွင်း လူတစ်ယောက် ကပျာကယာပြေး ဝင်လာသည်ကို တွေ့လိုက်ရသောကြောင့် ...

"ဟေ့ ... ဘာဖြစ်လာတာလဲ"

ထိုလူက ဦးညွှတ်လိုက်သည်။

အုစန်း သိလိုသော အဖြေကိုလည်း ပေးလိုက်သည်။

"ရန်သူ ရောက်လာလို့ပါ"



စကားလုံးဆုံး ဓားရောင်လည်း တစ်ချက်ဝင်းလက်သွားသည်။

အုစန်းမှာ မည်သို့မျှ မထင်ထားသောကြောင့် အငိုက်မိသွားတော့သည်။

"အား ..."

ရှူးရှုဗ္ဗာအော်ဟစ်ရင်း လဲပြိုကျသွားတော့သည်။

သတင်းလာပို့သူက သဘောကျစွာပြုံးလိုက်ပြီး ...

"မဟူရာဓားအဖွဲ့ မကြာခင် ပြိုကွဲရမယ်ဆိုတာ မှတ်ထား"

ကြုံးဝါးလိုက်လေသည်။

ထိုစဉ် ရွက်ဖျင်တဲအတွင်းသို့ လူဆယ်ယောက်ခန့် ပြေးဝင်လာသည်။

အားလုံးမှာ လူငယ်လူရွယ်များပင် ဖြစ်သည်။

သူတို့သည် အုစန်းအား သုတ်သင်သူကို ဦးညွှတ်လိုက်ပြီး ...

"အားလုံး ချေမှုန်းလိုက်နိုင်ပါပြီ"

ဟု ပြောလိုက်သည်။

အုစန်းအား သုတ်သင်လိုက်သူက ...

"ကောင်းပြီ ... ကျူးကျားရွာနဲ့ ပူးပေါင်းဖို့ သွားကြစို့"

ပြောရင်း လက်ဝှေ့ယမ်းပြလိုက်ရာ အားလုံး ထွက်သွားကြ။

အုစန်းအား သုတ်သင်လိုက်သူမှာ အခြားလူ မဟုတ်ချေ။

တုယို့လုံပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တယို့လုံသည် မေယုပင်းတို့ သေဆုံးပြီးနောက် မဟူရာဓားအဖွဲ့မှလူများအား နည်းမျိုးစုံနှင့် တိုက်ခိုက်ခဲ့သည်။

မတရားမှုအား မနှစ်မြို့သော လူငယ်လူရွယ်များသည် တယို့လုံနှင့် ပူးပေါင်းလာကြသည်။

ယခု ကျူးကျားရွာအား မဟူရာဓားအဖွဲ့က ဝိုင်းရံထားသည်ဟု သတင်းရထားသောကြောင့် တိတ်တဆိတ် လာရောက်ဖြိုခွဲကြခြင်းပင် ဖြစ်လေသည်။

စည်းလုံးခြင်းသည် အင်အားဟု နားလည်ထားပြီဖြစ်သော တယို့လုံသည် ကျူးကျားရွာအင်အားနှင့် ပူးပေါင်းရန် ဆုံးဖြတ်ထားလေတော့သည်။

✹ ✹ ✹



# တာဝန်

ကျူးကျားရွာအား ဝိုင်းရံထားသော အုစိန်းတို့အား တယို့လုံတို့က သုတ်သင်ရှင်းလင်းခဲ့သည်။

ယခုလို အရေးအကြောင်းကြုံချိန်တွင် တယို့လုံအား ပြန်လည်တွေ့ဆုံရသည့်အတွက် ကျူးထိုက်နှင့် လိန်ကျားဗှာတို့မှာ ဝမ်းသာမဆုံးဖြစ်နေပေတော့သည်။

ထို့နောက် သူတို့သည် မဟူရာဓားအဖွဲ့အား အပြီးသတ်ချေမှုန်းရန် အစီအစဉ်များ ပြုလုပ်ကြပြန်သည်။

တိုက်ပွဲမဆင်နွှဲမီ ရန်သူ၏အတွင်းရေးအား အသေးစိတ်စုံစမ်းနိုင်ရန်မှာ အရေးကြီးနေသည်။

လက်ရှိ အခြေအနေအရ သူတို့လူစုတွင် တယို့လုံတစ်ယောက်သာလျှင် မဟူရာဓားအဖွဲ့သို့ ထိုးဖောက်ဝင်ရောက်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် တုယို့လုံက မဟာရာဇာအဖွဲ့ ဌာနချုပ်သို့ တစ်ကိုယ်တည်း သွားရောက်စုံစမ်းထောက်လှမ်းရန် တာဝန်ယူဆုံးဖြတ်လိုက်လေသည်။

✸ ✸ ✸

တုယို့လုံသည် မဟာရာဇာအဖွဲ့ ဌာနချုပ်တည်ရှိရာ အနီးသို့ ထိပ်တန်းကိုယ်ဖျောက်ပညာကို အသုံးပြု၍ချဉ်းကပ်ပြီး လေ့လာကြည့်ရှုနေသည်။

သူသည် နှစ်ရက်လုံးလုံး အချိန်ကုန်ခံ၍ လေ့လာကြည့်ပြီးသောအခါ မဟာရာဇာအဖွဲ့ ဌာနချုပ်အတွင်း လူမသိအောင် ထိုးဖောက် ဝင်ရောက်နိုင်ရန် လုံးဝ မဖြစ်နိုင်ကြောင်း တွေ့ရှိလေသည်။

တုယို့လုံသည် စိတ်ပျက်ခြင်းမရှိဘဲ နည်းလမ်းရှာဖွေစဉ်းစားနေလေသည်။

ဤတွင် အဖွဲ့ချုပ်အတွင်းသို့ တောင်ပေါ်စမ်းချောင်းလေးတစ်ခု စီးဆင်းဝင်ရောက်နေသည်ကို တွေ့ရလေသည်။

တုယို့လုံသည် ထိုစမ်းချောင်းမှတစ်ဆင့် အတွင်းသို့ ဝင်ရောက်နိုင်အောင် ကြိုးစားကြည့်၍ ဆုံးဖြတ်လိုက်သည်။

သူသည် နေ့ဘက်အချိန်ကုန်ခံ၍ စောင့်ဆိုင်းနေလိုက်ပြီးနောက် ညဉ့်နက်သန်းခေါင်ယံ အချိန်သို့ ရောက်သောအခါ စမ်းချောင်းတွင်း



သို့ဆင်း၍ ကမ်းတစ်ဖက်တစ်ချက်ရှိ အစောင့်များမမြင်စေရန် ရေငုပ်ကာ ရေစီးအတိုင်းမျော၍ လိုက်ပါသွားလေသည်။

စမ်းခေါင်းတစ်လျှောက်တွင် သူသည် သံတံခါးသုံးခုကို တွေ့ခဲ့ရသည်။

တုယို့လုံက အတွင်းအားကိုအသုံးပြု၍ လူတစ်ကိုယ်ဝင်အောင် သံတံခါးကိုတွန်းဖွင့်၍ ဝင်လိုက်လေသည်။

ဤနည်းအတိုင်း သူသည် သံတံခါးသုံးခုကို ဖြတ်ကျော်ခဲ့ပြီးနောက် အဖွဲ့ချုပ်အတွင်းရှိ ရေကန်ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။

စမ်းချောင်းအတွင်းမှ ရေများသည် ဤရေကန်အတွင်း စီးဆင်းဝင်ရောက်သွားပြီး အဆုံးသတ်သွားသည်။

တုယို့လုံသည် ရေကန်အတွင်းမှ အသာခေါင်းဖော်၍ ကြည့်လိုက်သောအခါ ရေကန်အလယ်တွင် အခိုင်အခံ့ တည်ဆောက်ထားတိုက်ပုလေးများကို တွေ့လိုက်ရသည်။

အနီးသို့ အသာချဉ်းကပ်ကြည့်လိုက်သောအခါ တိုက်ပုလေးများသည် ရေကန်အလယ်တွင် အခိုင်အမာ ဆောက်လုပ်ထားသော အချုပ်ခန်းများဖြစ်နေသည်ကို သိရှိရလေသည်။

ထိုအချုပ်ခန်းများတွင် ချုပ်နှောင်ခံနေရသူများအဖို့ [illegible] ကို ထိုးဖောက်၍ လွတ်နိုင်သည့်တိုင် ရေကန်ကို[illegible] ထွက်ပြေးရန် မလွယ်ကူလှချေ။

www.burmeseclassic.com

www.burmeseclassic.com



တယို့လုံသည် အချုပ်ခန်းတစ်ခုအနီးသို့ ကိုယ်ဖော့၍ အသာကူးခတ်သွားလေသည်။

အနီးသို့ကပ်မိသောအခါ အချုပ်ခန်းအတွင်းမှ လူတစ်ဦး၏ ချောင်းဟန့်သံကို ကြားရ၍ သတိထားကြည့်မိလိုက်သည်။

ထိုအခါ အဘိုးအိုတစ်ယောက်သည် သူ့အား လက်လှမ်းပြပြီးနောက် လက်ကိုအသာမြှောက်၍ အထုပ်တစ်ထုပ်ကို အသံမြည်အောင် ပစ်ပေးလေသည်။

သူပစ်ပေးသော အထုပ်ကို တယို့လုံက ရေထဲမကျစေရန် ဖမ်းယူလိုက်လေသည်။

အဘိုးအိုသည် တယို့လုံက အထုပ်ဖမ်းမိသည်ကို တွေ့လိုက်သည်နှင့် ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားရန် လက်ဝေ့ယမ်း၍ အချက်ပြလေသည်။

အဘိုးအိုဆိုလိုသည့် သဘောကို နားလည်သော တယို့လုံက သူ့အား မဟူရာအဖွဲ့သားများမတွေ့မိ ရေထဲသို့ငုပ်လျှိုးပြီး စမ်းချောင်းအတိုင်း အပြင်သို့ တိတ်တဆိတ် ပြန်လည်ထွက်ခွာသွားလေတော့သည်။

မဟူရာစားအဖွဲ့ဌာနချုပ်နှင့် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ စမ်းချောင်းထဲမှ ကုန်းပေါ်သို့တက်လိုက်ပြီး အထုပ်ကိုဖြေကြည့်လိုက်လေသည်။



အထုပ်ထဲတွင် အမြန်ဆုံးရေးထားသော စာရွက်များပါရှိပြီး စာရွက်များကို ရေမစိုစေဘဲ လုံလုံခြုံခြုံထုပ်ထားသည်ကို တွေ့ရသည်။

တယို့လုံသည် ထိုစာများကို အသေးစိတ် ဖတ်ရှုမနေတော့ဘဲ ကျူးကျားရွာသို့ အလျှင်အမြန် ပြန်လာခဲ့လေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



# လျှို့ဝှက်ချက်

ကျူးကျားရွာသို့ ပြန်ရောက်လာသောအခါ ကျူးကျားရွာတွင် နာမည်ကြီးပုဂ္ဂိုလ်များ ရောက်ရှိနေသည်ကို တွေ့ရသည်။

အားလုံးမှာ မဟူရာစားအဖွဲ့အားဖြိုခွဲရန် ကျူးကျားရွာနှင့် လာရောက်တွေ့ဆုံ ဆွေးနွေးနေကြခြင်း ဖြစ်သည်။

သိုင်းလောကမှ နာမည်ကျော် ဝူတန်ဂိုဏ်းချုပ်၊ တိမ်ဖြူဂိုဏ်းချုပ်၊ ရသေ့ဂိုဏ်းချုပ်တို့အပြင် နန်းတွင်းမှ အာဏာသားခေါင်းဆောင် ပုကျိန်းလည်း ပါရှိသည်။

တုယို့လုံက ရောက်လျှင်ရောက်ချင်းပင် သူရရှိလာသောစာ အား ပေးလိုက်သည်။

ထိုစာမှာ မဟူရာစားအဖွဲ့နှင့် ပတ်သက်သည့်အကြောင်းအရာ မယား ရေးသားထားသည်ကို တွေ့ရသည်။

စာရေးသူမှာ 'ကုန်းစွန်းထို' ဆိုသူ ဖြစ်သည်။



ကုန်းစွန်းထိုသည် မဟူရာစားအဖွဲ့ခေါင်းဆောင် ဖြစ်သည်။

ကုန်းစွန်းထို၏လက်အောက်တွင် မရဏစားအဖွဲ့မှာ အများ အကျိုး၊ သိုင်းလောကအကျိုးကို ဆောင်ရွက်ခဲ့သည်။

မဟူရာစားအဖွဲ့၏ ဒုတိယခေါင်းဆောင်မှာ ကျားလောက်စန်း ဆိုသူဖြစ်သည်။

ကျားလောက်စန်းသည် မဟူရာစားအဖွဲ့မှ ထိမ်ခြုပ်ပျောက် ကွယ်သွားခဲ့သော သံမဏိဘီလူး ပညာရပ်အား တတ်ကျွမ်းလာသော အခါ ကုန်းစွန်းထိုကိုပင် အရေးမစိုက်တော့ဘဲ ထင်ရှားလာခဲ့သည်။

ကျားလောက်စန်းသည် အဆင့်မြင့်သိုင်းသမားများကို ရှာဖွေ စုဆောင်း၍ မရဏစားသမားများအဖြစ် ခံယူစေကာ သူ၏သစ္စာခံ သူများကို အပြစ်ရှာ၍ ရှင်းလင်းသုတ်သင်နိုင်ခဲ့သည်။

သူ၏လုပ်ရပ်အား ဟန့်တားလာသော ကုန်းစွန်းထိုကိုလည်း အဆိပ်ခတ်၍ သိုင်းပညာနှင့် အတွင်းအားဆုံးရှုံးအောင် ပြုလုပ်ကာ အကျဉ်းချထားလိုက်လေသည်။

တုယို့လုံနှင့်ပူးပေါင်းမိသော မေယုပင်းကိုလည်း အပြစ်ရှာ၍ သုတ်သင်ခဲ့ခြင်းပင် ဖြစ်သည်။

မဟူရာစားအဖွဲ့၏ လက်အောက်ရောက်ရှိနေသော သိုင်းသမား များ၊ ဂိုဏ်းချုပ်များသည် အဆိပ်ဖြင့် ထိန်းချုပ်ခံထားရကာ အကျဉ်း ချထားခြင်း ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အဖွဲ့သားများကို မဟူရာစားအဖွဲ့ဝင်များအဖြစ် စည်း ရုံးသိမ်းသွင်းရန် ကြံရွယ်ထားခဲ့ခြင်းပင် ဖြစ်လေသည်။

သမဏဘီလူးသိုင်းပညာသည် မည်သည့်လက်နက်၊ မည်သည့် သိုင်းကွက်နှင့်မှ ထိုးဖောက်တိုက်ခိုက်၍ မရပေ။

သို့သော် ဘယ်ဘက်နံကြား၌ ဟာကွက်တစ်ကွက်သာ ရှိသည်။

၎င်းဟာကွက်ကို ထိုးဖောက်တိုက်ခိုက်ရန်မှာ ဂူတန်းဂိုဏ်းမှ ခုနစ်စင်ကြယ်ဓားကွက်ကို အသုံးပြုမှသာ နိုင်အောင်တိုက်ခိုက်နိုင် မည်ဖြစ်ကြောင်း အသေးစိတ် ရေးသားဖော်ပြထားသည်ကို တွေ့မြင် ဖရ်ရှုကြရလေသည်။

တုယို့လုံတို့လူစုမှာ လျှို့ဝှက်သတင်းပေးချက်ကို အချိန်မီ ရရှိလိုက်သဖြင့် မဟူရာစားအဖွဲ့အား အပိုင်တိုက်ခိုက်ချေမှုန်းနိုင်ရန် ကြိုတင်စီစဉ်မှုများ ပြုလုပ်နိုင်ပြီ ဖြစ်လေသည်။

ပထမဦးစွာ ...

နာမည်ကျော်ပုဂ္ဂိုလ်များက တုယို့လုံအား မဟူရာစားအဖွဲ့ဂိုဏ်း ချုပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရန် တညီတညွတ်တည်း ရွေးချယ်လိုက် ကြသည်။

ထို့နောက် ဂူတန်ဂိုဏ်းချုပ်က ခုနစ်စင်ကြယ်ဓားကွက်အား ပိုင်နိုင်စွာ သင်ကြားပေးလိုက်လေသည်။

ဒုတိယအဆင့်အနေနှင့် သူတို့သည် မဟူရာစားအဖွဲ့အား သိုင်း ပညာယှဉ်ပြိုင်ရန် လူသိရှင်ကြား ဖိတ်ကြားလိုက်သည်။



ဖိတ်စာတွင် ယှဉ်ပြိုင်မည့်နေရာကို သတ်မှတ်၍ မဟူရာစား အဖွဲ့အား သိုင်းပညာယှဉ်ပြိုင်ရန် ဌာနချုပ်နှင့် ဆယ်မိုင်အကွာရှိ လွင်ပြင်နေရာကို ရွေးချယ်လိုက်လေသည်။

ဤသို့ လူသိရှင်ကြား ဖိတ်ကြားလိုက်ခြင်းကြောင့် သိုင်းလော ကတစ်ခုလုံးအား ချုပ်ကိုင်၍ ဦးစီးခေါင်းဆောင်လုပ်ချင်သူ ကျား လောက်စန်းအနေနှင့် မည်သို့မျှငြင်းပယ်၍မရအောင် ဆောင်ရွက် လိုက်ခြင်းပင် ဖြစ်လေသည်။

ကျားလောက်စန်းအား ဌာနချုပ်မှ ခွဲထုတ်လိုက်ခြင်းဖြင့် မဟူ ရာစားအဖွဲ့အား ပိုင်နိုင်စွာချေမှုန်းတိုက်ခိုက်နိုင်မည် မဟုတ်ပါလား။

❋ ✺ ❋

www.burmeseclassic.com

www.burmeseclassic.com



## အရှုံးအနိုင်

ချိန်းဆိုထားသောနေ့တွင် တယ်ယိုလုံတို့လူစုသည် သတ်မှတ်ထားသောလွင်ပြင်သို့ အသင့်ရောက်ရှိ နေရာယူထားကြလေသည်။

သူတို့အားလုံးသည် စိတ်ဓာတ်များ တက်ကြွနေပြီး သိုင်းလောကတွင် အနိုင်ကျင့်ဆိုးသွမ်းနေသော မဟူရာဓားအဖွဲ့အား အပြီးအပိုင် ချေမှုန်းတိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ထားကြသည်။

နေမွန်းတည့်ချိန်သို့ ရောက်သောအချိန်တွင် ကျားလောက်စန်း ဦးဆောင်သော မဟူရာဓားအဖွဲ့သည် လွင်ပြင်သို့ရောက်ရှိလာပြီးနောက် အုပ်စုလိုက် စတင်ယှဉ်ပြိုင်ကြတော့သည်။

အဖြူရောင်သိုင်းသမားများသည် အုပ်စုသုံးစုဖွဲ့၍ ရန်သူတို့အား ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြသည်။

တိမ်ဖြူဂိုဏ်းမှတစ်စု၊ ငွေတန်ဂိုဏ်းမှတစ်စု၊ ကျုးကျားကျေးရွာမှတစ်စု သုံးစုခွဲကာ စပေါင်းတိုက်ခိုက်လေသည်။



နည်းစနစ်ကျလှသော အဖြူရောင်သိုင်းသမားများ၏ တိုက်ခိုက်မှုမှာ တော်ရုံအဖွဲ့ဆိုလျှင် တစ်ခဏချင်းမှာပင် ပြိုကွဲသွားရမည်သာ ဖြစ်သည်။

သို့သော် မဟူရာဓားအဖွဲ့မှာ တိုက်ရည်ခိုက်ရည် ပြည့်ဝသည်။ ပါးနပ်ကာ ရဲဝံ့ကြသည်။

ယင်းကြောင့်ပင် အဖြူရောင်သိုင်းသမားများအား လက်ရည်ညီ ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

နေပူပြင်းနေသောလွင်ပြင်၌ ဓားရောင်များ ဝင်းလက်တောက်ပနေပြီး အော်ဟစ်သံများ၊ ဓား,ဓားချင်းထိသံများ ဆူညံနေလေသည်။

❋ ❋ ❋

ရွှေရောင်အနားကွပ်ထားသော အနက်ရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသော ကျားလောက်စန်းမှာ တိုက်ပွဲအတွင်း ပါဝင်တိုက်ခိုက်ခြင်း မပြုသေးချေ။

သူသည် အေးအေးဆေးဆေးပုံစံနှင့်ပင် ဘေးမှ လက်ပိုက်လျက် တိုက်ပွဲကို ကြည့်ရှုနေသည်။

နှစ်ဖက်စလုံး ကျဆုံးမှုများမှာ တန်းတူဖြစ်နေသော်လည်း အချိန်တန်လျှင် မိမိတို့ကသာ အနိုင်ရမည်ဟု ကျားလောက်စန်းက ယုံကြည်ထားသည်။

www.burmeseclassic.com



ဤတိုက်ပွဲကြီး ပြီးဆုံးသွားသည်နှင့် သူသည် သိုင်းလောကတွင် တန်ခိုးအာဏာ အကြီးဆုံးလူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု စိတ်ကူးယဉ်နေမိတော့သည်။

သို့သော် ...

သူ၏ စိတ်ကူးယဉ်မှုများသည် လေထုထဲ လေနှင်း၍ ပြိုကွဲသွားသည့်နှယ် မမျှော်လင့်သောဖြစ်ရပ်ကြောင့် ပျက်စီးသွားရလေတော့သည်။

BURMESE CLASSIC .com

ရန်သူများအား တိုက်ခိုက်နေသော မဟူရာစားအဖွဲ့ရှိရာသို့ အလင်းတန်းတစ်ခုသည် ရုတ်တရက် ထိုးဖောက်ဝင်ရောက်လာသည်။

ဝင်းခနဲ လက်ခနဲအလင်းရောင် ထွက်ပေါ်လာပြီးနောက် မဟူရာစားအဖွဲ့မှလူများ ကျဆုံးကုန်လေသည်။

အလင်းရောင် လင်းလက်သွားရာ နေရာတိုင်းတွင် မဟူရာစားအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ထိုလူ ဝင်ရောက်တိုက်ခိုက်မှုကြောင့် မူလက အသာစီးရနေသော မဟူရာစားအဖွဲ့သားများသည် ရုတ်ခြည်းပင် ဖရိုဖရဲဖြစ်ကာ အရေးနိမ့်ကုန်တော့သည်။

ကျားလောက်စန်းလည်း ဒေါသခြောင်းခြောင်းထွက်ကာ အသားများပင် တဆတ်ဆတ် တုန်လာမိသည်။

"ယား ..."



သူက ညာသံတစ်ချက်ပေးကာ ထိုလူရှိရာသို့ တစ်ဟုန်ထိုးပြေးဇင်သွားလေတော့သည်။

✸ ✸ ✸

မိမိအဖွဲ့သားများအား ချေမှုန်းသွားသူမှာ လူငယ်တစ်ဦးဖြစ်နေလျှင် ကျားလောက်စန်း အံ့ဩသွားသည်။

"မင်း ဘယ်သူလဲ"

ထိုလူငယ်၏အစွမ်းမှာ ငယ်ငယ်ရွယ်ရွယ်နှင့် အလွန်ကောင်းမွန်လှသောကြောင့် သိလိုဟန်ဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

လူငယ်က အေးတိအေးစက်ပြုံးရင်း ...

"တုယို့လုံ"

ကျားလောက်စန်း ပို၍ အံ့အားသင့်သွားသေည်။

"မင်းဟာ ဗုလန်းအောကို ဒဏ်ရာရအောင် တိုက်ခိုက်နိုင်ကတည်းက ငါ မယုံကြည်နိုင်ခဲ့တာ၊ အခုတော့ မင်း အစွမ်းအစကနှယ်နှယ်ရရမှ မဟုတ်ပဲကိုး၊ မင်း အခုလိုဖြစ်လာအောင် ငါတို့က မြုစုပျိုးထောင်ပေးခဲ့တယ်ဆိုတာ မမေ့ပါနဲ့၊ ဒါကြောင့် ငါနဲ့ပဲလက်ရွဲပါ၊ မင်း ကောင်းစားစေရမယ်"

တုယို့လုံက တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျုပ်ကို မဟူရာစားအဖွဲ့ခေါင်းဆောင်ကိုယ်တိုင်က အရေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ရှိတဲ့အတွက် ဝမ်းသာပါတယ်၊ တခြားကိစ္စတွေ မဆွေးနွေးခင် ကျုပ်ဆရာ 'စိန်လျှံ' ကို ဘယ်သူ လုပ်ကြံတာလဲဆိုတာ သိချင်ပါတယ်"

ထိုစကားကြောင့် ကျားလောက်စန်း ပြုံးလိုက်သည်။

"သြော် ... ဒါလား၊ တခြားတော့ မဟုတ်ပါဘူး၊ ဝူးပကျားက ငါ့ရဲ့လက်ရုံးပဲ၊ သူက စိန်လျှံကို စည်းရုံးတာ မအောင်မြင်တဲ့အပြင် ဝူးပကျားဟာ မဟူရာဓားအဖွဲ့သားဆိုတာ သိသွားတယ်၊ ဒါကြောင့် ယက္ခဇနီးမောင်နှံရဲ့ အကူအညီကိုရယူပြီး လုပ်ကြံလိုက်တာပဲ၊ စိန်လျှံရဲ့ အယုံကြည်ရဆုံးတပည့်ဟာ မင်းဖြစ်နေတော့ ဝူးပကျားက မင်းကို တရားခံအဖြစ် အကွက်ဆင်ခဲ့တာပဲ၊ မင်းမရှိမှ သူက ကူဂျိုးမြို့မှာ ထင်သလို ခြယ်လှယ်နိုင်မယ် မဟုတ်လား"

ကျားလောက်စန်းက အရေးမကြီးဟန်ဖြင့် ရှင်းပြရင်း တုယို့လုံအား မြူဆွယ်စည်းရုံးပြန်သည်။

"ဘကယ်လို့ မင်းကသာ ငါနဲ့ပူးပေါင်းမယ်ဆိုရင် ဝူးပကျားကို မင်းလက်ထဲအပ်မယ်၊ မင်းဆရာအတွက် ကြိုက်သလို အပြစ်ပေးစီရင်နိုင်တာပေါ့၊ ပြီးတော့ ကူဂျိုးမြို့မှာလည်း ထင်သလိုခြယ်လှယ်နိုင်ခွင့်ရှိမယ်"

သူ့အား ဒုက္ခအမျိုးမျိုးကျရောက်စေရန် ဖန်တီးသည့် တရားခံအစစ်အမှန်ကို သိရှိမှုမက သူ့မျက်စိရှေ့တွင်ပါ မြင်တွေ့နေရသည့်



အတွက် တုယို့လုံမှာ ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ် တုန်ယင်လာလေသည်။

"လူယုတ်မာ ..."

သူက ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

သူ၏လက်ဝါးရိုက်ချက်သည် ကျားလောက်စန်း၏ ခန္ဓာကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွားလေသည်။

"ဖပ် ..."

မြည်သံသဲ့သဲ့သာ ထွက်ပေါ်လာသည်။

ကျားလောက်စန်းကား တုပ်တုပ်မျှမလှုပ်ဘဲ သူ့အားပြုံး၍ကြည့်နေလေသည်။

တုယို့လုံမှာ သူ၏လက်ဝါးသည် ကျောက်ရိုင်ကျောက်သားအား ရိုက်ချမိလိုက်သကဲ့သို့ နာကျင်သွားကာ ကပျာကယာ နောက်ဆုတ်လိုက်သည်။

ကျားလောက်စန်းကိုလည်း မျက်လုံးပြူး၍ ကြည့်လိုက်ပြီး ...

"သံမဏိဘီလူးပညာ"

လွှတ်ခနဲ ရေရွတ်လိုက်သည်။

"ဟား ... ဟား ... ဟား ... ဟုတ်တယ်၊ ငါက သံမဏိဘီလူးပညာကို တတ်မြောက်ထားတဲ့နောက်တော့ ဘယ်သူ့ကိုမှ ကြောက်

www.burmeseclassic.com



စရာလိုဦးမှာလဲ၊ ငါ့ကိုအံ့တုတဲ့အတွက် မင်း ကံဆိုးပြီလို့သာ မှတ်ပေတော့"

ပြောရင်း လက်တစ်ဖက် ဝှေ့ယမ်းလာသည်။

ပြင်းထန်သော လေလှိုင်းတစ်ခုသည် တုယို့လုံထံ တိုးဝင်လာလေသည်။

တုယို့လုံ စိတ်အားတင်းကာ ပြန်လည်ရိုက်ထုတ်လိုက်သည်။

"ဝုန်း …"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

တုယို့လုံမှာ နောက်သို့သုံးလှမ်းမျှ ဆုတ်သွားရသလို ကျားလောက်စန်း၏ ခန္ဓာကိုယ်မှာလည်း အနည်းငယ်ယိမ်းယိုင်သွားရလေသည်။

ကျားလောက်စန်း မဲ့လိုက်သည်။

"မင်းရဲ့အတွင်းအား ကောင်းတယ်ဆိုပြီး ငါ့ကို အန်တုရင် မှားသွားမှာပေါ့"

ပြောရင်း သံမဏိဘီလူးပညာအား ဖော်ထုတ်လိုက်လေသည်။

ကျားလောက်စန်း၏ ခန္ဓာကိုယ်မှာ မာဆတ်ဆတ်နှင့် တောင့်တောင့်ကြီး ဖြစ်လာသည်။

မျက်လုံးအစုံမှာလည်း နီရဲလာပြီး …

"ယား …"



ညာသံပေးကာ လှမ်း၍ ကုတ်ဆွဲချလိုက်သည်။

တုယို့လုံနောက်သို့ ခုန်ဆုတ်ကာ ဓားဖြင့်ခုတ်ချလိုက်လေသည်။

သူ၏ဓားသည် ကျားလောက်စန်း၏ လက်ကောက်ဝတ်အား တည့်တည့်မတ်မတ်ပင် ခုတ်ချလိုက်မိသော်လည်း …

"ချွမ်း …"

ဓားမှာ နှစ်ပိုင်းကျိုးသွားလေသည်။

"ဟာ …"

မမျှော်လင့်သောအဖြစ်ကြောင့် တုယို့လုံ အထိတ်တလန့်ဖြစ်ကာ ကြက်သေသေသွားမိသည်။

"ဟား … ဟား … ဟား … မင်းဘာမှ မတတ်နိုင်ဘူးဆိုတာ သိပြီလား"

ကျားလောက်စန်းက ရယ်မောရင်း လက်နှစ်ဖက်ဆန့်တန်းကာ ပြေးဝင်လာသည်။

ယင်းခဏမှာပင် တုယို့လုံ အသိတရားဝင်လာသည်။

ကျားလောက်စန်းက လက်ကိုဆန့်တန်း၍ မြှောက်ထားသော အချိန်တွင် ဝဲဘက်နံကြားတွင် ဟာကွက်တစ်ခု ဖြစ်ပေါ်နေသည် မဟုတ်ပါလား။

တုယို့လုံက အခွင့်အရေးကို လက်လွှတ်မခံပါ။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် မြေပေါ်တစ်ပတ်လိမ့်ထွက်သွားပြီး ခုနစ်စင်ကြယ်ဓားကွက်ကို အသုံးပြုကာ ဝဲဘက်နံကြားသို့ ဓားကျိုးဖြင့် တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး ...

"အား ..."

ကျားလောက်စန်း၏ နာကျင်သောအော်ဟစ်သံကြီး ထွက်ပေါ်လာလေသည်။

သူ၏နံကြားတွင် စိုက်ဝင်နေသော ဓားကျိုးအားကြည့်ကာ တုယို့လုံအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း ..."

ယင်းနောက် မြေပေါ်လဲကျသွားတော့သည်။

သူသည် သေဆုံးသွားရသည့်တိုင် တုယို့လုံ၏ ဓားကျိုးဖြင့် သေဆုံးသွားရမည်ဟု မယုံကြည်ခဲ့ပါချေ။

တုယို့လုံသည် မြေပေါ်မှလူးလိမ့်ထကာ အသက်ဝဝရှူရှိုက်လိုက်သည်။

သူသည်သာ ကျားလောက်စန်း၏ဟာကွက်ကို သိမထားပါလျှင် သေဆုံးသွားမည့်သူမှာ မိမိပင် ဖြစ်ရမည်ဟု နားလည်ထားလေသည်။

တုယို့လုံက တိုက်ပွဲအား အကဲခတ်လိုက်သည်။



တိုက်ပွဲမှာ ပြီးသလောက်ဖြစ်သွားချေပြီ။

ကျားလောက်စန်း ကျဆုံးသွားသောကြောင့် ယယ်သားများမှာ အလွန်ပင် စိတ်ဓာတ်ကျသွားကာ ခုခံမှုအားပျော့သွားပြီး နောက်ဆုံးလက်နက်ချ အညံ့ခံလိုက်ကြတော့သည်။

ယင်းအချိန်မှာပင် သိုင်းလောက အဖြူရောင်သိုင်းသမားများ၊ ရသေ့ဂိုဏ်း၊ ပုကျိန်းဦးဆောင်သော နန်းတွင်းသိုင်းသမားများသည် တာလန်းဆေးဘဦးဆောင်သော မဟာရာဓားအဖွဲ့ဌာနချုပ်အား တိုက်ခိုက်ရန် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီ ဖြစ်သည်။ တုယို့လုံတို့နှင့် လာရောက်ပူးပေါင်းနိုင်ခဲ့တော့သည်။

အခြေအနေမှာ အေးအေးချမ်းချမ်းပင် ပြီးဆုံးကာ အဖြူရောင်အဖွဲ့သားများ အောင်ပွဲခံနိုင်ခဲ့ကြသည်။

ယခု တုယို့လုံတို့ဖွင့် လုပ်စရာတစ်ခုတည်းသာ ရှိသည်။

သစ္စာဖောက်လူယုတ်မာ ဝူးပကျားအား ဆုံးမရန်နှင့် စိန်ကဲ့ရှင်အား တွေ့ဆုံဖို့ပင် ဖြစ်ပေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



# မကောင်းမှုလမ်းဆုံး

ကုဂျိုးမြို့ အနောက်ဘက် တောလမ်းကလေးအတိုင်း လူနှစ်ယောက် ခပ်သွက်သွက် ပြေးလွှားလာနေသည်။

တစ်ယောက်မှာ ရှေ့မှလူအား တွန်းထိုးခေါ်ဆောင်လာရင်းနှင့် နောက်သို့ လှည့်ကြည့်လှည့်ကြည့် ဖြစ်နေသည်။

ထိုလူ၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းနေပြီး တစ်စုံတစ်ရာအား စိုးရိမ်ပူပန်နေဟန် အထင်းသား ပေါ်လွင်နေလေသည်။

ထိုလူမှာ အခြားသူမဟုတ်။

စိန်လျှံအား လုပ်ကြံပြီး တုယို့လုံဟု စွပ်စွဲခဲ့သော ကျားလောက်စန်း၏ ဘက်တော်သား ဝူးပကျားပင် ဖြစ်လေသည်။

ဝူးပကျားသည် မဟူရာဓားအဖွဲ့ ပြိုကွဲသွားကြောင်းနှင့် တုယို့လုံသည် ကျားလောက်စန်းအား သုတ်သင်ရှင်းလင်းခဲ့ကြောင်း သိခဲ့ပြီး ဖြစ်သည်။



တုယို့လုံသည် အဖြစ်မှန်ကိုသိသွားနိုင်ပြီး သူ့အား ရန်ရှာလာ မည်ကို စိုးရိမ်ခဲ့မိသည်။

အခြေအနေမဟန်ကြောင်းသိသည်နှင့် စိန်ကျဲ့ရင်အား ဓားစာ လုပ်ကာ ကုဂျိုးမြို့မှ တိတ်တဆိတ် ထွက်ပြေးလာခဲ့ခြင်းပင်ဖြစ်သည်

သူက စိန်ကျဲ့ရင်အား တွန်းထိုးခေါ်ဆောင်ခဲ့သည့်အပြင် တော လမ်းမှာ ကြမ်းနေသောကြောင့် စိန်ကျဲ့ရင်မှာ တစ်နေရာအရောက် တွင် လဲကျသွားလေသည်။

ဝူးပကျား စိတ်မရှည်နိုင်ဘဲ ဖြစ်သွားသည်။

"ထစမ်း ..."

အော်ငေါက်ကာဆွဲထူရင်း ဆက်သွားရန် ဟန်ပြင်လိုက်သည်

သို့သော် သူက မသွားဖြစ်ဘဲ ပြူးကျယ်သော မျက်လုံးအ ဖြင့် ရှေ့သို့ကြည့်ကာ ရပ်နေမိသည်။

သူ့၏ရှေ့တွင် ပြုံးရွှင်သောမျက်နှာထားဖြင့် ရပ်နေသူတစ် ယောက် ရှိပေသည်။

ဝူးပကျား ထိတ်လန့်သွားသည်မှာ ထိုလူသည် တုယို့လုံ ဖြစ် နေခြင်းကြောင့်ပင်။

"ကျုပ်တို့ ပြန်တွေ့ကြပြီနော်"

တုယို့လုံက ပြုံးရွှင်စွာဖြင့် စကားဆိုလာသည်။

ဝူးပကျား ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ မည်သို့ပြုလု ရမှန်းမသိ ဖြစ်သွားသည်။

www.burmeseclassic.com



"မောင်လေး ..."

စိန်ကျဲ့ရင်မှာ တုယို့လုံအားမြင်လျှင် ဝမ်းသာအားရဖြင့် ခေါ်လိုက်လေသည်။

ဝူးပကျားမှာ အကြံသမားပီပီ ချက်ချင်း အကွက်တွေ့သွား၍ ဓားမြှောင်တစ်ချောင်း ထုတ်ယူကာ စိန်ကျဲ့ရင်၏ ကျောတွင်ထောက်ထားလိုက်ရင်း ...

"တုယို့လုံ မင်း နောက်ဆုတ်လိုက်ပါ၊ ဒီလိုမှမဟုတ်ရင် ကျုပ်က သူ့ကို သတ်ပစ်လိုက်မယ်"

ဟု အော်ဟစ်ခြိမ်းခြောက်လိုက်သည်။

တုယို့လုံ ပခုံးတွန့်လိုက်သည်။

"ခင်ဗျားဟာ ဆရာ့ကိုသတ်တဲ့အပြင် ဆရာ့သမီးကိုပါ သတ်ဦးမလို့လား"

ဝူးပကျား မဲ့လိုက်သည်။

"ငါ့အကျိုးအတွက် လုပ်သင့်ရင် လုပ်ရမှာပဲ"

တုယို့လုံ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဗျ"

"ဟော့ ... အပိုစကားတွေ ပြောမနေနဲ့၊ ဒါတွေ ငါနားမလည်ဘူး၊ မင်း နောက်မဆုတ်ရင်တော့ ငါ့အဆိုး မဆိုနဲ့"

တုယို့လုံ ရယ်မောလိုက်သည်။



"ခင်ဗျား တကယ်တမ်းမလုပ်ရဲဘူး မဟုတ်လား၊ သူသာ သေဆုံးသွားခဲ့ရင် ခင်ဗျား ပြေးစရာမြေမရှိတော့ဘူးလေ"

ထိုစကားကြောင့် ဝူးပကျား၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

စိန်ကျဲ့ရင်သာ သေဆုံးသွားလျှင် တုယို့လုံက သူ့အား ချမ်းသာပေးမည် မဟုတ်တော့ချေ။

သို့သော် ယုတ်မာကောက်ကျစ်သူပီပီ ...

"ငါ သေသွားရင် အဖော်ခေါ်သွားမယ်ဆိုတာ မမေ့နဲ့"

ပြောရင်း ဓားဖြင့်ခုတ်ချလိုက်သည်။

သို့သော် ...

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အားအင်ဆုတ်ယုတ်သွားသလို ခံစားရကာ ဓားကိုပင် မြဲအောင်မကိုင်နိုင်တော့ဘဲ လွှတ်ချ လိုက်ရလေတော့သည်။

စိန်ကျဲ့ရင်သည် တုယို့လုံထံပြေးသွားကာ ဝူးပကျားအား ကြည့်လိုက်လေသည်။

ဝူးပကျားမှာ မလှုပ်မယှက်ရပ်နေပြီး သူ၏နောက်တွင် လူတစ်ယောက် ရှိနေသည်။

အာဏာသား ပုကျိန်းဇင် ဖြစ်သည်။

တုယို့လုံသည် ဆရာဖြစ်သူအား လုပ်ကြံခဲ့သော ဝူးပကျားအား ပြန်၍ လက်တုန့်ပြန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုးပကျား၏အပြစ်အား ဥပဒေဘောင်အတွင်းမှ စီရင်ပိုင်းဖြတ်ရန် ပုကျိန်းက ဖျောင်းဖျခဲ့သည်။

တစ်ဦးနှင့်တစ်ဦး လက်တုန့်ပြန်ခြင်းဖြင့် ရန်မီးပွားသည် ဆုံးတော့မည် မဟုတ်ချေ။

ဥပဒေဘောင်အတွင်းမှ ထိုက်သည့်သည့်အပြစ်အား ချမှတ်စေမည်ဖြစ်သောကြောင့် တုယိုလုံက လက်ခံကာ ပုကျိန်းနှင့်ပူးပေါင်းခဲ့သည်။

ရှုးပကျား တိမ်ရှောင်သွားကြောင်း သတင်းရရန် သူတို့က ဤနေရာတွင် စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ပုကျိန်းက တုယိုလုံအား ချီးကျူးသောအကြည့်ဖြင့် ကြည့်ရင်း လက်မထောင်ပြလိုက်သည်။ ယင်းနောက် ရှုးပကျားအား ခေါ်ဆောင်ကာ ထွက်ခွာသွားတော့သည်။

တုယိုလုံနှင့် စိန်ကျဲ့ရင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။

သူတို့၏ အပြုံးသည် ကြည်နူးသာယာခြင်း၊ ပေါ့ပါးလွတ်လပ်ခြင်းများ ပါဝင်နေသည်မှာ မလွဲပါတော့ချေ။

(ဒု–ဇာတ်သိမ်းပြီး၏)

တက္ကသိုလ် ဝင်းကြွယ်

www.burmeseclassic.com